www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - ။ လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ၊ (မြ - ၀၄၅၅၈)
တိုက်(၆၁)၊ အခန်း(၁၁)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ် - ငါတို့စာပေပုံနှိပ်တိုက်
အမှတ်-၇၄၊ ကောက်သွယ်လမ်း၊
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။
ဖြန့်ချိရေး - ပုညခင်စာအုပ်တိုက်

၈၉၅.၈၃
ပုညခင်
ရက်ရက်စက်စက်မိုး (ဇာတ်သိမ်းပိုင်း)/ ပုညခင် ။ - ရန်ကုန်
ပုညခင်စာပေ၊ ၂၀၁၃။
၃၂၀ - စာ၊ ၁၈ × ၁၂ စင်တီ။
(၁) ရက်ရက်စက်စက်မိုး (ဇာတ်သိမ်းပိုင်း)

ပုညခင်စာအုပ်တိုက်

# ပုညခင်

## ရက်ရက်စက်စက်မိုး

(ဇာတ်သိမ်းပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

(၁)

♥ ♥ ♥

အခန်းထဲသို့ တိုးဖြာကျလာသော မနက်ခင်းအလင်းရောင်နှင့်အတူ မိုးခင်ခင်၏ ခမ်းနားသော မနက်ခင်းတစ်ခု စတင်အသက်ဝင်လာပါသည်။

မျက်နှာပေါ် ဖြာဆင်းလာတဲ့ နေခြည်ကပဲ နွေးလို့လား ...၊ အခန်းတွင်းရှိ အဲကွန်းကပဲ အေးလို့လား မသိ ... လူက လန်းဆန်းကြည်လင်နေပါသည်။

ရေမိုးချိုးပြီး ရုံးသွားဖို့ ပြင်ရပါမည်။

မိုးခင်က မှန်တင်ခုံရှေ့မှာ ထိုင်ကာ သန့်စင်သော မျက်နှာပေါ်သို့ နို့ရည်လေးတွေ အစက်လိုက်ချပြီး ခပ်ဖွဖွပွတ်သိမ်းလိုက်သည်။ ပြီးတော့ ... မိတ်ကပ် ပါးပါးလေး ထပ်သိမ်းပြီး ဆံပတ်ဖြင့် ဖွဖွတို့ဖိလိုက်သည်။ မျက်ခုံးမွေးက နဂိုထူပုံကျကျလေးမို့ ဆွဲစရာမလို ...။ နှုတ်ခမ်းကလေးကိုတော့ အညို ဝယ်ဆေးထားသည့် မိုးခင် ဆိုးနေကျ ရယ်ဗလွန် 240 ကလေးကို ဆိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့ဖို့ မက်စ်ကာရာဘူးကို လှမ်းယူလိုက်ချိန်မှာတော့ မိုးခင် စိတ်ထဲ ထင့်ခနဲဖြစ်ကာ ဆွေးနွေးသလိုကြီး ခံစားလိုက်ရပါသည်။

သို့သော် ... မိုးခင်က မျက်နှာထားကို တည်တည်ငြိမ်ငြိမ်ကလေး ထားလိုက်ပြီး မက်စ်ကာရာ အတံကလေး ဆွဲထုတ်လျက် မျက်တောင်ကလေးတစ်ဖက်ကို ပွတ်လိမ့်၍ ကော့လိုက်ပါသည်။

"ကျွတ် ..."

ဆေးအမည်းရည်တွေက မျက်တောင်ကိုသာမက မျက်လုံးအိမ်ရဲ့ ထောင့်စွန်းနှင့် မျက်ခမ်းစပ်တွေကိုပါ ပေစွန်းသွားတာမို့ တစ်ရှူးစနှင့် သုတ်လိုက်ပြီး နောက်တစ်ခေါက် ထပ်ကော့ကြည့်လိုက်မိပြန်သည်။

"ကျွတ် ... မရပြန်ဘူး"

ဒီတစ်ခါတော့ မိုးခင်က စိတ်တိုလာမိကာ မက်စ်ကာရာ ဆိုးသည့် ဘရပ်ရှ်လေးကို ဘူးရှည်လေးထဲ ပြန်ထိုးထည့် လှည့်ပိတ်လိုက်ပြီး ထိုဘူးရှည်လေးကို မှန်တင်ခုံအတွင်းဘက် တစ်နေရာသို့ ပစ်ထည့်ထားလိုက်ပါသည်။

"မှတ်ထား ... နောက် ဘယ်တော့မှ မဆိုးဘူး၊ ဒါမဆိုး လည်း ဘာမှမဖြစ်ဘူး၊ ငါက ဒါမပါလည်း လှပြီးသား ..."

မိုးခင်ခင်က ကိုယ့်ကိုယ်ကိုယ် အားပေးသလို ဆေး စက်စက် ရေရွတ်လိုက်သေးသည်။

ပြီးတော့ အဝတ်အစားလဲဖို့ ပြင်လိုက်သည်။ ရှ





အကျႌကိုယ်ကျပ်လေးကို ခါးအတွင်းထဲ ထည့်၊ ဒူးအထိ စကဒ်အတိုအကျပ်လေးကို ခါးထိဆွဲတင်ပြီး နောက်ဇစ်ကို ဆွဲပိတ်ဖို့ ကြိုးစားကြည့်သည်။ သို့သော် အကျင့်မရှိတာမို့ လက်နောက်ပြန်ဆွဲနေသော်လည်း ဇစ်ကိုမစမ်းမိဘဲ လူကသာ တစ်ပတ်လည်သွားသည်။

ဇစ်မဟုတတဟနှင့် လူ့ပွကျနေဆဲမှာ မိုးခင်၏ဖုန်းက အသံမြည်လာပါသည်။

"အရေးထဲမှာ ..."

မိုးခင်က တီးတိုးရေရွတ်ရင်း ဖုန်းသွားကိုင်လိုက်သည်။ စောစောစီးစီး အညို့ဆီက ဖုန်းပင် ...။

"မိုးခင် ..."

"အင်း ... ပြော ... အညို ..."

"နင် အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ငါ ညက နင့်ဆီ ဖုန်းခေါ်သေးတယ်၊ နင် မကိုင်ဘူး"

"ငါ ရေချိုးနေလို့ ဖြစ်မယ် ..."

"ရေချိုးပြီးတော့ miss call မတွေ့ဘူးလား"

"အင်း ... ငါ မကြည့်မိဘူး၊ ပင်ပန်းတာနဲ့ စောစောအိပ်ပျော်သွားတာ၊ ခုထိ ဖုန်းကို မကြည့်မိသေးတာ"

"နင့်အခန်းဖော်က မပြောဘူးလား၊ ဖုန်းလာတယ်လို့ ..."

"အခန်းဖော် ... ဩော် ... အဲ့ဒီတုန်းက သူပြန်မရောက်သေးဘူး၊ သူက နောက်ကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အခန်းက အဆင်ပြေသွားပဲနော်၊ လူများပေမယ့် တိတ်ဆိတ်နေတာပဲ ..."

"အင်း ... ဟုတ်တယ်၊ သူတို့က အစောကြီး သွားရတယ်၊ ငါနဲ့ အလုပ်သဘောချင်း မတူဘူး"

မိုးခင် တစ်ယောက်တည်းနေကြောင်း သိရင် အညို စိတ်မချမှာစိုးတာမို့ မိုးခင်က ဒီအချက်ကိုတော့ ကွယ်ဝှက်ထားရပါသည်။

"နင် ... အခုဘာလုပ်နေလဲ"

"ဇစ် ... အင်း ... ရုံးကိုယူသွားရမယ့် စာရွက်တွေ စစ်နေတာ"

"နင် ဇစ်ဆွဲလို့ အဆင်မပြေဘူးမဟုတ်လား"

"ပြေပါတယ်၊ ငါ့အခန်းဖော်တစ်ယောက် ဆွဲပေးသွားတယ်"

"မျက်တောင်ကော့တာရော ..."

"မကော့တော့ဘူး၊ မကော့တာက ပိုပြီး ရိုးရှင်းတယ်ထင်လို့လေ၊ ဒီနေ့ကစပြီး စတိုင်လ်ပြောင်းလိုက်ပြီ၊ ကဲ ... အညို အရေးမပါတာတွေ ပြောမနေနဲ့၊ ပိုက်ဆံမရှိပါဘူးဆိုမှ ဖုန်းဖိုးကုန်တယ်၊ လိုရင်းကို မြန်မြန်ပြော၊ ငါလည်း ရုံးသွားရဦးမယ်"

"ငါ ဒီနေ့ မနက်စောစောကပဲ အိမ်ပြောင်းလိုက်တယ်၊ ကိုအောင်ဇင်တို့အိမ်မှာနေဖို့ သိပ်အဆင်မပြေဘူး၊ သူတို့လည်း သိပ်မကြာခင် အိမ်ပြောင်းရတော့မှာဆိုတော့ ငါမနေ





တော့ဘူး၊ အခု ငါ ဖော်ကြီးတို့အိမ်မှာ ခဏနေမယ်၊ အမေတို့ကလည်း ဒေါ်လေးတို့အိမ်မှာ တည်းနေတာဆိုတော့ ငါသွားခေါ်ရ ပြန်ပို့ရတာနီးတော့ အဆင်ပြေတယ်၊ ဖော်ကြီး အမေကလည်း ငါ့ကို သားလိုသဘောထားတာလေ၊ ငါ လောလောဆယ် ဒီမှာနေရတာ အဆင်ပြေတယ်"

အညိုက သူအဆင်ပြေကြောင်း ဝမ်းသာအားရပြောပေမယ့်လည်း မိုးခင်ရင်ထဲမှာတော့ ခါးသည်းသွားပါသည်။

ကိုယ့်လောက်မှ ပညာမတတ်၊ အဆင့်မမီတဲ့ ဖော်ကြီးလို ဆိုက်ကားသမားရဲ့ အိမ်မှာတောင် ကိုယ့်ယောကျ်ားက မှီခိုကပ်ရပ်နေရတယ်ဆိုတဲ့ အဖြစ်ဟာ မိုးခင်ရဲ့ စိတ်ဓာတ်ကို ဟိုးအောက်ခြေထိရောက်အောင် ဆွဲချပစ်လိုက်သလိုပင်။ တက်ကြွကာ အညွန့်တလူလူဖြစ်နေတဲ့ မိုးခင်ဘဝဟာ အဲ့ဒီ အခြေအနေကြီးကြောင့် သိမ်ငယ်သွားသလိုပင် ...။

ဖော်ကြီး ပြောတုန်းက ခပ်ပေါ့ပေါ့ အလွယ်တကူ ပြန်ဖြေခဲ့မိတာဟာ အညို ကိုယ်တိုင်ကိုက ဖော်ကြီးအိမ်မှာနေဖို့ စိတ်မကူးဘူးထင်တာကြောင့်ပင်။

ပြီးတော့ ဖော်ကြီးအိမ်ဟာ မိုးခင်ရဲ့ အတိတ်ကအရိပ်တို့ရှိခဲ့ရာ ရပ်ကွက်ထဲမှာ ...။ ဒေါ်တင်လေးအိမ်နဲ့ နီးခြင်းဟာ အညို့အတွက်သာ အဆင်ပြေပေမယ့် မိုးခင်ရဲ့ စိတ်ကိုတော့ အဆင်မပြေဖြစ်စေပါသည်။

"နင့်မှာ အဲ့ဒီအိမ်ကလွဲပြီး နေစရာမရှိတော့ဘူးလား အညို"

"အေးလေ ... ဒေါ်လေးကလည်း ငါ့ကို အိမ်ရိပ်မနင်းနဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာလေ၊ လောလောဆယ်တော့ ဒီတစ်နေရာပဲ ရှိတယ်၊ ဒါပေမယ့် ခဏပါ၊ ငါ အမြန်ဆုံး အိမ်ရအောင် ရှာမှာပါ”

အိမ်ရအောင် ရှာမှာတဲ့ ...။ ဒါဆို အိမ်ရရင် မိုးခင် ဒီမှာ မနေရတော့ဘူးပေါ့ ...။ ဒီနေရာရဲ့ သာယာခြင်းက မိုးခင်ရဲ့ အာရုံကို ရစ်ပတ်နှောင်တွယ်ထားတာမို့ မိုးခင်က လေသံကို ချိုကာ ...

“အေးဆေးပါ ... ဖြည်းဖြည်းရှာ၊ ငါလည်း ဒီကနေ ချက်ချင်းကြီး ပြန်ပြောင်းဖို့ အဆင်မပြေဘူး”

“ဘာဖြစ်လို့လဲ၊ ကိုယ် မနေချင်ရင် ထွက်လာလို့ရတာပဲ မဟုတ်လား ...”

“ယုတ္တိရှိအောင်တော့ နေရဦးမှာပေါ့၊ ငါ့အဘွားက နာတာရှည် မကျန်းမာလို့ အမေ့ဆီ လိုက်နေတယ်လို့ ပြောထားတာ၊ ချက်ချင်းကြီး ကျန်းမာပြီး ပြန်လာတယ်ဆို ယုတ္တိမရှိဘူးလေ၊ ပြီးတော့ ဒီကနေ ရုံးသွားရတာ အရမ်းနီးတော့ ငါ့အတွက် အရမ်း အချိန်ကုန်သက်သာ လူသက်သာတယ်၊ အဲ့ဒါကြောင့်ပါ ...၊ ပြီးတော့ နင် စုထားတဲ့ အိမ်လခ ပိုက်ဆံတွေကို ချက်ချင်း သုံးပစ်လိုက်ရင် နင့် အမေကို ဘယ်လိုဆေးကုမလဲ၊ ငါတို့ ခဏခွဲနေလိုက်ရင် အိမ်ငှားခ သက်သာတယ်၊ အဲ့ဒါဆို နင့်အမေ ဆေးဖိုးဝါးခ ကူညီနိုင်တယ်လေ”

“အေး ... နင်ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်၊





ဒါပေမယ့် ငါ နင်နဲ့တော့ အကြာကြီး ခွဲမနေချင်ဘူး”

“လာနမနေစမ်းပါနဲ့ အညိုရယ်၊ လက်တွေ့ကျစမ်းပါ၊ ကဲ ငါလည်း ရုံးသွားရဦးမယ်၊ နင်လည်း နင့်ဘာသာ အဆင်ပြေအောင်နေပြီး နင့်အမေကို ဂရုစိုက်လိုက်၊ ဖုန်းခဏခဏ မဆက်နဲ့၊ ဖုန်းဖိုးတွေကုန်တယ်၊ ငါအားရင် နင့်ဆီထွက်လာခဲ့မယ်၊ ဒါပဲနော် ... အညို”

မိုးခင်က ဖုန်းချလိုက်ရင်း ရင်ထဲမှာ မောကျန်ခဲ့သည်။

ရင်မောစရာ ဘဝထဲက ခဏလေးပဲဖြစ်ဖြစ် ရှောင်ထွက်ပြေးကာ ကိုယ့်အတွက် သက်သောင့်သက်သာ ဇိမ်ကျသော နေရာမှာ ခိုနားခွင့်ရချင်တာဟာလည်း ပုထုဇဉ်သဘာဝမို့ မှားသည်လို့တော့ မဆိုနိုင်ဘူး ထင်ပါသည်။

ဖော်ကြီးတို့ အိမ်ရှေ့ထွက်ကာ မိုးခင်နှင့် ဖုန်းပြောနေသော အညိုက ဖုန်းချပြီး အိမ်ထဲသို့ ပြန်ဝင်လာပါသည်။

ဖော်ကြီးက အညို့ကို လှမ်းကြည့်ရင်း ...

“ဘယ်လိုလဲ ... အဆင်ပြေတယ်တဲ့လား”

“အင်း ... သူကတော့ ပြေပါတယ်”

“မင်းကတော့ မပြေဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ ...၊ ဘယ်လိုပြောရမလဲ ... မခွဲစဖူး ခွဲရတာ ဆိုတော့ နည်းနည်းတော့ တစ်မျိုးဖြစ်တာပေါ့ကွာ ..."

အညိုက ဇော်ကြီးရှေ့မှာ ထိုင်ချရင်း ပြောလိုက်ပါသည်။ ဇော်ကြီးက အနားက ကြွပ်ကြွပ်အိတ်ထဲကို ကွမ်းတံတွေး ပျစ်ခနဲ ထွေးထည့်လိုက်ပြီး ...

"မင်း မိုးခင်ကို အကြာကြီးတော့ ခွဲမထားနဲ့ကွ၊ မိုးခင်ခင်က အရမ်း တသွေးတမွေး ဖြစ်လာတာ၊ သူ့အကြောင်းမသိရင် အပျိုလေးလို့ပဲ ထင်မှာ၊ ပြီးတော့ ... မိုးခင်က ပိုက်ဆံမက်တယ်လေကွာ၊ သူ့လောက် ချမ်းချမ်းသာသာ နေချင်တာ သူပဲရှိတယ်၊ တော်ကြာ သူဌေးနဲ့တွေ့သွားမှ မင်း ခက်နေမယ်"

"မင်း ပါးစပ်ပုပ်ကြီးနဲ့ လျှောက်မပြောစမ်းပါနဲ့ကွာ ..."

"ဟာ ... ဖြစ်တတ်တဲ့သဘောကို ပြောတာ၊ အိမ်ထောင်ဆိုတဲ့ ကြိုးတစ်ခုရှိရုံနဲ့ ခိုင်လှပြီထင်မနေနဲ့၊ ဟိုခေတ်တုန်းကတော့ မပြောတတ်ဘူး၊ ခုခေတ်တော့ အိမ်ထောင်ကွဲကိစ္စတွေက များမှများ၊ ဟော ... အိမ်ရှေ့မှာ ဘယ်သူပါလိမ့်၊ ငါ့ညှော်သည်တော့ မဟုတ်ဘူး၊ မင်းညှော်သည်များလား ..."

ဇော်ကြီးက အိမ်ရှေ့ဘက်ကို မေးငေါ့ရင်း ပြောလိုက်တာမို့ အညိုက အိမ်ရှေ့ဆီ လှမ်းမျှော်ကြည့်လိုက်ပါသည်။

"ဟာ ... ကိုအောင်ဇင်"

ကိုအောင်ဇင်ကို တွေ့လိုက်တာမို့ အညိုက ပျာပျာသလဲထကာ ကြိုဆိုလိုက်ပါသည်။





"အစ်ကို အလုပ်မအားတဲ့ကြားက ဘာလို့လာရတာလဲဗျာ၊ ကျွန်တော် အားနာလိုက်တာ၊ လာပါ ... ထိုင်ပါ အစ်ကို"

"မင်း နေရထိုင်ရ အဆင်ပြေရဲ့လားလို့ လာကြည့်တာပါကွာ၊ ငါ့အိမ်မှာ မထားလိုက်နိုင်တာကိုလည်း ငါ တကယ်စိတ်မကောင်းပါဘူး၊ ငါတို့အိမ်ရှင်ကလည်း အငှားစာချုပ်စေ့ရင် ဆက်မငှားဘူးလိုလို ငှားမယ်လိုလိုနဲ့ မရေမရာပြောနေတော့ ..."

"ရပါတယ် အစ်ကိုရ၊ ကျွန်တော် နားလည်ပါတယ်"

"အညို ... မင်းတို့ စကားပြောကြဦး၊ ငါအလုပ်သွားလုပ်လိုက်ဦးမယ်"

"အေး ... အေး ... သွား ... သူငယ်ချင်း"

ဇော်ကြီး ထွက်သွားပြီမို့ အိမ်လေးထဲမှာ ကိုအောင်ဇင်နဲ့ အညိုတို့ နှစ်ယောက်သာ ကျန်ခဲ့ပါသည်။ ဇော်ကြီးအမေကလည်း အလှူသွားနေတာမို့ အိမ်မှာရှိမနေပါ။

"အစ်ကို ဒီနေ့ အလုပ်ပိတ်လား"

"အေး ...၊ နားရက်ရလို့ မင်းဆီလာနိုင်တာ"

"အစ်ကိုလည်း မန်နေဂျာဖြစ်ပြီဆိုတော့ မဆိုးဘူးနော်၊ လခ လည်း တိုးမှာပေါ့"

"လခကတော့ တိုးပါရဲ့ကွာ၊ ဒါပေမယ့် တစ်နေ့တစ်နေ့ ဖြေရှင်းရတဲ့ အရှုပ်ထုပ်က မနည်းပါဘူး၊ ဟိုတယ်မှာက တစ်နေ့တစ်နေ့ ပြဿနာပေါင်းစုံ ရှုပ်ပွထနေတာပါ၊ ပိုက်ဆံ ရလို့သာ ဒီထဲဆက်နစ်နေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အစ်ကို … ကျွန်တော့်ကို ပိုက်ဆံ ငါးသိန်းပေးသွားတဲ့ ဟိုအစ်မကြီးကော နောက်ထပ်ရောက်လာသေးလား"

"အံမယ် … မင်းက သတိရသေးတယ်ပေါ့"

"သတိရတာပေါ့ အစ်ကိုရ၊ သူ့ကျေးဇူး ရှိတယ်လေ၊ မိုးခင်နဲ့ယူတုန်းက သူပေးသွားတဲ့ ငါးသိန်းကြောင့်သာ ကျွန်တော်တို့ အဆင်ပြေသွားတာ၊ သူ မိန်းမကောင်းပဲ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ"

"မင်းပြောသလို တစ်ကြိမ်တစ်ခါမှားတဲ့ မိန်းမမျိုးလည်း ဖြစ်နိုင်တာပဲကွာ၊ နောက်ထပ်လည်း ရောက်မလာတော့ပါဘူး"

အညိုက နည်းနည်း စိတ်အေးသလိုဖြစ်သွားပါသည်။ ခုလို အိမ်ငှားဖိုးကိစ္စနှင့် အခက်အခဲတွေ့ချိန်မှာ ဟိုတုန်းက ပိုက်ဆံရခဲ့သည့်အကြောင်းကို သတိရသွားခဲ့တာပင်။ ထိုပိုက်ဆံဟာ ကိုယ့်အပေါ် အကြွေးတင်သလိုလည်း ခံစားရလို့ပင်။

နှစ်နှစ်ကျော် ကြာခဲ့ပြီဖြစ်ပေမယ့် သူ့ဘဝမှာ ထူးထူးခြားခြားကြုံခဲ့ရသည့် ထိုအဖြစ်အပျက်နှင့် ထိုအမျိုးသမီးကို သူ မမေ့ပါ။ တည်ငြိမ်သော မျက်နှာထားနှင့် ကျက်သရေရှိစွာ လှပသော ထိုအမျိုးသမီးရဲ့ မျက်နှာကို သူ ခုနေပြန်တွေ့လျှင်လည်း မှတ်မိဦးမှာပင် …။

အသက်မငယ်တော့သော်လည်း ပခုံး တစ်ဝိုက်မှာ ဝေ့ဝဲနေသော အညိုရောင် ဆံပင်ခွေလေးတွေကြောင့် အမှတ်တမဲ့ ကြည့်လျှင် နုငယ်သည်ဟုထင်ရသော ထိုအမျိုးသမီးကို တွေ့စက





ခင် သူ့စိတ်မှာ အထင်သေးစိတ် မရှိခဲ့ပါ။ သူ့အပေါ် တရင်းတနှီးနှင့် တစ်မျိုးကလေး ရိသဲ့သဲ့လိုလို ရစ်သလိုလို ဆက်ဆံခဲ့ပေမယ့် သူကတော့ အစ်မတစ်ယောက်ကဲ့သို့ပင် ဖြူစင်သော စိတ်ဖြင့် ဓာနာစိတ်သာ ရှိခဲ့တာပင် …။ စာရိတ္တပျက်ပြားသော ပေါ့ပျက်ပွေလီသော မိန်းမတစ်ယောက် မဖြစ်နိုင်ဘူးဟုပင် သူ ယုံကြည်ထားခဲ့ပါသည်။

"မင်းရော အလုပ်မှာ အဆင်ပြေရဲ့လား အညို"

"ပြေပါတယ် အစ်ကို၊ ကျွန်တော်တို့ဆိုင်က ဈေးလည်းကြီး၊ အစားအသောက်နဲ့ နေရာထိုင်ခင်းကလည်း အရမ်းကောင်းတော့ ဆိုင်ကိုလာတဲ့လူတွေကလည်း တကယ့်ကို ပိုက်ဆံရှိရှိ အထက်တန်းကျကျ လူတွေများတယ်၊ တစ်ခါတလေဆို တချို့ ယောက်ျားလေးတွေက ကောင်မလေးတွေကို လက်ထပ်လက်စွပ် ပေးပြီး လက်ထပ်ခွင့် တောင်းတာမျိုး ကျွန်တော်တို့ဆိုင်မှာ လုပ်လေ့ရှိတယ်ဗျ၊ ဆိုင်က သီးသန့်ခန်းမှာ လုပ်ကြတာ၊ အဲ့ဒီလို အချိန်မျိုးမှာ serve လုပ်ပေးရင် ကျွန်တော် တစ်ပ်မန်းနီး အများကြီးရတယ်၊ သူတို့ကြည့်ရတာလည်း ကြည်နူးစရာကောင်းတယ်"

"မင်းက အားကျတယ်ပေါ့"

"ဟဲ ဟဲ … အားကျပေမယ့် မတတ်နိုင်ခဲ့ပါဘူး အစ်ကိုရာ"

အညိုက ပြောရင်း မိုးခင်ကို သတိရလာပြန်ပါသည်။ အဲဒီလိုမျိုးသာ မိုးခင်ကို လက်ထပ်ခွင့်ပန်ခဲ့ရင် အကောင်းကြီးကိုခင်ခင်တို့က ပျော်မဆုံး မော်မဆုံးဖြစ်မှာ သေချာသည်မို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဇင်က အညိုနှင့် စကားစမြည် ထိုင်ပြောနေပြီး ခဏကြာတော့ ပြန်ဖို့နှုတ်ဆက်သည်။ အညိုကပါ ကိုအောင်ဇင်နှင့်အတူ မတ်တတ်ထရပ်ကာ ...

"ကားဂိတ်ထိ ကျွန်တော်လိုက်ပို့မယ် အစ်ကို ..."

ဟု ပြောပြီး အိမ်ကို သော့ခတ်ခဲ့ကာ ကိုအောင်ဇင်နှင့်အတူ ကားဂိတ်ဘက်သို့ လမ်းလျှောက်လာရင်း ...

"ဒါနဲ့ ကျော်ကိုတို့ မင်းထွန်းတို့ရော အဆင်ပြေကြရဲ့လား အစ်ကို၊ ကျွန်တော်နဲ့ အဆက်ပြတ်နေတာ ကြာပြီ ..."

"မင်းထွန်းကတော့ အလုပ်ပြောင်းသွားပြီကွ၊ ကျော်ကိုကတော့ ဟိုတယ်မှာပဲ၊ ဒီကောင်က အရင်အကျင့်အတိုင်းပဲ မပြောင်းလဲဘူး၊ အမြဲဆုံးမနေရတယ်"

ကျော်ကို့ အကြောင်းပြောရင်း အညိုက ကျော်ကို ခွင်ဖန်ချင်တာတွေ၊ ဟိုအစ်မကြီးကို ဓာတ်ပုံ ရိုက်ခဲ့တာတွေကို သတိရမိပါသည်။ ကျော်ကိုဟာ မင်းထွန်းတို့ ကိုအောင်ဇင်တို့လို စိတ်ဓာတ်ကောင်းသူတော့ မဟုတ်ခဲ့ပါ။

"ဟော ... ဟိုမှာ ကားလာနေပြီ၊ ငါသွားတော့မယ် အညို၊ အကူအညီလိုရင်လည်း ပြောပေါ့ကွာ၊ ငါ ကူညီနိုင်တာရှိရင် ကူညီပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါ အစ်ကို"

ကိုအောင်ဇင်က အညို့ကို နှုတ်ဆက်ပြီး ဘတ်စ်ကားပေါ် တက်သွားသည်။





သူက ဖော်ကြီးတို့အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ အိမ်ရှေ့နားရောက်တော့ အိမ်ရှေ့ကပြင်လေးမှာ သူ့ကို ထိုင်စောင့်နေသော လေးလေးထူးကို တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

♥ ♥ ♥

"ရော့ ... အညို၊ ဒါ ယူထား ..."

လေးလေးက အညို့ လက်ထဲသို့ ဘူးလေးတစ်ဘူး ထည့်ပေးလိုက်သည်။ အညို ဖွင့်ကြည့်တော့ ရွှေလက်စွပ်လေးတစ် ကွင်း တွေ့လိုက်ရပါသည်။

အညိုက နားမလည်နိုင်ဘဲ ...

"လေးလေး ... ဒါက ..."

"ဒါ ... ငါ ဝယ်ထားတဲ့ လက်စွပ်၊ ငါလည်း မဝတ်ဖြ ပါဘူး၊ အဲ့ဒါ မင်းယူထားပြီး သွားရောင်းလိုက်၊ မင်း အိမ်ငှားဖို့ အဆင်မပြေဖြစ်နေတဲ့ကြားက မင်းအမေ ကျ မာရေးကိစ္စလည်း ရှိတော့ ငွေလိုတယ်မဟုတ်လား၊ မင်း အမေအတွက် လိုတာသုံးလိုက်၊ ငါ အပြီးပေးတာ"

အညိုက လေးလေးရဲ့ စေတနာထားမှုကြောင့် မျ ရည်တောင် လည်လာရပါသည်။ ကိုယ်က လေးလေး ပြော





ဆုံးမတားမြစ်တဲ့ကြားက မိုးခင်ကို လက်ထပ်ခဲ့တာမို့ လေးလေး မျက်နှာကို မကြည့်ရဲခဲ့တာပါ။

သို့သော် ... လေးလေး သူ့အတွက် စိတ်ပူကြောင်း တော့ ဖော်ကြီး ပြောပြလို့ သိခဲ့ရပါသည်။

"နေပါစေ လေးလေး၊ ကျွန်တော်လည်း လခထုတ်တော့မှာ ပါ၊ ဒီကြားထဲ ရနေတဲ့ ပိုက်ဆံတွေလည်း ရှိပါတယ်၊ ကျွန်တော် စုထားတဲ့ ပိုက်ဆံလည်း ရှိပါသေးတယ်"

"လျှာမရှည်နဲ့ကွာ၊ ယူဆိုယူလိုက်၊ ငါက လူပျိုကြီး၊ ဘာမှ အပိုကုန်စရာမရှိဘူး"

လေးလေးကို အညို ဆက်မငြင်းရဲတော့ဘဲ လက်စွပ် ဘူးလေးကို ကျစ်ကျစ်ဆုပ်ရင်း ငြိမ်နေလိုက်ရပါသည်။

"မင်းဆီ ငါလာတာက ဒါပေးဖို့ရယ်၊ နောက်တစ်ခုက မင်း ငါတို့အိမ်မှာ ပြန်လာနေဖို့ ပြောချင်တာကြောင့်ရယ် ပဲ အညို၊ မင်း ဒေါ်လေးက မိုးခင်ကိုသာ လက်မခံနိုင်ပေ မယ့် မင်းကိုတော့ လက်ခံချင်ပုံရပါတယ်၊ မင်း လာပြီး ပြေရာပြေကြောင်း ပြောဆိုတောင်းပန်လိုက်ရင် ပြီးပါတယ်"

"ကျွန်တော် ဒီမှာပဲ နေပါရစေ လေးလေး၊ အိမ်ငှားလို့ အဆင်ပြေသွားရင်လည်း ကိုယ့်အိမ် ငှါ်ယ်ပြန်ပြောင်းကြ မှာပါ"

"အဲ့ဒီတော့မှ ပြောင်းချင်လည်း ပြောင်းပေါ့ကွာ၊ ခုလော လောဆယ်တော့ ဖော်ကြီးအိမ်မှာ နေမယ့်အစား ကိုယ့် အဒေါ်အိမ် ကိုယ်နေတော့ ပိုမကောင်းဘူးလား၊ မင်းအမေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဖေက ငါတို့အိမ်မှာနေနေတာ၊ မင်းက ဒီမှာ၊ တကွဲတပြားနဲ့ မကောင်းပါဘူး၊ မင်းမိဘနဲ့ အတူလာနေတော့ သူတို့ လာတုန်းလာခိုက် အနီးကပ်စောင့်ရှောက်ပေးလို့ ရတာပေါ့ ...”

“အခုလည်း အိမ်ချင်းက သိပ်မဝေးပါဘူး လေးလေးရဲ၊ တစ်ခုခုဆို ပြေးသွားလိုက်ရင် ခဏလေးပါ”

“ဒါကတော့ မင်း ဆင်ခြေပေါ့ကွာ၊ မင်းက တစ်သက်လုံး ငါ့စကား နားထောင်ခဲ့တဲ့ ကောင်မှ မဟုတ်တာ၊ မင့်ပြောလည်း လေကုန်ရုံပဲရှိမယ်၊ ကဲ ... ငါလည်း သွားတော့မယ်”

လေးလေးက ခပ်ပြတ်ပြတ်ပြောပြီး ထပြန်သွားပါသည်။ လေးလေး စိတ်တိုသွားမှန်း သိသော်လည်း သူ ခေါင်း မညိတ်နိုင်ခဲ့ပါ။

ဒေါ်လေးအိမ်မှာ ပြန်နေရင် မိုးခင်လည်း ကြိုက်မှာ မဟုတ်လို့ပင်။ ပြီးတော့ ဒေါ်လေးက မိုးခင်အကြောင်း မကောင်း ပြောရင်လည်း သူ ငြိမ်ခံနိုင်မှာ မဟုတ်တာ သေချာပါသည်။



## (၃)

“မိုးခင် အဆင်ပြေရဲ့လား၊ အိမ်ပြောင်းပြီးပြီလား”

“ဟုတ်ကဲ့ ပြောင်းပြီးပါပြီ၊ အဆင်ပြေပါတယ် အန်ကယ်လ်၊ အတိုင်းထက်အလွန်ပါပဲ၊ အခန်းက ကောင်းလွန်းနေတော့ နေရတာတောင် နည်းနည်းအားနာပါတယ် အန်ကယ်လ်”

ဦးနေမျိုးနိုင်က ရုံးကို ရောက်ရောက်ချင်း မိုးခင်ကို မေးတာမို့ မိုးခင်က ဖြေလိုက်ရင်း အန်ကယ့်လ်လက်မှာ ပွေ့ထားသည့် အပေါ်ဝတ်အင်္ကျီကို လှမ်းယူကာ အခန်းထောင့်က ချိတ် ဆလးမှာ သွားချိတ်ထားလိုက်ပါသည်။

“နီး ... နီး၊ နီးပရော်ဘလမ်ပါ မိုးခင်၊ အားနာစရာ မလိုဘူးလို့ အန်ကယ်လ် ပြောပြီးသားလေ၊ အန်ကယ့်လ်အတွက် ဘာမှအပမ်းကြီးတဲ့ကိစ္စ မဟုတ်ဘူးလေ၊ အန်ကယ့်လ်မှာ ပိုနေတဲ့ အခန်းကို ခဏပေးနေရုံပဲဟာ၊ အိုခေနော် ... စိတ် သက်သောင့်သက်သာနဲ့နေ ... ဟုတ်ပြီလား”

ပေါ့ပေါ့ပါးပါး လူငယ်ဆန်ဆန် ပြောတတ်တာက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဦးနေမျိုးနိုင်၏ စတိုင်လ်ပဲဖြစ်ပါသည်။ လတ်တလောအချိန်ဟာ သူ့ကောင်မလေး ဟန်နီချိုနှင့် အဆင်ပြေနေသောအချိန်၊ မိုးခင်ကလည်း သူတို့ကို ကူညီပေးနေချိန်မို့ မိုးခင်က မျက်နှာသာ ပေးခဲ့ရကာ ဦးနေမျိုးနိုင်ကလည်း မိုးခင်ကို ရင်းနှီးနွေးထွေးစွာ ဆက်ဆံနေခဲ့ပါသည်။

"ဒါနဲ့ ကြည်ဖြူတစ်ယောက်ကော မိုးခင် ..."

"မကြည်ဖြူက မနေ့ကစပြီး နားသွားပြီလေ အန်ကယ်လ်"

"အာ ... ဆောရီး၊ ဒီဦးနှောက်ကလည်း မေ့တတ်လာပြီ ကဲ ... အန်ကယ်လ် နိုင်ငံခြားနဲ့ ဖုန်းပြောစရာလေးရှိလို့ ပြောလိုက်ဦးမယ်၊ ရုံးဖုန်းကို ဖုန်းဝင်လာရင် ခဏနေမှ ပြန်ဆက်လို့ ပြောပေး ... အိုခေနော်"

"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ ကော်ဖီ ယူဦးမလားရှင်"

"နိုး ... နိုး ... မသောက်ချင်သေးဘူး"

မိုးခင်က ဦးနေမျိုးနိုင်၏ ရုံးခန်းတံခါးကို ပြန်စေ့ပိတ်ခဲ့ပြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဦးနေမျိုးနိုင်၏ရုံးခန်းက ကျယ်ဝန်းပေမယ့် မိုးခင်က ထိုရုံးခန်းထဲမှာ အတူအလုပ်လုပ်စရာ မလိုတာမို့ နေရထိုင်ရ အသက်ရှူချောင်ပါသည်။ ဒီရုံးခန်းကျယ်ရဲ့ အပြင်ဘက်က ရုံးခန်းငယ်လေးမှာ မကြည်ဖြူရှိတုန်းကတော့ မကြည်ဖြူနှင့် အတူထိုင်ရသည်။ ခုတော့ မိုးခင်တစ်ယောက်တည်း ထိုင်ရပါသည်။

မိုးခင်က ကိုယ့်စားပွဲမှာ ဝင်ထိုင်၊ ကွန်ပျူတာဖွင့်ပြီး ဒီနေ့လုပ်ရမည့် အလုပ်စာရင်းကို ပြန်စစ်နေဆဲမှာ မိုးခင်ဘေးက





ရုံးဖုန်းက အသံမြည်လာပါသည်။ မိုးခင်က ဖုန်းကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်"

"ဒက်ဒီရှိလား ..."

"အခု အမိန့်ရှိတာ ဘယ်သူပါလဲရှင်"

"ဒီကမ္ဘာပေါ်မှာ မင်းတို့သူဌေးကို ဒက်ဒီခေါ်တဲ့လူ ဘယ်နှယောက် ရှိလို့လဲ ဒေါ်မိုးခင်ခင်ရဲ့ ..."

စကားပြောရင် ဒဲ့မပြောဘဲ သွယ်ဝိုက်ကာ ရစ်ကာ ပြောတတ်သော နေယွန်းအသံကို မိုးခင်က မှတ်မိပါသည်။ သူဟာ ဘာ့ကြောင့်မှန်းမသိ မိုးခင်ကိုပဲ ရစ်နေကာ ရင်းနှီးသလို ဂရုစိုက်သလိုလို ရွဲ့သလိုလိုနှင့် သူ့ဆက်ဆံရေးထဲက ဘယ်ဟာကို အတည်ယူရမှန်း မသိပါ။

"ကျွန်တော်က ဦးနေမျိုးနိုင်ရဲ့ တစ်ဦးတည်းသော သား နေယွန်းပါခင်ဗျ၊ မှတ်မိပါပြီလား ခင်ဗျ ..."

"အန်ကယ်လ်က ဖုန်းပြောနေပါတယ် ကိုနေယွန်း၊ ခဏနေမှ ပြန်ဆက်ချင်ဆက်ပါ၊ ဒါမှမဟုတ် အန်ကယ်လ် ဖုန်းချတာနဲ့ ရှင်ဆက်တဲ့အကြောင်း ပြောပြလိုက်ပါ့မယ်၊ ကိစ္စရှိရင်လည်း မှာထားခဲ့လို့ ရပါတယ်၊ ကျွန်မ သေချာပြန်ပြောပေးပါ့မယ်"

"အခုပြောချင်တယ်ဗျာ၊ ခေါ်ပေးပါ"

"အခုက မရဘူး ကိုနေယွန်း၊ နိုင်ငံခြားနဲ့ ဖုန်းပြောနေတာပါ၊ ဘယ်ဖုန်း ဝင်လာဝင်လာ ခဏနေမှ ပြန်ဆက်မယ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မှာထားလို့ပါ၊ ရှင့်ကိစ္စက အရမ်းအရေးကြီးလား၊ အရမ်းအရေးကြီးရင်တော့ သွားပြောပေးပါ့မယ်”

“အင်း … အရေးကြီးလား … မကြီးလား … အဲ့ဒါတော့ ကိုယ်လည်း မသိ၊ အရေးကြီးတယ်လို့ သတ်မှတ်ရင်လည်း ကြီးတာပေါ့၊ မကြီးဘူးလို့ သတ်မှတ်ရင်လည်း မကြီးဘူးပေါ့၊ ကိစ္စကတော့ ဒက်ဒီ ကားလဲပေးမယ်ပြောထားလို့၊ ကားတစ်စီး တွေ့ထားလို့ အဲ့ဒီအကြောင်း ပြောမလို့ …၊ ကဲ … ကိုယ် မဆုံးဖြတ်တတ်လို့ မင်းပဲဆုံးဖြတ်ပေးပါဦး၊ ဒီကိစ္စ အရေးကြီးတယ် … မကြီးဘူးဆိုတာ …”

“ဟုတ်ကဲ့ … အဲ့ဒါဆိုလည်း ကျွန်မကတော့ အရေးမကြီးဘူးလို့ ဆုံးဖြတ်ပါမယ်”

“အဟား … ဟုတ်ပြီလေ၊ အိုခေ … ဒါဆို မင်း ကိုယ့်ဒက်ဒီဆီကို သွားပြောမပေးနဲ့ဦး၊ ကိုယ် စောင့်မယ်”

“ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်”

“နိုး … နိုး … မချလိုက်နဲ့ဦးလေ၊ ကိုယ် စောင့်မယ်ဆိုတာ ဖုန်းချပြီး စောင့်မှာမဟုတ်ဘူး၊ ဖုန်းကိုင်ပြီးစောင့်မှာ …”

“ဒါဆိုလည်း သဘောပါပဲရှင့်၊ ကျွန်မ ဖုန်းခွက်ကို ဘေးချထားလိုက်ပါ့မယ်”

“ဟော့ … ဟော့ … နေဦးလေ၊ အဲ့ဒီလိုလည်း မဟုတ်သေးဘူး၊ မင်းလည်း ဖုန်းကိုင်ထား၊ ကိုယ်လည်း ကိုင်ထားမယ်၊ အပျင်းပြေ စကားစမြည်လေး ပြောပြီး စောင့်တာပေါ့”

“ကျွန်မ အလုပ်လုပ်ရဦးမယ် ကိုနေယွန်း …”





“ဘာလုပ်ရမှာလဲ …”

“ကွန်ပျူတာထဲက စာရင်းဇယားတွေ စစ်ရမယ်”

“ဒါများ ဖုန်းပြောရင်း စစ်လည်းရသားပဲ”

“မှားကုန်မှာပေါ့ရှင့်”

“ဟား … ဟား … ခင်ဗျားကလည်း စိတ်တိုလွယ်လိုက်တာ၊ စကားကို မိန်းမဆန်ဆန် ပျော့ပျော့ပျောင်းပျောင်း ပြောမှပေါ့၊ ဒက်ဒီကလည်း ဒီလို ကြွပ်ဆတ်ဆတ် မိန်းကလေးကို ဘာကြောင့် အလုပ်ခန့်ပါလိမ့်ကွာ”

“မိုးခင် ဘယ်ကဖုန်းလဲ …”

“ဪ … အန်ကယ်လ်”

ဦးနေမျိုးနိုင်က ဖုန်းပြောပြီး သူ့ရုံးခန်းထဲက ထွက်လာရင်း လှမ်းမေးလိုက်တာမို့ မိုးခင်က စိတ်ပေါ့ပါးသွားကာ ဖုန်းစကားပြောခွက်ကို လက်ဖြင့်ပိတ်လျက် …

“ကိုနေယွန်းဆီကပါ၊ ကားလဲဖို့ကိစ္စ ပြောချင်လို့တဲ့ …၊ အန်ကယ့်လ်ကို ချက်ချင်း ခေါ်မပေးလို့ဆိုပြီး ဖုန်းမချဘဲ ရစ်နေတာပါ”

“ဟား … ဟား … ဒီကောင်ကတော့ကွာ၊ ကဲ … ကဲ … အန်ကယ့်လ်အခန်းထဲကိုပဲ ဖုန်းလွှဲပေးလိုက်၊ ဒီကောင်ဟာ ခုထိ ကလေးလိုပဲ ရစ်ချင် ညစ်ချင်တုန်း၊ ဒီကောင့်ကိုတော့ လုံးဝမနိုင်ဘူး”

ဦးနေမျိုးနိုင်က သူ့ရုံးခန်းထဲ ပြန်ဝင်သွားပြီမို့ မိုးခင်က ဖုန်းလွှဲပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နေယွန်းဆိုတဲ့ ကလေးအထာနဲ့ ကောင်လေးဟာ မိုးခင်ကိုတွေ့တိုင်း ဘာ့ကြောင့် စကားကြောတွေ ရှည်ချင်နေသလဲ မသိပါ။

သူက အရွှင်ဓာတ်နှင့် ရယ်မောပြောဆိုနေပေမယ့်လည်း မိုးခင်ကတော့ အရွှင်ဓာတ်မရှိသူမို့ သူဒီလိုပြောတိုင်း စိတ်ရှုပ်ရမြဲ ဖြစ်ပါသည်။



(၄)

ညနေခင်းက တဖြည်းဖြည်း မှောင်ရီပျိုးလာပါသည်။ မိုးခင်က မိုးခင် အပျိုတုန်းကနေခဲ့သည့် ရပ်ကွက်အဟောင်းရဲ့ထိပ် ဘတ်စ်ကားမှတ်တိုင်မှာ ဆင်းလိုက်ပြီး ဖော်ကြီးတို့ အိမ်ဘက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့ပါသည်။

ဒီနေ့ အညို့အလုပ်က ညနေပိုင်း နေ့ဝက်နားရက်။ ညနေပိုင်း မိုးခင် ရုံးဆင်းချိန်မှာ တစ်နေရာမှာတွေ့ဖို့ ဖုန်းဆက်ချိန်းထားပေမယ့် မိုးခင် မသွားနိုင်ခဲ့ပါ ...။ ညနေပိုင်း ရုံးဆင်းချိန်မှ အရေးပေါ် ထလုပ်လိုက်တဲ့ အစည်းအဝေးတစ်ခုကြောင့် သွားဖို့ အခွင့်မသာခဲ့။ ပြီးတော့ ... အစည်းအဝေးခန်းထဲမှာ ဖုန်းကို silent လုပ်ထားရတာမို့ အညို့ဖုန်းတွေ ဆက်တိုက်ဝင်နေတာကိုလည်း မသိလိုက်။ အစည်းအဝေးပြီးတော့ ည ၇ နာရီ။ ဖုန်းကိုပြန်စစ်ကြည့်တော့ အညို ပြန်သွားပြီဖြစ်ကြောင်း မက်ဆေ့ချ်ပို့ထားတာ တွေ့ရပါသည်။ miss call တွေကလည်း အနည်း။ ဆက်တိုက်လို ဖုန်းကောလ်တွေ ဝင်နေတာမို့ ဖုန်းဘက်ထရီလည်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကာ မတ်ဆေ့ချ်ဖတ်အပြီးမှာ ဖုန်းက အလိုလိုပိတ်ကျသွားပါတော့သည်။

မိုးခင်က အခန်းကိုမပြန်သေးဘဲ အညို့ကို သွားတွေ့ဖို့ ဆုံးဖြတ်ပြီး မိုးခင် မလာချင်တဲ့ ဒီရပ်ကွက်ဟောင်းလေးဆီကို ဘတ်စ်ကားစီးပြီး လာခဲ့တာပင်။ အညိုနဲ့မတွေ့ဖြစ်တာ တစ်လတောင် ကျော်ခဲ့ပြီမို့ မလာလို့လည်း မကောင်းတော့တာမို့ပင် ...။ ဒီရပ်ကွက်ဘက်ကို ခြေဦးတောင် မလှည့်ခဲ့မိတာ နှစ်နှစ်တောင် ကျော်ခဲ့ပြီ၊ ဒီကိုလာလည်း မလာချင်ခဲ့ပါ။ သို့သော် အညို ရှိနေတာမို့ မလာလို့မဖြစ်၍သာ လာခဲ့ရတာပင်။

မိုးခင်က ကိုယ့်ကို ဘယ်သူမှ မမှတ်မိအောင် ခေါင်းကို ခပ်ငုံ့ငုံ့ထားပြီး ခပ်သုတ်သုတ် လျှောက်လာနေသည်။ လမ်းမီးရောင်ကလည်း မှိန်လှကာ ကိုယ့်အသွင်ကလည်း ခြားနားပြောင်းလဲခဲ့ပြီမို့ လမ်းမှာ အသိနှင့်တိုးတာတောင် သူတို့က မိုးခင်ကို မမှတ်မိဘဲ အမှတ်တမဲ့ ဖြတ်ကျော်သွားကြပါသည်။

မိုးခင်က အဖေ့အိမ်နဲ့ဝေးသော၊ အညို့ အဒေါ်အိမ်နဲ့ဝေးသော လမ်းမှ ရှောင်၍လာခဲ့ပါသည်။ အဖေကတော့ မိနီနဲ့ပဲ အဆင်ပြေနေကာ မိုးခင်နဲ့ အညိုတို့နေသည့် အိမ်ကို ဒေါ်ကြီးက တစ်ဆင့် သိခဲ့သည်ဆိုသော်လည်း မိုးခင်ကို မဆက်သွယ်ဘဲ နေ စိမ့်နိုင်သူမို့ မိုးခင်ကလည်း စ၍ မဆက်သွယ်ဖြစ်ခဲ့ပါ။

ခြံစည်းရိုး အကာအရံမရှိသော ဒေါ်ကြီးတို့အိမ်နားကို မိုးခင်ရောက်လာတော့ အိမ်ထဲမှာ လူခပ်များများ ရှိနေတာကို သတိထားမိလိုက်ပါသည်။





မိုးခင်က အိမ်ထဲကို ဝင်မသွားသေးဘဲ တံစက်မြိတ်အစွန် မှောင်ရိပ်လေးမှာ ရပ်၍ အိမ်ထဲသို့ လှမ်းကြည့်နေလိုက်သည်။

အိမ်ထဲမှာ အညို၊ ဒေါ်ကြီး၊ ဒေါ်ကြီး အမေ၊ အညို့ ဆလေးလေးတို့ စုံစုံညီညီ ရှိနေသည့်အပြင် မိုးခင် မမြင်ဖူးသည့် အမျိုးသားကြီးတစ်ယောက်ကို မြင်လိုက်ရပါသည်။ ထိုတစ်ယောက်ကို သေချာကြည့်တော့ ဓာတ်ပုံထဲမှာသာ မြင်ဖူးသည့် အညို့အဖေ ဖြစ်ကြောင်း သိလိုက်သည်။ ထိုအချိန်မှာပဲ အညို့အဖေ၏ စကားသံကို ကြားလိုက်ရပါသည်။

"အဖေတို့မှာက မင်းတစ်ယောက်ပဲ အားကိုးမျှော်လင့်စရာ ရှိလို့ မင်းကို အများကြီး မျှော်လင့်ထားခဲ့ကြတယ်၊ ငါတို့သားကြီး ရုပ်ရည်လေးကလည်း သန့်၊ ပညာအရည်အချင်းလေးလည်း မဆိုးတော့ ရန်ကုန်ကိုပို့ထားရင် ပညာလည်းသင်၊ အလုပ်လည်းလုပ်၊ တစ်နေ့ကျ အလုပ်အကိုင်ကောင်းကောင်းလေးနဲ့ အခြေတကျလေးဖြစ်ပြီး အိမ်ထောင်ဘက်ကောင်းကောင်းလေးနဲ့ တွေ့မှာပဲလို့ အထင်ကြီး မျှော်လင့်ထားခဲ့ကြတာ ...၊

"ဒါပေမယ့် မင်းက မိုက်လုံးကြီးလွန်းတယ် အညို၊ မင်း ကောင်မလေးအကြောင်း ကြားရတာလည်း ကြက်သီးဖြန်းဖြန်း ထရပါတယ်၊ ဘာတဲ့ ... ကိုယ့်အိမ်ကိုတောင် ပြန်ခဲနဲ့ပေါက်တယ်တဲ့၊ မိထွေးကို နှိပ်စက်အနိုင်ကျင့်တယ်တဲ့၊ မင်းအဒေါ်အိမ်ရှေ့ကနေ လာအော်ရန်တွေ့တယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပိုက်ဆံမရှိလို့မကြိုက်ဘူး ကြွေးကြော်ထားပြီး သူ့အဖေအိမ်ပေါ်က နှင်ချခံရမှ မင်းကို မယူမဖြစ် ယူသတဲ့၊ ယူတာကလည်း သေတပန် သက်တဆုံးပေါင်းဖို့ မရည်ရွယ်ဘူးတဲ့၊ သူ မလိုချင်ရင် ထားခဲ့မှာလို့ မင်းအဒေါ်ရှေ့မှာတောင် ခပ်ရဲရဲ ပြောသတဲ့၊ မင်းအဒေါ်ကို မကျေနပ်လို့ ရေနွေးအိုးကိုတောင် ကိုင်ပေါက်သွားသတဲ့၊ ဘုရား … ဘုရား၊ ဘုရားတောင် တမိပါရဲ့ကွာ၊ အဲ့ဒီလို မိန်းမမျိုးကို ယူထားတဲ့ မင်းကိုလည်း ငါ အံ့ဩပါရဲ့၊ ဘယ်လို အမိုက်မှောင်ဖုံးပြီး ယူလိုက်တာလဲ အညို …"

"အစ်ကိုရာ ဒါတွေ ပြောမနေပါနဲ့တော့၊ လောလောဆယ် အရေးကြီးတာကိုပဲ ပြောကြရအောင်ပါ"

အညို့ လေးလေးက ဝင်ပြောသော်လည်း အညို့အဖေက မရပ်တန့်ဘဲ …

"ဒီကောင် နယ်ကိုလည်းပြန်မလာ၊ ငါတို့ကိုလည်း အဆက်အသွယ် မလုပ်လို့ ဒီစကားတွေကို ပြောချင်ရက်နဲ့ မပြောခဲ့ရတာပေါ့ မောင်ထူးရာ …၊

"ဒီရောက်တော့လည်း သူ့အမေ ကျန်းမာရေးကိစ္စနဲ့ဆိုတော့ ရောက်ရောက်ချင်း မပြောနိုင်ဘဲ အောင့်ထားခဲ့ရတာ၊ သူ့အမေရှေ့ပြောရင် ရောဂါတိုးမှာစိုးလို့ ခု ဒီလိုလာပြီးပြောရတာပါ၊ သူ ဒီမိန်းကလေးကို ယူလိုက်ကတည်းက ငါတို့မှာ သားတစ်ယောက် လွှင့်ပစ်လိုက်ရသလိုပါပဲကွာ …"





အညိုက မရဲတရဲဖြင့် …

"မိုးခင်က အဖေထင်သလောက်ကြီးတော့လည်း မဆိုးဝါးဘူး အဖေရယ်၊ သူ့မှာလည်း နာကြည်းစရာအကြောင်းတွေ ရှိခဲ့တော့ စိတ်ချဉ်ပေါက်ပြီး အရွဲ့တိုက်နေခဲ့တာပါ၊ ခုတော့ အရှမ်းကို ပြောင်းလဲသွားပါပြီ အဖေရ …၊ အဖေ မယုံရင် အဖေ့ချွေးမလှလှလေးကို ခေါ်ပြပါ့မယ်၊ သူက အခု အရမ်း ယဉ်ကျေးအဆင့်မြင့်တဲ့ ပညာတတ် မိန်းကလေးဖြစ်နေပါပြီ …"

"အမွှန်းတင်မနေနဲ့ ဟေ့ကောင်၊ မင်း သေချာမှတ်ထားဖို့က အဲ့ဒီမိန်းကလေးကို ငါတို့ဘက်က ချွေးမအဖြစ် တစ်သက်လုံး အသိအမှတ် မပြုဘူး၊ မင်းအဒေါ်ကလည်း လုံးဝပဲ၊ ငါတို့ မျိုးရိုးက ပိုက်ဆံမရှိရင်သာ နေမယ်၊ ရိုင်းစိုင်းတဲ့ သူ တစ်ယောက်မှ မပါဘူး"

"အဖေရယ် … သူက နည်းနည်းလေး ပြုပြင်လိုက်ရုံနဲ့ အရောင်ထွက်လာတဲ့ ထက်မြက်တဲ့ မိန်းကလေးပါ၊ သူ ကျွန်တော့်ကိုယူတာကလည်း အိမ်ကနှင်ချခံခဲ့ရလို့ မဟုတ်ပါဘူး၊ ကျွန်တော် ဇွတ်အတင်းတောင်းပန်လို့သာ ခေါင်းညိတ်ရရှာတာပါ"

"ဘာကွ … ဒီလို မိန်းကလေးမျိုးကို မင်းကတောင် တောင်းပန်ပြီး ယူရတယ် ဟုတ်လား …၊ ငါ ထရိုက်လိုက်ရ"

"ကဲ … ကဲ … ကဲပါ အစ်ကိုရယ်၊ ဒီကိစ္စ ဒီမှာပဲရပ်လိုက်ပါ၊ အစ်ကို ပြောချင်တာလည်း ပြောပြီးမှပဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က မိုက်လုံးကို ကြီးလွန်းပါတယ် မောင်ထူးရာ"

"ကဲ ... အညို ငါကပဲ ကြားဝင်ပြီး လိုရင်းကိုပြောတော့မယ်၊ ငါ ပြောတာ နားထောင်"

"ဟုတ်ကဲ့ပါ လေးလေး ..."

"အခု ထွက်လာတဲ့ အဖြေက မင်းအမေက တီဘီအပြင် သားအိမ်ခေါင်းကင်ဆာလည်း ဖြစ်နေပြီဆိုတော့ ကုရသရမယ့်ကိစ္စက ကြာတော့မယ်၊ မင်းအဖေကလည်း ရန်ကုန်မှာ ကြာကြာ မနေနိုင်တော့ မင်းအမေကို မင်းအဒေါ်အိမ်မှာ ထားပြီး ပြန်ရမယ်၊ အဲဒီတော့ မင်းအမေကို အနီးကပ် စောင့်ရှောက်ပေးနိုင်တဲ့သူက မင်းပဲရှိတယ်၊ မင်း ငါတို့အိမ်မှာ လာနေမှပဲ အဆင်ပြေမယ်၊ မင်းမိန်းမကလည်း ရုံးက ပေးတဲ့ အခန်းမှာ နေလို့အဆင်ပြေနေတာပဲဆိုတော့ လောလောဆယ် မင်း ငါတို့အိမ်မှာပဲ လိုက်နေပါ၊ မင်းအဒေါ်ကလည်း စိတ်ဆိုးတုန်းက စိတ်ဆိုးခဲ့ပေမယ့် မင်း တောင်းပန်လိုက်ရင် အဆင်ပြေသွားမှာပါ၊ မင်း ခုညပဲ ငါတို့နဲ့ လိုက်ခဲ့ပါ"

အညိုက တိတ်ဆိတ်ငိုင်တွေသွားသည်။ မိုးခင်က အောက်နှုတ်ခမ်းကို ဖိကြိတ်ကိုက်ထားရင်း နှလုံးသားတွေ နာလာသလိုပင် ...။

အညို အဲဒီအိမ်မှာ နေလိုက်ရင် မိုးခင်ကတော့ လုံးဝ





သာတော့မှာ မဟုတ်ဘူးလေ၊ မိုးခင်ကိုလည်း သူတို့က အသိအမှတ် မပြုကြဘူးလေ ...။

ငိုက်စိုက်ကျနေသော အညို့ခါင်းက ခပ်ဖြည်းဖြည်း မော့လာကာ ...

"ဟို ... ကျွန်တော် မိုးခင်ဆီ ဖုန်းဆက်ပြောလိုက်ချင်သေးတယ်"

"တောက် ... အရေးထဲမှာ ငါ ထကန်လိုက်ရ"

အညို့ အဖေက ဒေါသဖြင့် အော်လိုက်သည်။

အညိုက သူ့အနားက ဖုန်းလေးကို ကောက်ကိုင်လိုက်သည်။

သူ မိုးခင်ဆီဆက်မှာ သေချာတာမို့ သူ့ဖုန်းမြည်သောခင် မိုးခင်က ထိုအိမ်ဘေးကနေ ခပ်သွက်သွက် လျှောက်ထွက်လာဆဲမှာ ဖုန်းမြည်လာပါသည်။

"ဟဲလို ..."

"မိုးခင် ..."

"အင်း ... ပြောလေ"

"မိုးခင် အခု ဘယ်မှာလဲ"

"အိမ်မှာ ..."

"ကိုယ်ပို့လိုက်တဲ့ မတ်ဆေ့ချ် ဖတ်ရလား"

"အင်း ... ဖတ်ပြီးပြီ၊ ညနေက ရုံးမှာ အစည်းအဝေးပြီးသေးလို့ ထွက်လာလို့မရလိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မိုးခင် … ကိုယ်လေ …"

"အင်း …"

"ဒေါ်လေးတို့အိမ်ကို ပြန်ပြောင်းနေရမယ်"

"သြော် …"

"မိုးခင် ခွင့်ပြုနိုင်မလားလို့ပါ …"

"မိုးခင် ခွင့်ပြုပါတယ်၊ ခွင့်ပြုရမှာပေါ့၊ သွားလေ … ရပ

တယ်"

"ကိုယ်လည်း မသွားမဖြစ်လို့ပါ"

"အင်း … သိပါတယ်"

"ကိုယ့်ကို စိတ်မပျက်နဲ့ဦးနော် …"

"အဟင်း …"

"ဘာရယ်တာလဲ …"

"မရယ်ပါဘူး၊ မိုးခင် ဘာမှမဖြစ်ဘူး၊ အညို့အသံက

လွန်းလို့ ရယ်တာ၊ ဒါပဲနော် … ဖုန်းဖိုး ချွေတာဦး၊ ဖုန်း

လိုက်တော့မယ်၊ မိုးခင် ကိုရီးယားဇာတ်လမ်းတွဲလေး ဆ

ကြည့်လိုက်ဦးမယ်"

မိုးခင်က စကားစ မြန်မြန်ဖြတ်ချ၊ ဖုန်းကိုပိတ်

အံကိုကြိတ်ကာ ထိုအိမ်နဲ့ဝေးရာသို့ ခြေလှမ်းသွက်သွက်လှမ်း

ထွက်လာသည်။

သူတို့က မိုးခင်ခင် ဆိုတဲ့ မိန်းမကို ချွေးမအဖြ

တစ်သက်လုံး အသိအမှတ် မပြုဘူးဆိုပဲ …။





သူတို့က ဘယ်လောက်များ ကြီးကျယ်မြင့်မြတ်တဲ့ လူတန်းစားတွေမို့လို့လဲ …။

"အဟက် …"

ရုတ်တရက် အရင်စိတ်ရိုင်းတွေ ဝင်လာတာမို့ မိုးခင်က ခပ်ရိုင်းရိုင်းတွေးရင်း ခပ်ရွဲ့ရွဲ့ ရယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

♥ ♥ ♥

"အဟက် ... ဟက် ... မိုးခင်က ဘယ်သူ့ဂရုစိုက်ရမှာလဲ ဟာ ... စိတ်ပျက်စရာကြီး၊ မြင်ရ ကြားရ သိရတာတွေ အားလုံး သိပ်စိတ်ပျက်စရာ သိပ်ကောင်းတာပဲ၊ ငါ့ဘာသာ အေးဆေး ဖိမ်ခံနေတာပဲ ကောင်းတယ်၊ အဲ့ဒီလို စိတ်ပျက် စရာကောင်းတဲ့လူတွေနဲ့ မပတ်သက်တာဘဲ ကောင်းတယ် အေးရာအေးကြောင်းပဲ နေလိုက်တော့မယ်"

မိုးခင်သည် ပါးစပ်က တီးတိုး တီးတိုး ရေရွတ်ရင်း အခန်းတံခါးကိုဖွင့်ကာ ကွန်ဒိုခန်းထဲသို့ ဝင်လာသည်။ စလင် ဘတ်အိတ်ကို ဆိုဖာပေါ်သို့ ပစ်တင်၊ ဒေါက်ဖိနပ်ကို ချွတ်က ကန်ထုတ်ပစ်ခဲ့ပြီး ရေခဲသေတ္တာရှိရာသို့ လျှောက်ဝင်လာခဲ့သည်။

ရေခဲသေတ္တာကိုဖွင့်၊ ရေတစ်ပုလင်းယူကာ တစ်ဝ လောက်ကုန်အောင် မော့သောက်လိုက်တော့မှ အမောပြေသွား သည်။





"မတွေးနဲ့ မိုးခင် ... မတွေးနဲ့၊ အဲ့ဒါတွေ မတွေးနဲ့၊ ကိုယ့် ဘာသာ ဖိမ်ကျကျ နေစမ်း"

မိုးခင်က တတွတ်တွတ် ရေရွတ်လျက် ကိုယ့်ကိုယ် ကိုယ် သတိပေးရင်း အိပ်ခန်းထဲသို့ ဝင်လာသည်။ မွေ့ရာပေါ်သို့ အိခနဲ ပက်လက်ပစ်လှဲချပြီး မျက်လုံးမှိတ်လျက် အသက်မှန်မှန် ရှူနေလိုက်သည်။

စိတ်တည်ငြိမ်လာတော့မှ မိုးခင်က အိပ်ရာမှထကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

ရေချိုးကန်ထဲကို မွှေးပျံ့သော ရေချိုးဆပ်ပြာရည်တွေ ထည့်ပြီး အကြာကြီး စိမ်ချိုးလိုက်တော့ လန်းဆန်းလာသည်။

ရေချိုးပြီးတော့မှ မှန်တင်ခုံမှာ ထိုင်လိုက်သည်။ အလှ ပြင်ခြင်းဟာလည်း စိတ်ဖိစီးမှုကို ဖြေဖျောက်စေနိုင်တာမို့ မိုးခင် က မျက်နှာကို ကျကျနန စိမ်ပြေနပြေအလှပြင်သည်။ မျက်တောင် ကိုတော့ လုံးဝ မကော့ဘဲထားသည်။ လည်ပင်းနှင့် ခြေလက်တွေ ကို လိုးရှင်းလိမ်းသည်။ နှုတ်ခမ်းနီကို ဆိုးနေကျ လိမ္မော်ဖျော့ အရောင် မဆိုးဘဲ ရဲရဲတောက် အနီကို ဆိုးလိုက်တော့ မျက်နှာက တောက်ပရဲရင့်လာသည်ဟု ထင်ရသည်။ အလှပြင်ပြီးတော့ လခ ထုတ်ရက်တုန်းက ဝယ်ထားသည့် ပန်းရောင်ဖျော့ဖျော့ ဒူးအထက် ဝန်တိုပွလေးကို ဝတ်လိုက်သည်။ ကျကျနန အလှပြင်ပြီးရင် ညစာ ဝဝလင်လင်စားပြီး ဖိမ်ကျကျထိုင်ကာ တီဗီကြည့်မည်ဟုပင်။

"တင်းတောင် ..."



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ဘဲလ်တီးသံ ပေါ်လာတာမို့ မိုးခင်က မျက်မှောင်ကလေးကြုတ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ချောင်းကြည့်ပေါက်ကနေ ချောင်းကြည့်လိုက်ချိန်မှာတော့ မိုးခင် မုန်းရပါသော ဟန်နီချို့ မျက်နှာကြီးကို အနီးကပ်ဘွားခနဲ တွေ့လိုက်ရပါတော့သည်။

▪ ▪ ▪



(၆)

♥ ♥ ♥

"ဝိုး … အခန်းက အမိုက်စားပါလားနော် …"

အခန်းတံခါး ဖွင့်ပေးလိုက်သည်နှင့် ဟန်နီချိုက အခန်းထဲသို့ လှမ်းဝင်လာရင်း သူ့ရင်ဘတ်သူဖိကာ အခန်းထဲကို ဆင့်ခဲကြည့်လျက် ကလိတိတိလိုလို ခပ်ရွဲ့ရွဲ့လိုလို ရေရွတ်လိုက်သည်။

"တို့အခန်းထက် နှစ်ပြန်မကသာတဲ့ အခန်းမှာ ရှင် နေခွင့်ရတာ ကံကောင်းလိုက်တာနော် …"

ဟန်နီချိုက သူ့အိမ်သူ့ရာနယ် ပိုင်စိုးပိုင်နင်းပုံစံဖြင့် ဧည့်ခန်းဆိုဖာပေါ်သို့ အိခနဲ ထိုင်ချလိုက်ရင်း …

"အိုး … ဆိုဖာကလည်း အိစက်ညက်ညောနေတာပဲ၊ တို့အိမ်က ဆိုဖာထက် ပိုဈေးကြီးမယ့်ပုံပဲ"

သူ့ရဲ့ ခနဲ့တဲ့တဲ့ အပြောနှင့် ထီမထင် အမူအရာတွေက မိုးခင်၏ ဒေါသကို ဆွနေသည်။ ခုပဲ အညိုတို့ရပ်ကွက်ထဲက ပြန်လာကာ စိတ်ဖိစီးမှုကလည်း ကိုယ့်ကို လွှမ်းမိုးဖိစီးနေတုန်းမို့



www.burmeseclassic.com

www.burmeseclassic.com



ထစ်ခနဲရှိ ဝုန်းဒိုင်းကြဲ ဒေါသပေါက်ကွဲချင်လာသော ကိုယ့်စိတ်ကို ကိုယ် ကြိုးစားထိန်းချုပ်ထားရရင်း ...

"ဘာကိစ္စရှိလို့ပါလဲ ..."

"ကိစ္စကလား ... အဟင်း ..."

ဟန်နီချိုက လှောင်ပြောင်သလို တစ်ချက်ရယ်လိုက်ရင်း ...

"ကိစ္စကတော့ အထွေအထူး မရှိပါဘူး၊ တို့ ကိုကြီးပိုင်တဲ့ အခန်းမှာ မိန်းကလေးတစ်ယောက်တည်း နေနေတယ် ဆိုတာ သတင်းကြားလို့ ဘယ်သူများလဲလို့ လာကြည့်တာ လက်စသတ်တော့ ရှင် ဖြစ်နေတာကိုး ... ဟင်း ... ဟင်း"

သူမက တညှင်းညှင်းရယ်ရင်း ဧည့်ခန်းထဲက ဆိုဖာနောက်မှီကို လက်ညှိုးကလေးဖြင့် ထိတွေ့ပွတ်ဆွဲရင်း တီဗီဆီသို့ လျှောက်သွားပြန်သည်။

"တီဗီကလည်း မော်ဒယ်မြင့်တယ်နော်၊ ကော်ဇောကလည်း တန်ဖိုးကြီးမယ့်ပုံ ..."

သူမပါးစပ်က ဆက်တိုက်လိုပြောရင်း ထမင်းစားခန်းဘက်သို့ ဆက်လျှောက်သွားသည်။

"ဝိုး ... အိုး ... ဟိုး ... ရေခဲသေတ္တာကလည်း ကြီးမှကြီး အား ... ပါးပါး ... ပစ္စည်းတွေကလည်း ပြောင်လက် တောက်ပနေတာပါပဲလား ..."

မိုးခင်သည် ကိုယ်နေသော အိမ်ကို စီးနင်းဝင်ရောက်ကာ လှောင်ပြောင်ခနဲ့နေသော သူမကို တွေ့ရတစ်ခုနှင့် ကော





ရိုက်ချင်လောက်အောင် ဒေါသထွက်လာပြီဖြစ်သော်လည်း ဦးနေမျိုးနိုင်၏ အသည်းကျော်မို့ ဒေါသကို မျိုသိပ် နှုတ်ပိတ်လျက် လုပ်ချင်ရာလုပ် သဘောထားကာ ကြည့်နေလိုက်သည်။

သူမက ထမင်းစား စားပွဲကို လက်ညှိုးဖြင့် ပွတ်ဆွဲသွားသည်။ ပစ္စည်းတွေကို ကိုင်တွယ်ကြည့်ရှုသည်။ ပြီးမှ ထမင်းစားခန်းထဲက ပြန်ထွက်လာကာ မိုးခင်ရဲ့ အိပ်ခန်းတံခါးကို ဆတ်ခနဲ တွန်းဖွင့်ဝင်လိုက်သည်။

"အိုး ... အိပ်ရာကလည်း အဆင်သင့်ပဲ၊ နှစ်ကိုယ်တူ အိပ်စက်ချင်စရာကြီးပါလား၊ အိမ်က ခုတင်နဲ့တောင် လာလဲလိုက်ချင်ပြီ၊ လဲပေးမလားဟင် ..."

ဟန်နီချိုက မိုးခင်ကို လှည့်ကြည့်ကာ မျက်စတစ်ဖက်ပစ်၍ မေးလိုက်သည်။ မိုးခင်က နှုတ်ကမဖြေဘဲ သူ့ကိုသာ ခပ်တည်တည် စိုက်ကြည့်နေသည်။

သူက မိုးခင်ကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ရင်း

"ရှင် စောင့်နေတာလား ..."

"ကျွန်မက ဘာကိုစောင့်ရမှာလဲ ..."

"ရှင့် ကိုယ်က မွှေးမွှေးကြိုင်ကြိုင် အနံ့တွေထွက်နေပြီး ရှင့်ပုံစံကလည်း ဆက်စီ ဖြစ်နေလို့လေ၊ အဲ့ဒါကြောင့် ဘာကို စောင့်နေတာလဲလို့ မေးတာ ..."

"ကျွန်မက ဘာကို စောင့်ရမှာလဲလို့ ရှင့်ကို မေးနေတာ"

"ရှင်စောင့်တာ ရှင်အသိဆုံးပေါ့"

"ကျွန်မ ဘယ်သူ့မှ စောင့်စရာမရှိဘူး ဟန်နီချို



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟုတ်လို့လား၊ မညာပါနဲ့၊ ရှင့်ပုံစံက အသိသာကြီးပါ၊ ရှင် ကိုကြီးကို စောင့်နေတာမဟုတ်လား"

"သူဌေးကို စောင့်စရာ ဘာအကြောင်းမှမရှိဘူး၊ သူလည်း ဒီကို တစ်ခါမှ မလာဘူး"

"အိုး ... ဟာသပဲ၊ ဒီနှစ်ထဲမှာ ရယ်စရာအကောင်းဆုံး ဟာသကို ပထမဆုံး ကြားဖူးတာပဲ"

"လောလောဆယ် ကျွန်မမှာ နေရေးထိုင်ရေး အဆင်မပြေဖြစ်လို့ အန်ကယ်လ် ပေးတဲ့ အခန်းမှာ နေနေတာကလွဲရင် ကျွန်မတို့ကြားမှာ ဘာပတ်သက်မှုမှ မရှိဘူး"

"ဩော် ... ဩော် ... ယုံတမ်းစကားတွေ ကြားရသလိုပါပဲလား၊ သူဌေးက သူ့ဝန်ထမ်းကို ပေးနေတဲ့အခန်းက သူ့မယားကို ပေးထားတဲ့ အခန်းထက်တောင် ကောင်းနေတယ်ဆိုတော့လေ ..."

"အဟက် ..."

မိုးခင်က ဟက်ခနဲ ရယ်ပစ်လိုက်တော့ ဟန်နီချို့က ဒေါသထောင်းခနဲ ထသွားကာ ...

"ရှင်က ဘာရယ်တာလဲ ..."

"ဩော် ... မယားဆိုလို့ပါ၊ ဘယ်သူက အန်ကယ့်လ်မယားလဲ မသိလို့ပါ"

"နင် မသိသေးရင်လည်း မှတ်ထားလေ၊ နင့်သူဌေး နေတဲ့ အိမ်မှာ 'ကတော်' တစ်ယောက်ရှိပေမယ့် တကယ်ပေါင်းနေတဲ့ မယားက ငါပဲ"





ဟန်နီချို့က အနာပေါ်တုတ်ကျကာ ဆတ်ဆတ်ခါတုံ့ပြန်လိုက်သည်။ မိုးခင်ကလည်း ငုံ့ခံနေဖို့ စိတ်ကူးမရှိတော့ပါ။ မိုးခင်ဟာ ပြောင်းလဲလာခဲ့ပြီဆိုသော်လည်း နဂိုဗီဇမှာ အမြစ်တွယ်ပြီးသား မာနနှင့် ဆတ်ဆတ်ထိမခံနိုင်သော ဒေါသက ခဏသာငုပ်နေခဲ့တာမို့ ခုလို လာဆွခြင်းခံရချိန်မှာ နဂို စိတ်အခံက ပြင်းပြင်းရှန်းကြွ ပေါက်ကွဲလာပါသည်။

"ဒါဆို ရှင်က ကားနဲ့တူသော မယားပေါ့နော်"

"ဘာတွေ လာပြောနေတာလဲ ..."

"အန်ကယ်လ်က ဒီမ်ခံကားဆို အရမ်းသဘောကျတာလေ၊ ကားသစ်တစ်စီးလဲပြီဆိုတာနဲ့ အဲ့ဒီကားကို အရိပ်တကြည့်ကြည့်နဲ့ သဘောကျမဆုံးဘူး၊ သူစီးလို့ကောင်းအောင် ကားကို အကုန်အကျခံပြီး ပြင်ဆင်နေတတ်တယ်၊ ဒါပေမယ့် တစ်ခုခက်တာက ဘယ်ဒီမ်ခံ ကားကိုမဆို ကြာကြာစီးရရင် ငြီးငွေ့တတ်လို့ ခဏခဏ ကားသစ်လဲစီးတတ်တာပဲ"

"နင် ..."

ဟန်နီချို့ မျက်လုံးတွေက မီးဝင်းဝင်းတောက်သွားသည်။ မိုးခင်ခင်က သူ့ကို မထီတရီ စိုက်ကြည့်နေရင်း ...

"သူဌေးကတော် ဒေါ်မြနန္ဒီကတော့ အိမ်နဲ့တူသော မယားပေါ့၊ အန်ကယ်လ်က သူ သေတပန်သက်ဆုံး နေဖို့ အိမ်တစ်လုံး ကောင်းကောင်း ဆောက်ထားတယ်၊ ကားကိုသာ ခဏခဏ လဲချင်လဲမယ်၊ အဲ့ဒီအိမ်ကတော့ မပြောင်းတော့ဘူးလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ... နင် ..."

ဟန်နီချို့က ဆတ်ဆတ်ခါသွားကာ မိုးခင် ပါးကို ရိုက်ဖို့ လက်ကိုလွှဲမြှောက်လိုက်သည်။ မိုးခင်က သူ့လက်ကို ဖမ်းဆွဲချုပ်ကိုင်ထားလိုက်ရင်း ...

"နင် ... သေချာမှတ်သွား ဟန်နီချို့၊ ငါ အခု ဒီအခန်းမှာ နေပေမယ့် ငါ့ သူဌေးနဲ့ ဘာမှမပတ်သက်ဘူး၊ နင်နဲ့ပတ်သက်တဲ့ အရှုပ်ထုပ်ကို ကိုင်ထားပေးတဲ့ ငါ့ကို မျက်နှာသာပေးတဲ့အနေနဲ့ ဒီအခန်းမှာ ပေးနေတယ်ဆိုတာ ငါနားလည်ပြီးသား၊ လောလောဆယ် ရိုးရိုးအခန်းတွေမရှိလို့ လွတ်နေတဲ့ အခန်းကို ခဏပေးနေတာ၊ အဲ့ဒီလွတ်နေတဲ့အခန်းက သိပ်ကောင်းနေတာကတော့ ငါ့ကံပေါ့"

"နင်က ကြံနေတာ၊ တစ်ချိန်ချိန်မှာ နင့်ဆီ ရင်ခွင်ပြောင်းလာဖို့ ခုကတည်းက တစ်စတစ်စ ဖြားယောင်း သွေးဆောင်နေတာ ငါမသိဘူး မှတ်သလား မိုးခင်ခင် ..."

ဟန်နီချို့က မိုးခင် ဆုပ်ကိုင်ထားသည့် သူ့လက်ကို ဆတ်ခနဲ အားကုန်ရုန်းထွက်လိုက်ရင်း အော်ပြောလိုက်သည်။

မိုးခင်က ဟွန့်ခနဲ တစ်ချက် မဲ့ပြုံးပြုံးလိုက်ရင်း ...

"ရှင့်ကြည့်ရတာ ယောကျ်ားတွေနဲ့ ရိုးရိုးသားသား မပတ်သက်ဖူးဘူး ထင်တယ်၊ ရှင် ပတ်သက်သမျှက မရိုးမသား ချည်းဖြစ်နေတော့ သူများတကာကိုလည်း အဲ့ဒီလိုချည်း ထင်နေတော့တာပေါ့ ...၊

"ဒီမှာ ... ငါသာဆန္ဒရှိရင် နင့်လူကို ငါ့လူဖြ





အောင် တစ်ရက်တည်းနဲ့တောင် ငါဖြားယောင်းယူလို့ ရသေးတယ်၊ ဒါပေမယ့် ငါက နင့်လို အိမ်ထောင်ရှိတဲ့ အဘိုးကြီးတွေကို မကြိုက်တတ်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ ငါ့အနေအထားနဲ့ သူဌေးသား လူပျိုနုနုထွတ်ထွတ် တစ်ယောက်ကို ခေါင်းခေါက်ယူလို့ ရတယ် ... သိရဲ့လား ဟန်နီချို့၊ ငါက လူပျိုပဲ စိတ်ဝင်စားတယ်"

"နင် ... နင် ... အရမ်းလူပါးဝတယ်၊ နင် ... ငါ့ကို စော်ကားတာတွေ ကိုကြီးကို ငါ အကုန်ပြန်ပြောမယ်၊ နင် အလုပ်ပြုတ်စေရမယ်၊ ဒီအိမ်ပေါ်ကနေ နင် ချက်ချင်းဆင်းစေရမယ်၊ အထုပ်ပြင်ပြီးတော့သာ စောင့်နေလိုက် ..."

ဟန်နီချို့က မိုးခင် မျက်နှာကို ထိုးလုမတတ် လက်ညှိုးနှင့် ထိုးကာထိုးကာ ပြောဆိုနေသည်။ သူ့လက်ညှိုးက ဒေါသဖြင့် ဆတ်ဆတ်တုန်ကာ မျက်လုံးတွေက ပြူးကြောင်နီရဲလာသည်။ ထို့နောက် မိုးခင်ရှေ့ကနေ ချာခနဲ လှည့်ထွက်သွားပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၇)

❤ ❤ ❤

"အလုပ်ပြုတ်လည်း မတုတ်နိုင်တော့ဘူး၊ နေစရာမရှိလည်း မတာတ်နိုင်တော့ဘူး၊ ဒင်း လူပါးဝသမျှတော့ ငုံ့ချည်းခံမနေနိုင်ဘူး၊ မိုးခင်ခင်တို့က အဲ့ဒီလိုမျိုး သူများအနိုင်ကျင့်တာ ခံမယ့် မိန်းမမျိုး မဟုတ်ဘူး"

မိုးခင်သည် ပါးစပ်က တတွတ်တွတ် ရေရွတ်ရင်း အခန်းထဲမှာ ပြန့်ကျဲနေသည့် ကိုယ့်ပစ္စည်းပစ္စယလေးတွေကို လိုက်ကောက်သိမ်းနေသည်။

ဒီအိမ်မှာ ဇိမ်ကျကျ နေရတဲ့ အခြေအနေကို မက်မောလှသော်လည်း၊ အလုပ်မပြုတ်ချင်ပါသော်လည်း ကိုယ့်လောက်မှ မဖြူစင်သော ဒီလိုမိန်းမမျိုးထံမှာတော့ အရှုံးပေး အညံ့မခံချင်။

ကိုယ့်နေရာပျောက်မှာ စိုးကြောက်လှတာမို့ ကြိတ်မှိတ်သည်းခံနေခဲ့သေးသော်လည်း ပြင်းထန်လွန်းသော ကိုယ့်ဒေါသစိတ်ကို မမျိုသိပ်နိုင်ဘဲ စိတ်ရှိတိုင်း ပြောဆိုခဲ့မိပြီ ...။





ဒီည ဦးနေမျိုးနိုင်က ဟန်နီချို့အိမ်ကို သွားတဲ့အခါ ဟန်နီချိုက မိုးခင်အကြောင်း ပြန်တိုင်ပြောမည်။ ဒါဆို ဒီညပဲ မိုးခင် ဒီအိမ်ပေါ်က ဆင်းရနိုင်ချေရှိသည်ပေါ့။ သူ ကုန်းချောတာ ပြောင်မြောက်ရင် ပြောင်မြောက်သလို ဦးနေမျိုးနိုင်က ဒေါသပေါက်ကွဲကာ မိုးခင်ကို အလုပ်ဖြုတ်ပစ်ဖို့ သေချာသည်ပေါ့ ...။

"ငါ ဘယ်သွားရင်ကောင်းမလဲ ..."

မိုးခင်က အထုပ်အပိုး အဆင်သင့်ပြင်ပြီး အိမ်ရှေ့ အိမ်နောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေသည်။ အညို့ဆီကိုလည်း မသွားချင်။ သင်တန်းတွေတက်တုန်းက ခင်ခဲ့သည့် သူငယ်ချင်းတွေဆီကိုလည်း သွားလို့မဖြစ်။ သူတို့ကို ကိုယ့်အဖေက နိုင်ငံခြားမှာ အလုပ်လုပ်နေသည့် ဆရာဝန်လို့ ပြောခဲ့ပြီးရုံးမှာ အလုပ်ဝင်တော့ အဖေက မရှိတော့၊ အမေက ကျောင်းဆရာမဟု အလွယ်တကူ ပြောလိုက်မိပြန်သည်။ ဒါ့ကြောင့် မိုးခင်ရဲ့ အသိအကျွမ်း အပေါင်းအသင်းတွေဟာ မိုးခင်ရဲ့ ဘဝမှန်ကို မသိ။ ဟိုကအသိနှင့် ဒီကအသိ ဆုံကြရင်တောင် မိုးခင်ရဲ့ ပါဆင်နယ် အချက်အလက်တွေ ကွဲပြားမှားယွင်းနေတာကို သိသွားကြမှာပင်။ ထို့ကြောင့် မိုးခင်မှာ ဒီအခန်းကလွဲပြီး ပြေးစရာနေရာမရှိ။ ကိုယ့်ဘဝအစစ်အမှန်ကို ထုတ်ဖော်ရင်ဖွင့် ညည်းတွားစရာလူ မရှိချေ။

"ကိစ္စမရှိပါဘူး၊ အဆောင်မှာ သွားနေလိုက်ရုံပေါ့"

မိုးခင်က ဘာဖြစ်ဖြစ် စိတ်အားတော့ မငယ်ပါ၊ ဒီလိုမဖြစ်ရင် ဟိုလိုလုပ်ဖို့ စိတ်ခွန်အားတော့ အပြည့်ရှိသူပင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်သည် သိမ်းဆည်းထားသော ပစ္စည်းထုပ်တွေကို အနားမှာချကာ ထိုင်လိုက်၊ ထလိုက်၊ အိမ်ရှေ့အိမ်နောက် လျှောက်လိုက်ဖြင့် တဖြည်းဖြည်း အချိန်ကုန်လာပါသည်။

ဒီအခန်းကနေ ညတွင်းချင်းပဲ ထွက်သွားရတော့မှာလားဟုတွေးကာ အခန်းကို လှည့်ပတ်ကြည့်ရင်း နှမြောဆို့နင့်နေသည်။

ဒီအခန်းမှာ နေရတဲ့အရသာကို ခံစားလို့မှ မဝသေးခင် ဒီအခန်းကနေ ပြောင်းထွက်ပေးရတော့မည်။ ဒီအခန်းမှာ ရှူးမတတ် နေချင်နေတာတောင်မှ ဟန်နီချို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဒေါသအဟုန်ကို မတားဆီးနိုင်ဘဲ ဖြစ်ချင်ရာဖြစ် သဘောထားကာ ပြောချင်သလောက် အားရပါးရ ပြောခဲ့ပြီးမှတော့ နောင်တလည်း မရချင်။

"စုန်းမ … စုန်းမ … စုန်းမ … စုန်းမ …"

ရုတ်တရက် ဖုန်း Ring tone သီချင်းသံက တိတ်ဆိတ်နေသော အခန်းထဲမှာ ကျယ်လောင်စွာ မြည်လာသည်။

ဒါ … ဟိုစုန်းမ ဟန်နီချို့ဆီက ဖုန်း။ သူ့ဖုန်းနံပါတ် တစ်ခုတည်းအတွက် လေးဖြူရဲ့ သီချင်းထဲက ဖြတ်ပြီး သီးသန့်သွင်းထားတဲ့ Ring tone ။

မိုးခင်ကို 'ထွက်သွား'ဟု ပြောမှာ သေချာသော ထိုဖုန်းကို မိုးခင်က ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

"ဟဲလို …"





"မိုးခင် … ကယ်ပါဦး … လုပ်ပါဦး၊ ငါ ဘာမှမလုပ်တတ်တော့ဘူး၊ ဒီ … ဒီမှာ …"

အခြေအနေက ထင်တာနဲ့ တခြားစီဖြစ်သွားသည်။ ကြောက်လန့်တုန်လှုပ်ကာ ငိုသံပါနေသော ဟန်နီချို့၏ အသံက ဖုန်းခွက်ထဲမှ စီးမျောလာသည်။

"မိုးခင် … မိုးခင် … နင် နားထောင်နေလား"

"နားထောင်နေတယ်"

"ကိုကြီး … ကိုကြီးရယ် ဘာဖြစ်သွားမှန်း မသိဘူး၊ အင်္ကျီချွတ်ကြီးနဲ့ အိပ်ပျော်သွားတာ ခု နိုးလို့မရတော့ဘူး၊ ခေါ်လို့ မရတော့ဘူး၊ ငါ … ငါ … ဘယ်ကိုပို့ပေးရမှန်းမသိဘူး၊ နင် … လာခဲ့ပါ၊ အခု လာခဲ့ပါ …"

ကံကြမ္မာက အခြေအနေကို ရုတ်တရက် ပြောင်းလဲပေးလိုက်သည်။

ခုချိန်မှာတော့ ဟန်နီချို့ဘဝခရီးက မိုးခင်ကူညီမှ ရှေ့ဆက်နိုင်တော့မည့် ဘဝမျိုး။

ဦးနေမျိုးနိုင်အတွက် စိုးရိမ်ပူပန်မိသော်လည်း ဟန်နီချို့ သွေးပျက်ချောက်ချားသံကို ကြားရတာ အရသာရှိလှပါသည်။

မိုးခင်က ခေါင်းအေးအေးထားကာ ဆေးရုံ ambulance ကားကို လှမ်းခေါ်လိုက်ပြီး ဟန်နီချို့ အခန်းဆီသို့ ကားငှား၍ ထွက်လာခဲ့ပါသည်။

"မြန်မြန်လေး မောင်းပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာကို လှမ်းပြောလိုက်တော့ ကားက ပို၍ အရှိန်မြင့်သွားသည်။

မိုးခင်၏ မျက်နှာက အေးစက်တည်ငြိမ်လျက်ရှိပြီး နှုတ်ခမ်းစွန်းကလေး တစ်ဖက်က မထိတရိ တွန့်ကွေး၍နေလေသည်။

⬛ ⬛ ⬛

ဆေးရုံ ambulance ကားနှင့် မိုးခင်၏ကားက ဟန်နီချို့ အိမ်သို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။

ဦးနေမျိုးနိုင်က အပေါ်ပိုင်း ဗလာကျင်းကာ ဟန်နီချို့ ခုတင်ပေါ်မှာ ပက်လက် မြောမေ့နေသည်။

"stroke ရသွားတာ"

stroke တဲ့။ လေဖြတ်ခြင်းကြောင့် သတိမေ့မြောသွားခဲ့တာတဲ့ ...။

ဆေးရုံဝန်ထမ်းများ ဝိုင်းဝန်းကာ ဆေးရုံပို့ဖို့ စီစဉ်ဆဲတွင် ဟန်နီချိုက သွေးဆုတ်ဖြူလျော်နေသော မျက်နှာဖြင့် ပြူးကြောင်ကြောင် လိုက်ကြည့်နေသည်။

မိုးခင် နားကို ကပ်၍ ...

"သေသွားတာတော့ မဟုတ်ပါဘူးနော် ..."

ဟု မေးလိုက်သော အသံက ချောက်ချားတုန်လှုပ်နေသည်။ ကျားမလို ရန်လိုခဲ့သော မိန်းမက ခု မိုးခင်ရှေ့မှာ သိုးငယ်ကလေးလို တုန်လှုပ်နေသည်။

ဆေးရုံကား ထွက်ခါနီးတော့ မိုးခင်ဆီ ပြေးလာကာ ...

"ငါ ... ငါလည်း လိုက်ခဲ့မယ်"

"တို့က သူ့မိသားစုကို အကြောင်းကြားလိုက်ရမှာလေ၊ နင်က သူ့မိသားစုဝင်မှ မဟုတ်ဘဲ၊ နင် လိုက်ချင်လည်း လိုက်ခဲ့ပေါ့၊ ကျန်တဲ့ကိစ္စတွေတော့ ငါ တာဝန်မယူနိုင်ဘူး၊ ဪ ... ပြောဖို့မေ့တော့မလို့၊ ငါ အိမ်မှာ အထုပ်ပြင်ထားပြီးသားနော် ..."

မိုးခင်က ပြောပြီးတာနှင့် ကားပေါ်သို့ တက်လိုက်သည်။

ဟန်နီချိုက နောက်ဆုတ်ရပ်ကျန်ခဲ့ရသည်။

ambulance ကားသံက ပတ်ဝန်းကျင်တစ်ခွင်လုံးကို ညံ၍စွာ လွင့်မျောသွားလေသည်။

⬛ ⬛ ⬛







www.burmeseclassic.com

www.burmeseclassic.com

# (၈)

♥ ♥ ♥

ပုဂ္ဂလိက ဆေးရုံ၏ စပါယ်ရှယ် လူနာခန်းကျယ် ကြီးထဲတွင် အဲကွန်း၏ သဲ့သဲ့မှအပ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

အရေးပေါ် အခြေအနေကို ကျော်လွန်ခဲ့ပြီမို့ လူနာ ခုတင်ထက်မှာ ဒရစ်ပိုက် တန်းလန်းဖြင့် ငြိမ်သက်နေသည်။

ထိုဆေးရုံခန်းထဲမှာ မိုးခင်နှင့် ဒေါ်မြနန္ဒီက မျက်နှာ ချင်းဆိုင် ရပ်တန့်လျက်ရှိပါသည်။

နေယွန်းကတော့ ဆေးရုံကို ရောက်မလာသေးပါ သွေးတိုးရှိသော သူ့အဒေါ်ကို အေးဆေးဖျောင်းဖျ စောင့်ခေါ် ရမှာမို့ နောက်ကျနေသည်။

ဒေါ်မြနန္ဒီက မိုးခင်ကို အေးစက်စူးရှစွာ စိုက်ကြည့် ရင်း...

"မင်း သူ့ကို ဘယ်ကခေါ်လာတာလဲ..."

"ရုံးကပါ"





"မင်း မဲညာနဲ့၊ ငါ အမှန်အတိုင်း သိချင်တယ်"

မိုးခင်သည် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ရင်း တွေဝေငြိမ်သက်နေသည်။ မိုးခင် ဘယ်လိုဖြေရမှန်း မသိပါ။ အမှန်အတိုင်း ဖြေလိုက်ပြန်ရင်လည်း ဦးနေမျိုးနိုင် သတိရလာတဲ့ အခါ မိုးခင်ကို အလုပ်ထုတ်ပစ်မှာစိုးရသည်။ မိုးခင်ရဲ့ အခြေအနေ ဟာ ဘေးကျပ်နံကျပ် ဖြစ်လို့နေပါသည်။

တစ်ချိန်လုံး ဟန်နီချို့ ပညာပြမှုတွေကို ရင်ဆိုင်လာ ခဲ့ရတာမို့ ခုလိုအချိန်မှာ ဟန်နီချို့ဘဝ မွဲပြာကျသွားအောင် အားလုံး ဖွင့်ပြောပစ်လိုက်ချင်သည်။ ဟန်နီချို့ကို အနိုင်ယူပြလိုက်ချင်သည်။ သေဖြစ်တုန်းက ခံခဲ့ရတာမို့ တူဖြစ်လာချိန်မှာ နှံပစ်လိုက်ချင်သည်။ ချိန်မှာ ကိုယ်ဟာ 'တူ'အနေအထားမို့ ဟန်နီချို့ကို အဖက်ဖက် က ထုထောင်းပစ်လိုက်ချင်ပါသည်။

ဒီနေ့ညမှာ ဦးနေမျိုးနိုင်သာ ဒီအဖြစ်မျိုး မကြုံခဲ့ရ ချင် ဟန်နီချိုက မိုးခင်အကြောင်းတွေ တိုင်တန်းတဲ့အခါ ကိုယ် ဟာ ကိုယ်ကြိုက်လှတဲ့ ကွန်ဒိုခန်းကြီးထဲကနေ ခွေးပြေးဝက်ပြေး ပြေးရဘူး မပြောနိုင်။ ခုချိန်က သူ့စကား အောင်နေသည့်အနေ အထားမို့ပင်။

ဦးနေမျိုးနိုင် သတိရမလာခင်အချိန်အထိတော့ မိုးခင် ဟာ ဟန်နီချိုရဲ့ အပေါ်စီးနေရာမှာ နေနိုင်ပေမယ့် သတိရလာတဲ့ အခါ ဘာတွေဖြစ်လာဦးမှာလဲ ...။

သို့သော် ... သတိရလာသည့်တိုင် ကိုယ့်အစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



သောကာ စကားမပြောနိုင်တာမျိုးလည်း ဖြစ်နိုင်သေးတာမို့ သူ့ကိုယ် သူတောင် မထူထောင်နိုင်သော သူဌေးဟာ သူ့စပွန်ဆာလေးကို လှည့်မကြည့်နိုင်တော့မှာလည်း အသေအချာ ... ။ ဟန်နီချိုက လည်း သူဌေး တစ်ခုခုဖြစ်လျှင် သူဌေးဆီက ငွေကြေးအထောက် အပံ့ မရတော့မှာကိုသာ အသေအလဲ စိုးရိမ်နေမှန်း သိသာသည်။ ဒီလိုမျိုး give & take သဘော ပတ်သက်ကြသူတွေမှာ ထူးခြား နက်ရှိုင်းတဲ့ သံယောဇဉ်မျိုး မရှိကတတ်တာ၊ ကိုယ့်မှာ အခက်အခဲ ဖြစ်တဲ့အခါ လွယ်လွယ်လေး ဖြတ်တောက်ပစ်နိုင်တာကိုလည်း မိုးခင်က သိနားလည်ပါသည်။

မိုးခင်ရှေ့မှာ ရပ်တန့်နေသည့် သူဌေးကတော် ဒေါ် မြနန္ဒီပုံစံကလည်း သွေးအေးပြတ်သားမည့် ပုံစံမျိုး ... ။ ကျက်သရေ ရှိသော အလှနှင့် ဣန္ဒြေကြီးသော၊ အဆင့်အတန်းမြင့်သော ပုံစံ မျိုး တင့်တယ်လှပသည့် ဒီလိုအမျိုးသမီးမျိုး ရှိရက်နှင့် ဟန်နီချို လို ပေါ့ပျက်ပျက် မိန်းမနှင့် ပတ်သက်ခဲ့သော၊ တခြားသော ပေါ့ပျက်ပျက် မိန်းမတွေနှင့်လည်း အရောတဝင် ပတ်သက်ချင် သော သူဌေးကို မိုးခင် အံ့တော့ အံ့ဩမိသည်။ ယောကျ်ားဆိုတာ မျိုးကို စိတ်ကျေနပ်သာယာအောင် ဖြေဖျော်နိုင်တဲ့အစွမ်းဆိုတာ အဲ့ဒီလို ပေါ့ပျက်ပျက် မိန်းကလေးတွေမှာမှ ရှိတာပဲလားတော့ မသိပါ။

"တို့ မေးနေတယ်လေ မိုးခင်ခင်၊ မင်းကို တို့ယောကျ်ား တို့ မယိုးစွပ်မိခင် မင်း အမှန်အတိုင်း ဖြေပါ"





ဒေါ်မြနန္ဒီ၏ အသံက ခပ်ဆတ်ဆတ်ဖြစ်သွားသလို မိုးခင်၏ ငုံ့ထားသော ခေါင်းကလည်း ဆတ်ခနဲ မော့လာသည်။ မိုးခင် မျက်လုံးတွေက အေးစက်စူးရှလာသည်။

"အန်တီ ... ဘာပြောတာလဲ"

"ဖြစ်နိုင်ချေရှိတာကို ပြောတာလေ၊ မင်း စဉ်းစားကြည့်လေ၊ မင်းတို့နှစ်ယောက် အတူရှိနေရင်း ဒီလိုဖြစ်သွားလို့ မင်း ခေါ်လာခဲ့တာလည်း ဖြစ်နိုင်တာပဲ ..."

"အန်တီ ကျွန်မကို မစော်ကားပါနဲ့ ..."

"ဒါဆို မင်းသိထားတာတွေအားလုံး တို့ကို ပြောပြလေ"

မိုးခင်က ခေါင်းငုံ့ငြိမ်သက်သွားသည်။ မိုးခင် ညာ နေလို့ရော ဘာထူးမှာမို့လို့လဲ။ ဒေါ်မြနန္ဒီကလည်း သူ့ယောကျ်ား အကြောင်းတော့ သူ မသိဘဲမနေ။

မိုးခင်က ဆုံးဖြတ်ချက် ချလိုက်သည်။ အမှန်အတိုင်း ဖွင့်ပြောတော့မည်။ အန်ကယ်လ် နေကောင်းလာလျှင်လည်း တော်သာလို့ ဖွင့်ပြောလိုက်တာပါဟု ပြောဆိုတောင်းပန်ရုံပင်။ ပြောမှဖြစ်တော့မည့် အခြေအနေနှင့် ဟန်နီချို့အကြောင်း ပြောကို ပြောချင်နေသည့်ဆန္ဒတို့ တိုက်ဆိုင်သွားကာ မိုးခင်က ငုံ့ထားသော ခေါင်းကို ခပ်ဖြည်းဖြည်း မော့လိုက်ရင်း ...

"ကျွန်မ အမှန်အတိုင်းပြောလိုက်ရင် ကျွန်မ အလုပ်ပြုတ် သွားနိုင်ပါတယ် အန်တီ၊ ဒါကြောင့် ကျွန်မ မပြောနိုင်တာ ပါ"

"မင်းအလုပ်ကိစ္စအတွက် တို့တာဝန်ယူတယ် မိုးခင်ခင်၊



www.burmeseclassic.com

www.burmeseclassic.com



"တို့အသိမိတ်ဆွေ လုပ်ငန်းရှင်တွေ အများကြီးပါ၊ မင်း အတွက် အလုပ်တစ်နေရာစာဆိုတာ မခက်ပါဘူး"

မိုးခင်က ကိုယ့်ဆုံးဖြတ်ချက်အတွက် အသက်ရှ ချောင်သွားကာ ရဲတင်းလာသည်။

အန်ကယ်လ်ရေ... အန်ကယ့်လ် ရက်ရောမှုတွေက မငဲ့ကွက်တာတော့လည်း မဟုတ်ပါဘူး ...။

အန်ကယ်လ် နေခွင့်ပေးထားတဲ့အခန်းအတွက်လည်း အားနာပါတယ်။

ဒါပေမယ့် မိုးခင် ပြောရပါတော့မယ်။

မိုးခင်က ခုတင်ပေါ်မှာ ငြိမ်သက်နေသော ဦးနေမျိုး နိုင်ကို ငဲ့ကြည့်ကာ သက်ပြင်းဖွဖွချလိုက်ပြီး ...

"အန်ကယ့်လ်ကို ဟန်နီချို ဆိုတဲ့ မိန်းကလေးအခန်းက သွားခေါ်လာတာပါ"

ဟု တိုးတိတ်စွာ ပြောလိုက်ပါသည်။

ထိုစကားက တိုးတိတ်လှသော်လည်း ဒေါ်မြနန္ဒီ ရင်အလယ်ဗဟိုမှာတော့ ဗုံးတစ်လုံး ကျကွဲသလို မြည်ဟည်းတု ခါသွားခဲ့သည်။

ဒေါ်မြနန္ဒီက နာကျင်ခံခက်စွာ ပြုံးလိုက်သည်။

တခြားတစ်ပါးသော မိန်းမတစ်ယောက်နဲ့ ပျော် ရင်း လေဖြတ်သွားတဲ့ ယောကျ်ားတစ်ယောက်ကို အိမ်က မယားက ဆီးကြို ပြုစုပေးရမယ်ဆိုတာ တရားပါသလား ဦးနေမျိုး နိုင်ရယ် ...။





ရှင် ချစ်ခင်မြတ်နိုး တန်ဖိုးထားပါတယ်ဆိုတဲ့ ဇနီး တစ်ယောက်ကို ဘာ့ကြောင့်များ နည်းအမျိုးမျိုးနဲ့ ခံစားနာကျင်စေ ခဲ့တာလဲ။

ဒေါ်မြနန္ဒီက နာကျင်သော်လည်း ညှိုးငယ်မသွားဘဲ ပို၍ စိမ်းဆတ်မာကျောလာသည်။

"အဲဒီမိန်းကလေးနဲ့ တို့ယောကျ်ားနဲ့ ပတ်သက်မှု အတိုင်းအတာကို တို့သိချင်တယ်၊ မင်း သိသလောက် ပြောပါ မိုးခင်ခင် ..."

"အန်ကယ်လ်က သူ့ကို ထောက်ပံ့နေတဲ့ အနေအထားပါ"

"ဪ ... ဪ ... စပွန်ဆာ ဆိုပါတော့ ..."

ခပ်ရွဲ့ရွဲ့ရေရွတ်လိုက်သော်လည်း ဒေါ်မြနန္ဒီ၏ အသံက နာကျင်ကြေမွနေတာကိုတော့ မိုးခင် ခံစားမိပါသည်။

"ဟုတ်ပြီလေ ... အဲဒီတော့ စပွန်ဆာပေးရတဲ့ အတိုင်းအတာကရော ..."

"ကားတစ်စီး ပေးထားပါတယ်၊ ကွန်ဒိုတစ်ခန်း ပေးထားပါတယ်"

"ပေးထားတယ်ဆိုတာက ဘယ်လိုမျိုးလဲ၊ အပြီးအပိုင်လား"

"အခန်းကတော့ အပြီးအပိုင် မဟုတ်ပါဘူး၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေကတော့ ရုံးက ဗီရိုထဲမှာပါပဲ"

"ဟုတ်ပြီလေ ... အဲဒီအခန်းကို တို့ ပြန်သိမ်းချင်တယ်၊ ကွန်ဒိုတစ်ခန်း တန်ဖိုးက မနည်းဘူးလေ၊ ကားကတော့ ထားလိုက်ပါတော့၊ နောက်ရက်တွေကျရင် အခန်းကို သော့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခတ်လိုက်တော့ပေါ့၊ ဒီလိုအခြေအနေမှာ သူတို့ဓာတ်လမ်းလည်း ပြတ်ပြီပဲ၊ တို့ယောကျ်ားကို တို့ အကောင်းဆုံးပြုစုမှာပါ”

ဒေါ်မြနန္ဒီက စကားစဖြတ်ပြီး သူ့ယောကျ်ားဘက်သို့ လှည့်ကြည့်လိုက်သည်။ ပြီးတော့ ခုတင်ဘေးက ခုံလေးမှာ ထိုင်ကာ ခင်ပွန်းဖြစ်သူရဲ့ လက်တစ်ဖက်ကို ဖွဖွအုပ်ကိုင်ထားလိုက်ပါသည်။

ဇနီးတစ်ယောက်ဟာ ခင်ပွန်းဖြစ်သူအပေါ်မှာ တစ်ချိန်တည်းမှာ အချစ်နဲ့ အမုန်းကို အတူ ခံစားရနိုင်ပါသလားဟင်။

သေလောက်အောင် မုန်းနေတဲ့ကြားက ရူးလောက်အောင် စိုးရိမ်မိတာကတော့ နှစ်တွေအကြာကြီး အတူနေထိုင်လာခဲ့တဲ့ သံယောဇဉ်ကြိုးကြောင့်များလား။

ရမ္မက်ဆန္ဒအတွက် တခြားမှာပျော်ရှုပ်နေတဲ့ယောကျ်ားတစ်ယောက်ကို ရမ္မက်ဆန္ဒနဲ့ မဆိုင်ဘဲ ချစ်ခင်နေသေးတဲ့ ဇနီးမယားတွေ ဒီကမ္ဘာမှာ ဘယ်နှယောက်များ ရှိနေပါသလဲ သူဌေးမင်းရယ် ...။

“စုန်းမ ... စုန်းမ ... စုန်းမ ... စုန်းမ”

ရုတ်တရက် လူနားခန်းထဲမှာ မြည်လာသည့် ထူးခြားသော ဖုန်းမြည်သံကြောင့် ဒေါ်မြနန္ဒီက မိုးခင်ကို လှည့်ကြည့်လိုက်သည်။ သူမ မျက်ဝန်းထဲမှာ မေးခွန်းတွေ အများကြီးပါသည်။

မိုးခင်ကတော့ ဟန်နီချို့ဆီကမှန်း သိတာမို့ ဖုန်းကိုပိတ်ပစ်ဖို့ အိတ်ကိုဖွင့်ကာ ဟိုဒီစမ်းနေသည်။





“အဲ့ဒါ ဘယ်ကဖုန်းလဲ မိုးခင်ခင် ...”

မိုးခင်က မညာလိုတော့ဘဲ ...

“ဟန်နီချို့ဆီကပါ အန်တီ”

“တို့ကို အဲ့ဒီဖုန်း ပေး ...”

မိုးခင်က မြည်နေသော ဖုန်းကို ဒေါ်မြနန္ဒီထံ လှမ်းပေးလိုက်သည်။

ဒေါ်မြနန္ဒီက ဖုန်းကို ဖွင့်ကိုင်လိုက်လျှင် ...

“မိုးခင် ... ကိုကြီး အခုဘယ်မှာလဲ၊ အခြေအနေ ဘယ်လိုလဲ”

ဒေါ်မြနန္ဒီက ထိုအသံကို ခါးသီးသွားကာ ...

“တို့က သူဌေးရဲ့ အတွင်းရေးမှူးမဟုတ်ဘူး၊ သူဌေးကတော်ပဲ၊ သူဌေးကတော့ အိပ်ရာပေါ်မှာ ပက်လက်မို့လို့ မင်းဆီမလာနိုင်တော့သလို မင်း လိုအပ်တာတွေလည်း မပေးနိုင်တော့ဘူး၊ ဟုတ်ပြီလား ... အိုခေနော်”

ဒေါ်မြနန္ဒီက လိုရင်းပဲပြောပြီး ဖုန်း end ခလုတ်နှိပ်ကာ အနားက ဆိုဖာပေါ်သို့ လှမ်းပစ်တင်လိုက်သည်။

မိုးခင်က ကျိတ်ပြုံးလိုက်သည်။ သူဌေးကတော်တို့က တည်ငြိမ်ပေမယ့် ဒီလိုတော့လည်း ခပ်မိုက်မိုက် ပြောရဲသားမို့ပင်။

“မာမီ ...”

အခန်းတံခါးဝဆီက ခေါ်သံကြောင့် မိုးခင် လှည့်ကြည့်မိတော့ နေယွန်းနှင့် အမျိုးသမီးကြီး တစ်ယောက် ဝင်လာတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... ဘယ်လိုများ ဖြစ်ရတာလဲ ငါ့မောင်ရယ်"

အမျိုးသမီးကြီးက ခုတင်ဘေး ထိုင်ခုံမှာ ဝင်ထိုင်ကာ သူ့ခြေ၏လက်တွေကို ဆုပ်ကိုင်ထားလိုက်သည်။

နေယွန်းကတော့ ဒေါ်မြနန္ဒီ၏ နောက်ဘက်မှာရပ်၍ ဒေါ်မြနန္ဒီရဲ့ ပခုံးကို ဆုပ်ကိုင်ထားလိုက်သည်။

"အခြေအနေက မစိုးရိမ်ရပါဘူး မမကြီး၊ စစ်ဖို့လိုအပ်တာတွေအားလုံး စစ်ထားပါတယ်၊ စိတ်အေးအေးထားပါ"

"ငါ့မောင်ခမျာ အလုပ်တွေပင်ပန်းလွန်းလို့ ဒီလိုဖြစ်ရတာ၊ သနားဖို့ ကောင်းလိုက်တာ"

ဒေါ်မြနန္ဒီက တစ်ဖက်သို့လှည့်ကာ မသိမသာ မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်တာကို မိုးခင်က မြင်ဖြစ်အောင်မြင်သည်။

လောကကြီးဟာ တစ်ခါတစ်ခါတော့ ရယ်စရာပါပဲ။

"ဒက်ဒီ့ကို မိုးခင် လိုက်ပို့တာလား"

"ဟုတ်တယ် သား၊ မင်း ဒက်ဒီက ဆိုဒ်ထဲမှာ လိုအပ်တာတွေ လိုက်ကြည့်လိုက်စစ်နေရင်း လဲကျသွားလို့ သူ ဆေးရုံကို ခေါ်လာပေးတာ"

"ကျေးဇူးပါ မိုးခင် ..."

"ကိစ္စမရှိပါဘူး ကိုနေယွန်း ..."

ဒေါ်မျိုးမမက မိုးခင်ကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်လိုက်ရင်း ...

"အတွင်းရေးမှူးမလေး ပါလို့ တော်သေးတာပေါ့ကွယ်၊ ကျေးဇူးတင်ပါတယ်"





"ရပါတယ် ... အန်တီ၊ အားလုံးလည်း ရောက်ပြီဆိုတော့ မိုးခင်လည်း ပြန်လိုက်ပါဦးမယ်"

"ဪ ... ကောင်းပါပြီကွယ်"

မိုးခင်က စလင်းဘတ်အိတ်လေးကို ဆွဲကာ မတ်တတ်ထရပ်လိုက်သည်။

"တက္ကဆီ ငှားပြန်မှာလား"

"ဟုတ်ကဲ့ ..."

နေယွန်း လှမ်းမေးတာကို ဖြေပြီး မိုးခင်က လှည့်အထွက် ...

"ည ၁၂ နာရီပဲ ရှိနေပြီ၊ ဒီအချိန်ကြီး တစ်ယောက်တည်း ပြန်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် လိုက်ပို့လိုက်မယ် မာမီ"

"ဪ ... အင်း ... ပို့လေ၊ မြန်မြန်တော့ ပြန်ခဲ့၊ သား ဒက်ဒီအတွက် စစ်ဆေးဖို့ လိုတာလေးတွေ ရှိရင် ရှိဦးမှာ"

မိုးခင်ရှေ့မှာမို့ မပို့နဲ့ပြောလို့မကောင်းတတ်လို့သာ လိုက်လျောမှန်း သိသော်လည်း မိုးခင်က မငြင်းဘဲ လက်ခံလိုက်သည်။

တကယ်လည်း ဒီအချိန် ကားငှားဖို့ အဆင်မပြေလှတာမို့ပင် ...။

ဘယ်လိုပဲဖြစ်ဖြစ် နေယွန်းလို မိုးခင့်အပေါ် အထာအမျိုးမျိုးနှင့် ဆက်ဆံတတ်သောသူနှင့်အတူ ကားပေါ်မှာ လိုက်ပါခွင့်ရတာလည်း စိတ်ဝင်စားစရာတော့ အကောင်းသားပင်။



www.burmeseclassic.com

www.burmeseclassic.com

(၉)

♥ ♥ ♥

ငြိမ့်ညောင်း အိစက် မွှေးအေးလှသော ကားထဲသို့ ဝင်ထိုင်လိုက်သည်နှင့် ပင်ပန်းခက်ခဲခဲ့သော ခံစားချက်များအားလုံး ခေတ္တခဏ ပြေလျော့လျက် သာသောင့်သာယာ ဖြစ်သွားသည်။

ကွန်ဒိုခန်း ပြီးတော့ ဇိမ်ခံ ကား ...။ သုံးဆောင်ခံစားရသမျှ နှစ်သက် ပျော်မွေ့ဖွယ် ဖြစ်လို့နေသည်။

နေယွန်းက မိုးခင်ကို ကားရှေ့ခန်းမှာပဲ ထိုင်ဖို့ပြောတာမို့ မိုးခင်က ရှေ့ခန်းမှာ ဝင်ထိုင်ခဲ့ပြီး လှပဆန်းပြားသော ကားဒက်ရှ်ဘုတ်တစ်ဝိုက်ကို မျက်လုံးလေးမေးစင်းလျက် ငေးနေလိုက်မိသည်။

ကားမောင်းထွက်လာစဉ် CD ကက်ဆက်မှ ခပ်တိုးတိုး ထွက်ပေါ်နေသော သီချင်းသံက အင်္ဂလိပ်သီချင်းသံမို့ ကောင်းကောင်း နားမလည်သော်လည်း နားထောင်လို့တော့ ကောင်းလှပါသည်။





နေယွန်းက မိုးခင်ကိုလှည့်မကြည့်ဘဲ ကားကို ဂရုစိုက်မောင်းနေရင်းက ...

"မင်း နဖူးအခြေအနေ ဘယ်လိုလဲ ..."

"ရှင် ..."

"ခွေးကိုက်တာလေ၊ နဖူးက ခွေးကိုက်တဲ့ ဒဏ်ရာ ကျက်သွားပြီလားလို့ ..."

"ဪ ... ကျက်သွားတာ ကြာပါပြီ၊ နည်းနည်းလေးပါ"

"နောက်ဆို သွားတာလာတာ ဆင်ခြင်ပေါ့ ...၊ နဖူးကို ခွေးကိုက်ခံရပြီးရင် ငယ်ထိပ်ကို မြွေပေါက်ခံရတတ်တယ်ကွ ... အဟက် ..."

နေယွန်းက ခပ်နောက်နောက် တစ်ချက် ရယ်လိုက်သည်။ သူ့ပုံစံက လန်းဆန်းကာ လူငယ်ဆန်သည်။ လူငယ်မို့ လူငယ်ဆန်တာဟာ မဆန်းသော်လည်း မိုးခင်နဲ့ စကားပြောတိုင်း လှုပ်လှုပ်ခတ်ခတ် နိုင်လွန်းတာကတော့ အံ့သြဖွယ်ရာ ဖြစ်သည်။

သူ မိုးခင်ကို ဆက်ဆံတာ ပုံမှန်တော့ မဟုတ်။ တစ်ခုခု ထူးခြားနေတာကိုတော့ မိုးခင်က တဖြည်းဖြည်း ခံစားမိလာသည်။

"စုန်းမ ... စုန်းမ ... စုန်းမ ... စုန်းမ"

ရုတ်တရက် မိုးခင် ဖုန်းက အသံမြည်လာသည်။ ဆန်နီချို့ဆီက ဖုန်းမို့ မိုးခင်က မသိမသာ မဲ့ပြုံးပြုံးကာ ဖုန်း ring tone ခလုတ်ကို နှိပ်၍ အသံပိတ်ထားလိုက်သည်။

ခေါ်လေ ... ခေါ်ပေါ့၊ သေအောင်သာ ခေါ်နေလိုက်

www.burmeseclassic.com



တော့ ဟန်နီချို။ ခုချိန်မှာ နင့်အားကိုးရဟာ ငါ တစ်ယောက်ပဲမို့ ငါ့ကို အသည်းအသန် ဆက်သွယ်ရတော့မှာ မဟုတ်လား ...။

ဖုန်းက အသံမမြည်တော့သော်လည်း မီးစိမ်းကလေး ဆက်တိုက်လင်းနေသည်။ ထပ်ခါထပ်ခါ ခေါ်နေသည့် နံပါတ်ကလေးကို ငုံ့ကြည့်ရင်း မိုးခင်က မဲ့ပြုံးတစ်ခုဖြင့် ကျေနပ်နေသည်။

"မင်းရဲ့ ရန်သူတော်ကြီးလား၊ ဒေါက်ဖိနပ်နဲ့ ပေါက်ခဲ့တဲ့ တစ်ယောက်ထင်တယ်"

မိုးခင်က အံ့သြစွာဖြင့် သူ့ကို လှည့်ကြည့်မိသည်။ သူ ဘာကြောင့်များ မိုးခင်နဲ့ ပတ်သက်တဲ့ကိစ္စ အသေးအမွှားလေးတွေကအစ မှတ်မိနေတာလဲ ...။

"ရှင်က ဘာလို့ အဲ့ဒီလိုထင်ရတာလဲ ..."

"မင်း မဲ့ပြုံး ပြုံးလိုက်တာ ကိုယ်မြင်တယ်လေ၊ ပြီးတော့ မင်း ring tone သံက စုန်းမ ဆိုတော့ အဲ့ဒီတစ်ယောက်လို့ ထင်လိုက်လို့"

"ရှင်က ကျွန်မနဲ့ ပတ်သက်တဲ့ကိစ္စတွေကို မှတ်မိနေတယ်နော် ..."

"စိတ်မဝင်စားရင်တော့ မမှတ်မိပါဘူး"

သူက ခပ်တည်တည် ပြောလိုက်ပြန်သည်။ သူပြောတဲ့ စကားက မိုးခင်ကို စိတ်ဝင်စားတယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

နေယွန်းရဲ့ သာမန်မဟုတ်သော အကြည့်၊ သာမန်မဟုတ်သော စကားနှင့် အပြုအမူတွေက မိုးခင်ကို အတွေးတွေ ရီဝေလာစေသည်။





မိုးခင်က ကားအပြင်ဘက်သို့ လှည့်ငေးရင်း တိတ်ဆိတ်လို့သာ နေလိုက်သည်။

မိုးခင်က မိုးခင် နေသည့် ကွန်ဒိုရှိရာ လမ်းထိပ်မှာပဲ ကားကိုရပ်ခိုင်းလိုက်သည်။

"ကျွန်မ သွားတော့မယ်၊ ကျေးဇူးတင်ပါတယ်"

"မင်းက ဘယ်အခန်းမှာ နေတာလဲ ..."

"ဟိုအခန်းမှာပါ"

မိုးခင်က နီးစပ်ရာ အခန်းတစ်ခန်းကို လက်ညှိုးထိုး ညွှန်ပြလိုက်သည်။

မိုးခင်နေသော အခန်းကို နေယွန်း သိလို့မဖြစ်သလို ဒေါ်မြနုဒီလည်း သိလို့မဖြစ်ပါ။ ဒီအချိန်မှာ အမှန်အတိုင်းပြောပြရင် သံသယတွေကို လက်ခံရနိုင်သလို အခန်းကနေ ဖယ်ခိုင်းတာမျိုးလည်း ဖြစ်နိုင်တာမို့ပင်။

"ကျွန်မ သွားတော့မယ်"

"အိုခေ ...ဂွတ်နိုက် ... ဆီးယူ"

နေယွန်းက သွက်လက်စွာ နှုတ်ဆက်လက်ပြလိုက်သည်။

see you တဲ့။

ဘယ်လိုအကြောင်းတရားတွေဖြင့် see you ချင်သေးတာလဲတော့ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

♥ ♥ ♥

"တင်းတောင် ..."

ညက မိုးခင် ဖုန်းဘက်ထရီကုန်သည်အထိ အဆက်မပြတ်ခေါ်နေသော ဟန်နီချို့ဖုန်းကို အရသာရှိစွာ ဥပေက္ခာပြုထားပြီးနောက် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သော မိုးခင်သည် နောက်တစ်နေ့ မနက်ခင်းမှာ ဟန်နီချိုဟု သေချာနေသော ဘဲလ်မြည်သံနှင့်အတူ အရသာရှိစွာ နိုးထလာပါသည်။

မိုးခင် တံခါးဖွင့်ပေးလိုက်သည်နှင့် ဟန်နီချိုက မာနစွယ်ကျိုးနေသော မျက်နှာညှိုးညှိုးဖြင့် အိမ်ထဲသို့ ခပ်ရို့ရို့ လှမ်းဝင်လာသည်။

မိုးခင်က ညဝတ်အင်္ကျီဖားဖားဖြင့်ပင် ဧည့်ခန်းထဲ တစ်ယောက်ထိုင် ဆိုဖာပေါ်မှာ လက်ပိုက်ခြေချိတ်၍ ထိုင်လိုက်ရင်း ...

"ဘာကိစ္စလဲ ..."

"ကိုကြီး အခြေအနေ သိချင်လို့"





"သူဌေးအခြေအနေကို မပြောခင် ရှင့်အခြေအနေကို အရင်ပြောမယ်"

ဟန်နီချိုက မိုးခင်နှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ်မှာ ခပ်ကုတ်ကုတ် ဝင်ထိုင်ရင်း မိုးခင်ကို ပြူးကြောင်ကြောင် ကြည့်သည်။

"နင် အထုပ်ပြင်ထားလိုက်တော့ ..."

ဟန်နီချို့ မျက်လုံးတွေက ပို၍ပြူးလာသည်။

"ဟန်နီက ဘာလို့ အထုပ်ပြင်ရမှာလဲ"

"မင်း အဲ့ဒီအိမ်ပေါ်က ဆင်းရတော့မှာမို့လို့လေ ..."

"ဘာ ..."

ဟန်နီချိုက သွေးရူးသွေးတမ်း ကယောင်ချောက်ချားဖြင့် ခက်ထန်လာပါသည်။

"အဲ့ဒါ ငါ့အိမ်၊ ငါ့အိမ်ပေါ်က ငါ ဆင်းစရာ မလိုဘူး"

"ဟင်း ... ဟင်း ... ရှင့်အိမ် ... ဟုတ်လား"

"ဟုတ်တယ်၊ အဲ့ဒါ ငါ့အိမ်၊ ငါ့အတွက် ကိုကြီး ပေးထားတဲ့ အိမ်"

"အိုး ... ဟာသပဲ၊ ဒီနှစ်ထဲမှာ ရယ်စရာ အကောင်းဆုံး ဟာသကို ပထမဦးဆုံး ကြားဖူးတာပဲ"

မိုးခင်က မိုးခင်ကို ဟန်နီချို ပြောခဲ့ဖူးသော စကားများကို ပြန်လည်ပြောဆိုသုံးစွဲရင်း ချောက်ချားနေသော သူမကို အရသာရှိရှိ စိုက်ကြည့်နေသည်။

ကိုယ့်ကို အမျိုးမျိုး ပညာပြ၊ ချိုးနှိမ်ခဲ့ဖူးသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ကျဆုံးခန်းကို တစ်စိမ့်စိမ့် အရသာခံကြည့်ချင်သည် အဲဒါ မိုးခင် မှားလားဟင်။ မိုးခင်ဟာလည်း တရားမပြည့်သ သာမန် မရင့်မကျက် ပုထုဇဉ်တစ်ယောက်မို့ ဒီလို ပြန်လုပ် ရတာကို ကျေနပ်သည်။ မိုးခင်ခင်ဟာ အသွင်သဏ္ဌာန်သာ ပြော လဲခဲ့ပေမယ့် အနှစ်သာရကတော့ မပြောင်းလဲသေးသော မိုး တစ်ယောက်ဟု ဆိုချင်လည်း ဆို ...။

မမြင့်မြတ်သေးသော စိတ်ဓာတ်ကို မြင့်မြတ် ယောင်ဆောင်ပြီးတော့လည်း မနေလို။

"ဟင်း ... ဟင်း ... ရှင့်အိမ်ဆိုရင် ပိုင်ဆိုင်မှု စာရွက် တမ်းတွေကရော ဘယ်မှာလဲ ...၊ ရုံးက locker ထဲမှာ အဲဒီ ကွန်ဒိုအခန်းနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း တွေ့မိသလားလို့ ..."

ဟန်နီချိုက ကယောင်ချောက်ချားဖြင့် မိုးခင် လ ကို ဆတ်ခနဲ ဖမ်းဆွဲဆုပ်ကိုင် လှုပ်ယမ်းလိုက်ရင်း ...

"မိုးခင် ... နင် ငါ့ကိုကူညီပါ၊ နင် အကျိုးမယုတ်စေ ဘူး၊ အဲဒီ စာရွက်စာတမ်းတွေ ငါ့ကိုယူပေးပါ၊ ငါ အ အခန်းကို မရလို့မဖြစ်ဘူး၊ ငါ အခြေအနေကောင်း နင့်ကို ကြည့်မနေပါဘူး"

"ဖယ်စမ်းပါ ... သနလိုက်တာ"

မိုးခင်က သူဆုပ်ကိုင်ထားသည့် လက်ကို ဆတ် ပြန်ဆောင့်ဆွဲလိုက်ပြီး မတ်တတ်ထရပ်လိုက်သည်။ ပြီးတော့ ဟန်နီချို့ မျက်နှာကို ငုံ့ကြည့်ကာ လက်ညှိုးဖြင့် ထိုးလိုက်ရင်း





"ဒီမှာ ဟန်နီချို ...၊ ငါကလေ ငါ့ဘဝကြီးကို ယဉ်ယဉ်ကျေးကျေး ကောင်းကောင်းမွန်မွန် ဖြတ်သန်းမလို့ပဲ၊ ဒါပေမယ့် နင့်လို စာရိတ္တ စုတ်ပြတ်သတ်နေတဲ့ မိန်းမမျိုးက ခေါ်ပြီး အနိုင်ကျင့်တာကို ငါခံရတယ်၊ အလုပ်မပြုတ်ချင်လို့၊ ပိုက်ဆံတွေ လိုချင်လို့ နင်လပ်သမျှ ငါ ခေါင်းငုံ့ခံရတယ်၊ ဟောဒီမှာကြည့် ... ငါ့နဖူးကိုကြည့် ...၊ နင် ခြေထိုးခံလိုက်လို့ ဆောင့်မိလာတဲ့ ငါ့ နဖူးက ဒဏ်ရာက ခုထိ အမာရွတ် ကျန်သေးတယ်"

မိုးခင်က ကိုယ့်နဖူးကို ကိုယ် လက်ညှိုးဖြင့် တဆတ်ဆတ် ထိုးညွှန်ပြလိုက်ရင်း ပြောလိုက်သည်။

"အဲဒီဒဏ်ရာကို ဘာဖြစ်တာလဲလို့ ငါ့ကိုမေးရင် ငါက ခွေးကိုက်ခံရတာလို့ပဲ ဖြေတယ်၊ ခွေးက ဘာလို့ နဖူးတက်ကိုက်သလဲဆိုတော့ အဲဒီခွေးက အမြင့်မှာရှိနေလို့ပဲလို့ ငါဖြေတယ်၊ ပိုက်ဆံမရှိပေမယ့် ကိုယ်ကျင့်တရား ကောင်းကောင်းနဲ့ နေနေတဲ့သူတွေကို ပိုက်ဆံချမ်းသာပြီး အကျင့်မကောင်းတဲ့သူတွေက အနိုင်ကျင့်ရင် အဲဒါ ခွေးက အမြင့်မှာရှိလို့ လူ့နဖူးကို တက်ကိုက်နိုင်တာပဲ ...၊ အမြင့်မှာရှိလို့သာ တက်ကိုက်နိုင်ပေမယ့် ခွေးကခွေး၊ လူက လူပဲ"

"နင် ... နင် ... မမိုက်ရိုင်းနဲ့ မိုးခင်ခင်"

"နင့်ပါးစပ် ပိတ်ထား ဟန်နီချို၊ ငါပြောတာကို ဆုံးအောင်နားထောင်၊ နင်က အမှီရှိလို့သာ ကောင်းစားနေတဲ့ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်၊ ဒါပေမယ့် အခုကစပြီး အားလုံး ပြီးသွားပြီ game over ပဲ ဟန်နီချို ...၊ နှင့် အခန်းကို ဦးနေမျိုးနိုင် ကတော်က ပြန်သိမ်းတော့မှာ"

"ဘာ ..."

"နှင် ပြောဖူးတယ်လေ၊ ဘာတဲ့ ... ဦးနေမျိုးနိုင်မှာ ကတော် တစ်ယောက် ရှိပေမယ့် တကယ်ပေါင်းနေတဲ့ မယားက နှင်ပဲဆိုတာ ...၊ ခု အန်ကယ်လ် နေမကောင်းဖြစ်တော့ သူ့ကတော်ကပဲ ပြုစုရမှာ၊ သူ့ကတော်ကပဲ အားလုံးအုပ် ချုပ် ပိုင်စိုးတော့မှာ၊ နှင်နဲ့ ပေါင်းစရာမရှိတော့ နှင့်အခန်း ကလွှာ ဘာမှမရှိတော့ဘူး၊ ဒါနဲ့များ စွတ်စက်မြောက်နေ လိုက်တာ၊ ခုတော့ ခွေးကျဝက်ကျ ကျပေါ့၊ ဒေါ်မြနန္ဒီက ရှေ့နေခေါ်ပြီး နှင့်ကိုနှင်မချခင် နှင့်ဘာသာ အထုပ်ပြင်ပြီး ထွက် သွားလိုက်တော့၊ နှင့်ကို ငါ အချိန်တစ်ပတ်ပေးမယ် နှင့်အိမ်သော့က ရုံးမှာရှိတယ်၊ တစ်ပတ်ပြည့်ရင် ငါ သော့ လာပြောင်းခတ်လိုက်တော့မယ်"

"မိုးခင် ... နှင် ... နှင် ..."

ဟန်နီချိုက အသားဆတ်ဆတ်တုန်လာကာ ...

"နှင် ငါ့ကိုပဲ နိုင်ချင်ဇောအားကြီး မနေနဲ့ မိုးခင်ခင် ... နှင့် အခြေအနေကိုလည်း နှင် ပြန်သုံးသပ်ကြည့်လိုက်ဦး နှင် ဒီအခန်းမှာနေတာကို ဒေါ်မြနန္ဒီ သိရင်ရော နှင် ဒီမှာ ဆက်နေလို့ရမယ်ထင်လား၊ ကုမ္ပဏီကို ဦးနေမျိုးနိုင် မဦးစီး နိုင်တော့တဲ့အတွက် နှင့်အတွက် နေရာကရော တည်မြဲမယ်





မှတ်သလား၊ နှင် မကြာခင် ငါ့ဝင်ငွေလည်မှာပါ၊ နှင်လည်း မကြာခင် ဒီအိမ်ပေါ်က ဆင်းရတော့မှာပါ၊ နှင့်ကိုယ်နှင် တစ်သက်လုံး ကောင်းစားပြီလို့ အထင်မမှားစမ်းပါနဲ့ မိုးခင် ခင်၊ နှင်လည်း မကြာခင် ခွေးကျဝက်ကျ ကျတော့မှာပါ"

ဟန်နီချိုက ချာခနဲ လှည့်ထွက်သွားသည်။ တံခါး ကို ပြန်ဆောင့်ပိတ်သွားသည်။

မိုးခင်က ဧည့်ခန်း ဆိုဖာပေါ်မှာ ထိုင်လျက် ငြိမ် သက်စွာ ကျန်ခဲ့သည်။ ငြိမ်နေသည်။ အကြာကြီး မလှုပ်မယှက် ငြိမ်နေသည်။ သို့သော် ရင်ထဲမှာတော့ ဗလောင်ဆူကာ မငြိမ် သက် ဖြစ်နေသည်။

ဘစ်နေရာသို့ စိုက်တန့်ငြိမ်သက်နေသော မျက်ဝန်း ဆွေထဲမှာ ပုံရိပ်တွေ ဝေဝါးရှုပ်ထွေးစွာ ပေါ်နေသည်။

အညို၏ ညှိုးငယ်သော မျက်နှာထား၊ အိမ်ပေါ်ကနေ အမြန် ထုပ်ပိုးပြောင်းရွှေ့ခဲ့ရသော ပုံရိပ်များ ...။ မိုးခင် နေရမှာ နှစ်မြို့သော ပတ်ဝန်းကျင် ...။ မပေါင်းသင်းချင်သော သူတို့၏ မျက်နှာများ ...။

အပ်ကျသံတောင် မကြားရအောင် တိတ်ဆိတ်ငြိမ် သက်နေသော ကွန်ဒိုအခန်းကျယ်ကြီးထဲမှာ ထိုင်နေသည့် မိုးခင် နားထဲမှာ အသံဗလံတွေ တစ်စတစ်စ ဆူညံလာသည်။

"သွား ... နှင် အခု ငါ့အိမ်က ဆင်းသွား"

"ဒီအိမ်ကို အိမ်ရှင်က ဒီနေ့ပဲ ရောင်းလိုက်လို့ ငါတို့တွေ နှစ်ရက်အတွင်း ဒီအိမ်က ဖယ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒုက္ခ ... ဒုက္ခ ... အိမ်ပိုင် ရာပိုင်မရှိတဲ့ ဒုက္ခများ တယ်ကြီးပါလား ..."

"ကြွ ... ကြွ ... နင့်ပစ္စည်းတွေ စက္ကူတစ်စ မကျန်အောင် ယူသွား၊ နောက်လည်း နင့်ကောင်မ ပါရင် ငါ့အိမ်မလာခဲ့နဲ့ ..."

အမေ့ အသံ၊ အညို့ အသံ၊ ဒေါ်ပို့ အသံ၊ အညို့ ဒေါ်လေး အသံတွေက ခုပဲ နားဝမှာ လာမြည်ဟည်းနေသလို ထင်ကာ စိတ်ကယောင်ချောက်ချား ဖြစ်လာသည်။

မိုးခင်တို့လို လူတန်းစားတွေဟာ အိမ်တစ်လုံး ပိုင်ဆိုင်ဖို့ ဒီလောက်တောင်ပဲ ခက်ခဲရသလား ...။ မဖြစ်စလောက် အိမ်သေးသေးလေးတွေ ပိုင်ဆိုင်တဲ့လူတွေကတောင် မိုးခင်ကို နှိမ်ချင်သတဲ့လား။ အိမ်အစုတ်ကို ဂုဏ်မောက်ကာ နှင်ချရဲသလား။

တစ်နေရာသို့ စိုက်တန့် ငြိမ်သက်နေသော မိုးခင်၏ မျက်လုံးများသည် တဖြည်းဖြည်း လှုပ်ရှားလာကာ မိုးခင်ထိုင်နေသော အခန်းပတ်ပတ်လည်ကို မျက်ဝန်းကလေး ဖြည်းဖြည်းရွေ့ကာ ကြည့်လိုက်မိလေသည်။

အရာရာတိုင်းဟာ မိုးခင်ရဲ့ အရင် အခြေအနေနဲ့တော့ တခြားစီပဲ မဟုတ်လား ...။

ရေနံချေးရောင်မည်းနေသော သစ်သားနံရံတွေအစား နံရံကပ် မီးအိမ်ကလေးတွေ လင်းနေသော အုတ်နံရံကို မြင်ရသည်။ နင်းလိုက်လျှင် အသံမြည်တတ်သော၊ ရာသီဥတုကြောင့် ကျုံ့တတ်ကြွတတ်သော အညံ့စား သစ်ကြမ်းခင်းတွေနေရာမှာ ပေါလစ်ဆောင် ပြောင်နေသော ပါကေးကြမ်းမြင်ကို မြင်ရသည်။ လည်တိုင်ကို ကြော့၍ ခေါင်းကိုမော့လိုက်လျှင် မှိန်ဖျော့သော နှစ်ပေမီးချောင်းလေးနေရာမှာ လှပကြွရွ တန်ဖိုးကြီးသော အလှဆင် မီးဆိုင်းကြီးကို တွေ့ရလေသည်။





အို ... အရာရာတိုင်းဟာ ပြောင်းလဲလို့ လာခဲ့တာပဲ။

ဒီပြောင်းလဲမှုကို တည်တံ့အောင် မိုးခင် ဘယ်လိုသုပ်ရင် ကောင်းမလဲဟင် ...။

မိုးခင်သည် အတွေးများဖြင့် အသက်ရှူကျပ်လာကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ပြီးတော့ မှန်ပြတင်းကျယ်ကြီးဘက်သို့ လျှောက်သွားကာ လိုက်ကာကြိုးစကို ခပ်မြန်မြန်ဆွဲ၍ ဖွင့်လိုက်သည်။

အဝေးက ကောင်းကင်ကျယ်ကြီးကို မြင်ရတော့မှ အသက်ရှူ နည်းနည်းချောင်သလို ခံစားလာရသည်။

မိုးခင်က မှန်ဆလိုက်တံခါးကို ဘေးသို့ ဆွဲရွှေ့၍ ဖွင့်လိုက်သောအခါ အေးမြသော လေက မျက်နှာကို ဖျန်းခနဲ ထိုးဝေ့လာသည်။

မိုးခင်က မျက်လုံးမှိတ်၍ မျက်နှာကို မော့ကာ ငြိမ်သက်နေလိုက်သည်။ ကွန်ဒို ကိုးထပ်အမြင့်နေရာကမို့ လေကလေအေးကာ ပို၍ လတ်ဆတ် သန့်ရှင်းသည်ဟု ထင်ရသည်။

မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ ပြာသောမိုးကောင်းကင်ကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့သဘာဝဆိုတာ ပို၍မြင့်မားလှပသော အရာကိုသာ နှစ်သက်တတ်ရိုးထုံးစံ ရှိတာပေါ့ ...။

အကောင်းအမွန်တွေကို သုံးစွဲပြီးလျှင်လည်း ခပ်ညံ့ညံ့အရာတွေကို ပြန်သုံးစွဲဖို့ ဝန်လေးတတ်တာ သဘာဝပဲပေါ့။

"နင် မကြာခင် ငါ့ဝင်ငွေလည်းမှာပါ၊ နင်လည်း မကြာခင် ဒီအိမ်ပေါ်က ဆင်းရတော့မှာ၊ နင့်ကိုယ်နင် တစ်သက်လုံး ကောင်းစားပြီမို့ အထင်မမှားစမ်းပါနဲ့ ..."

ဟန်နီချို့ အသံက ခုပင် တစ်ဖန် ပြန်လည်ခြောက်လှန့်လာသည်။

ဟင့်အင်း ...

အဲ့ဒီလိုတော့ မဖြစ်ချင်။

မိုးခင်က တစ်သက်လုံး ကောင်းစားချင်သည်။ ဒီလိုနေရာမျိုးမှာပဲ အမြဲနေချင်သည်။

သို့သော် မိုးခင်ရဲ့ အင်အားလေးနဲ့ ဒီလိုနေရာကို ဘယ်လိုပိုင်ဆိုင်နိုင်မလဲ ...။ ဘယ်တော့မှ ပိုင်ဆိုင်နိုင်မလဲ ...။

မိုးခင် ဘာလုပ်ရင် ကောင်းမလဲ ...။

ဒီအနေအထားကနေ လျှောကျမသွားဖို့၊ ဟန်နီချို့ ပြောသလို မဖြစ်ဖို့ မိုးခင် ဘာလုပ်နိုင်မလဲ ...။

မိုးခင်က စဉ်းစားရင်း ဘာ့ကြောင့်မှန်းမသိ နေယွန်းရဲ့ ရွှန်းရီသော မျက်လုံးအကြည့်တွေကို ဖျတ်ခနဲ သတိရလိုက်မိလေသည်။



(၁၁)

"မာမီက ဒက်ဒီအလုပ်တွေကို သင်ယူလေ့လာရမယ် ဆိုလို့သာ လာခဲ့ရတာ၊ စီးပွားရေးတော့ သိပ်ဝါသနာပါလှတယ် မဟုတ်ဘူး၊ အမှန်အတိုင်း ပြောရရင် ကိုယ် မာမီစကား နားထောင်ပြီး ရုံးလာတက်ရတဲ့ အကြောင်းရင်းက"

နေယွန်းက မိုးခင်ကို စူးရှရှ စိုက်ကြည့်ရင်း ပြောသက်စ စကားကို ရပ်လိုက်သည်။ မိုးခင်က မျက်လွှာမချဘဲ သူ့မျက်ဝန်းတွေနှင့် ရင်ဆိုင်ကြည့်နေလိုက်သည်။ သူဘာပြောမလဲ စိတ်ဝင်စားစရာတော့ အကောင်းသားပင်။

"မင်းကို စိတ်ဝင်စားလို့ ..."

သူက ခပ်တည်တည်ပြောပြီး သူ့အဖေ စားပွဲဆီသို့ လျှောက်သွားကာ ဆုံလည်ကုလားထိုင်ပေါ်မှာ ငြိမ့်ခနဲ ထိုင်ချလိုက်သည်။

မိုးခင်သည် သူ့ကို ခပ်စိမ့်စိမ့် စိုက်ကြည့်ရင်း ခေါင်းထဲကို အတွေးတွေ အများကြီး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုယ် အခု ဘာက စလုပ်ရမလဲ ... ပြော၊ မင်းပဲ သင်ပေး ..."

မိုးခင်က ခံစားချက်မရှိသော မျက်နှာတည်တည်ဖြင့် ရုံးခန်းထောင့် ဗီရိုထဲက ဖိုင်တချို့ သွားထုတ်ယူလာကာ သူ့ရှေ့ စားပွဲပေါ်သို့ တင်ပေးလိုက်ရင်း ...

"ဒါက လောလောဆယ် ကုမ္ပဏီက ဆောက်နေတဲ့ အဆောက်အဦတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေပါ၊ ဒါတွေကို အရင် လေ့လာထားရင် ကောင်းမယ်ထင်ပါတယ်"

"အိုခေ ... လေ့လာမယ်လေ၊ လောလောဆယ်တော့ ဗိုက်ဆာနေတယ်၊ ဒီနားမှာ နီးနီးနားနား ဘာဆိုင်ရှိသလဲ၊ ကိုယ့်ကို တစ်ခုခု လိုက်ကျွေးစမ်းပါ"

"ကျွန်မ ရုံးချိန်အတွင်း အလုပ်ကိစ္စမဟုတ်ဘဲ အပြင်မထွက်ချင်ဘူး၊ ရှင် ဗိုက်ဆာရင် တစ်ခုခု မှာပေးပါ့မယ်"

နေယွန်းက မိုးခင်ကို စူးစူးငေးငေး တစ်ချက်ကြည့်လိုက်ပြီးမှ ...

"မင်းက ဝန်ထမ်းကောင်းပဲ၊ မဆိုးပါဘူး၊ အိုခေလေ ...ဒါဆို ကိုယ့်အတွက် ကြက်ကြေးအိုးတစ်ပွဲ မှာပေး"

"ဟုတ်ကဲ့ ... အခု မှာပေးပါ့မယ်၊ နောက် နာရီဝက်လောက် ဆို ရောက်လာပါလိမ့်မယ်၊ ကျွန်မ အပြင်စားပွဲမှာ ရှိမယ်၊ လိုအပ်ရင် အင်တာကွန်းနှိပ်ပြီး ခေါ်လိုက်ပါ"

"မင်းက ဒီအခန်းထဲမှာ မထိုင်ဘူးလား ..."





"ဟုတ်ကဲ့ ... မထိုင်ပါဘူး၊ ရှေ့က ရုံးခန်းအသေးထဲမှာ သီးသန့်ထိုင်ပါတယ်"

"ပြီးရော ..."

နေယွန်းက အလိုမကျသလို မျက်မှောင်ကြုတ်ကြုတ်နှင့် ပြောလိုက်တာပင် ...။

မိုးခင်က မိုးခင် စားပွဲသို့ ပြန်လာခဲ့ပြီး အပြင်ဘက် ဟောခန်းထဲက ဝန်ထမ်းတစ်ယောက်ကို လှမ်းခေါ်ကာ ကြက်ကြေးအိုးတစ်ပွဲ မှာခိုင်းလိုက်သည်။ ပြီးတော့ ... လုပ်စရာရှိသည့် စာရင်းဇယားတွေကို ကွန်ပျူတာဖွင့်ပြီး ဆက်လုပ်နေသည်။ နာရီဝက်လောက်ကြာတော့ ကုမ္ပဏီနဲ့ကပ်ရပ် ကြေးအိုးဆိုင်က စားပွဲထိုးလေး ရောက်လာတာမို့ နေယွန်း အခန်းထဲသို့ ကြေးအိုးပွဲကို ပို့ပေးလိုက်သည်။ အဲ့ဒီနောက်တော့ အလုပ်ထဲကို စိတ်ရောက်ကာ သူ့ကို ခဏမေ့သွားလေသည်။

"မမ ... အစည်းအဝေး စလို့ရပါပြီ"

ဝန်ထမ်း မိန်းကလေး လာပြောတော့မှ မိုးခင်က ကွန်ပျူတာကိုပိတ်ကာ လိုအပ်သည့် စာရွက်စာတမ်းတချို့ယူပြီး ဇော်တတ်ထရပ်လိုက်သည်။

"ခစ် ..."

အိချိုက နေယွန်း၏ ရုံးခန်းဘက်သို့ လှမ်းမျှော်ကြည့်ရင်း ခစ်ခနဲ ရယ်လိုက်တာမို့ မိုးခင်က မျက်ခုံးပင့်မိကာ ...

"ဘာဖြစ်လို့လဲ အိချို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ ... သူဌေး အသစ်က အလုပ်ကြိုးစားလို့ပါ မမ ရယ်"

မိုးခင်က မှန်နံရံ ကာထားသည့် သူ့အခန်းဘက်သို့ လှမ်းမျှော်ကြည့်မိတော့ စားပွဲပေါ်မှာ မှောက်အိပ်နေသော နေယွန်းကို တွေ့ရလေသည်။

မိုးခင်က မသိမသာလေး ပြုံးမိကာ သူ့ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

သူ့စားပွဲရှေ့မှာ ရပ်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သူ့ကို ငုံ့စိုက်ကြည့်ရင်း အတွေးတွေ ရှုပ်ထွေးလာပြန်သည်။

နေယွန်းဟာ ဂျစ်ကန်ကန် စရိုက် ရှိသော်လည်း မောက်မာရိုင်းစိုင်းသူတော့ မဟုတ် ...၊ သူလုပ်ချင်ရာ ဇွတ်လုပ်တတ်သော်လည်း တမင်ပညာပြနှိပ်စက်ချင်သူ မဟုတ်။ ပြီးတော့ သူဟာ ကလေးလည်းဆန်ကာ ခံစားချက်တွေလည်း မရင့်မကျက် ရှိလှသည်။

မြင်းရိုင်းကလေးလို တက်ကြွခုန်ပေါက်တတ်သော်လည်း နိုင်နိုင်နင်းနင်းထိန်းကွပ်မည့် မြင်းစီးသမားသာရှိရင် မြင်းလိမ္မာကလေးလို အင်မတန် အဖိုးတန်လာမှာ အသေအချာပင်။

သူ မိုးခင်ကို ပြောပြောနေတဲ့ စိတ်ဝင်စားတယ်ဆိုတဲ့ စကားဟာ တကယ်အတည်ပဲလား၊ ပါးစပ်သော့တာလား ဆိုတာ မသေချာပေမယ့် သူဟာ မိုးခင်နှင့် ရင်းနှီးခင်မင်ချင်စိတ်ရှိတာကိုတော့ မိုးခင်က နားလည်ခံစားမိသည်ပင်။





မိုးခင်က သူ့ကို တိတ်ဆိတ်စွာ ရပ်တန့်ငုံ့ကြည့်ရင်း ပြုံးလိုက်မိသည်။

မှောက်အိပ်နေသော သူ့ရှေ့မှာ ပြောင်နေသော ကြေးအိုးပန်ကန်၊ ကိုကာကိုလာ ဘူးခွံ နှစ်ဘူးနှင့် ပြန့်ကျဲနေသော ခိုင်တွဲများ။ စားသောက် ဗိုက်မှောက် အိပ်နေလိုက်သည်မှာ တကယ့်ကို အေးရာအေးကြောင်း။

"ကိုနေယွန်း ... ကိုနေယွန်း ..."

"... ... ... ..."

"ကိုနေယွန်း၊ အစည်းအဝေး စတော့မယ်လေ ..."

"... ... ... ..."

"ကိုနေယွန်း ... ထတော့လေ"

မိုးခင်က အသံကို တစ်ဆင့်ချင်း မြှင့်ကာ နှိုးသော်လည်း သူက တုတ်တုတ်မလှုပ်တာမို့ လက်ထဲက ဖိုင်နှင့် သူ့လက်မောင်းကို ခပ်ဆတ်ဆတ် တွန်းလိုက်ရင်း ...

"ကိုနေယွန်း ... ထပါတော့ ..."

"အင် ... ဟင်၊ ဘာလဲ ... ရုံးဆင်းတော့မလား"

သူက အိပ်ချင်မူးတူး ခေါင်းထောင်ထရင်း မေးလိုက်သည်။ မိုးခင်က မအောင့်နိုင်ဘဲ ရယ်လိုက်မိကာ ...

"ရုံးတက်တာဖြင့် မကြာသေးဘူး၊ ရုံးကဆင်း ချင်ပြီလား မီတင် စတော့မှာမို့လို့ပါ၊ မီတင်ခန်းထဲ သွားရအောင်"

"မီတင် ... ဘာမီတင်လဲ"



www.burmeseclassic.com

"ရုံးမှာ တစ်ပတ်တစ်ခါ လုပ်နေကျ မီတင်ပါ"

"ဟာ ... ကိုယ် မထိုင်ချင်ပါဘူး၊ မင်းပဲ သွားလိုက်ပါ"

"ရှင်ပဲ အလုပ်တွေကို သင်ယူလေ့လာမယ်ဆို၊ မီတင် မှာ မန်နေဂျာတွေ၊ ဒါရိုက်တာတွေ၊ ပြောကြဆိုကြ ညှိနှိုင်း ကြတာတွေကို ရှင်သိထားဖို့ လိုတာပေါ့၊ ရှင့်ဆန္ဒကိုလည် ဝင်ပြောလို့ ရတာပဲ"

"ကျွတ် ... ပြဿနာပဲကွာ၊ အချိန်က ဘယ်လောက်ကြ မှာလဲ"

"တစ်နာရီ ... နှစ်နာရီလောက်ပါ"

"ဟာ ... သေရောပေါ့၊ အကြာကြီးပဲ၊ ကိုယ်ပျင်းတယ် ညောင်းတယ်၊ မထိုင်ချင်ဘူး၊ သွား ... သွား ... မင်းဘာ သွားတော့၊ မင်း နားထောင်လာပြီး ကိုယ့်ပြန်ပြော ကိုယ်နားထောင်မယ်၊ ခုတော့ ကိုယ် အရမ်းအိပ်ချင် တယ်၊ ပြန်အိပ်လိုက်ဦးမယ်"

နေယွန်းက တစ်ချက်သမ်းလိုက်ပြီး ပြန်မှောက်အိ ဖို့ ပြင်သည်။

"ဒီလိုသူဌေးလက်အောက်မှာ အလုပ်တောင် ဆက်မလုပ် တော့ဘူး"

"ဘာ ... ဘာ ... မင်း ဘာပြောတာလဲ"

မိုးခင်က ညည်းတွားလိုက်တော့ နေယွန်းခေါင်း ပြန်မတ်လာသည်။





သူ့မျက်ဝန်းတွေထဲက စိုးရိမ်ရိပ်ကို အံ့သြစွာ မြင် တွေ့ရသည်။

"ကဲ ... ကဲ ... သွားမယ်၊ ရှေ့ကကြွ ..."

သူက မတ်တတ်ထရပ်ပြီး ရှုပ်ပုပ် မျက်နှာထား ဖြင့် မေးတစ်ချက် ဆတ်ပြရင်း ပြောလိုက်ပါသည်။

မိုးခင်အပေါ်ထားတဲ့ သူ့စိတ်ကို မိုးခင်က အံ့သြစ ဖွယ်လာသည်။

အစည်းအဝေးခန်းထဲရောက်တော့ သူက စိတ်မပါ သော မျက်နှာထားဖြင့် ဝင်ထိုင် နားထောင်နေသည်။ ဘာမှဝင် မပြော ...။ နည်းနည်းကြာလာတော့ မျက်လုံးတွေ မှေးစင်းကာ အိပ်သလို ငိုက်မြည်းလာသည်။

မိုးခင်က သူ့ခါးကို ဘောလ်ပဲန်ဖြင့် မသိမသာ ထိုးလိုက်တော့မှ ဆတ်ခနဲ ခေါင်းမတ်လာသည်။

အစည်းအဝေး တစ်ချိန်လုံး မိုးခင် ကျိတ်ပြုံးနေခဲ့ သည်။

နေယွန်းရေ ...

ဒီလိုပုံစံနဲ့ ရှင်ဟာ ကျွန်မအတွက် ဘယ်လိုလူမျိုး ဖြစ်လာမှာလဲ ...။

www.burmeseclassic.com

## (၁၂)

♥ ♥ ♥

"ကမ်းဇော်ဆီက Bed Sore (အိပ်ရာနာ) အတွက် ကောင်
တယ်ဆိုလို့ မိုးခင် ဝယ်လာခဲ့တာပါ အန်တီ၊ မြိတ်ဘက်က
လာတဲ့ ကမ်းဇော်ဆီ အစစ်ပါ၊ အန်ကယ်လ်က အိပ်ရာပေ
မှာ ပက်လက်နေနေရတာ ကြာပြီဆိုတော့ ကျောပြင်တစ်
လုံးကို အနှံ့လိမ်းပေးရင် အရမ်းကောင်းမှာပါ၊ အန်တီ
ဆီမှာ တခြား ကောင်းတဲ့ အင်္ဂလိပ်ဆေးတွေ ရှိတာတော
သိပါတယ်၊ အင်္ဂလိပ်ဆေးတွေနဲ့ အဆင်မပြေရင် ဒါလေး
လိမ်းကြည့်မလားလို့ပါ"

ဒေါ်မြနန္ဒီက ယဉ်ကျေးဖွယ်ရာ ပြောဆိုနေသေ
မိုးခင်ခင်ကို အကဲခတ်သလိုလေး ကြည့်နေပါသည်။

တချို့လုပ်ငန်းကိစ္စတွေကို ဒေါ်မြနန္ဒီရော ဒေါ်မျိုး
ပါ သိချင်တာရှိရင် မိုးခင်ခင်ကို အိမ်ခေါ်ပြီး မေးမြန်းလေ့ရှိ
ပင်။





ရုံးဆင်းသည့် ညနေတွေမှာ နေယွန်းက မိုးခင်ကို
အိမ်ခေါ်လာပေးပြီး အဓိက ဒေါ်မျိုးမမက လုပ်ငန်းကိစ္စတွေ မေး
မြန်းစစ်ဆေးလေ့ရှိပါသည်။

ဦးနေမျိုးနိုင်က ဘယ်ဘက်တစ်ခြမ်းလုံး လှုပ်ရှားမှု
မှန် မဖြစ်သေးသလို စကားလည်း မပြောနိုင်သေး ...။ သို့သော်
သိကတော့ ရှိလာပြီမို့ တချို့ စာရွက်စာတမ်းတွေကို ပြသ၍
ခေါင်းညိတ် ခေါင်းခါ အတည်ပြုချက် ယူရတာတွေတော့ ရှိပါ
သည်။

မိုးခင်ဟာ နေယွန်းနှင့်အတူ ဒီအိမ်ကို ရောက်လာ
တိုင်း ဦးနေမျိုးနိုင်ကိုလည်း ဂရုတစိုက် သတင်းမေးကာ ကောင်း
စားရာလေးတွေလည်း ဝယ်လာတတ်သည်။ တစ်ခါတလေ ဦးနေ
မျိုးနိုင်ကို စွပ်ပြုတ်ခွံ့နေသည့်အခါမျိုးနဲ့ ကြုံတဲ့အခါ ခွင့်တောင်း
ပြီး သူလည်း ဝင်ခွံ့သည့်အခါ ခွံ့သည်။

မိုးခင်ခင်ရဲ့ မျက်လုံးကြည့်ပုံနှင့် ဦးနေမျိုးနိုင်ကို
ပြုစုပြောဆိုပုံတွေကို အကဲခတ်ရသလောက်တော့ မိုးခင်ခင်ဟာ
ကိုယ့်ခင်ပွန်းနှင့် ကင်းရှင်းခဲ့မည်ဆိုတာကိုတော့ ဒေါ်မြနန္ဒီက
သံသယ မရှိပါ ...။ သို့သော် သား နေယွန်းနဲ့ ရင်းနှီးမှုကိုတော့
ကျော်ခြည်မပြတ် အကဲခတ်ချင်နေမိသည်။

အကဲခတ်မိသလောက်တော့ ကိုယ့်သားက သူ့အပေါ်
မှာတော့ ပိုကဲလေသလားပင် ...။

"ရုံးမှာ မိုးခင်ရှိလို့ တော်သေးတာပေါ့ မာမီရာ၊ သား
တစ်ယောက်တည်းဆို ရှာလည်နေမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



အင်း … ဒါကတော့ မိုးခင်ခင် မဟုတ်ဘဲ တခြား အတွင်းရေးမှူး တစ်ယောက်ရှိရင်လည်း ဒီလောက်တော့ အထောက် အကူရမှာပဲ မဟုတ်လား …။ ကိုယ့်သားက ကြံဖန်ကျေးဇူးတင် ချင်နေတော့လည်း ကိုယ့်မှာ မပြောသာပါလား။

"အန်တီ … ဒါက ဒီနေ့ အစည်းအဝေးမှာ ပြောကြ ဆိုကြ တဲ့ အချက်အလက်တွေပါ၊ ကုမ္ပဏီအနေနဲ့ ဝယ်ဖို့သင့်တဲ့ မြေကွက်နေရာတွေလည်း ပါပါတယ်"

မိုးခင်က ဖိုင်အိတ်ထဲက စာရွက်စာတမ်းတွေ ထုတ် ယူချပြတာမို့ ဒေါ်မြနန္ဒီက စာရွက်တချို့ကို ယူကြည့်ရင်း …

"သားရော … ဘယ်လိုထင်လဲ"

"အဟဲ … ဘယ်လိုမှ မထင်ဘူး မာမီ"

"ဟဲ့ … ဘာဖြစ်လို့လဲ"

"ဟဲဟဲ … အစည်းအဝေးခန်းထဲမှာ သား ငိုက်သွားလို့ …"

"ဩော် … သားရယ် … ကလေးလည်း မဟုတ်ဘဲနဲ့"

"လူကြီးလည်း ငိုက်တတ်တာပဲ မာမီရ၊ အစည်းအဝေး က အကြာကြီးပဲ၊ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောနေကြတာ ပျင်းစရာကြီး"

"ရင့်ကျက်စမ်းပါ သားရယ်၊ နောက်ဆို ဒီအလုပ်တာဝန် တွေကို မင်းပဲ တာဝန်ယူရမှာ …"

ဒေါ်မြနန္ဒီက သားရဲ့ ပြောပုံ ဆိုပုံကို အလိုမကျသော မို့ မျက်မှောင်ကြုတ်ကြုတ်နှင့် စာရွက်တွေကို ငုံ့ကြည့်နေလိုက် သည်။





ကိုယ့်သားကညံ့လို့ ထက်မြက်တဲ့ မိုးခင်ခင်ရဲ့ လွှမ်း မိုးမှုကို ခံရမှာမျိုးတော့ မဖြစ်စေချင်ပါ။ အမေ တစ်ယောက်ရဲ့ အလိုလို သိစိတ်ကြောင့်လားတော့ မသိ … မိုးခင်ခင်ဟာ ကိုယ့်သား ကို လွှမ်းမိုးချုပ်ကိုင်မည့်သူ ဖြစ်လာလေမလားဟူသော စိုးရိမ် ပူပန်စိတ်ဖြင့် စိတ်မအေးနိုင်။ လုပထက်မြက်သော မိုးခင်ခင် ကိုလည်း ဘာ့ကြောင့်မှန်းမသိ မနှစ်မြို့နိုင်ပါ။

အလုပ်ကိစ္စတွေ မေးမြန်းပြောဆိုပြီးချိန်မှာ ဒေါ်မြနန္ဒီ က မိုးခင်ကို သား ပြန်မပို့အောင် ကြိုတင်ပိတ်ဆို့လိုတာမို့ အိမ် အကူ ကောင်မလေးကို လှမ်းခေါ်လိုက်သည်။

"မသန်းရေ … ဦးတင်ဝင်းကို ခေါ်ပြီး မိုးခင်ကို ပြန်ပို့ခိုင်း လိုက်ပါ"

"အန်တီ … ဦးတင်ဝင်းက ဒီနေ့ သူ့မိန်းမ နေမကောင်းတာ ဆေးခန်းပြဖို့ဆိုပြီး စောစောပြန်သွားပါတယ်"

အိမ်အကူကောင်မလေးက လှမ်းပြောတော့ နေယွန်း က မဆိုင်းမတွဖြင့် …

"သား အားနေတာပဲ၊ သားပဲပြန်ပို့လိုက်မယ် မာမီ၊ မိုးခင် လာ … ထ … သွားရအောင် …"

ဒေါ်မြနန္ဒီက မိုးခင်ရှေ့မှာ ဖွတ်တားရမှာလည်း မကောင်းတတ်တာမို့ ပါးစပ်ပိတ်ကာ ကြည့်နေလိုက်ရသည်။ မမ ကြီးက ဒေါ်မြနန္ဒီ၏ ဖြစ်အင်ကိုကြည့်ကာ နှုတ်ခမ်း မတွန့်တတွန့် ဖြစ်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်သွားတော့ မြနန္ဒီက မမကြီးကို လှမ်းကြည့်လိုက်ရင်း ...

"ဘာပြုံးတာလဲ မမကြီးက ..."

"ညည်းကို ရယ်ချင်လို့ပေါ့အေ"

"နန္ဒီက မမကြီး မျက်စိထဲမှာ ရယ်စရာကောင်းနေတယ်ပေါ့"

"အေးပေါ့၊ ညည်းသားကို စိုးရိမ်နေတဲ့ပုံက ဒီလောက်သားနေတာ"

"မမကြီးကော မစိုးရိမ်ဘူးလား"

"စိုးတော့ စိုးရိမ်တာပေါ့၊ ဒါပေမယ့် နေယွန်းက တစ်နေ့လုံးလည်း ရုံးမှာရှိနေတာ၊ ညည်းကွယ်ရာမှာလည်း သူတတွဲတွဲ ရှိနေတာပဲ၊ ခု ပြန်ပို့တာလောက်ကတော့ စိုးရိမ်စရာ ဘာရှိလဲ ...၊ သား လိုက်ပို့မှာစိုးလို့ ဒရိုင်ဘာကိုခေါ်ခိုင်းနေတဲ့ပုံက ပျာနေတာပဲ၊ သိသာချက်"

"သားကို အလုပ်ထဲထည့်မိတာတောင် မှားပြီလားမသိဘူး"

"မမှားပါဘူး၊ သူ့အဖေက ဘယ်တော့ ပြန်ကောင်းမယ်မသိတာကို ...၊ သူသင်ယူမှ ဖြစ်မှာပေါ့၊ ညည်းကလည်းလူမမာကြည့်ရတာ တစ်ဖက်၊ ငါကလည်း ငါ့စိန်ဆိုင်နဲ့ငါ မအားဘူး၊ နေယွန်း လုပ်မှ ဖြစ်မယ့်အလုပ်ပဲဟာ၊ ဘာတွေ ဝါးတားတား ဖြစ်နေတာလဲ ..."

"ဒါဆိုလည်း မိုးခင်ခင်ကိုပဲ အလုပ်ထုတ်လိုက်ရင် ကောင်းမလား ..."





"ညည်းပြဿနာကို မီးခွက်ထွန်းမရှာနဲ့၊ အကြောင်းမရှိဘဲ အလုပ်ထုတ်ရင် ညည်းသားက ညည်းကို ကွိုင်မှာပေါ့၊ သနားပြီး ကူညီရင်း ပိုတောင် နီးစပ်သွားဦးမယ်၊ ညည်းလည်း မလွယ်ဘူးပဲ၊ လင်နေကောင်းတုန်းကလည်း အပူတစ်မျိုး၊ ခုလည်း အပူတစ်မျိုး ..."

"နန္ဒီက အမေလေ၊ ပူတာကတော့ ပူရမှာပဲ"

"အေး ... ပူပါ ... ပူပါ၊ ကြည့်လည်းပူ ... ပူလွန်းရင် ကျွမ်းသွားတတ်တယ်"

"မမကြီးက နန္ဒီ ဘာပဲပြောလိုက် ပြောလိုက် နန္ဒီချည်းအပြစ်တင်နေတတ်တာပဲနော်"

"ညည်းက အိုဗာဖြစ်လွန်းတာကိုး၊ အဲ့ဒီကောင်မလေး ကြည့်ရတာ ရုပ်ရည်လေးရော၊ စတိုင်လ်လေးရော မဆိုးပါဘူး၊ ထက်မြက်တာလေးကလည်း သဘောကျစရာ၊ ငါ့မောင်ကို ဟိုအကုသိုလ်မ အိမ်ကနေ သွားခေါ်ပြီး အချိန်မီ ဆေးရုံတင်ပေးတာလည်း ကျေးဇူးတင်စရာပေါ့၊ ဒါပေမယ့် ငါ သူ့မျက်လုံးတွေကို မကြိုက်ဘူး နန္ဒီ၊ သူ့မျက်လုံးတွေက တစ်မျိုးပဲ၊ နာကျင်မှုတစ်ခုခု ရှိသလိုပဲ၊ စိတ်ဒဏ်ရာတစ်ခုခုရှိတဲ့ သူ့ရဲ့မျက်လုံးမျိုးတွေ၊ အဲ့ဒီလို မျက်လုံးတွေတော့ ငါ တကယ် သဘောမကျဘူး"

"နန္ဒီလည်း အဲ့ဒါကိုပဲ သဘောမကျတာ"

"အေး ... ဒါတော့ ညည်းနဲ့ငါ သဘောချင်း ညီတယ်၊ ဒါပေမယ့် ဘာမှဖြစ်မလာသေးခင် ကြိုတင် စိုးရိမ်ပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ အိုဗာမလုပ်မိစေနဲ့၊ ခုခေတ် လူငယ်တွေစကား ...
ပြောရရင် ရှော့ရှိတတ်တယ်၊ ဘယ်မိန်းမ မဆို မာန...
သွားဆွရင် အစွယ်တော့ ထုတ်ပြတတ်တာပဲ”

ဒေါ်မျိုးမမက ပြောချင်တာပြောပြီး တင်ပါး တလှု... လှုပ်ဖြင့် အပေါ်ထပ်သို့ အိပဲ့ အိပဲ့ တက်သွားသည်။

ဒေါ်မြနန္ဒီက အတွေးတစ်ခုဖြင့် ငြိမ်သက်သွားသည်...

ဘယ်မိန်းမ မဆို မာနကို သွားဆွရင် အစွယ်တော... ထုတ်ပြတတ်တာပဲတဲ့ ...။

မြနန္ဒီလည်း မာန အဆွခံခဲ့ရတဲ့ တစ်နေ့သောအ... တုန်းက ...

“ကျွတ် ... သွားစမ်းပါ”

ဒေါ်မြနန္ဒီက စုတ်သပ်ခေါင်းခါရင်း အတွေးတွေ... ပြန်မောင်းထုတ်လိုက်သည်။

လူတိုင်းမှာ ဘယ်တော့မှ ပြန်မတွေးချင်သော ... တစ်နေ့ကိုတော့ ပိုင်ဆိုင်ဖူးခဲ့ကြမည်ထင်ပါရဲ့။



(၁၃)

“ကိုယ့်ကို အိမ်ပေါ်ခေါ်ပြီး ကော်ဖီလေးတစ်ခွက်လောက် တိုက်ဖို့ အစီအစဉ် မရှိဘူးလား”

မိုးခင်အတွက် အကျဉ်းအကျပ်ဖြစ်စေမည့် နေ့ကို မြန်မြန်ဆန်ဆန်ပဲ ရောက်လာခဲ့သည်။

နေယွန်းတို့ အိမ်ကအပြန်မှာ နေယွန်းက မိုးခင်နေသော အခန်းဟု သူသိထားသော တိုက်ခန်းတွဲတွေရှေ့မှာ ကားရပ်ရင်း မေးလိုက်တာပင်။

မိုးခင်က သူမေးတာကို မဖြေ ...။ ခဏငြိမ်သက်ကာ ရှေ့တည့်တည့်သို့ ငေးစိုက်တွေဝေနေသည်။ အေးစက်ငြိမ့်ညောင်းသော ကားထဲမှာ ခဏတိတ်ဆိတ်နေသည်။ လမ်းမဘက်ရှိ မီးတိုင်များဆီမှ အလင်းရောင်တချို့က ကားထဲသို့ တစ်ဝက်တစ်ပျက် ဝင်နေသည်။

“အပေါ်က ... ကော်ဖီလေးတစ်ခွက် တိုက်ဖို့များ အဲ့ဒီလောက် တွေဝေနေရသလားကွာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုက်မှာ မိုးခင်နေတာ မဟုတ်ဘူး ကိုနေယွန်း ..."

တစ်ချက်ရယ်ရင်းပြောလိုက်သော နေယွန်းက မိုးခင်၏ တုံ့ပြန်စကားကြောင့် မိုးခင်ကို စိုက်ကြည့်ရင်း ငြိမ်သွားသည်။ မိုးခင်က ရှေ့တူရူသို့ ငေးစိုက်ကြည့်နေရာမှ သူ့ဘက်တည့်တည့် လှည့်ကြည့်လိုက်ရင်း တစ်လုံးချင်း ပြတ်ပြတ်သားသား တည်တည်ငြိမ်ငြိမ် ပြောလိုက်ပါသည်။

"မိုးခင် ရှင့်ကို ညာထားတာ၊ ရှင် အထင်မှားမှာစိုးလို့ ရှင့်မာမီ အထင်မှားမှာစိုးလို့ အမှန်ကိုမပြောဘဲ ထားထားတာ၊ မိုးခင် အခုနေတာ ရှင်တို့မိသားစုရဲ့ ပိုင်ဆိုင်မှုထဲက တစ်ခုဖြစ်တဲ့ ကွန်ဒိုခန်းမှာနေနေတာ၊ မိုးခင် နေရေးထိုင်ရေး အဆင်မပြေလို့ ရှင့်ဒက်ဒီကို အကူအညီတောင်းခဲ့တာပါ။ မိုးခင် အကူအညီတောင်းတဲ့အချိန်မှာ လွတ်တဲ့ အခန်းက လည်း ဒီတစ်ခန်းပဲရှိလို့ ဒီတစ်ခန်းမှာ ခဏနေခွင့် ပေးထားတာပါ၊ ဒါကို ရှင့်မာမီသိရင်တော့ ကျေနပ်နိုင်မှာ မဟုတ်ဘူးလေ၊ ရှင့်မာမီကို ရှင် ပြန်ပြောဖို့ဆန္ဒရှိရင် မိုးခင်ကို ကြိုပြောပါ၊ မိုးခင် အခန်းကနေ ပြောင်းပေးဖို့ စီစဉ်စရာ ရှိတာ စီစဉ်ရမှာမို့လို့ပါ"

မိုးခင်က ပြောချင်တာကို တည်ငြိမ်ပြတ်သားစွာ ပြောလိုက်ပြီး သူ့တုံ့ပြန်မှုကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေလိုက်ပါသည်။

မျက်နှာထားကသာ တည်ငြိမ်နေသော်လည်း ရင်ထဲမှာတော့ စိုးထိတ်လှပါသည်။ နေယွန်းဟာ မိုးခင်ဘက်ကို ပါမယ့်





သူလား ... ဒါမှမဟုတ် သံသယတွေနဲ့ အေးစက်သွားမယ့်သူလား ဆိုတာ ဒီအခြေအနေက ဆုံးဖြတ်ပေးမှာပင် ...။ ဒီလိုဖွင့်ပြောလိုက်တာ မိုးခင်အတွက်တော့ စွန့်စားရာကျလွန်းပါသည်။ သို့သော်လည်း ထိုကိစ္စကို ဖုံးကွယ်ပြီး ရင်တထိတ်ထိတ်ဖြင့် နေမသွားလိုပါ။ နေယွန်းသာ ကိုယ့်ဘက်မှာရှိရင်တော့ မိုးခင် စိတ်လုံခြုံမှု ရနိုင်မှာ အသေအချာပင်။

နေယွန်းက မိုးခင်ကို ခပ်စိမ့်စိမ့် စိုက်ကြည့်နေရာမှ လက်ဖျောက်တစ်ချက် တီးလိုက်ရင်း ...

"အိုခေ ... မိုက်တယ်၊ ကိုယ့်တို့အိမ်မှာ နေတာဆိုတော့ ကိုယ့်ကို အားနာပါးနာ ကော်ဖီလေးတစ်ခွက်လောက်တော့ တိုက်ဖို့ သေချာသွားပြီပေါ့ ..."

ဟု ပေါ့ပါးပြုံးရွှင်စွာ ပြောလိုက်တာမို့ မိုးခင်စိတ်တွေ ပေါ့ပါးလွတ်မြောက်သွားပါသည်။

"ဘယ်လိုလဲ ... တိုက်မယ် မဟုတ်လား"

"တိုက်ပါ့မယ်ရှင် ..."

မိုးခင်က လှစ်ခနဲ ပြုံးကာ ခေါင်းညိတ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

♥ ♥ ♥

"စေတနာရှိရင် ထမင်းပါ ကျွေးလိုက်ပါလား"

ကော်ဖီတစ်ခွက် သောက်ပြီးချိန်မှာ နေယွန်းက တ
ဆင့်တက်၍ တောင်းဆိုလိုက်သည်။

ညေ့ခန်းဆိုဖာပေါ်မှာ မှီထိုင်ရင်း တီဗီကြည့်နေပုံ
သူ့အိမ်သူ့ရာနှယ် သက်သောင့်သက်သာ ရှိလှပါသည်။

နေယွန်းက တီဗီရီမုကို နှိပ်၍ လိုင်းပြောင်းကြ
လိုက်ရင်း ...

"ဟင် ... ဘာမှလည်း မမိဘူး၊ ဘာလိုင်းမှ တပ်မထားဘူ
လား"

"မြဝတီရယ်၊ မြန်မာ့အသံရယ်၊ MRTV 4 ရယ် မိသားပဲ"

"ဟင် ... ဒါပဲလား"

"စကိုင်းနက် တပ်ထားတာတော့ တွေ့တာပဲ၊ ပိုက်ဆံထ
သွင်းမထားလို့ ဖွင့်မရတာ ..."

"ဒါဆို ကိုယ် မနက်ဖြန် ပိုက်ဆံသွင်းခိုင်းလိုက်မယ်"





"နေပါစေ ... မသွင်းပါနဲ့"

"ဒါတွေချည်း ကြည့်နေရတာ မပျင်းဘူးလား၊ နောက် ကိုယ်လာရင်လည်း ကြည့်ရအောင် သွင်းထားလိုက်မယ်၊ တီဗီကလည်း သိပ်မမိုက်တော့ဘူး၊ လိတ်တက်မော်ဒယ်လ် လာလဲခိုင်းလိုက်မယ်၊ ဒီဆိုဖာကြီးကလည်း ထိုင်ရတာ သိပ် မမိုက်တော့ဘူး၊ အသစ်လာလဲခိုင်းလိုက်မယ်"

မိုးခင်က မျက်ခုံးပင့်ကာ ...

"ရှင်က ခဏခဏ တီဗီလာထိုင်ကြည့်ဦးမလို့လား"

"ဘာလဲ ... မကြည့်ရတော့ဘူးလား"

"ခဏတစ်ဖြုတ်ကတော့ ကိစ္စမရှိပါဘူး၊ ဒါပေမယ့် ခဏ ခဏလာလို့တော့ မကောင်းဘူးပေါ့၊ ကျွန်မက တစ်ယောက် တည်းနေရတာ၊ ရှင် အကြာကြီး လာလာနေရင် မတင့် တယ်ဘူးပေါ့၊ ရှင့်အိမ်မို့လို့ လာချင်တဲ့အချိန် လာမယ်ဆိုရင် တော့လည်း ..."

"ဟော့ ... ကိုယ် အဲ့ဒီလောက် လူပါးဝတဲ့သူ မဟုတ်ဘူး၊ ကဲ ... ပြန်ပါတော့မယ်ကွာ၊ နောက်လည်း မလာတော့ပါ ဘူး၊ မင်းဘာသာ စိတ်အေးချမ်းသာ နေပါတော့ ..."

သူက မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ထရပ်လိုက်တာမို့ မိုးခင်က ပြုံးမိရင်း ...

"ထမင်း စားမသွားတော့ဘူးလား"

"ကျွေးမှာမို့လို့လား"

"ကျွေးပါတယ်၊ ဟင်းကတော့ မကောင်းဘူးလေ၊ ရှမ်းချဉ်



www.burmeseclassic.com

www.burmeseclassic.com



သီးနဲ့ ကြက်ဥကြော်ရယ် လက်ဖက်သုပ်ရယ်၊ ကန်စွန်းရွက်ကြော်ရယ်ပဲ ရမယ်"

"သုံးမျိုးတောင်လား၊ အိုခေ ... စားမယ်၊ မြန်မြန်လေးပြင်ပေး၊ ဗိုက်ဆာတယ်"

"ခဏစောင့် ..."

မိုးခင်က မီးဖိုချောင်ထဲ ဝင်လာကာ ရေခဲသေတ္တာထဲက ခရမ်းချဉ်သီး သုံးလေးလုံးထုတ်ယူကာ ပါးပါးလှီးရင်း အညို့ကို သတိရလိုက်မိသည်။ အရင်တုန်းကတော့ မီးဖိုချောင်တာဝန်ဟာ သူ့တာဝန်။ ကျွတ် ... သွားစမ်းပါ၊ မတွေးနဲ့။

မိုးခင်က ခရမ်းချဉ်သီး မြန်မြန်လှီးကာ ကြက်ဥနှင့်ရောချက်ကြော်လိုက်သည်။ ပြီးတော့ ကန်စွန်းရွက်ကြော်၊ ရယ်ဒီမိတ်လက်ဖက်ထုပ် ဖောက်၍သုပ်။ အားလုံးပြီးတော့ လင်ဗန်းကြီးကြီးထဲ အားလုံးစုထည့်၊ ထမင်းတစ်ပွဲပါ ထည့်ပြီး ဧည့်ခန်းထဲသို့ယူလာခဲ့သည်။

"စားလို့ရပြီ"

"မွှေးနေတာပဲ ..."

သူ့ရှေ့စားပွဲပေါ်သို့ ထမင်းဟင်းပွဲတွေ ချပေးတော့သူက ဇွန်းကောက်ယူကာ ကြက်ဥကြော်ကို ခပ်၍မြည်းလိုက်ရင်း

"အိုခေ ... စာပြီးနော်၊ လာလေ ... မင်းလည်း အတူစားလိုက်"

"မိုးခင် မစားသေးပါဘူး၊ ရှင် အရင်စားနှင့်လိုက်ပါ"

"ကဲ ... လာပါ ... စားလိုက်ပါ၊ ရုံးဆင်းကတည်းက ကိုယ်





တို့အိမ် တန်းလိုက်လာရတာ၊ ဗိုက်ဆာရောပေါ့၊ နောက်ဆိုအိမ်မှာ ထမင်းစားပြီးမှပြန်"

သူက ပြောပြောဆိုဆို အားရပါးရ စားလိုက်သည်။ မိုးခင်ကလည်း ထမင်းတစ်ပွဲ သွားခူးလာကာ သူနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စားနေလိုက်ပါသည်။ သူက သူ့ဘာသာစားရင်းကပဲ မိုးခင်ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးလိုက်သေးသည်။

မိုးခင်အပေါ် ရင်းနှီးနွေးထွေးလွန်းသော သူ့အပြုအမူ၊ အပြောအဆိုတွေကြောင့် မိုးခင်ဟာ ကမ္ဘာသစ်တစ်ခုကို သူအသစ်အဖြစ် ရောက်ရှိရသလို ခံစားလာရစေပါသည်။

သူပြန်သွားတော့ မိုးခင်က ဧည့်ခန်းကျယ်ကြီးထဲမှာ အိတ်ဆိတ်ငြိမ်သက်စွာထိုင်ရင်း အတွေးတွေ ထွေပြားနေခဲ့ရလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

♥ ♥ ♥

ကျယ်ဝန်း တိတ်ဆိတ်သော ခန်းမ ကျယ်ကြီးရဲ့ အလယ်မှာ စားပွဲဝိုင်း တစ်ဝိုင်းသာ ရှိနေသည်။ ထိုစားပွဲဝိုင်းမှာ စုံတွဲတစ်တွဲ မျက်နှာချင်းဆိုင်၍ ထိုင်နေခဲ့သည်။

သူတို့ရဲ့ မျက်နှာတွေက ကြည်နူးရိပ်နှင့် အချစ်စိတ်ကြောင့်လားတော့ မသိ ပန်းသွေးရောင်စုံကြွကာ လန်းဆန်းတောက်ပနေသည်။

သူတို့ရှေ့မှာ မွေးနေ့ကိတ်လှလှလေးတစ်လုံး ရှိပါသည်။

ကောင်မလေးမွေးနေ့ အထိမ်းအမှတ်အဖြစ် ကောင်လေးက ဒီနေ့ညနေစာကို ဒီဆိုင် ဒီအခန်းမှာ စားဖို့ ကြိုတင်စီစဉ်ထားခဲ့သည်။

မွေးနေ့ကိတ်ထဲမှာ လက်စွပ်ကလေး မြှုပ်ပေးထားပြီး ကောင်လေးက လက်ထပ်ခွင့်တောင်းမှာပင် ...။

ကောင်လေးက ဆိုင်ကို စောစောကြိုလာကာ လက်





ဆုလေး ပေးထားနှင့်တာမို့ အညိုတို့ ဆိုင်ကလည်း ကောင်လေး စီအစဉ်အတိုင်း အဆင်သင့်ဖြစ်အောင် လုပ်ထားသည်။

ခန်းမကျယ်ရဲ့ ထောင့်မှာတော့ စန္ဒရားတစ်လုံး ရှိပြီး ရားပညာရှင်က ငြိမ့်ညောင်းသာယာစွာ တီးနေသည်။

အခန်းကျယ်ကြီးထဲမှာ စန္ဒရားသံတိုးတိုးလေးသာ က်ပေါ်လျက်ရှိသည်။

အညိုက ဒီအခန်းကို တာဝန်ယူကာ serve လုပ်ပေး သည့်သူမို့ အခန်းထောင့် ခပ်ဝေးဝေးနေရာလေးမှာ လက်ကလေး နောက်ပစ်၍ ရပ်တန့်ရင်း သူတို့အတွဲကို ငေးမောအားကျနေပါသည်။

ဒီလိုအတွဲမျိုးတွေ ဆိုင်ကို ရောက်လာတိုင်း သူက ခင်ကို သတိရမိပါသည်။

ခုနောက်ပိုင်းမှာ ကိုရီးယားယဉ်ကျေးမှုကပဲ ဒီကို ကူးစက်လာလေသလား မသိ၊ ပိုက်ဆံတတ်နိုင်ပြီး စိတ်ကူးယဉ် န်ကြသော လူငယ် လူရွယ် စုံတွဲကလေးတွေဟာ ကိုရီးယား ား ဇာတ်ဝင်ခန်းတွေထဲကလို လက်စွပ်ကလေးပေးပြီး လက်ထပ် င့် တောင်းလာကြပါသည်။ ဒီလို အခန်းကျယ်မျိုးကို တစ်နာရီ စ်သိန်းလောက်နှင့် ငှားကာ လက်ထပ်ခွင့်တောင်းပြီး အတူ dinner စားကြတာမို့ အညိုတို့ဆိုင်လည်း အဆင်ပြေ၊ သူတို့အတွက် ည်း အဆင်ပြေ ...။

အညိုကတော့ ဒီလိုစုံတွဲတွေကို တွေ့တိုင်း ကြည်နူး အားကျမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်ကို ဒီလိုမျိုးလေးသာ လက်ထပ်ခွင့်တောင်း ခဲ့ရင် မိုးခင် ဘယ်လောက်ပျော်ရှာမလဲဟု တွေးကာ မိုးခင်ကို သနားမိရပါသည်။

ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူရဲ့ ခမ်းခမ်းနား နား လက်ထပ်ခွင့်တောင်းခြင်းခံရဖို့ မျှော်လင့်ခဲ့ကြဖူးမှာပါပဲ။

အညိုက ထိုစုံတွဲကို ငေးနေဆဲမှာ ကောင်မလေး ကိတ်မုန့်တုံးလေးထဲက လက်စွပ်လေးကို ရှာဖွေတွေ့ရှိအံ့ဩ ပျော်သွားသည်။

ကောင်လေးက ကောင်မလေးလက်ကို ဆွဲယူ လက်စွပ်လေး စွပ်ပေးလိုက်သည်။

သူတို့ ပျော်သလို အညိုလည်း ပျော်သွားသည်။

အဲ့ဒီနောက် သူတို့မှာထားသော အစားအသော ပွဲတွေ သွားယူကာ သူတို့ကို serve လုပ်ပေးနေလိုက်သည်။

ဟင်းပွဲတွေ ဝင်ယူသော သူ့ကို စားဖိုမှူးကြီး လှမ်းကြည့်ရင်း ...

"ဟေ့ကောင် အညို ... မင်းမျက်နှာကြီးက ပြုံးလို့ပါလား မဟုတ်မှလွဲရော လက်ထပ်ခွင့်တောင်းတဲ့ အတွဲနဲ့ တွေ့ တာထင်တယ်"

"အဟဲ ... ဟုတ်တယ်ဗျ၊ သူတို့ကြည့်ရတာ ပျော်စရာ အ ကျစရာကြီး"

"မင်းကတော့ ဒါမျိုးဆို ဝါသနာကိုပါတယ်"

"ဟဲ ဟဲ ..."





စားဖိုမှူးကြီးက သူ့ကို လှမ်းနောက်ပြောင်နေတာမို့ က ပြုံးစိစိနှင့်ပင် ဟင်းပွဲတွေယူပြီး အခန်းကျယ်ထဲသို့ ပြန်ဝင် ခဲ့သည်။ အညိုက တက်တက်ကြွကြွလေး serve လုပ်ပေးနေ မို့ ကောင်လေးက ပြန်ခါနီးမှာ အညို့ကို တစ်ပ်မန်းနီးများများ သွားခဲ့သည်။

သူတို့ပြန်သွားလို့ အညို့တာဝန် ခဏနားရချိန်မှာ ိုင်အပြင်ဘက် ဝရန်တာတောင့် နားလေးကို ခဏထွက်လာပြီး ခင်ဆီ ဖုန်းခေါ်လိုက်ပါသည်။

ဒီနေ့ဟာ တနင်္ဂနွေနေ့မို့ မိုးခင် အိမ်မှာပဲရှိနေလိမ့် ည်ထင်သည်။ မိုးခင်နှင့် တွေ့ချင်ပေမယ့် သူ့အလုပ်က ဒီနေ့ လို့မရတာမို့ တွေ့ခွင့်မရ။ အားသည့် အချိန်ချင်း မတိုက်ဆိုင် ဖြင့် မတွေ့ဖြစ်တာပင် ကြာခဲ့ပြီ ...။ ဒီကြားထဲမှာ ဖုန်းဆက် ပေမယ့်လည်း မိုးခင်က ခဏတစ်ဖြုတ်သာ ပြောပြီး ဖုန်းချသွား တတ်ပါသည်။ မိုးခင် အလုပ်မအားဘူးထင်သဖြင့် အညိုကလည်း လိုက်တသိဖြင့် ခဏခဏ မဆက်ဘဲ နေခဲ့တာပင်။

"ဟဲလို ..."

မိုးခင်ရဲ့ ဟဲလိုသံကလေး ကြားရတော့ အညိုက ျော်သွားသည်။

"မိုးခင် ..."

"အင်း ... ပြော ... အညို"

"နင် ဘယ်မှာလဲ ..."

"အိမ်မှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို သတိရလို့ ဆက်တာ"

"အင်း ..."

"ဒီနေ့ ငါတို့ဆိုင်ကို လက်ထပ်ခွင့်တောင်းတဲ့ စုံတွဲတစ်
လာလို့ ငါ serve လုပ်ပေးရတယ်"

"သြော် ..."

"သူတို့ကြည့်ရတာ ပျော်စရာကြီး"

"အင်း ..."

"ကိတ်မုန့်ထဲကို စိန်လက်စွပ်လေး ထည့်ပေးတာ၊ ကိုရီးယ
ကားတွေထဲကလိုပဲ ..."

"အဲ့ဒါ ဘာဖြစ်လဲ၊ အဲ့ဒါပြောဖို့ ငါ့ဆီဖုန်းဆက်တာလာ

"မဟုတ်ပါဘူးဟာ၊ သူတို့ကိုတွေ့တော့ နင့်ကို သတိရ
လို့ပါ၊ ပြီးတော့ ... နင့်မွေးနေ့ကျရင် တွေ့ဖို့ ချိန်းမလို့

"ငါ့မွေးနေ့ ..."

"အေးလေ ... ရှေ့အပတ် သောကြာနေ့က နင့်မွေးနေ့
အဲ့ဒီညနေ နင် ရုံးဆင်းရင် ငါတို့ စမိုင် YKKO မှာ
အောင်၊ ငါ အခန်းကြိုမှာထားမယ်၊ တစ်နာရီမှ သုံး
ပဲဟာ၊ အဲ့ဒီလောက်တော့ ငါတတ်နိုင်ပါတယ်၊ ငါ မွေး
ကိတ်လည်း ဝယ်လာခဲ့မယ်၊ ကိတ်ခွဲပြီးရင် ငါတို့ အဲ့
ညနေစာ အတူစားမယ်လေ"

"ပိုက်ဆံ မဖြုန်းချင်စမ်းပါနဲ့"

"အဲ့ဒီလောက်တော့ ငါ့မှာရှိပါတယ်ဟ၊ အခု ငါအ
အချိန်လေးတွေမှာ ဖော်ကြီးတို့ လမ်းထိပ်နားက က





တွေကို ကျူရှင်ပြနေတာလည်း အဆင်ပြေတယ်၊ အမေက
လည်း သားအိမ်ထုတ်ပစ်လိုက်တော့ အဆင်ပြေသွားတယ်၊
ကင်ဆာက မပျံ့နှံ့သေးဘူးလေ၊ ဒီလကုန်ရင် အမေလည်း
ပြန်တော့မှာ၊ ငါတို့နေဖို့ ရှစ်လွှာ တိုက်ခန်းတစ်ခန်းလည်း
တွေ့ထားပြီ၊ မြင့်ပြီးကျဉ်းပေမယ့် တိုက်ခန်းဆိုတော့ နင်
နေချင်သလို သီးသန့်လေးနေလို့ရတာပေါ့၊ အရင်အိမ်ငှား
တွေ ဒီလကုန်ဆင်းရင် ငါတို့ အငှားစာချုပ် ချုပ်လို့ရပြီ"

မိုးခင်ဘက်က ခဏငြိမ်သွားတာမို့ သူက နားစွင့်
ထားလိုက်ရင်း ...

"မိုးခင် ငါပြောတာ ကြားလား"

"အင်း ... ကြားပါတယ်"

"နင့်မွေးနေ့ကျ တွေ့မယ်နော် မိုးခင်၊ ညနေ ၆နာရီလောက်
ပေါ့၊ ငါတို့ မတွေ့ရတာ ကြာပြီလေဟာ၊ လွမ်းတယ်ဟာ၊
ငါ အပြင်ခဏထွက်ပြောနေတာ၊ အလုပ်ပြန်လုပ်လိုက်ဦး
မယ်၊ ဒါပဲနော် ... ဆက်ဆက်လာခဲ့ ..."

အညိုက ဖုန်းချပြီး ဆိုင်အတွင်းဘက်သို့ ပြန်လှည့်
ဝင်လာခဲ့သည်။

မိုးခင်နဲ့ စကားပြောအပြီး လူက ပို၍ သွက်လက်
လာက်ကြွလာသည်မှာ အချစ်ရဲ့ တန်ခိုးတော်ကြောင့်ပဲလား ...။



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

♥ ♥ ♥

မိုးခင်က ဖုန်းချပြီးသည်နှင့် စိတ်ရှုပ်ထွေးစွာ သ ပြင်းချလိုက်မိသည်။

ခုတလော စိတ်တွေရှုပ်ထွေးလှပါသည်။

အညို ခုလို ပလီပတာတွေပြောပြီး တက်တက် ကြွ ဖုန်းဆက်လာလျှင် ပိုပြီး စိတ်ရှုပ်ရသည်။

မိုးခင်က ဖုန်းကို စားပွဲပေါ်လှမ်းတင်လိုက်ပြီး ငိုင်ငြိမ်သက်နေဆဲ ...

"တင်းတောင် ..."

ဘဲလ်မြည်သံကြောင့် မိုးခင်က ထိုင်ရာမှ ထ တံခါးဝသို့ လျှောက်လာခဲ့သည်။

"ဘယ်သူများပါလိမ့် ..."

မိုးခင်က ခပ်တိုးတိုးရေရွတ်လိုက်ပြီး ချောင်းကြ ပေါက်မှ ချောင်းကြည့်လိုက်တော့ ကုမ္ပဏီဝန်ထမ်းလိုလို ယူနီဖော ဝတ် ယောကျ်ားလေးတစ်ယောက်ကို တွေ့လိုက်ရသည်။





မိုးခင်က တံခါးဖွင့်လိုက်ရင်း ...

"ဘာကိစ္စရှိလို့ပါလဲရှင့် ..."

"အစ်မက မမိုးခင်ခင်လား ခင်ဗျ"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ Home Decoration ကုမ္ပဏီကပါ၊ ဆိုဖာတွေ လာပို့တာပါ"

"ရှင် ..."

"ဧည့်ခန်းအတွက် ပစ္စည်းအသစ်တွေ ဖြည့်ဖို့ပါ ခင်ဗျ၊ ဆိုဖာရော စားပွဲရောပါ၊ ဆိုဖာအဟောင်းကိုတော့ ကျွန်တော်တို့ပဲ ပြန်ယူသွားပြီး သင့်တော်သလို ဆောင်ရွက်ပေးဖို့ ကိုနေယွန်းက မှာထားပါတယ်"

"သြော် ... ဟုတ်ကဲ့ ... ဝင်ပါ"

မိုးခင်က အခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်ရင်း စိတ် ာ အံ့သြဆန်းကြယ်နေသည်။ တကယ်ကြီးလား ... တကယ် လောက်ကြီး အိုဗာကြီး လုပ်ပေးချင်တာ ဘာအကြောင်းတရား ကြောင့်လဲ နေယွန်း ...။

မိုးခင်က ကိုယ့်အခန်းထဲ ပစ္စည်းတွေ သယ်ယူလာ ာ သူတွေကို ရပ်ကြည့်နေလိုက်သည်။ တကယ်ဆို ရှိတဲ့ အဟောင်းကပဲ မိုးခင်အတွက် ခမ်းနားလှပြီလေ။ သူကတော့ လေး တစ်ခု နှစ်ခုကို ချောင်ကြားထဲက ရှာတွေ့သွားတာ ဆင်လဲပေးဖို့ စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းကောင်လေးတွေ ပြန်ထွက်သွားချိန်မှာ မိုး
က မျက်လှည့်ပြလိုက်သလို ပြောင်းလဲသွားသော ဧည့်ခန်းထဲ
ဆက်တီ အသစ်ကြီးကို ငေးကြည့်နေမိဆဲ ...

"တင်း ... တောင် ..."

ဘဲလ်သံ ထပ်မြည်လာတာမို့ ဟိုလူတွေ ဘာကျန်
ပါလိမ့်ဟု တွေးကာ အခန်းတံခါး သွားပြန်အဖွင့် ...

"ကျွန်တော်တို့ တီဗီလာလဲပေးတာပါ၊ အစ်မက မမိုးခင်
လား ခင်ဗျ၊ ကိုနေယွန်း လွှတ်လိုက်တာပါ"

တီဗီပုံး အကြီးကြီးကို သယ်မလာသော ဝန်ထ
နှစ်ယောက်က အခန်းထဲသို့ ဝင်လာကြပြန်သည်။

အဟား ... နေယွန်း ... ရှင် ဘယ်လိုလူလဲ ...

မိုးခင်က အံ့ဩလွန်းလို့ ဘာပြောရမှန်းမသိဘဲ ရ
ချင်လာသည်။

ဝန်ထမ်းကောင်လေးတွေ တီဗီလဲတပ်ပေးပြီး ပြ
ထွက်သွားပြီး ခဏကြာတော့ နေယွန်းဆီက ဖုန်းဝင်လာပါသ

"ဟဲလို ... မိုးခင် ... ကိုယ့်လူတွေ လာသွားပြီလား"

"လာသွားပြီ ..."

"အဆင်ပြေလား ..."

"အပြေတောင် လွန်သွားတယ်၊ အဲ့ဒီလောက်ကြီးမှ မလို
တာပဲ ကိုနေယွန်း၊ ဒါ သိပ်အိုဗာဖြစ်မနေဘူးလား"

"အဟား ... ကိုယ်က ဆိုဖာအဟောင်းဆို မထိုင်ချင်ဘူး
တီဗီ မော်ဒယ် အောက်နေရင်လည်း မကြည့်တတ်





အဲ့ဒါကြောင့် ကိုယ် နောက်တစ်ခါလာလည်ရင် ကိုယ့်
အတွက် အဆင်ပြေအောင် လဲလိုက်တာပါ"

"အားလုံး အသစ်တွေချည်းပဲ ရှိသေးတာလေ၊ လဲဖို့မှမလို
အပ်တာ"

"မင်းအတွက် သစ်ပေမယ့် ကိုယ့်အတွက် မသစ်လို့ လဲတာ
ပေါ့"

"ရှင် တော်တော် ပိုက်ဆံဖြုန်းတယ်"

"မဖြုန်းပါဘူး၊ သုံးတာပါ"

နေယွန်းက ရယ်မောရင်း ဖုန်းချသွားလေသည်။

မိုးခင်သည် အိစက်ညက်ညောသော ဆိုဖာအသစ်
ကော်စက်ပေါ်မှာ ခြေချိတ်၍ ထိုင်လိုက်ပြီး စားပွဲအသစ်ပေါ်က
တီဗီရီမုကို လှမ်းယူ၍ တီဗီအသစ်ကို လှမ်းဖွင့်လိုက်သည်။

ရောင်စုံအလင်းတန်းများက ဧည့်ခန်းထဲသို့ ဖြာဆင်း
လာသည်။

ထိုအရောင်တွေ ဟပ်နေသော မိုးခင်၏ မျက်နှာက
တောက်ပဝံ့ပါနေသည်။

မိုးခင်ဟာ လိုတရ နတ်သမီးလေးလား ...။



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

♥ ♥ ♥

ညနေ ၅ နာရီမထိုးခင်မှာပင် ရုံးအလုပ်တွေ ပြီးနှင့်နေတာမို့ မိုးခင်က ကိုယ့်စားပွဲနှင့် ကိုယ့်ဖိုင်တွဲတွေကို သပ်ရပ်သွားအောင် ရှင်းလင်းနေလိုက်ပါသည်။

ဒီနေ့ဟာ မိုးခင် မွေးနေ့ ...။ အညိုနှင့် ချိန်းထားတာမို့ ရုံးကနေ ခပ်စောစောပြန်ဖို့ ကြံရွယ်ထားပါသည်။

မိုးခင် သိမ်းဆည်းရှင်းလင်းနေဆဲမှာ နေယွန်း၏ ရုံးခန်းတံခါးက ပွင့်လာကာ မိုးခင်ကို လက်ထောင်ပြလိုက်ရင်း ...

"မိုးခင် ... ကိုယ် ပြန်ပြီ"

ဟု နှုတ်ဆက်သွားသည်။

မိုးခင်က အားလုံး ရှင်းလင်းပြီးပြီမို့ စားပွဲပေါ်မှာ တင်ထားသည့် စလင်းဘတ်အိတ်ကို လှမ်းဆွဲယူလိုက်ပါသည်။

"ဟင် ... ဒါက ..."

စလင်းဘတ် အိတ်ကြိုးနှင့် တွဲချိတ်ထားသော သော့တစ်ချောင်းက အိတ်မှာ တန်းလန်းပါလာသည်။





ရိမုခလုတ်ဖုလေးတွေပါသော ထိုသော့ဟာ ကားသော့ဆိုတာတော့ မိုးခင်က သိပါသည်။

သော့နှင့်အတူတွဲရက် ရှိနေသည့် သော့ချိတ်လို ကတ်ပြားလေးကို ဆွဲယူကြည့်လိုက်တော့ ...

"Birthday present for my lady"

from ... your Nay Yoon.

ဟူသော စာတမ်းကလေးကို တွေ့ရလေသည်။

ဒါဆို ဒီကားသော့ဟာ မိုးခင်အတွက် နေယွန်းရဲ့ မွေးနေ့လက်ဆောင်ပေါ့ ...။ ကျွန်မက ရှင့်လေဒီတဲ့လား နေယွန်း။ ရှင် ကျွန်မ မွေးနေ့ကို ဘယ်လိုသိသွားသလဲ ...။

မိုးခင်က အံ့သြပြီးရင်း အံ့သြကာ ကြောင်တောင်တောင်လေး ဖြစ်နေဆဲမှာ မိုးခင် ဖုန်းထဲသို့ မတ်ဆေ့ရောက်သံလေး တစ်ချက်ကြားလိုက်ရသည်။

"ရုံးရှေ့ကို ထွက်ခဲ့နော်၊ ပြီးရင် ကားပါကင်နားရောက်ရင် ကားသော့ရိမုတ်ကို နှိပ်ကြည့်လိုက် ..."

မတ်ဆေ့ဖတ်ပြီးတာနှင့် မိုးခင်က အိတ်မှာချိတ်ထားသည့် ကားသော့ကို ဖြုတ်၊ အိတ်ကိုလွယ်ကာ ရုံးခန်းထဲမှထွက်လာခဲ့သည်။

စိတ်လှုပ်ရှားမှုကြောင့် ရင်တွေခုန်လာသည်။ အသက်ရှင်သန်လာသည့် ဘဝတစ်လျှောက်လုံးမှာ ဒီလို စိတ်လှုပ်ရှားဖွယ် မွေးနေ့လက်ဆောင် ပေးခြင်းမျိုး မခံခဲ့ရ၊ ဒီလိုတန်ဖိုးကြီးလက်ဆောင်မျိုး ရလိမ့်မယ်လို့လည်း မမျှော်လင့်ခဲ့ဖူးတာပင်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က ခပ်သွက်သွက်လျှောက်တွက်လာရင်း လက်ဖျားလေးတွေ အေးစက်တုန်ရင်လာသည်။

ကားပါကင်နားရောက်တော့ တုံ့ခနဲ ရပ်ကာ ရပ်ထားသော ကားတွေကို ဝေ့ဝဲကြည့်လိုက်သည်။ ရပ်ထားသော ကားတွေဟာ အကောင်းစားချည်းပင်။ အဟောင်းအစုတ်ရယ်လို့ တစ်စီးမှမပါဝင်။

မိုးခင်က ကားသော့ဆုပ်ကိုင်လာသည့် လက်ကလေးကို ဆန့်ထုတ်လျက် ရီမုတ်ခလုတ်ကို နှိပ်လိုက်သည်။

"တွီ ... တွီ ..."

ရပ်ထားသော ကားတွေထဲက မီနီကူးပါး ကားအဝါရောင်ကလေးက အသံနှစ်ချက်မြည်ကာ မီးလေး လင်းလာသည်။

မိုးခင်က ထိုကားလေးဆီ အပြေးသွားပြီး ကားတံခါးကို ဆွဲဖွင့်ကြည့်လိုက်တော့ တံခါးပွင့်သွားကာ ကားစတီယာရင်ပေါ်မှာ ညှပ်ထားသော အဝါရောင်နှင်းဆီပန်းစည်းကလေးကို တွေ့လိုက်ရလေသည်။

မိုးခင်က ပန်းစည်းကို လှမ်းယူပွေ့ပိုက်နမ်းရှိုက်ဆဲတွင် ...

"ကြိုက်ရဲ့လား ..."

နောက်နားဆီက နေယွန်းအသံကြောင့် မိုးခင်က လှည့်ကြည့်မိသည်။ နေယွန်းက လက်ပိုက်ရပ်လျက် မိုးခင်ကို ပြုံးကြည့်နေသည်။

"ရှင် မိုးခင် မွေးနေ့ကို ဘယ်လိုသိလဲ ..."





"ရုံးမှတ်တမ်းတွေထဲမှာ ဝန်ထမ်းတွေရဲ့ ဘတ်ဒေးတွေ ရှိတာပဲလေ၊ ရှာကြည့်လိုက်တာပေါ့၊ ပြောပါဦး ... ကိုယ့်လက်ဆောင်ကို ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ဒါပေမယ့် ဒီလောက် တန်ဖိုးကြီးတာတော့ ..."

"တန်ဖိုးကြီးကြီး မကြီးကြီး လက်ဆောင်ဟာ လက်ဆောင်ပေါ့၊ ကိုယ့်မှာ ပိုက်ဆံမရှိရင် ပန်းစည်းကလေးပဲ ပေးမှာပေါ့၊ ကိုယ့်မှာ ပိုက်ဆံရှိတော့လည်း ပန်းစည်းရော ကားရော ပေးတာပေါ့၊ ပန်းစည်းဖြစ်ဖြစ် ကားဖြစ်ဖြစ် တန်ဖိုးချင်းကတော့ အတူတူပါပဲ၊ ကဲ ... လာ ... တက်၊ မင်းကို ကိုယ် ကားမောင်းသင်ပေးမယ်"

"အခုလား ..."

"အင်းလေ ... မင်း ကားမမောင်းတတ်ရင် ကိုယ့်လက်ဆောင်ကို ဘယ်လိုလက်ခံမလဲ၊ ကြိုးနဲ့ဆွဲယူသွားမှာလား၊ ဒီနေ့ကစပြီး မင်း မတတ်မချင်း ကိုယ် နေ့တိုင်းသင်ပေးမယ်"

မိုးခင်က တွေဝေသွားကာ ခြေလှမ်းမရွေ့ဘဲ ရပ်တန့်နေမိသည်။

အညို ...

အညိုနဲ့ ချိန်းထားခဲ့သည်လေ ... ။

သို့သော် ... ဆန်းကြယ်လှပသော၊ မက်မောဖွယ်



www.burmeseclassic.com

www.burmeseclassic.com



သော အခွင့်အရေးရဲ့ ဆွဲဆောင်မှုအောက်မှာ အရာရာအားလုံး ဝေဝါးလာခဲ့ရသည်။

"လာလေ … မိုးခင်"

နေယွန်းက ကားတံခါး အသင့်ဖွင့်ပေးပြီး လှမ်းခေါ်လိုက်သည်။

မိုးခင်က ကားပေါ်လှမ်းတက်လိုက်သည်။

ထို့နောက် စလင်းဘတ်အိတ်ထဲသို့ လက်နှိုက်ကာ ဖုန်းပါဝါခလုတ်ကို ပိတ်ပစ်လိုက်ပါသည်။

❀ ❀ ❀

တကယ်တော့ အညို့အပေါ် အဲ့ဒီလောက်ကြီး ရက်စက်ဖို့ မရည်ရွယ်ခဲ့။ အညို့ကို အဲ့ဒီလောက်ကြီးလည်း ဓာတ်နာအောင် မလုပ်ချင်ခဲ့ပါ။

သို့သော် … အဖြစ်အပျက်တို့က မရည်ရွယ်ဘဲ တိုက်ဆိုင်စွာ ဖြစ်ပျက်ခဲ့ရပါသည်။

ကားမောင်းသင်ဖို့ မင်းဓမ္မလမ်းဘက်သို့ သွားမည်ကြံရွယ်သော ကားဟာ ရှစ်မိုင်ဂျန်းရှင်းနားကဖြတ်လျက် ကျိုက်ဝိုင်းဘုရားလမ်းဘက်သို့ ကွေ့ချိုးမောင်းနှင်လာစဉ်မှာ လမ်းဖြတ်ကူးလာသော အညို့ကို လှမ်းမြင်လိုက်ရပါသည်။

အညိုဟာ ကိတ်မုန့်ဘူး ပြားပြားကြီးကို ရတနာ





တစ်ပါးလို လက်မှာပွေ့ပိုက်လျက် ဝိုင်ကေကေအို ဆိုင်ရှိရာ လမ်းတစ်ဖက်ခြမ်းသို့ သွက်သွက်လေး လျှောက်ဖြတ်ကူးလာနေသည်။

အညို့ကိုကြည့်ရင်း မိုးခင်ရင်တွေ တဒိန်းဒိန်း ခုန်သည့်အချိန်မှာ အရှိန်ဖြင့် ကွေ့လာသော ကားက အညို့ကို တိုက်မိမလို ဖြစ်သွားသည်။ အညိုက ဟန်ချက်ပျက်၍ ယိမ်းယိုင်ပြိုလဲသွားသော်လည်း သူ့လက်ထဲက ကိတ်မုန့်ဘူးကိုတော့ လွတ်ကျမသွားအောင် သတိထား ကိုင်တွယ်ထားနိုင်လေသည်။

နေယွန်းက ကားကို အရှိန်လျှော့ကာ လမ်းဘေးသို့ ကပ်၍ရပ်လိုက်ရင်း …

"ဟိုလူ့ကို တိုက်မိသွားလား မသိဘူး၊ ကိုယ် ဆင်းကြည့်လိုက်ဦးမယ်"

"မတိုက် … မတိုက်မိပါဘူး"

"ဟိုမှာ လဲသွားတယ်လေ၊ သနားပါတယ်၊ ကိုယ် ဆင်းမေးကြည့်လိုက်မယ်"

နေယွန်းက ကားပေါ်မှဆင်းသွားကာ နောက်ဘက်သို့ ပြန်လျှောက်သွားသည်။

နေယွန်း အညို့နားမှာ ရပ်၍ အညို့ကို စကားပြောဆို မေးမြန်းနေတာတွေကို နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းမြင်နေရသည်။

မိုးခင်သည် ထိုမြင်ကွင်းကို ကြည့်နေရင်း ရင်ဘတ်ထဲ လှိုက်ဆို့မောနင့်လာကာ မျက်ရည်စတွေ လှိုက်ခနဲ ဝဲလာသည်။

သို့သော် … မိုးခင်က အံတစ်ချက်ကြိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုမော့လှန်ကာ မျက်ရည်ကျမလာအောင် ထိန်းချုပ်လိုက်သည်။

"တော်ပါသေးရဲ့ ... မတိုက်မိလို့၊ ဒီလူ တော်တယ်၊ ခော် လဲတာတောင် ကိတ်မုန့်ဘူးကို လွတ်မကျအောင် ကိုင်ထား နိုင်တယ်၊ သူ့ရည်းစားအတွက် မွေးနေ့ကိတ်ထင်တယ် အဟား ..."

နေယွန်းက ကားပေါ်ပြန်တက်လာရင်း ပြောလိုက် တာပင် ...။ မိုးခင်က နှုတ်ခမ်းတွေကို တင်းတင်းစေ့လျက် ဝေ သော မျက်လုံးတွေကို ရှေ့တူရှုသို့သာ စိုက်ထားလိုက်သည်။

မတွေးချင်။

ဒီအချိန်မှာ ကိုယ့်အတွက်ကလွဲလို့ မိုးခင် တခြား ဘာကိုမှ မတွေးချင် ...။



(၁၈)

စားသောက်ခန်းငယ်ကလေးထဲမှာ အညိုတစ်ယောက် ထည်း မလှုပ်မယှက် ထိုင်၍ စားပွဲပေါ်က မွေးနေ့ကိတ်ကို ငေးစိုက် နေသည်မှာ ဘယ်လောက်ကြာသွားပြီလဲ မသိတော့။

ကြိုမှာထားသည့် ငါးကင်၊ ကြက်ဆာတေး၊ ကန် စွန်းရွက်သုပ်၊ ကြက်ချိုချဉ်၊ ကိုက်လန်ကြော် စသည့် ဟင်းအမည် မျိုးစုံတို့သည်လည်း အရာမယွင်းဘဲ အေးစက်နေလေပြီ။

ခဏနေတော့ အညိုက လှုပ်ရှားလာကာ မိုးခင်ဖုန်း ကို ထပ်ခေါ်ကြည့်ပြန်သည်။ ဖုန်းက ပိတ်ထားသည်ဟုပဲ ဖြေပြန် သည်။

"မိုးခင်တို့ကတော့ကွာ ... နမော်နမဲ့နဲ့ ဖုန်းဘက်ထရီ အား သွင်းဖို့ မေ့ပြန်ပြီထင်တယ်"

သူက ခပ်တိုးတိုး ရေရွတ်ပြီး ခဏငြိမ်သွားပြန်သည်။ ထို့နောက် သက်ပြင်းချကာ ...

"အလုပ်ရှုပ်လို့ မလာနိုင်တော့ဘူး ထင်ပါရဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ရင်း နောက်ထပ် သက်ပြင်းတစ်ချက် ချလိုက်သည်။

သို့သော် ... ရောက်လာလေမလား မျှော်လင့်သော တာမို့ ပြန်ဖို့ မစဉ်းစားသေးဘဲ ဆက်ထိုင်နေလိုက်သည်။

နည်းနည်းကြာလာတော့မှ အညိုက အသင့်ယူလာ သည့် ရောင်စုံဖယောင်းတိုင် သေးသေးလေးတွေကို ထုတ်ပြီး ကိတ်မုန့်မှာ စိုက်လိုက်သည်။ ပြီးတော့ ... မီးခြစ်ထုတ်ယူကာ ဖယောင်းတိုင်လေးတွေကို မီးလိုက်ညှိပေးလိုက်သည်။

ကိတ်မုန့်ပေါ်က ဖယောင်းတိုင်မီးညွန့်ကလေးတွေ ကို ငေးရင်း အညိုက ဆက်ထိုင်နေမိသည်။

ထို့နောက် ...

"happy birthday မိုးခင်ခင်"

ဟု ပြောပြီး ဖယောင်းတိုင်မီးတွေကို မှုတ်ပစ်လိုက် သည်။

အဲ့ဒီနောက်တော့ အညိုက ကိတ်မုန့်အပေါ်ယံခရင်မ် တွေထဲကို လက်ညှိုးဖြင့် ထိုးနှစ်ကော်ယူကာ စုပ်ယူစားလိုက် သည်။ သို့သော် မိုးခင်ကို လက်ထပ်ခွင့်တောင်းခဲ့သော ည မိုးခင် လက်ညှိုးကလေးဖြင့် ကော်ကျွေးခဲ့သော ကိတ်မုန့်ရဲ့ အရ သာနှင့်တော့ တခြားစီပဲဖြစ်လေသည်။



(၁၉)

♥ ♥ ♥

အဲ့ဒီညက ကားမောင်းသင်ပြီး နေယွန်းနဲ့ ထမင်း [illegible]တူစားခဲ့ပြီးနောက် အိမ်ပြန်ရောက်လာသော မိုးခင်ခင်သည် [illegible]ဘောက်ရုပ်လို မျက်နှာသေ၊ ကြောင်စီစီ မျက်ဝန်းများဖြင့် အိပ် [illegible]ယောင်၍ လမ်းထလျှောက်သူလို သိမှတ်မဲ့စွာ အိပ်ခန်းဘက် သို့ လျှောက်ဝင်သွားသည်။

ထို့နောက် အဝတ်အစား မချွတ်ဘဲ ရေချိုးခန်းဘက် သို့ ဆက်လျှောက်ဝင်သွားသည်။

ရေချိုးခန်းထဲရောက်တော့ ရေပန်းခလုတ်ကို ဖွင့်ချ လိုက်ပြီး ရေပန်းအောက်မှာ ခေါင်းငုံ့၍ ဝင်ထိုင်ကာ ကြမ်းပြင် အောက်ပြားတွေကို စိုက်ငေးနေသည်။

ရေပန်းတွေက သူမ၏ ခေါင်းနောက်ဘက်နှင့် ကျော ပြင်ပေါ်သို့ အဆက်မပြတ် ဖြာကျနေသည်။

သူမက ဒူးကွေးကာ ဒူးကို လက်ဖြင့်ပြန်ပိုက်ပြီး ခေါင်းကိုငုံ့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း သူမ တစ်ကိုယ်လုံး အေးစက်
နိုက်ခိုက်တုန်လာသည်။

သို့သော် ... သူမက ထသွားဖို့မသိ၊ အသိမရှိသူ
ထိုရေပန်းအောက်မှာ အချိန်အတော် ကြာသည်အထိ ထိုင်နေ
လေသည်။



(၂၀)

"ဟာ ... မိုးခင်ပါလား၊ အံ့မယ် ... ကားတွေ ဘာတွေ မောင်းလို့ပါလား"

သမ္မတရုံရှေ့ ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့် သော ဇော်ကြီးက သမ္မတဟိုတယ်ဘက်သို့ ကွေ့ဝင်သွားသော းဝါဝါလေးကို လှမ်းကြည့်ရင်း တအံ့တသြရေရွတ်လိုက်မိပါ ည်။

ကားမောင်းသွားသော မိုးခင်ခင်ကို မြင်လိုက်သော ည်း ဟုတ်မှဟုတ်ပါ့မလားဟု စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားပါ ည်။

ဇော်ကြီး သိသည့် မိုးခင်ခင်၏ အခြေအနေဟာ ကား ကိုယ်မောင်းသွားနိုင်သူမျိုး မဟုတ်။ ကုမ္ပဏီက ကား သည်ဟုလည်း အညို့ပြောသံ မကြား။ မိုးခင် ကားမောင်းတတ် ည်ဟုလည်း မကြားမိတာကြောင့်ပင်။

ဇော်ကြီးက ဇဝေဇဝါအတွေးနှင့်ပင် သေချာအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်မည်ဟု ခဲ့ဲ၊စားကာ သမ္မတဟိုတယ်ဘက်သို့ လျှောက်ဝင်လာပါသည်။

သူ လျှောက်လာနေတုန်းမှာ ကားအဝါလေး ဟိုတယ်ရှေ့မှာ ကားပါကင်ထိုးပြီး ကားရှေ့ခန်း တံခါးနှစ် ပြိုင်တူပွင့်လာသည်။

ဓော်ကြီးက ရပ်ထားသည့် ကားတစ်စီးနောက် ကွယ်၍ လှမ်းကြည့်နေဆဲမှာ ကားပေါ်က ဆင်းလာသော မိုးခင် အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရပါသည်။

မိုးခင်ပုံစံက တက်ကြွတောက်ပ ဝံ့ဝါနေသည်။ အမျိုးသားကတော့ ကြည့်လိုက်တာနှင့် ပိုက်ဆံရှိ သားသမီး သိသာသော ပုံစံမျိုး ...။ အမျိုးသားဆိုတာထက် 'ကောင်လေး ပဲ ပြောရမလားမသိ။ ပုံစံက ဟော့ရှော့ မြူးသွက်ကလေး။ မို ကြည့်ရတာလည်း မသိရင် သူဌေးသမီး အပျိုအရွယ်ကလေး ပင်။

မိုးခင်က ဓော်ကြီးကို မမြင်။ ဟိုတယ်ရှေ့မှာ ထားသည့် 365 စားသောက်ဆိုင်ထဲသို့ တူယှဉ်တွဲကာ ဝင်သ သည်။

ဓော်ကြီးက အညို့ကို သတိရကာ စိတ်ထဲမှာ ဖျင်း ဖျင်းဖျင်း ဖြစ်လာသည်။

ဓော်ကြီးက သေချာသထက် သေချာအောင် အနီးသို့ ကွယ်ကာ ပုန်းကာ လျှောက်သွားပြီး ဆိုင်ထဲကို ချောင်းကြည့်လိုက်သည်။





ကြည့်စမ်း ... တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်မောစကားပြောနေကြတဲ့ပုံဟာ သာမန်ဆက်ဆံရေး မဟုတ်တာ သေချာနေသည်။

"တောက် ..."

ဓော်ကြီးက အညို့အစား ခံပြင်းလှကာ တောက် ခေါက်ချက် ခေါက်မိရင်း ဆိုင်ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"ရှဲ ..."

အညိုက ဓားဖြင့် စောင်းစောင်းလေးမွှန်းထားသည့် ငါးပုဏ္ဏားအကောင်ကလေးတွေကို ဆီပူအိုးထဲ လှမ်းထည့်လိုက် တာမို့ ရှဲခနဲမြည်ကာ ဆီအစက်အပေါက်လေးတွေ တဖောက် ဖောက် လွင့်လာသည်။

အညိုက မျက်နှာကို စင်မှာစိုးတာမို့ နောက် ယိမ်းကာ ရှောင်လိုက်ပြီးမှ တစ်ကောင်ချင်းစီ ထပ်ထည့်နေလိုက် သည်။ အညို့ဘေးပတ်ပတ်လည်မှာတော့ ငရုတ်သီး၊ ကြက်သွန် ပုစွန်ခြောက်နှင့် ငါးခြောက်ထုပ်တွေ စီကာရီကာ ရှိနေသည်။

"ဟော့ကောင် ... အညို ..."

"ဟေ ... ပြန်လာပြီလားကွ ... ဖော်ကြီး"

"အေး ...၊ မင်းက ဘာကိစ္စ ငါ့အိမ်လာပြီး ငါးခြော နေရတာလဲ ..."

"အဒေါ်တို့အိမ်မှာ ညှော်လုပ်ရမှာ အားနာလို့ မင်းအမေ





ပြောပြီး မင်းဆီမှာ လာလုပ်ရတာပါကွာ၊ ငါးခြောက်ကြော် တို့၊ ဘာလချောင်ကြော်တို့၊ ငပြာရည်ကြော်တို့ပါ လုပ်မှာ ဆိုတော့ အဒေါ်အိမ်မှာလုပ်လို့ မဖြစ်ဘူးကွ၊ မင်း အမေ တော့ အိမ်လည်ရင်း အညှော်ရှောင်မယ်ဆိုပြီး ထွက်သွား လေရဲ့ ...."

ဖော်ကြီးက ပိုက်ဆံထည့်သည့် လွယ်အိတ်အဟောင်း ကြီးကို တိုင်မှာချိတ်လိုက်ပြီး အညို့နား မလှမ်းမကမ်းမှာ ဝင် ထိုင်လိုက်ရင်း ဒယ်အိုးထဲကို ငုံ့ကြည့်လျက် ...

"မင့်ငါးပွဲက များလှချည်လား၊ အခြောက်အခြမ်းတွေက ရော ဘာလို့ ကြော်လှော်နေတာလဲ၊ မင်း စားဖို့ တစ်ပတ် စာ ကြော်လှော်နေတာလား"

"ငါ့ဖို့မဟုတ်ပါဘူးကွာ၊ မိုးခင်ဖို့ပါ"

"ဘာ ..."

"ဟ ... စွတ်အော်တာပဲ၊ ဘာဖြစ်တာလဲ၊ လန့်တောင်သွား တယ်"

အညိုက သံယောက်မဖြင့် ငါးကြော်ကို တစ်ဖက် လှန်ရင်း လှမ်းပြောသည်။ ဖော်ကြီးမှာတော့ ရင်ထဲမှာ ကလိကလိ ဖတ်ကျို နုတ်ကျို ဖြစ်နေပြီ ...။

အညို ကိုယ့်အိမ် မလာရင်တောင် အညို့ကို သွား ရှာပြီး မိုးခင်အကြောင်း ပြောပြဖို့ စဉ်းစားလာခဲ့တာပင်။ အညို့ကို အဆင်သင့် တွေ့ချိန်မှာ ပြောပြလိုက်ချင်သော်လည်း စိတ်အေး လက်အေး သူ့မိန်းမဖို့ ငါးကြော် ကြော်နေသော အညို့ကို ကြည့်ပြီး

www.burmeseclassic.com



ဘာကဘယ်လို စပြောရမှန်းမသိ၊ ဒွဲပဲပြောရမလား၊ သွယ်ဝိုက် ပြီးတော့ပဲ သတိပေးရမလား။ အညို့ကိုလည်း စိတ်တော့ မဆင် ရဲစေချင်။

"မင့်ဟာက အများကြီးမို့လို့ အံ့သြလို့ပါကွာ"

"တစ်ပတ်စာလေကွာ၊ အဲ့ဒီလောက်များလည်း ငါ့မိန်း စားရင် မြန်မြန်ကုန်တာပဲ၊ ငါ့မိန်းမက ငါ့လက်ရာ ကြိုက်မှကြိုက် ..."

"မင်းလက်ရာထက် ကောင်းတာတွေ စားသောက်ဆိုင်မှာ စားနေရရင်ကောကွာ ..."

"စားသောက်ဆိုင်မှာ စားတယ်ဆိုတာ တစ်ခါတလေ ကောင်းတာကွ၊ မိုးခင်က စားသောက်ဆိုင်မှာလည်း ခ ခဏ မစားနိုင်ရှာပါဘူးကွာ"

"ဩော် ... ဩော် ... ဟုတ်လား"

ဇော်ကြီးက ပြောပြလိုက်ချင်သည်မှာ လျှာယား အသည်းယား အူယားလာသော်လည်း စိတ်ကို ထိန်းကာ ...

"မင်း မိုးခင်မွေးနေ့တုန်းက မိုးခင်နဲ့ သွား တွေ့သေးလား"

"အေး ... သွားတော့ သွားတယ်၊ မိုးခင် မလာဘူး"

"ဘာလို့ မလာလဲ ..."

"သူ့အလုပ်တွေ မပြီးသေးလို့ နေမှာပေါ့"

"မလာနိုင်တဲ့အကြောင်းကော ဖုန်းမဆက်ဘူးလား"

"သူ ဆက်တော့ ဆက်ချင်မှာပါ၊ ဘက်ထရီကုန်သွားလို့ မဆက်နိုင်တာဖြစ်မယ်"





"မင်း မိုးခင်ကို လွှတ်မထားနဲ့နော်၊ မိုးခင်က လှလည်းလှ၊ ငယ်လည်းငယ်၊ သူ့ကြည့်လိုက်ရင်လည်း အပျိုလေးအတိုင်း မင်း သူ့ရုံးကို မကြာမကြာ လိုက်သွားပြီး မျက်နှာလေး ဘာလေး ပြမှပေါ့ကွ"

"မပြချင်ပါဘူးကွာ၊ မပြလည်း ဘာမှမဖြစ်ပါဘူး၊ မိုးခင် ကို ငါယုံပါတယ်"

"မင်းကသာ ယုံနေ ..."

ဇော်ကြီးက စိတ်တိုလာတာမို့ လွှတ်ခနဲပြောပြီး ပြတင်းပေါက်ဘက်သို့ လှည့်ကာ ပျစ်ခနဲ ကွမ်းတံတွေး ထွေးလိုက် သည်။

"မင်း ငါ့နားလာပြီး ကွမ်းတံတွေး တဗျစ်ဗျစ် လုပ်မနေနဲ့ ဟေ့ကောင်၊ စားစရာတွေအပေါ် စင်ကုန်မယ်"

"အောင်မယ် ... ကြီးကျယ်လို့"

"ငါ့အတွက်ဆို မကြီးကျယ်ပါဘူးကွာ၊ မိုးခင် စားဖို့ ပစ္စည်း တွေမို့လို့ပါ"

"အေး ... ပြီးရော၊ တံတွေး စင်မှာကြောက်ရင် ကွမ်းတွေ အကုန်ထွေးပစ်ပြီး မင်းကို ပြောစရာရှိတာ ပြောရမယ်"

ဇော်ကြီးက ပါးစပ်ထဲက ကွမ်းတွေအကုန်လုံးကုန် အောင် ပြတင်းပေါက်နားမှာ ရပ်၍ ထွေးပစ်လိုက်ပြီးမှ အညို့အနား သို့ ပြန်လာထိုင်သည်။

"အညို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ပြော ... ပြော ... ဘာတွေ ပြောစရာရှိနေတာလဲ နောက်နည်းနည်းဆုတ်ပြော၊ မင်းကို ဆီပူစင်မှာစိုးလို့ ..."

အညိုက ကျက်သွားသော ငါးကြော်တွေကို ဒယ်အိုး ထဲမှ ဆယ်ထည့်ရင်း ပြောလိုက်သည်။

ဖော်ကြီးက ငါးကြော်တစ်ကောင် လှမ်းနှိုက်တော့ အညိုက ဖော်ကြီးကို တစ်ချက်စွေကြည့်ရင်း ...

"ဟော့ကောင် ... ဥပါတာ မစားနဲ့၊ သေးတာစား၊ မိုးခင်က ဥပါတာ ကြိုက်လို့ ..."

"မစားတော့ဘူးကွာ၊ မသထာရေစာ ..."

"ဟား ... ဟား ... မစားလည်း နေကွာ"

ဖော်ကြီးက ဆောင့်အောင့်ကာ ငါးကြော်ကို ပန်းကန် ပြားထဲ ပြန်ပစ်ထည့်လိုက်သည်။

အညိုက မိုးခင်ကို သည်းသည်းလှုပ်လေ ဖော်ကြီးက မခံချိမခံသာ ဖြစ်ရလေပင်။

"ဒီမှာ အညို ..."

"အေး ... ပြော"

"ငါ ... ဒီနေ့ မြို့ထဲသွားတာ"

"အေး ..."

"သမ္မတရုံရှေ့ မှတ်တိုင်မှာ ဘတ်စ်ကားစောင့်နေတုန်း မိုးခင်ကို ကောင်လေးတစ်ယောက်နဲ့ တွဲသွားတာ တွေ့ လိုက်တယ်"





ဖော်ကြီးကသာ အညို့မျက်နှာရိပ်ကို အကဲခတ်ရင်း ဘွင်းဆုတ်ဆုတ် ပြောထွက်သွားပေမယ့် အညိုက ဘာမှမဖြစ်သလို ရယ်ရင်း ...

"သူ့ရုံးက လုပ်ဖော်ကိုင်ဖက် ဖြစ်မှာပေါ့၊ အဲ့ဒါ ဘာဖြစ်လဲ"

"သူတို့က ဟိုတယ်ရှေ့က စားသောက်ဆိုင်မှာ လာစားတာကွ"

"ရုံးကိစ္စ သွားရင်းလာရင်း ဗိုက်ဆာလို့ ဝင်စားတာနေမှာပေါ့ကွ ..."

"စားသောက်ဆိုင် အကောင်းကြီးမှာ စားတာလေ"

"သူတို့ကုမ္ပဏီက ကုမ္ပဏီကြီးပဲဟာ၊ ဝန်ထမ်းတွေ တစ်ခါတလေ စားတာလောက်တော့ အကုန်အကျခံပေးလို့ ဖြစ်မှာပေါ့၊ အကုန်အကျခံမပေးလည်း မိုးခင်က သူ့လခနဲ့သူ တစ်ခါတလေတော့ စားနိုင်မှာပေါ့ကွာ"

"အေး ... ထားပါတော့၊ မင်းပြောသလိုပဲထား၊ ဒါပေမယ့် မိုးခင်က ကားအဝါလေးကို ကိုယ်တိုင်မောင်းပြီး ငနဲတစ်ယွေက သူ့ဘေးမှာ ထိုင်လိုက်လာတာကွ ..."

"ဟာ ... မိုးခင်တောင် ကားမောင်းတတ်သွားပြီလား၊ မိုက်တယ်ကွာ၊ သူ့ရုံးက သင်ခိုင်းလို့ သင်လိုက်တာထင်တယ်၊ ငါ့မိန်းမ ဉာဏ်ကောင်းချက်ကတော့ကွာ ... ဘာသင်သင် အတတ်မြန်သလား မမေးနဲ့"

ဝမ်းသာအားရ ထပြောလိုက်သော အညို့ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဖော်ကြီးမှာ စကားမဆက်နိုင်ဘဲ ရင်ဆို့သွားသည်။ မိန်း
အပေါ်မှာ ကြီးမားလှတဲ့ အညို့မေတ္တာတော်ကို လက်ဖျားခါရ
သည်။

"မိုးခင်သာ ပိုက်ဆံချမ်းသာတဲ့သူရဲ့ သားသမီးဖြစ်ခဲ့ရ
ပါရဂူဘွဲ့တို့ ဘာတို့ ရအောင် ပညာသင်နိုင်မှာကွ၊ ဟိုကျ
ဘာဘတ်ဆိုလား၊ ဩော် ... သိပြီ ... ဟားဗတ်တို့ ဘာတို့
မှာ ကျောင်းသွားတက်ရင် တကယ့် ဒိတ်ဒိတ်ကြဲ ပညာ
တတ်ကြီး ဖြစ်လာမှာ၊ ငါသာ ချမ်းသာရင် သူ့ကို နိုင်ငံခြား
ထိ ကျောင်းဆက်ထားပေးပါတယ်ကွာ"

အညိုက ငါးရံ့ခြောက်ဗျော့ကို ဓားဖြင့်အတစ်ကလေး
တွေ တုံးထစ်ရင်း ဆက်ပြောနေသည်။

ဖော်ကြီးက အညို့ကို ငေးရင်း ...

"မင်းအမေကော ပြန်သွားပြီလား အညို ..."

"အေး ... မနေ့ပဲ ပြန်သွားတာ၊ ငါ ကားဂိတ်ထိ လိုက်
လိုက်တယ်၊ ငါလည်း ဒီလကုန်ရင် အဒေါ်အိမ်မှာ မနေ
တော့ဘူးလေ၊ ငါ အခန်းရှာတွေ့ထားပြီကွ ..."

"ဟုတ်လား ..."

"အေး ... စာချုပ်ချုပ်ပြီး စရန်တောင် ပေးပြီးပြီ၊ လကု
ရင် ပြောင်းရမှာ၊ မိုးခင်နဲ့အတူပြန်နေရတော့မှာ"

"တော်သေးတာပေါ့ကွာ"

ဖော်ကြီးက အနည်းငယ် စိတ်အေးသွားကာ ဝမ်းသာ
အားရ ပြောလိုက်မိသည်။





ဖော်ကြီး ထသွားတော့ အညိုက ငါးခြောက်ဆက်
ကြော်ရင်း မီးဖိုချောင်ထဲမှာ ကျန်ရစ်ခဲ့သည်။

ရေတံသီးအပူငွေ့ကြောင့်လား မသိ မျက်လုံးတွေ
ာ ပူစပ်ကာ အရည်လည်လာသည်။

မွေးနေ့ကတည်းက မိုးခင် ဖုန်းပိတ်ထားတာ၊ သူ့ကို
ဆက်သွယ်တော့တာကို ဖော်ကြီးသိအောင် ပြောမပြချင်ပါ။

ကိုယ့်မိန်းမကို ကိုယ်မမယုံရင် ဘယ်သူယုံမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

♥ ♥ ♥

ထိုနေ့ညနေမှာ အညိုက တစ်ပတ်စာ ကြော်ငြာ... ချက်ပြုတ်ထားသည့် ငါးကြော်၊ ဘာလချောင်ကြော်၊ ငါးခြောက် ကြော်၊ ချဉ်ပေါင်ကြော်တို့ကို ပလတ်စတစ်ဘူးများဖြင့် ထည့်... ထိုဘူးများကို ပလတ်စတစ်လေးဆောင့်ခြင်းထဲ ထည့်ကာဆွဲလျက် မိုးခင်တို့ ကုမ္ပဏီရုံးရှိရာ အဆောက်အဦရှေ့မှာ ရပ်စောင့်နေ... သည်။

အချိန်က ညနေရုံးဆင်းချိန် ...။

ရုံးထဲက မိုးခင်ထွက်လာလျှင် ဒီစားစရာတွေပေး... ခဏတစ်ဖြုတ်တော့တွေ့ခွင့်ရဖို့ မျှော်လင့်သည်။

မွေးနေ့တုန်းက မလာတာ ဘာ့ကြောင့်၊ အဆ... အသွယ် မလုပ်တာ ဘာ့ကြောင့်၊ ဖုန်းပိတ်ထားတာ ဘာ့ကြော... ဆိုတာ သိခွင့်ရချင်သည်။

အညိုက ဝင်ဝထွက်ဝဘက်သို့ တမျှော်မျှော်ဖြင့် ... နေဆဲမှာ ရုံးရှေ့ကားပါကင်မှာ ကားတစ်စီး ရပ်လာပါသည်။





ကားက တွေ့မြင်ရခဲ့သော ပြိုင်ကား အမျိုးအစား ...အညိုက ကားကို သဘောတကျ လှမ်းငေးနေဆဲမှာ ကားထဲက ...ကျားတစ်ယောက် ထွက်လာသည်။

ထိုလူကို မြင်ဖူးသလိုလို ရှိသဖြင့် အညိုက သေချာ ...ကြည့်မိသည်။ မိုးခင် မွေးနေ့တုန်းက ရှစ်မိုင်လမ်းဆုံနားမှာ ကိုယ့် ...ကားနဲ့တိုက်မိမလို ဖြစ်ခဲ့စဉ်က စာစာနာနာ ဆင်းမေးခဲ့သော ...ဆိုတာ မှတ်မိလာသည်။

သူက အညိုနှင့် မျက်နှာချင်းဆိုင်ဘက်မှ လျှောက် ...ရင်း အညို့ကို မြင်သွားကာ မှတ်မိပုံဖြင့် ...

"ခင်ဗျား ... ဟိုနေ့ကလူ ..."

အညိုက ပြုံးကာ ခေါင်းညိတ်ပြမိသည်။ ထိုသူက ...ည်း ဖော်ဖော်ရွေရွေ ပုံစံဖြင့် ...

"ခင်ဗျားနဲ့ကတော့ ရေစက်ပါတယ်ထင်တယ်၊ တိုက်တိုက် ဆိုင်ဆိုင် လာတွေ့ပြန်ပြီ၊ ဒါနဲ့ ခင်ဗျားခြေထောက် ဘာမှ မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူးဗျ"

"ခင်ဗျား ဘယ်ကလာတာလဲ"

"သူငယ်ချင်း တစ်ယောက်ကို လာစောင့်နေတာပါ"

"သူငယ်ချင်းက ဒီကရုံးတစ်ခုခုမှာ အလုပ်လုပ်တာလား"

"ဟုတ်တယ်ဗျ၊ ခင်ဗျားရော ..."

ထိုသူက တစ်ချက်ပြုံးလိုက်ရင်း ...

"ကျွန်တော်လား ... ကျွန်တော်လည်း ရုံးမှာ အလုပ်လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူပဲ ဆိုပါတော့ဗျာ၊ ဒီနေ့တော့ တစ်နေ့လုံး ရုံးပြေးပြ
ရုံးဆင်းခါနီးမှ ကျွန်တော့် မိန်းကလေးကို လာကြိုတာ"

ထိုသူပြောနေဆဲမှာ ထိုသူ့ဖုန်းက အသံမြည်လာ
မို့ ...

"ခဏနော် ..."

ဟု ခွင့်တောင်းကာ ဖုန်းကိုင်လိုက်သည်။

"အွန်း ... ကိုယ် ရောက်နေပြီ၊ ရုံးရှေ့မှာ၊ ထွက်လာခဲ့တော့
လေ၊ ကိုယ်တော့ မဝင်လာတော့ဘူးလေ၊ ကိုယ် လုပ်စ
အထွေအထူးကိစ္စ မရှိဘူးမဟုတ်လား၊ အိုခေ ... အိုခေ"

ထိုသူက ဖုန်းချလိုက်ပြီး အညို့ကို တစ်ချက်ပြုံး
သည်။ ပြီးတော့ သူ့လက်ထဲက ကားသော့လေးကို လှည့်
ကစားရင်း အဆောက်အဦ ဝင်ဝထွက်ဝဆီ လှမ်းမျှော်ကြည့်
သည်။ အညိုကလည်း စားစရာ ခြင်းတောင်းကိုဆွဲလျက် တံခါး
ဆီ လှမ်းမျှော်နေလိုက်သည်။

မျှော်နေရင်းက ထိုသူက အညို့ကို တစ်ချက်ပြန်
ကြည့်ကာ ...

"ခင်ဗျားခြင်းကြီး ဆွဲထားရတာ မလေးဘူးလား၊ ခ
ချထားပါလား ..."

"သြော် ... ရပါတယ်ဗျ၊ စားစရာဘူးတွေမို့လို့ အောက်
ချင်လို့ပါ"

"သြော် ... စားစရာဘူးတွေလား"

"ဟုတ်ကဲ့"





"သူငယ်ချင်း စားဖို့ပေါ့"

"ဟုတ်ကဲ့ဗျ ..."

"ဒါဆိုရင်တော့ ခင်ဗျားသူငယ်ချင်းက မိန်းကလေးပဲ ဖြစ်ရမယ်"

"ခင်ဗျာ ..."

"အဲဟား ... ယောကျ်ားချင်းဆို ဒါမျိုး ပေးလေ့မရှိဘူးလားလို့၊ ခန့်မှန်းပြီး ပြောကြည့်တာ၊ ကျွန်တော် ခန့်မှန်းတာ မှန်လား"

"အဟဲ ... မှန်တယ်ဗျ"

အညိုက ပြုံးကာ ပြန်ဖြေဖြစ်သည်။ ထို့နောက်
ယောက်လုံး ဝင်ဝ ထွက်ဝဆီသို့ လှမ်းကြည့်နေလိုက်ကြသည်။

ထိုခဏမှာပင် ဝင်ဝထွက်ဝ လှေကားထိပ်မှာ ရပ်လာ
မိုးခင်ကို လှမ်းမြင်လိုက်ရလေသည်။

အဆောက်အဦရဲ့ မျက်နှာစာ လှေကားထစ်တွေဟာ
ကျယ်ဝန်းသည်။ အညိုတို့ရပ်နေသော နေရာက ထိုလှေကား
များရဲ့ အောက်ခြေထောင့်ဘက်က အပင်ပုလေးတွေနားမှာ။

မိုးခင်က ထိုလှေကားထစ်များကို ခပ်မှန်မှန် နင်းကာ
လာသည်။ ဒူးအထိ စကဒ်အတိုအကျပ်လေးအောက်က စင်း
နေတဲ့ ကြိုးသိုင်းဒေါက်ဖိနပ်ဝတ် ခြေထောက်လေးတွေက
င်လို့ လှပမြဲ ...။ နားရွက်အောက်နားမှာ ကပ်နေတဲ့ အညို
ဆံပင်အရွှေအလိပ်ကလေး။ မျက်နှာတည်တည် ဝိုင်းဝိုင်းညို
ကလေးကလည်း မပြောင်းလဲ။ ပန်းဆီရောင်တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည် လည်ပင်း:ဒပိတ် အသားပျော့ပျော့ပါးပါး ခပ်ပွပွအ လေးကို စကဒ်ထဲ ထည့်ဝတ်ကာ ခါးပတ်အဖြူကလေး ပတ်ထ သည်။ ဘာဆွဲကြိုးရယ်လို့ အညို မခွဲခြားတတ်သော လှပသေ ဆွဲကြိုးရှည်ရှည်လေး ဆွဲထားသည်။ ကြိုးရှည်ရှည် အဖြူရော အိတ်ကြီးကြီးကိုလွယ်ကာ တစ်လှမ်းချင်း ဆင်းလာနေပုံက 'ဗို ငါ့မိန်းမလေး လှလိုက်တာ'ဟု အံ့သြ ဝမ်းသာ ရေရွတ်လိုက် စရာ ...။

ဘေးခွဲခွဲထားသော ရှေ့ဆံပင်တစ်ခြမ်းက မျက် တစ်ခြမ်းကို တခွေတစောင်းလေး အုပ်ထားပြီး မျက်နှာလေ ပင့်မော့ချီထားတာကြောင့်လည်း ပုံစံက ပို၍မိုက်နေသည်။

မသိရင် တကယ့် အထက်တန်းစား အသိုက်အ က ပေါက်ဖွားလာတဲ့ မိန်းကလေးလိုပါပဲ။

အညိုက မမြင်တာကြာပြီဖြစ်သော မိုးခင်ကို ငေးရင်း မိုးခင် ကိုယ့်ကို အရေးမစိုက်တာတွေ၊ ရှောင်ဖယ်နေ တွေ အားလုံးကို မေ့သွားသည်။

ထိုအခိုက်မှာ မိုးခင်က အညို့ကိုမြင်သွားကာ လှမ်းတုံ့ရပ်သွားသည်။ မိုးခင် ရပ်သွားသောနေရာက အောက် မြေပြန့်ကိုရောက်ဖို့ လှေကား နှစ်ထစ်သာ ကျန်သော အမြင့် လေးမှာ။ အညိုက ထိုလှေကားရဲ့အောက်ခြေက မြေပြန့်ရဲ့ လပ်ကျယ်ကြီးရဲ့ အဆုံးထောင့်နားမှာ။ တစ်ယောက်နဲ့တစ်ယော နီးလည်း မနီးသလို ဝေးလည်း မဝေး ...။

မိုးခင် ရပ်သွားပုံက တုန်တုန်လှုပ်လှုပ် နိုင်လှသ





မှုန်မှုန် လှမ်းဆင်းနေရာက တစ်ခုခု ထိတ်လန့်စရာတွေ့သလို နေ့ရပ်သွားသည်။ မျက်လုံးတွေထဲမှာ အရောင်အမျိုးမျိုး ဖြတ် သွားသည်။ ကိုယ့်ကိုတွေ့ရုံနှင့် ဘာကြောင့် ဒီလောက်တုန် သွားရပါသလဲဟု အညို စဉ်းစားဆဲမှာ နံဘေးကလူက အညို့ ကို တစ်ချက် ဖွဖွလှမ်းပုတ်လိုက်ရင်း ...

"ဟိုမှာ ကိုယ့်မိန်းကလေး လာပြီ၊ သွားလိုက်ဦးမယ်"

ဟု နှုတ်ဆက်လျက် လှေကားနှစ်ထစ်ကို ပြေးတက် သွားသည်။ ပြီးတော့ မိုးခင်လက်ကို ဆွဲကာ ကားပါကင်ဘက်သို့ လျှောက်သွားလေသည်။

မိုးခင်က အညို့ကို ခပ်တည်တည် တစ်ချက်သာ ကြည့်လျက် အညိုဆိုတာ သူ့ဘဝထဲမှာ မရှိခဲ့သလို၊ မသိခဲ့သလို၊ ဘာခံစားချက်မှ မရှိသလို မျက်နှာမျိုးဖြင့် ထိုသူဆွဲခေါ်ရာနောက် ပါသွားသည်။

သူတို့ကားက ကားပါကင်မှ ထွက်ကာ အညို့ရှေ့ မ်းမှ ကပ်ဝိုက်၍မောင်းထွက်သွားစဉ်မှာ ထိုသူက အညို့ကို ကပ်ပြနှုတ်ဆက်သွားသည်။ မိုးခင်က နှုတ်ခမ်းကို တင်းတင်း ကာ ရှေ့တူရူသို့သာကြည့်ရင်း တန်ဖိုးကြီးလှသော ဖရာရီကား ခင်းခန်းထဲမှာ ပါသွားသည်။

ဝေးသွားသော ကားနောက်ပိုင်းကို လှမ်းကြည့်ရင်း ညို့မျက်လုံးတွေ ဝေဝါးလာသည်။ နှလုံးတွေ အသည်းတွေ နှင်းခဲ ပျက်ကြေသွားပြီးနောက် ဘာခံစားချက်မှ မရှိတော့သည့် ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အညိုသည် ခြင်းတောင်းကိုဆွဲကာ ရုံးရှေ့မှ ခပ် သုတ် လျှောက်ထွက်လာသည်။ သိမှတ်မဲ့စွာ ဘတ်စ်ကားမှတ် ကို ကျော်၍ လျှောက်သွားသည်။ ချွေးသီးချွေးပေါက်တွေ ကျ သည်အထိ လမ်းဘေးပလက်ဖောင်းအတိုင်း ဦးတည်ရာမဲ့ လျှောက်နေသည်။ အာရုံသိတစ်ချက် လွတ်တစ်ချက်ဖြင့် ကား ကို ဖြတ်ကူးသည်။ ကားဟွန်းသံတွေ ဆဲဆိုသံတွေ ဆူညံသွား လည်း မသိသလို မကြားသလို ထုံပေနေကာ တွေ့ရာဘတ်စ် တစ်စီးပေါ်သို့ လှမ်းတက်လိုက်သည်။

"မှတ်တိုင်ပါလား ..."

"ပါတယ်"

"ပါတယ် ... ပါတယ်"

ကားစီးလာရင်း စပယ်ယာ၏ မေးသံ၊ ခရီးသည် ဖြေဆိုသံတွေကို ကြားတော့မှ သတိဝင်လာကာ အများဆင်း ရောနှောတိုးဝှေ့ဆင်းလိုက်သည်။ ဆွဲခြင်းကိုတော့ မမေ့ဘဲ တင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ လက်ဖဝါးတစ်ခုလုံး ချွေးတွေ စိုရွှဲလာပါသည်။

ထို့နောက် သူ လမ်းဆက်လျှောက်သည်။ လျှော ရင်း လျှောက်ရင်း ရပ်ကွက်တစ်ခုရဲ့ အနီးက ဘောလုံးကွင်း သို့ ရောက်လာသည်။ ခပ်သွက်သွက် သူ့ခြေလှမ်းတွေက အ တစ်ပိုင်း ဖြစ်လာသည်။

ဟင်းလင်းပွင့်နေသော ဘောလုံးကွင်းကို မြင် မှာ သူ့ရင်တစ်ခုလုံး ဟင်းလင်းပွင့်ထွက်သွားကာ လူသူက





ချက် မြက်ရိုင်းတချို့သာ ပေါက်ရောက်နေသော ကွင်းထဲသို့ ရူးတစ်ယောက်လို တစ်ရှိန်ထိုး ပြေးဝင်သွားသည်။

သူ့လက်ထဲက ဆွဲခြင်းက ပြုတ်ကျကျန်ခဲ့ကာ စား သောက်စရာဘူးတွေ ပြန့်ကျဲလွင့်စင်ကျသွားသည်။

သူ ကွင်းအဆုံးအထိ တအားပြေးသွားကာ အာခေါင် ခြစ်၍ အော်လိုက်လေသည်။

"အား ... အား ... ဟား ... ဟား ..."



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

“ကျွန်တော် အခု ပိုက်ဆံအကြေ ချေမယ် အဒေါ်၊ ပြီး[illegible] ကျွန်တော့်ကို ဒီနေ့ပဲ အခန်းအပ်ပါ၊ ကျွန်တော် လက်ကုန်[illegible] မစောင့်နိုင်ဘူး”

အခန်းပိုင်ရှင် အဒေါ်ကြီးသည် ချွေးတွေ ရွှဲနစ်[illegible] သော အညို့ရဲ့ ကယောင်ချောက်ချားပုံစံကို ကြည့်ကာ စိတ်ရှုပ်[illegible] သွားရရှင်း ...

“ဘယ့်နှယ် ဖြစ်ရတာတုန်း မောင်စည်သူညိုရယ်၊ ဘာ[illegible] ဒီလောက် အရင်လိုနေရတာလဲ၊ အဒေါ်အခန်းမှာက အ[illegible] အိမ်ငှားတွေတော့ ဆင်းသွားပါပြီ၊ ဒါပေမယ့် အခန်း[illegible] တော်တော်ပျက်စီးနေလို့ မင်းတို့ မပြောင်းခင် အမီ ပြင်[illegible] မလို့ လက်သမားဆရာ ခေါ်ထားပါတယ်၊ လက်သ[illegible] ဆရာ မအားသေးလို့ ကြာနေတာပါ”

“ရတယ် ... မခေါ်နဲ့တော့ အဒေါ်၊ ပျက်နေလည်း ရတ[illegible]





ကျွန်တော့်ဘာသာ ပြင်မယ်၊ ကျွန်တော့်ကိုသာ သော့အပ်ပါ”

“မင်း ပြင်တတ်လို့လားကွယ်၊ ရေချိုးခန်းတံခါး ပေါက်ပြဲနေတာတွေ ရှိတယ်၊ တချို့နေရာတွေ ဆေးပြန်သုတ်ရမယ်၊ မင်းတို့လက်ထဲ ပစ်စလက်ခတ် မအပ်လိုက်ချင်လို့ စေတနာနဲ့ အကုန်အကျခံ ပြင်ပေးမလို့ပါ”

“ကိစ္စမရှိဘူး အဒေါ်၊ ကျွန်တော့်ကိုသာ သော့အပ်ပါ”

“ကဲ ... ကဲ ... ရော့ ... မင်း ပြင်မယ်ဆို အဒေါ်တောင် သက်သာသေး”

မြေညီထပ်မှာနေသော အိမ်ရှင် အဒေါ်ကြီးက အညို့ကို အံ့သြသလိုကြည့်ရင်း အညို့လက်ထဲကို သော့အပ်လိုက်သည်။

အညိုက သော့လေးကို လက်ဖဝါးထဲမှာ ကျစ်နေအောင်ဆုပ်ရင်း ရှစ်လွှာတိုက်ခန်းသို့ လှေကား ကျဉ်းကျဉ်းမှောင်မှောင်လေးအတိုင်း ပြေးတက်လာခဲ့သည်။ ကိုယ့်ဘာသာ ပြန်ကြားနေရသော အသက်ရှူသံက ပြင်းထန်လွန်းသည်။

နေစရာမရှိလို့၊ ဒီလို အခန်းမြင့်မြင့် ကျဉ်းကျဉ်းစုပ်စုပ်လေးတောင် အလွယ်တကူ မငှားနိုင်ခဲ့လို့ မိုးခင်နဲ့ ခွဲနေခဲ့ရတာ မဟုတ်လား။

အခု ... အတူတူ ပြန်နေမယ်လေ။

အမြန်ဆုံး အတူပြန်နေမယ်လေ။

ဒါဆို ... ကိုယ်တို့နှစ်ယောက်ဘဝက အရင်လို ပြန်ဖြစ်သွားမယ် မဟုတ်လား မိုးခင် ...။



www.burmeseclassic.com

www.burmeseclassic.com



အညိုက တိုက်ခန်း တံခါးသော့ကို ခပ်မြန်မြန်
လိုက်သည်။ စိတ်လှုပ်ရှားသဖြင့် လက်ကတုန်နေပြီး အလျင်
နိုင်လှတာမို့ အလွယ်တကူ ဖွင့်မရဘဲ သော့က ကျပ်နေသည်
သော့ပွင့်သွားတော့ အခန်းတံခါးကို တွန်းဖွင့်လို
ချိန်မှာ အတွင်းက မကောင်းသော အနံ့အသက်တွေက လိုက်
ဆီးကြိုလိုက်သည်။

အညိုက မိန်းဆွစ်ကိုတင်ကာ မီးတွေကို လိုက်
လိုက်သည်။ ဆားပြတင်းပေါက်မရှိသော အခန်းလေးထဲမှာ မီး
လင်းသွားတော့မှ အမှိုက်တွေဖြင့် ရှုပ်ပွညစ်ပတ်နေသော မြင်
ကို မြင်ရသည်။

အညိုက ပြင်းပြသောတွန်းအားဖြင့် အခန်းကို
လင်းဆေးကြော တိုက်ချွတ်လိုက်သည်။ ပြီးတော့ အောက်ထ
ပြန်ဆင်းသွားကာ အခန်းပြင်ဖို့ လိုအပ်သော ပစ္စည်းတွေ
သည်။ ရေချိုးခန်းတံခါးကို သေချာ ပြန်ရိုက်တပ်၊ ညစ်ပတ်နေ
ကြမ်းတွေကို ဆေးချ၊ အိမ်သာ ရေချိုးခန်း တိုက်ချွတ်၊ တစ်
လုံး သန့်စင်ပြောင်လက်သွားအောင် ပြင်ဆင်နေသည်။ စိတ်
ရလာတိုင်း အောက်သို့ပြန်ပြန်ဆင်းသွားကာ အနားက စတိုး
မှာ လိုအပ်တာတွေဝယ်သည်။ ရှစ်လွှာကို အခေါက်ပေါင်း
မတွက်နိုင်အောင် တက်ချည် ဆင်းချည် လုပ်သည်။

ဖိနပ်ချွတ်မှာ ခြေသုတ်ဝတ် လှလှလေးခင်း၊
ခန်းမှာ ပစ္စည်းပစ္စယထားဖို့ ချိတ်ကလေး ကွင်းကလေး စင်က





ဆွဲတပ်၊ အိမ်ရှေ့တံခါးမှာ Home Sweet Home ဟူသော စာတမ်
ကလေးနှင့် အိမ်ပုံစံကလေး ကပ် ...။

အားလုံးပြီးတော့ မိုးချုပ်လုပြီ၊ သူ့ ထမင်းလည်းမစား
ရသေး ...။ သို့သော် ဆာလည်းမဆာ၊ သပ်သပ်ရပ်ရပ် ဖြစ်သွား
သော အခန်းလေးကို လှည့်ပတ်ကြည့်ရင်း စိတ်ကျေနပ်သွားတော့မှ
အခန်းထောင့် တစ်နေရာမှာ နံရံကိုမှီ၍ ထိုင်ချလိုက်ပြီး မိုးခင်ကို
ဖုန်းခေါ်လိုက်သည်။

ကံကောင်းထောက်မလို့ မိုးခင် ဖုန်းဖွင့်ထားတာနှင့်
ကြုံပြီး မိုးခင်က ဖုန်းကိုင်လိုက်သည်။

"ဟဲလို ..."

"မိုးခင် ... ငါပါ ..."

"ပြောပါ ..."

"ငါ အခု ဘယ်မှာလဲ နင် မှန်းကြည့်စမ်း ..."

"ငါ မသိဘူး"

"ငါ အခု ငါတို့နေမယ့် အခန်းသစ်ကို ရောက်နေတာ၊ ငါ
တစ်နေ့လုံး အခန်းကို ပြင်ဆင်နေတာ၊ အခုဆို တို့ နေလို့
ရပြီ၊ ဒီမှာ အားလုံးအဆင်သင့်ပဲ၊ နင် ဘယ်တော့ ပြောင်း
လာမလဲ ..."

"အညို ..."

"နင်ဘယ်တော့ ပြောင်းလာမလဲ"

"ငါ ..."

"ဒီနေ့တော့ မိုးချုပ်နေပြီဆိုတော့ နင်မလာချင် မလာခဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ ...၊ မနက်ဖြန်တော့ လာခဲ့ပေါ့၊ ပစ္စည်းတွေ သယ်လာဖို့ ချက်ချင်း အဆင်မပြေသေးရင် သန်ဘက်ခါလောက်မှ ပြောင်းလေ၊ မနက်ဖြန်တော့ စနေဆိုတော့ နင်လည်းရုံးပိတ်တယ်၊ တိုက်ခန်းလေးကိုတော့ လာကြည့်ဦး၊ ငါဖြင်ထားတာ နင့်ကိုပြချင်တယ်၊ နင် ဘာထပ်ပြင်ချင်သေးလဲဆိုတာ သိချင်တယ်၊ နင် လာကြည့်ပြီး လိုအပ်တာ ပြောသွားရင် ငါပြင်ထားပေးမယ်၊ ငါတော့ ဒီည ဒီမှာပဲ အိပ်စောင့်နေမယ်၊ မနက်ဖြန် မနက် တွေ့မယ်လေ ...”

အညိုက မိုးခင်နှင့် ကိုယ့်ကြားမှာ ဘာမှမဖြစ်ခဲ့သလို၊ သူ ဘာတစ်ခုမှ မမြင်ခဲ့ မကြားခဲ့သလို ပုံမှန်အတိုင်းပြောနေသည်။ မိုးခင် တစ်ခုခု ပြောလိုက်မှာကို ကြောက်ကာ သူပြောချင် တာကိုသာ အဆက်မပြတ် ပြောနေသည်။

မိုးခင်ဘက်က တိတ်ဆိတ်နေပြီးမှ ...

“ကောင်းပြီလေ၊ ငါ မနက်ဖြန် လာခဲ့မယ်”

ဟု အေးစက်စက် တုံ့ပြန်ပြောပြီး ဖုန်းချသွားသည်။

ဘာပဲဖြစ်ဖြစ်ပေါ့ ...

မိုးခင် လာမယ်ဆို သူ ကျေနပ်ပြီ ...။

အတူတူသာ ပြန်နေရလျှင် ဘာမဆို သူ မပျော်နိုင်ပါသည်။

■ ■ ■



(၂၄)

♥ ♥ ♥

“ဒေါက် ... ဒေါက်”

ဟော ...။

တစ်ညလုံး အိပ်မပျော်ဘဲ မိုးလင်းကာနီးမှ နံရံကိုမှီကာ မှေးငိုက်နေသော အညိုသည် တံခါးခေါက်သံ နှစ်ချက်ကြောင့် ဖျတ်ခနဲ မျက်လုံးပွင့်လာကာ ဦးခေါင်းက မတ်သွားသည်။

မိုး ...

ကျွန်တော့်ရဲ့ မိုး ...

ကျွန်တော် ချစ်ရတဲ့ မိုးခင်ခင် ရောက်လာပြီပေါ့ ...။

အညိုက ဖျတ်လတ်စွာ ထရပ်လိုက်ပြီး တံခါးဆီသို့ ခြေလှမ်းကျဲဖြင့် လျှောက်သွားသည်။

တံခါးဖွင့်လိုက်ချိန်မှာ အပြင်ဘက်က အလင်းရောင်ကြောင့် ရုတ်တရက် မျက်လုံးကျိန်းစပ်သွားတာမို့ ဖျတ်ခနဲ မျက်လုံးတွေကို မှိတ်ချလိုက်သည်။

တစ်ညလုံး မျက်လုံးကြောင်တောင်ဖြင့် အမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ငေးနေခဲ့တာမို့ သူ့မျက်လုံးတွေက ကျိန်းစပ်ဖန်တွတ်လျက် ရှိပါသည်။

သူက မျက်လုံးတွေကို လက်ခုံဖြင့် တစ်ချက်ဆွဲပွတ်လိုက်ပြီး မျက်လုံးပြန်ဖွင့်ကြည့်လိုက်တော့ အလင်းရောင်ကို နောက်ခိုင်းကာ ရပ်နေသော မိုးခင်ရဲ့ အရိပ်ကလေးကို မြင်ရသည်။

ပူလိုက်ဆူဝေနေသော သူ့စိတ်ဟာ မိုးခင်ကိုမြင်ခိုက်မှာ အေးချမ်းတည်ငြိမ်စပြုလာသည်။

အညိုက ခန္ဓာကိုယ်ကို ဘေးဘက်သို့ တိမ်းကာ လမ်းဖယ်ပေးလိုက်တော့ မိုးခင်က အခန်းထဲသို့ လှမ်းဝင်လာသည်။ အညိုက မီးခလုတ်တွေကိုပြေးဖွင့်ပေးလိုက်တာမို့ အခန်းက လင်းချင်းသွားသည်။

အခန်းထဲသို့ မိုးခင် လျှောက်ဝင်လာပုံက ခပ်မတ်မတ်မော့မော့၊ မျက်နှာထားက အေးစက်စက်၊ လက်ပိုက်လျက် အခန်းပတ်ပတ်လည်ကို ဝေ့ဝဲကြည့်လိုက်ရင်း နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် တွန့်ကွေးလျက် ...

"ဒါလား ... ငါနေရမယ့် အခန်း"

"ဟုတ်တယ်၊ နင် ကြိုက်ရဲ့လား ..."

"အဟက် ..."

မိုးခင်က လှောင်သလို တစ်ချက်ရယ်ကာ အညို့ကို ခပ်စွေစွေ တစ်ချက်လှမ်းကြည့်သည်။

အညိုကတော့ မိုးခင်ရဲ့ ရယ်သံကိုရော အကြည့်ကိုပါ သရုပ်မခွဲနိုင်ဘဲ မျက်နှာချိုသွေးကာ ...





"ငါ သေချာတော့ ပြင်ထားပါတယ်ဟ၊ နံရံ ဆေးသုတ်ဖို့ပဲ ကျန်တာပါ၊ နင်လာရင် ဆေးနံ့တွေ မွှန်နေမှာစိုးလို့ သုတ်မထားတာ၊ မနက်ဖြန်ကျမှ နံရံကပ် စက္ကူတွေ သွားဝယ်ပြီး ကပ်လိုက်ရင် ကောင်းမယ်ထင်တယ်၊ ဆေးသုတ်တာထက်စာရင် wall paper ကပ်တာက ပိုလှမယ်ထင်တယ်နော်၊ မနက်ဖြန် နင်ပြောင်းလာရင်တော့ အာလုံး အဆင်သင့် ဖြစ်ပါပြီ"

"ငါ မနေဘူး အညို ..."

မိုးခင်က အညို့ကိုစိုက်ကြည့်ရင်း ပြောလိုက်သည်။ သို့သော် အညိုက မကြားသလိုပုံစံဖြင့် နံရံမှာ ကပ်ထားသည့် ချိတ်ကလေးတွေကို သွားဖြုတ်နေသည်။

"အညို ... ငါပြောတာ ကြားလား"

အညိုက မိုးခင်ကို လှည့်မကြည့်ဘဲ ...

"ဒီအခန်းက ငါတို့အခန်းလေ၊ ငါတို့ အတူနေမှဖြစ်မှာပေါ့၊ မိုးခင် ဒီချိတ်ကလေးတွေကို အိပ်ခန်းနံရံမှာ ပြောင်းတပ်ရင် ကောင်းမလား၊ နင့်ပစ္စည်း အတိုအထွာလေးတွေ ချိတ်လို့ရအောင်လေ ..."

"　　　　　　"

... ... ... ...

အညိုက မိုးခင်ကို ကျောခိုင်းထားရင်း မျက်ဝန်းထဲမှ စီးစွတ်လာသည့် မျက်ရည်တွေကို မျက်တောင်ပုတ်ခတ်၍ ခြောက်သွေ့စေရင်း အသံကို မတုန်အောင်ထိန်း၍ ပြောလိုက်သည်။



www.burmeseclassic.com

ခုချိန်မှာ သူ့အကြောက်ဆုံးက မိုးခင်ဘက်က တစ်ခုခု ပြောလိုက်မှာကိုပင် ...။

"အညို ..."

"... ... ... ..."

"ငါ နင့်ကို ပြောစရာရှိလို့ လာခဲ့တာ"

ဟင့်အင်း ... မပြောနဲ့၊ မပြောပါနဲ့ မိုးခင်ရယ်၊ နင် ဘာမှမပြောပြပါနဲ့။ ငါ့ဆီက ဘာမှ မတောင်းဆိုပါနဲ့။

"အညို ..."

မိုးခင်က အညို့ကျောနားမှာ ရပ်၍ခေါ်သည်။ အညိုက မတုံ့ပြန်။ မိုးခင်က အညို့ ပခုံးနှစ်ဖက်ကို ဆွဲ၍ လှည့်လိုက်တော့မှ မျက်နှာချင်းဆိုင် ရပ်မိသွားသည်။

"အညို ... ငါ ပြောစရာရှိတယ်"

"နောက်မှ ပြောပါဟာ၊ အေးအေးဆေးဆေးပေါ့ ...၊ နင် လာရင် စားဖို့ ကိတ်မုန့်တစ်လုံး ငါ မနေ့ညနေကတည်းက ဝယ်ထားတယ်၊ မွေးနေ့တုန်းက မကျွေးလိုက်ရလို့ ခုမှကျွေးရတာ၊ လာ ... စားလိုက်ဦး"

အညိုက မိုးခင်လက်ကို လှမ်းဆွဲခေါ်လိုက်ချိန်မှာ မိုးခင်က သူမလက်ကို ဆတ်ခနဲ ဆောင့်ဆွဲရုန်းလိုက်ရင်း ...

"နင် ငါ့ကို ကတိပေးထားတယ်နော် အညို ..."

"ဘာကတိလဲ၊ ဘာကတိမှ ငါ မပေးဖူးဘူး"

"ငါ သွားချင်တဲ့အချိန်မှာ ထွက်ခွာခွင့် ပြုဖို့ နင် ကတိပေးထားခဲ့တယ်လေ အညို ..."





အညိုက တုန်လှုပ်သွားသော စိတ်ကို ထိန်းချုပ်ရင်း မိုးခင်၏ ပခုံးနှစ်ဖက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...

"အရင်တုန်းက ကိစ္စတွေ ပြန်ပြောမနေပါနဲ့တော့ဟာ၊ အဲ့ဒါတွေ မေ့ထားလိုက်ရအောင်၊ နင် ငါ့ကို ဘာမှလည်း ပြောမပြနဲ့ ... ရှင်းမပြနဲ့၊ ငါ ဘာမှ မသိချင်ဘူး၊ ငါတို့တစ်တွေ မေ့သင့်တာတွေကို မေ့ပြီး ရှေ့ဆက် ပျော်ပျော် ရွှင်ရွှင် နေသွားနိုင်ဖို့ပဲ အရေးကြီးတယ်"

"ပျော်ရွှင်ရမယ် ... ဘာအတွက် ပျော်ရွှင်နိုင်မှာမို့လို့လဲ"

မိုးခင်က အညို့လက်တွေကို ဖြုတ်ထုတ်ကာ နောက်ခြေလှမ်းဆုတ်ရင်း မေးလိုက်သည်။ မိုးခင် မျက်လုံးတွေက အေးစက်စူးရှကာ ရက်စက်တော့မည့် အရိပ်အယောင်တွေ ယှက်သန်းသွားသည်။

"နေစရာ ထိုင်စရာ အတည်တကျ မရှိလို့ ပျော်ရွှင်ရမှာလား၊ မိသားစုထဲမှာ နာရေး ဖျားရေးကိစ္စ ပေါ်လာရင် ပိုက်ဆံကုန်မှာကို စိုးထိတ်ရင်း ပျော်ရွှင်ရမှာလား၊ စုတ်ပြတ်သတ်နေတဲ့ ဘဝကြီးထဲမှာ ငါက ဘာကိုပျော်ရမှာလဲ၊ ဟောဒီလို စုတ်ပြတ်မှောင်မိုက် ကျဉ်းမြောင်းတဲ့ အခန်းထဲမှာ ဘယ်လောက်ကြာကြာနေပြီး ပျော်ရွှင်ရဦးမှာလဲ၊ ကိုယ့်နေရာမပျောက်ဖို့၊ ကိုယ့်အလုပ် မပြုတ်ဖို့၊ ကိုယ့်ဘဝ တိုးတက်မြင့်မားဖို့ ဘယ်လိုလူမျိုးတွေရဲ့ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး စိုးတထိတ်ထိတ် ရှင်သန်နေထိုင်ရဦးမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးတစ်ယောက်ရဲ့ မိန်းမအဖြစ် ဘယ်လောက်ကြ ကြာ စုတ်စုတ်ပြတ်ပြတ် နေရဦးမှာလဲ ...”

“မိုးခင် ... နင် ...”

“နင် ဘာမှမပြောနဲ့ ...၊ ဘာအကြောင်းပြချက်နဲ့မှ ငါ နင့်နားမှာ နေဖို့မပြောနဲ့၊ နင် ငါ့ကို ကတိပေးထားခဲ့တ လေ၊ ငါလိုအပ်တဲ့အချိန်မှာ ငါ့အနားမှာ နေပေးပြီး ငါ မလိုအပ်တော့ဘူးဆိုတဲ့ အချိန်မှာ ငါ့အနားက အသ တကြည် ထွက်ခွာပေးမယ်ဆို၊ ငါ့ကို နင့်ထက် စိတ်ချ သာအောင် ထားနိုင်တဲ့သူမျိုးနဲ့ တွေ့ရင် သွားတော့ တစ်ခွန်းတည်း ပြောလိုက်ရုံနဲ့ ဘာတစ်ခွန်းမှ စောဒ မတက်ဘဲ ထွက်သွားပေးမယ်ဆို ...၊ အခု နင် ထွက် ပေးဖို့ အချိန်တန်ပြီ အညို၊ မနေ့က နင်တွေ့ခဲ့တဲ့ လူဟာ

“မပြောနဲ့ ...၊ နင် ငါ့ကို အဲ့ဒါတွေ မပြောနဲ့၊ ငါမသိဘူ မသိချင်ဘူး၊ အဲ့ဒီတုန်းက ငါ ဘာမှ မမြင် မသိ မကြားဘ အဲ့ဒီတုန်းက ငါ ပင်းနေ ကန်းနေတယ် ...”

အညိုက ခပ်ဆတ်ဆတ် အော်၍ တားလိုက်သည် အညို့တစ်ကိုယ်လုံးလည်း တုန်ရီလာပါသည်။

“မိုးခင် ... နင် အာရုံတွေ ထွေပြားနေတာပါ၊ ငါတို့ လင်မယားလေ မိုးခင်၊ ငါတို့ လက်ထပ်ခဲ့ကြတယ်လေ အတူနေခဲ့ကြတယ်လေ ...၊ ဒါကို ငါတို့ အလွယ်တ ချိုးဖျက်လို့ မရဘူးလေ ...”

“နင့်ကို ချစ်တယ်လို့ တစ်ခွန်းပြောခဲ့ဖူးသလား”





မိုးခင်၏ မေးခွန်းက အညို့ကို အရှိုက်ထိသွားစေသည်။ အညိုက မဖြေနိုင်ဘဲ ကြောင်ငေးနေလျှင် မိုးခင်က နှုတ်ခမ်းလေး တွန့်ကွေးကာ တစ်ချက်ပြုံးလိုက်ရင်း ...

“နင် တောင်းပန်ခယခဲ့လို့ ငါ နင့်ကို လက်ထပ်ခဲ့တာ၊ နင့်ကတိကို ယုံလို့ ငါ လက်ထပ်ခဲ့တာလေ အညို ...”

“ဒါပေမယ့် ငါတို့ ပျော်ရွှင်ခဲ့ကြဖူးတယ်လေ၊ သံယောဇဉ် ရှိခဲ့ကြတယ်လေ ...”

“အဟက် ... သံယောဇဉ် ...၊ အဲ့ဒီသံယောဇဉ်က ဘာသွားသုံးစားလို့ ရသလဲ၊ လောကမှာ အရေးကြီးတာက မျက်နှာမငယ်ရဘဲ တင့်တင့်တယ်တယ် အထက်တန်းကျကျ နေထိုင်နိုင်ဖို့ပဲ၊ အဲ့ဒီလို နေနိုင်ရင် အားလုံးကို အနိုင်ရတာပဲ”

“မိုးခင် ... နင် ... အဲ့ဒီလောက်ကြီး လောကကြီးကို အရွဲ့မတိုက်ပါနဲ့၊ နင် ပြောဖူးတာ နင်မေ့ပြီလား၊ လောကကြီးမှာ အကျင့်စာရိတ္တတွေ စိတ်ဓာတ်တွေ အဆင့်အတန်း နိမ့်ကျနေတဲ့သူတွေ မဟုတ်တာလုပ်ပြီး ကောင်းစားနေတာ တွေ့ရင် နင် မနာလိုဘူးဆို၊ မကျေနပ်ဘူးဆို၊ နင်ကိုယ်တိုင် အဲ့ဒီလို မိန်းမမျိုး အဖြစ်ခံမလို့လား”

“ငါက သူများယောကျ်ားကို မခိုးဘူး ...”

“ဟား ... မိုးခင်ရာ၊ သူများ ယောကျ်ား မခိုးပေမယ့် အပြစ်မရှိတဲ့ ကိုယ့်ယောကျ်ားကို သစ္စာဖောက်ပြီး သူများသားသမီး လူပျိုလူရွယ်ကို လှည့်ဖျားပြီးယူရင်လည်း ငါတို့ဘာသာမှာ ဒုသနသောပဲ၊ အဲ့ဒါ အောက်တန်းကျတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်သူ့ကိုမှ မဖြားယောင်းဘူး၊ ခင်းလာတဲ့ လ
ပေါ်မှာ အလိုက်သင့် လျှောက်လိုက်မိတာပဲ ရှိတယ် ...
"နင် ... ရပ်ပစ်လိုက်လေ ..."
"ငါ ရပ်တန့်လို့ မရတော့ဘူး၊ ရပ်လည်း မရပ်ချင်တော
ဘူး၊ ငါလျှောက်မိတဲ့ လမ်းက သာယာလွန်းလို့ပါ အ
ကျေးဇူးပြုပြီး ငါ့ကို အဲ့ဒီလမ်းကို ဆက်လျှောက်ခွင့်ပေး
ငါလျှောက်ပါရစေ၊ ငါ့ဘဝမှာ ဒီလိုလမ်းမျိုး တစ်ခါ
မလျှောက်ခဲ့ဖူးလို့ပါ ..."

မိုးခင်က ဒေါသဖြင့် ပြောနေရင်းက အောက်
အသနားခံလိုက်ပြန်သည်။ သူမ မျက်ဝန်းတွေက မတည်မငြိမ်
လှသည်။ ချမ်းသာချင်လွန်းလို့ သွေးရူးသွေးတမ်း ကယောင်ကတ
ဖြစ်နေသော သူမပုံစံကို စိုက်ကြည့်ရင်း ရင်ထဲမှာ ဆို့လာသည

"မိုးခင်ရယ် ... ဘာလို့ ရက်စက်ရတာလဲ၊ ငါ့အပေါ် ဘာ
ဒီလောက် ရက်စက်နိုင်ရတာလဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့

မိုးခင်က မဲ့ပြုံးတစ်ချက်ဖြင့် အညို့ကို စိုက်ခနဲကြ
လိုက်ရင်း ...

"နင့်မှာ အပြစ်ရှိတယ်ဆိုတာ နင်မသိဘူးလား"
"အပြစ်ရှိတယ် ..."
"ဟုတ်တယ် ...၊ နင် ငါ့ကို တင့်တောင့်တင့်တယ် မ
နိုင်ခဲ့တာ၊ ငါ့ဘဝကို လုံခြုံမှုရှိအောင် ကာကွယ်မပေးနိ
တာ နင့်အပြစ်ပဲ ..."
"ဒါပေမယ့် နင့်ဘဝ မြင့်မားအောင်တော့ ငါ့ပခုံးနဲ့ ထ





တင်ပေးခဲ့တယ်လေ ...၊ နင့်ကို စိတ်ချမ်းသာအောင် ငါ ထားခဲ့တယ်လေ ..."

"နင်က ငါ့ကို စိတ်ချမ်းသာအောင် ထားပေးခဲ့တယ်ဆိုပြီး ကျေနပ်နေတာလား၊ အဲ့ဒါဆို နင်မှားနေပြီ"

"ဘာ ..."

"ငါ စိတ်မချမ်းသာဘူး၊ စုတ်ပြတ်တဲ့ ဘဝထဲမှာလည်း ငါ မပျော်ခဲ့ဘူး၊ ဘာမဟုတ်တဲ့ နင့်မိဘအသိုက်အဝန်းရဲ့ အသိအမှတ် အပြုမခံခဲ့ရတာကိုလည်း ငါခံပြင်းတယ်၊ နင်ကြည့်နေလိုက် အညို ... ဂုဏ်သရေရှိ အသိုက်အဝန်းတစ်ခုက မိဘတွေကတောင် ငါ့ကို အသိအမှတ်ပြု လက်ခံလာအောင်၊ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်ပေးအောင် ငါ လုပ်ပြမယ် ...၊

"မိုးခင်ခင် ဆိုတာ ကိုယ် မပျော်တဲ့ အိမ်ထောင်တစ်ခုမှာ တစ်သက်လုံး အောင့်အည်းပြီး ငြိမ်သက်ချောင်ပိတ်ခံနေမယ့် မိန်းမမျိုး မဟုတ်ဘူး၊ အိမ်ထောင်ပြုမိတာနဲ့ပဲ ကိုယ့်ဘဝရဲ့ဆန္ဒတွေကို အကျဉ်းချပြီး မထူးဇာတ်ခင်းပြီး ဆံဖြူသွားကြွေ ပါးရေနားရေ တွန့်တဲ့အထိ ကိုယ့်ဘဝကို အဆင့်အတန်းမြင့်အောင် မစွမ်းဆောင်နိုင်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ပေါင်းသင်းသွားမယ့် မိန်းမမျိုး မဟုတ်ဘူး၊ မိန်းမတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အိမ်ထောင်ကြိုးတစ်ခုနဲ့ လာချုပ်ထားဖို့ မကြိုးစားနဲ့ အညို ...၊ ငါ့ကို လွတ်လပ်ခွင့် ပေးလိုက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"မိုးခင်ရယ် ..."

အညိုသည် ပြင်းထန်လှသော မိုးခင်၏ စကား တွေ၊ စူးရှစိန်းလက်သော မျက်ခန်းတွေကို မယုံနိုင်စွာ ကြည့် နောက်သို့ ခြေတစ်လှမ်းဆုတ်မိတော့ အခန်းနံရံကို ကျောနှင့် မိသွားသည်။

"မိုးရယ် ... နင် ဆိုးလိုက်တာ၊ ရက်စက်လိုက်တာ၊ နင့် ငါ ကြောက်လိုက်တာ၊ သွားပါတော့ ... နင် သွားလို သွားပါတော့ ..."

အညိုက အေးစက်တုန်ယင်နေသော လက်ဖဝါး ဖက်ဖြင့် ခေါင်းကို အုပ်ကိုင် ကုပ်ကပ်ထားရင်း နံရံကို ပွတ်ရွေ မှီချကာ ခေါင်းငုံ့ ဒူးကွေးလျက် ထိုင်ကျသွားသည်။ အညို့ ကိုယ်လုံးဟာ တဆတ်ဆတ်တုန်နေပါသည်။ မိုးခင်က အညို့ရှေ ရပ်၍ အညို့ကို ငုံ့ကြည့် ငြိမ်သက်နေပြီးမှ ...

"ကျေးဇူးပဲ ..."

ဟု ပြောပြီး လှည့်ထွက်သွားသည်။

သမံတလင်းကြမ်းပြင်နှင့် ထိခတ်လျက် ထွက် လာသော ဒေါက်ဖိနပ်သံက တဖြည်းဖြည်း ဝေးသွားလျက် အ တံခါးက ကျွီခနဲ မြည်ကာ ပြန်ပိတ်သွားသည်။

အလှဆင်ထားသော အခန်းကလေးက မိုးခင် တို မိသွားသဖြင့် တချွင်ချွင် မြည်ကျန်ခဲ့သော မျက်နှာကြက်ဆွဲလ လေးရဲ့ အသံမှအပ တိတ်ဆိတ်လျက် ကျန်ရစ်ခဲ့ပါသည်။



(၂၅)

"ဒါလေးက ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်နှောင်မှုအထိမ်း အမှတ်ပါ၊ လက်ခံပေးပါ ...၊ ကိုယ် မင်းကို လက်ထပ် ပါရစေ ... ခွင့်ပြုပါ မိုးခင်"

နေယွန်းက ကတ္တီပါဘူးလေးကို အဖုံးကလေး ဖွင့် ကာ စားပွဲပေါ်သို့ တင်လိုက်သည်။

မိုးခင်သည် ဘူးနီကလေးထဲက စိန်လက်စွပ်ကလေး ကို စိုက်ခနဲကြည့်လိုက်ရင်း လိုချင်လွန်းလို့ ရူးသွားသော်လည်း ခြေဆည်ကာ လက်စွပ်ဘူးကို နေယွန်းဘက်သို့ ပြန်တွန်းရွှေ့ ပေးလိုက်သည်။

မိုးခင်ထံပါးမှာ ကျွံနှစ်နေသော နေယွန်းက စိုးထိတ် သွားပုံဖြင့် ...

"ဘာ ... ဘာဖြစ်လို့လဲ မိုးခင်၊ ကိုယ့်ကို လက်မခံနိုင်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်တစ်ယောက်တည်းရဲ့ ဆန္ဒနဲ့တော့ လက်မခံပါရစေ
နေ ..."

နေယွန်းက လက်တစ်ဖက် ကာပြလျက် ...

"ခဏလေး ... ကိုယ် နားမလည်လို့ ဒီယောကျ်ားက ဒီမိန်း
ကို လက်ထပ်ဖို့ကိစ္စမှာ ဒီယောကျ်ား ဆန္ဒထက် အရေးပြ
တာ ဘာရှိသေးလို့လဲ၊ ကိုယ် မရှင်းဘူး၊ ရှင်းအောင် ပြေ
လေ"

"အခု ရှင်က ရှင့်သဘော ရှင့်ဆန္ဒတစ်ခုတည်းနဲ့ ကျွန်မ
တိတ်တဆိတ် လက်ထပ်ခွင့်တောင်းတာလေ၊ ဒီလိုမျိုး
ကိုယ်ကြား တောင်းတဲ့ လက်ထပ်ခွင့်မျိုးကို ကျွန်မ တိတ်
တဆိတ်လေး လက်မခံလိုက်ချင်ပါဘူး"

"ဆိုလိုတာက ကိုယ်က လူတွေအများကြီးရှေ့မှာ ဥဝ
ကိုယ်တို့ရုံးက လူတွေအများကြီးရှေ့မှာပဲ ဖြစ်ဖြစ်ပေါ့
ဟုတ်လား၊ သူတို့တွေအားလုံးရှေ့မှာ မင်းရှေ့မှာ ဒူးထော
ပြီး လက်ထပ်ခွင့်တောင်းစေချင်တာမျိုးလား၊ အိုခေ
ကိုယ်သိပြီ၊ မိန်းကလေးတွေက အဲ့ဒီလို ခွင့်တောင်းခံရ
မျိုးကို သဘောကျတတ်ကြတယ်၊ ကိုယ် မေ့နေတာ
အဲ့ဒါမျိုး စိတ်မကူးမိလိုက်ဘူး၊ ဆောရီး ...၊ မနက်ပြ
မိုး ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ကိုယ့်ရုံးက လူတွေရှေ့
မိုးကို ကိုယ် လက်ထပ်ခွင့်တောင်းမယ်"

"အဲ့ဒီလိုမဟုတ်ပါဘူး နေ ...၊ မိုးခင် ပြောတဲ့သဘော





နေ့ အိမ်က လူကြီးမိဘတွေရဲ့ ဆန္ဒမပါဘဲ တောင်းတဲ့
လက်ထပ်ခွင့်ကို မိုးခင် လက်မခံနိုင်ဘူးလို့ ပြောတာပါ"

"မာမီတို့ကို နောက်တော့ ပြောပြမှာပေါ့ကွာ၊ မာမီတို့က
ကိုယ့်ကို အရမ်းချစ်တာပါ၊ ကိုယ့်သဘောဆန္ဒကို လိုက်
လျောပေးမှာပါ၊ မိုးကို ကိုယ် သိပ်ချစ်မှန်းသိရင် မာမီ
မတားရက်ပါဘူး၊ ပြီးတော့ မိုးကိုလည်း သူတို့ သဘောကျ
ကြမှာပါ၊ မိုးက ကုမ္ပဏီအတွက် အားကိုးရတဲ့ ချွေးမလှလှ
ထက်ထက်မြက်မြက်လေးပဲလေ ..."

"အဲ့ဒီလောက် မလွယ်ကူဘူး ထင်ပါတယ် နေ၊ မိုးခင်ဘဝ
က နေတို့ မိသားစုရဲ့ဘဝနဲ့ တခြားစီပဲလေ၊ အခြေအနေ
တွေက ကွာဟလွန်းပါတယ်၊ နေ့ မိဘတွေက သဘောမတူ
ဘဲနဲ့တော့ ဒီလက်စွပ်ကို မိုးခင် လိပ်ပြာလုံလုံ မဝတ်နိုင်
ပါဘူး"

"အား ... မိုးက တကယ် စားတယ်ကွာ၊ အဲ့လောက်ကြီး
အလေးအနက်ကြီး တွေးတော့ အာရုံနောက်တာပေါ့၊ ပျော်
ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးပဲ တွေးစမ်းပါ၊ မိုးကို ကိုယ်
ချစ်တာပဲ၊ ဘယ်သူ သဘောတူတူ မတူတူ ကိုယ် မိုးကို
လက်ထပ်မှာပဲ ..."

"နိုးပါ ... နေ၊ မိုးခင်က အဲ့ဒီလို ပုံစံဖြစ်လာမှာကို လုံးဝ
မကြိုက်ပါဘူး၊ ယောက္ခမတွေက မကြည်ဖြူ လက်မခံနိုင်
တဲ့ ချွေးမတစ်ယောက်အဖြစ် မျက်နှာအငယ်မခံနိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မိဘတွေက လိုလိုလားလား ကြည်ကြည်ဖြူဖြူ လက်ထပ်ပေးတာမျိုးကိုပဲ လိုချင်ပါတယ် ...”

“မိုးကို သူတို့ ကြည်ဖြူမှာပါလို့ ကိုယ် အာမခံတယ်ကွာ”

“အဟင်း ...”

“မင်း ... ရယ်တယ် !”

“အဟင်း ... ရယ်တယ်လေ၊ ရယ်ရတာကိုး ...”

“မိုး ကိုယ့်ကို မရိုနဲ့နော်”

“မရိုပါဘူး၊ ရှင် အာမခံရဲတာကိုသာ ရယ်ချင်မိတာပါ”

“အေး ... ရယ်ပါ ... ရယ်ပါ၊ မင်း စောင့်ကြည့်နေလိုက် ကိုယ့်အိမ်ကို ကိုယ် ဘယ်လောက်ပိုင်တယ်ဆိုတာ သိစေရမယ်၊ မင်း စောင့်ကြည့်နေလိုက် ...”

မိုးခင်က လှပညို့ငင်စွာပြုံးလျက် နေယွန်းကို စိုက်ကြည့်နေလိုက်သည်။

နေယွန်းက ကလေးလို မျက်နှာစူပုပ်လျက် လက်ရှိဘူးကို ဆတ်ခနဲ ပြန်ကောက်ယူကာ သူ့ဂျာကင်အိတ်ထဲသို့ ထည့်လိုက်သည်။

ထိုခဏမှာ မွှေးပျံ့ပူနွေးသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

သီးသန့် စားသောက်ခန်းထဲမှာ သီချင်းသံ တိုးတိုးလေးက ငြိမ့်ငြိမ့်ညောင်းညောင်းလေး ထွက်ပေါ်နေသည်။

စိတ်ကောက်သလို ဂျစ်တစ်တစ်ဖြစ်နေသောနေယွန်းက မိုးခင်ကို လှမ်းကြည့်တော့ မိုးခင်က လှပစွာ ပြုံးပြလိုက်သည်။





တစ်ချက် ပြုံးလိုက်ရုံနှင့် အရာအားလုံး ပြေလည်သွားကာ နေယွန်းက အသားနုအိအိ တစ်ဖတ်ကို ဇွန်းဖြင့်ခပ်၍ မိုးခင်၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

မိုးခင်က အသားတုံးကို ဇွန်းခက်ရင်းဖြင့် ဖဲ့ကာ သေသပ်လှပစွာ သုံးဆောင်နေလိုက်သည်။

သက်သောင့်သက်သာရှိလှသော အခြေအနေတစ်ခုမှာ စီးမျောရင်း အရာအားလုံးကို မေ့ထားဖို့အတွက် မိုးခင် နှလုံးသားက အဆင်သင့် ဖြစ်နေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(၂၆)

♥ ♥ ♥

"ကိုနိုင် ... ဒီညနေ သားငယ့်သည်ကို ထမင်းဖိတ်ကျွေးရ
မို့လို့ နဒီ စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်နော်"

ဒေါ်မြနဒီက ခင်ပွန်းဖြစ်သူရဲ့ ခြေထောက်တွေ
ရေပတ်တိုက်ပေးပြီးပြီမို့ ခြေရင်းက စောင်အပါးလေးကို ရင်ဘတ်
ထိ ဆွဲခြုံပေးရင်း ပြောလိုက်ပါသည်။

ကိုယ့်နှလုံးသားကို အကြိမ်ကြိမ် နာကျင်ပင်ပန်း
ဆင်းရဲစေခဲ့သော ကိုယ့်ယောကျ်ားဟာ ခုတော့လည်း ကလေးငယ်
သဖွယ် ငြိမ်သက်လျက်ကျန်ရစ်သည်။ ခုလိုဖြစ်မှပဲ ကိုယ့်ယောကျ်ား
ကို ကိုယ် ပိုင်ပိုင်နိုင်နိုင် ပြန်ရသလို ဖြစ်ရသည်။ အရင်တုန်း
ကတော့ အိမ်အပြင်ကို ဦးတည်နေတဲ့ သူ့ခြေထောက်တွေကို ဘယ်
လိုအင်အားမျိုးနဲ့မှ ဆွဲမထားနိုင်ခဲ့တာပါ။

ဒေါ်မြနဒီက အိပ်ခန်းထဲမှ ထွက်လျက် မီးဖိုချောင်
ဘက်သို့ ဝင်လာခဲ့လိုက်သည်။





နာရီ တစ်ချက်ကြည့်မိတော့ ညနေ ၅ နာရီခွဲ ...။
ခြောက်နာရီလောက် ရောက်မည်ဟု သားက ပြောထားခဲ့သည်။

"အားလုံး ပြီးပြီလား ... အိချို"

"အဆင်သင့်ပါပဲ အန်တီ ..."

ထမင်းချက် မိန်းကလေးတွေက ထမင်းစားပွဲပေါ်သို့
အားသောက်ပွဲတချို့ တင်ကာ ပြင်ဆင်နေသည်။ တချို့က သစ်သီး
တွေ၊ တချို့က ပန်းကန်အသစ်တွေကို နံရံကပ် ဗီရိုထဲက ထုတ်ယူ
နေသည်။ ဟင်းပွဲတွေကို မိုက်ခရိုဝေ့ဖ်ထဲ ထည့်နွေးသူက နွေးနေ
သည်။

ဒေါ်မြနဒီက သူတို့ချက်ထားသည့် ဟင်းတွေကို
တစ်မျိုးချင်း သေချာ လိုက်စစ် မြည်းကြည့်နေလိုက်သည်။ ဟင်း
အစပ်အဟပ် အတွဲအဖက် မီနူးကို ကိုယ်က ဆွဲပေးပြီး ထမင်းချက်
မိန်းကလေးတွေကို ချက်စေခဲ့တာပင် ...။

ဒေါ်မြနဒီက ကြက်သားသုပ်နည်းနည်း ယူ၍ မြည်း
ကြည့်လိုက်ရင်း ...

"အိချို ..."

"ရှင် ... မမ"

"ကြက်သားသုပ်က ပေါ့ရွတ်ရွတ်နဲ့ စားမကောင်းဘူး၊ အငန်
နည်းနည်း အစပ်နည်းနည်း ထပ်ထည့်လိုက်ဦး"

"ဟို ... ကိုနေယွန်းက ဟင်းတွေကို သိပ်မစပ်ဘဲ ခပ်ပေါ့
ပေါ့ ချက်လို့ လာပြောထားလို့ပါ မမ ..."

"သားက ... !"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနန္ဒီက အံ့သြစွာ မျက်ခုံးပင့်မိပါသည်။

"သားက ဒီမီးဖိုချောင်ထဲထိ လာပြောသွားတာလား"

"ဟုတ်ကဲ့ ... မမ၊ မနေ့ကတည်းက ဝင်လာပြောသွားတာ ပါ၊ ကိုနေက အစပ်ကြိုက် အငန်ကြိုက်လို့ ကျွန်မတို့ ကိုနေ့အကြိုက် ချက်မလို့ပါ၊ ကိုနေက သူ့ဧည့်သည် အငန် အစပ် မကြိုက်ဘူးဆိုလို့ ဧည့်သည်အကြိုက် လု ထားပေးရတာပါ"

ဒေါ်မြနန္ဒီက အံ့သြစွာ အတွေးနက်လျက် မီးဖိုချော ထဲမှ ပြန်ထွက်လာပါသည်။

သားရဲ့ ဧည့်သည်ဟာ သားအတွက် ဘယ်လော ထူးကဲတဲ့ ဧည့်သည်မို့လို့ သားက တစ်ခါမှ ခြေဦးမလှည့်ဖူး မီးဖိုချောင်ထဲအထိဝင်ပြီး တစ်ခါမှ မစွက်ဖက်ဖူးတဲ့ မီးဖိုချောင်ကိ အထိ လိုက်ပြောခဲ့တာလဲ ...။

ကျားလား၊ မလား၊ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ၊ သား ဘယ်လိုပတ်သက်လဲဆိုတာ မသိရဘဲ သားက ...

"မာမီ ... သားရဲ့ အထူးဧည့်သည် တစ်ယောက်ကို အိမ် ထမင်းဖိတ်ကျွေးချင်လို့ မာမီ စီစဉ်ပေးထားနော်"

ဟုသာ ပြောခဲ့ကာ ဒီထက်ပိုပြီး ဘာမှမေးလို့မ ဘာမှလည်း ပြောပြမထားခဲ့ပါ။

"သား ဧည့်သည်ကို ကောင်းကောင်းမွန်မွန် ဧည့်ခံရမ နော် မာမီ၊ သားဧည့်သည်ရှေ့မှာ သားကို မျက်နှာပျ အောင် မလုပ်ကြေး ..."





မျက်နှာရှေ့မှာ လက်ညှိုးလေးတစ်ချောင်းထောင်ကာ ခစ်ဖွယ် အမူအရာလေးနှင့် သားပြောခဲ့ကတည်းက ဒေါ်မြနန္ဒီက းစိတ်ကြိုက်ဖြစ်အောင် ဒီညစာစားပွဲကို ဂရုတစိုက် ပြင်ဆင် ခဲ့တာပါ။

"နန္ဒီ ဘာဖြစ်လာတာတုန်း ... ညည်းမျက်နှာက မီးဖိုချောင် ထဲမှာ ချော်မိလာတဲ့ မျက်နှာမျိုး ဖြစ်နေပါလား ..."

ဧည့်ခန်းမှာ ထိုင်နေသော မမကြီးက ထုံးစံအတိုင်း ကို ခပ်ရွဲ့ရွဲ့ လှမ်းပြောသည်။

နန္ဒီက ပျက်ချင်ချင် မျက်နှာထားဖြင့် မမကြီးရှေ့က မှာ သွားဝင်ထိုင်လိုက်ရင်း ...

"မမကြီး ..."

"အင်း ... ပြော၊ ဘာပြဿနာ ရှိပြန်ပြီလဲ"

"မမကြီး ဘယ်လိုထင်လဲ ..."

"ဘာကို ဘယ်လိုထင်ရမှာလဲ၊ ညည်းဟာက အရင်းမရှိ အဖျားမရှိ ..."

"သား ခေါ်လာမယ့် ဧည့်သည်ကို ပြောတာပါ၊ အထူး ဧည့်သည်လို့တော့ ပြောထားတယ်၊ ပြီးတော့ သားကိုယ်တိုင် မီးဖိုချောင်ထဲ ဝင်ပြီး သူ့ဧည့်သည်အကြိုက် ဘယ်လိုချက် ပါလို့ ပြောသွားတယ်တဲ့၊ ထူးထူးဆန်းဆန်း"

"ဒီလောက် သိသာနေတာတောင် ညည်းက မခန့်မှန်းတတ် ဘူးလား"

"ဘာသိသာလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူယူမယ့် မိန်းကလေးပဲ ဖြစ်မှာပေါ့၊ ဒီလောက်ရှင်းနေတဲ့ကိစ္စကို သဘောမပေါက်ဘူးလား"

"အို ... မဟုတ်တာ၊ အဓိပ္ပာယ် မရှိတာ မမကြီးကလည်း သားက ငယ်ပါသေးတယ်၊ ပြီးတော့ သူ့မှာ ရည်းစားရှိတယ်လို့လည်း မကြားမိပါဘူး"

ဒေါ်မြနန္ဒီက ပျာပျာသလဲ ငြင်းမိသည်။ ဒေါ်မျိုးမေက တစ်ချက်ရယ်လိုက်ရင်း ...

"အရင်က မကြားမိသေးရင် ဒီနေ့တော့ ကြားရတော့မှာပေါ့အေ၊ ငါပြောတာ မှန်မမှန် ညည်း စောင့်ကြည့်နေလိုက်၊ ညည်းစိတ်ကိုလည်း ပြင်ဆင်ထား၊ ဒီလောက် သိသာနေတဲ့ ကိစ္စကြီးကို ညည်း အလို့ မရိပ်မိတာ၊ ငါတောင် သဘောပေါက်တယ်၊ ဟော ... ကားသံကြားတယ်၊ လာကြပြီထင်တယ်"

ကားသံကြားခိုက်မှာ ဒေါ်မြနန္ဒီက ကယောင်ချောက်ချား ဖြစ်ချင်လာပါသည်။ ဘယ်လိုမိန်းကလေးမျိုးကို သားခေါ်ဆောင်လာမှာလဲဆိုတာ တွေးရင်း စိတ်လှုပ်ရှားစွာ ထရပ်လိုက်မိသည်။ ထိုခဏမှာ ဧည့်ခန်းထဲသို့ သားနှင့်အတူ လှမ်းဝင်လာသော မိန်းကလေးကို တွေ့လိုက်ရလေသည်။

'မိုးခင်ခင် ...'

ဒေါ်မြနန္ဒီ ရင်ထဲမှာ ဟာလာဟင်းလင်း ပွင့်ထွက်သွားသည်။ ဘာရယ်လို့ အကြောင်းပြချက် မည်မည်ရရ မရှိဘဲကို စိတ်ထဲကနေ မနှစ်မြို့ မယုံကြည်မိသော မိန်းကလေး။





ထိုမိန်းကလေးက အခု သားနှင့်ယှဉ်တွဲ၍ ကိုယ့်ရှေ့မှာ ရပ်နေသည်။

အထူးဧည့်သည်တဲ့လား ...။

မိုးခင်ခင်ဟာ မြနန္ဒီတို့အိမ်ရဲ့ အထူးဧည့်သည်တဲ့လား ...။ သူစားဖို့ မြနန္ဒီက သေချာ စီမံပြင်ဆင်ထားရသတဲ့လား ...။

ကိုယ့်ယောက်ျားရဲ့ ရုပ်သမ္ဘာတကြောင်းကိုအတွင်းသိ အစင်းသိ၊ ကိုယ့်သားကို ချုပ်ကိုင်လွှမ်းမိုးမည့် လက္ခဏာတွေလည်း အပြည့်ရှိတဲ့ ဒီမိန်းကလေးကို သားနဲ့အတူယှဉ်တွဲတွေ့ရတာလောက် ပူလောင်ရတာမျိုး မရှိပါ။

ကိုယ့်ယောက်ျားကို ဆေးရုံတင်ပေးခဲ့လို့ ကျေးဇူးတင်မိသော်လည်း ခုလို ပုံစံမျိုးနှင့်တော့ အရာသွင်း မပတ်သက်ချင်ပါ။ ဝန်ထမ်းနှင့် သူဌေးအဖြစ်သာ စည်းတစ်ခု အဆင့်တစ်ခု ခြား၍နေချင်ပါသည်။

ဒေါ်မြနန္ဒီက မမကြီးကို မသိမသာ ငဲ့ကြည့်မိတော့ မမကြီးမျက်နှာကလည်း မသိမသာ တင်းနေပါသည်။

ဘယ့်နှယ်ရှိစ ... မမကြီးရယ်။ ခုတော့ နဒီလိုပဲ မမကြီးလည်း စိုးရိမ်ချောက်ချား လာရပြီမဟုတ်လား ...။

"မာမီ ... ကြီးကြီး ... မိုးခင်က သားရဲ့ အထူးဧည့်သည်လေ၊ မာမီတို့ အံ့သြသွားတယ်မဟုတ်လား"

သားက ပြုံးရွှင်စွာပြောတော့ ဒေါ်မြနန္ဒီက အနှစ်မဲ့ပြုံး ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... မအံ့သြပါဘူး သားရဲ့၊ မိုးခင်က မာမီ
အတွက်လည်း အထူးဧည့်သည်သည်ပါပဲ၊ မင့်ဒက်ဒီ
သူ ဆေးရုံပို့ပေးကတည်းက မာမီက သူ့ကို ကျေးဇူးတ
နေရတာပါ၊ ကိုယ့်မိသားစုကို ကူညီခဲ့ဖူးလို့ အထူးဧည့်သ
အဖြစ်သတ်မှတ်တာ သားမှန်တာပေါ့၊ သား သူ့ကို ထမင်
ဖိတ်ကျွေးတာ သိပ်မှန်တာပဲ၊ သား မဖိတ်ရင် မာမီတော
ဖိတ်ခိုင်းတော့မလို့ ...၊ ကဲ ... လာ ... ထမင်းတူတူစ
ရင်း စကားပြောကြတာပေါ့၊ အားလုံး အဆင်သင့် ဖြစ်
ပါပြီကွယ် ..."

ဒေါ်မြနန္ဒီက ပြုံးရွှင် လိုက်လှဲစွာပြောရင်း ထမင်း
ခန်းဘက်သို့ ဦးဆောင်၍ ဝင်သွားသည်။

နေယွန်းက မိုးခင်ကို ငဲ့ကြည့်ကာ ပြုံးစိစိနှင့် မျက်
တစ်ဖက်ပစ်ရင်း တီးတိုးပြောလိုက်သည်။

"တွေ့လား ... အိုခေ့ဝဲ၊ မာမီ့ကို ကိုယ် ဘယ်လောက်
သလဲ၊ ကိုယ့်မာမီက ကိုယ်နဲ့ တစ်သဘောတည်း"

အဟ ...။ မိုးခင်က စိတ်ထဲကနေ အဲ့ဒီလို ရယ်
နေယွန်းမမြင်အောင် မဲ့ပြုံးကလေးပြုံးလျက် ဒေါ်မြနန္ဒီနောက်
လိုက်လာသည်။

မိန်းမချင်းအထာကို ရှင်မှ နားမလည်တာပဲ နေယွ
ရယ် ...။



(၂၇)

"စား ... အားရပါးရ စားနော် မိုးခင်၊ ကြက်သားသုပ်လေး
လည်း အစပ်လျှော့ပြီး သုပ်ထားတယ်၊ ဒါက ပုစွန်ထုပ်ကို
မရိုးနိုစ်ကလေးနဲ့ ချိုဆိမ့်လေး လုပ်ထားတာ ..."

ဒေါ်မြနန္ဒီက နေယွန်း ဧည့်ခံစရာမလိုအောင် သူ
ည်း ရွှန်းရွှန်းဝေအောင်ပြောပြီး မိုးခင်ကို ဧည့်ခံနေသည်။ နေယွန်း
ည့်ပေးစရာမလိုအောင် မိုးခင် ပန်းကန်ထဲကို ဟင်းတွေ ခပ်ခပ်
ည့်ပေးနေသည်။

ဒါကို နေယွန်းက သဘောကျကာ ခပ်ပြုံးပြုံးဖြစ်နေ
ည်။ ဒါဟာ ကောင်းသော အခြေအနေတစ်ခု မဟုတ်တာကို
က သဘောပေါက်ပါသည်။

ဦးနေမျိုးနိုင်ကို ဆေးရုံပို့ပေးခဲ့သူ တစ်ဦးအဖြစ်ကို
ပို၍ထင်ရှားစေကာ ထိုနေ့က ကူညီခဲ့တာကို အသိအမှတ်ပြု
ပြုစုပြသခြင်းဖြင့် မိုးခင်ဟာ နေယွန်း တစ်ဦးတည်းရဲ့ အထူး



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်ဆိုသည့်အချက်ကို အသိအမှတ်မပြုဘဲ ဖုံးကွယ်ဖို့ ကြိ
စားနေတာပင်။

ဒေါ်မြနဒီက မမကြီးလို့ ခေါ်ရတဲ့ ဒေါ်မျိုးမ
မျက်နှာထားကတော့ မသိမသာလေး တင်းနေသည်။ သို့သော်
အလိုက်သင့်ကလေး ပြုံးသည့်အခါ ပြုံးပြသည်။ နေယွန်းရှေ
မို့ နေယွန်း မျက်နှာပျက်အောင် မလုပ်ဘဲ ကြိုးစားကာ ဣ
ဆည်ထားပုံတွေက သိသာလွန်းနေကြပါသည်။

နေယွန်းကတော့ သူ့မာမီနဲ့ ကြီးကြီးရဲ့ အထာ
သဘောမပေါက်ဘဲ ပျော်မဆုံး မော်မဆုံး တပြုံးပြုံးဖြစ်နေ
က ...

“မာမီ ... မိုးခင်ကို ခုလို ကြိုဆိုတာ ကျေးဇူးတင်ပါတ
မိုးခင်က သား လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းက
ပါ ...”

ဟု ပြောလိုက်ချိန်တွင် ထမင်းစားပွဲတစ်ခုလုံး
ကျသံမျှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်သွားပါသည်။

စောစောကတော့ ကြွေပန်းကန်နှင့် ဇွန်းခက်
ထိခတ်သံ သဲ့သဲ့လေး ထွက်ပေါ်နေခဲ့သေးသည်။ ခုတော့ ဒေါ်
ရော ဒေါ်မျိုးမပါ ဇွန်းခက်ရင်းကို ချထားလိုက်ပြီမို့ နေယွန်း
မိုးခင်ကလည်း ဆက်မစားဖြစ်တော့ဘဲ ရပ်တန့်သွားသည်။

အားလုံး ခဏငြိမ်နေပြီးမှ ဒေါ်မြနဒီက အ
အတန်းမြင့်၍ သံတမန်ဆန်သော အပြုံးကလေး တစ်ချက်ဖြ





“အဟင်း ... ဒီလိုရှိတယ် သားရဲ့၊ မာမီ မိုးခင်ကို ကြိုဆို
တယ်ဆိုတာကလေ ...”

“အဟင်း ... ဟင်း ... ကိုနေယွန်းက အန်တီတို့ အလိုလိုက်
ထားတဲ့ အရာရာပြည့်စုံတဲ့ သားကလေးမို့လို့ ထင်ပါရဲ့နော်၊
သူလိုချင်တာရှိပြီဆို ကလေး မုန့်ပူဆာသလို ပူဆာနေတော့
တာပဲ၊ ဒါပေမယ့် ကလေးပူဆာတဲ့ မုန့်တိုင်းကို ဝယ်ကျွေး
သင့် မကျွေးသင့် ဆုံးဖြတ်ရတာ အန်တီတို့ မိဘတွေရဲ့
တာဝန်ဆိုတာ မိုးခင် နားလည် သဘောပေါက်ပါတယ်၊

“သူဌေးသားက လမ်းဘေးမှာ ချရောင်းနေတဲ့
အသုပ်စုံကို စားချင်တယ်ပူဆာရင် မိဘကတော့ မသန့်ဘူး
မကောင်းဘူး၊ ရောဂါရမယ်ပြောပြီး တားမြစ်ကြမှာပဲလေ၊
လမ်းဘေးမှာ ရောင်းပေမယ့် သန့်သန့်ပြန့်ပြန့် သပ်သပ်
ရပ်ရပ်နဲ့ အရသာရှိတဲ့ အသုပ်ဆိုင်ကလေးတွေ ရှိတတ်တာ
ကိုတော့ မိဘတိုင်း ဘယ်တွေးမိကြပါမလဲ ...၊ ဆိုင်ကောင်း
ကောင်းက အသုပ်စုံထက် လမ်းဘေးဆိုင်ကလေးက အသုပ်
စုံကို ပိုခံတွင်းတွေ့တဲ့ သူဌေးသားကို မိဘက ဆူပူတားမြစ်
ချင်ကြမှာပါပဲ၊ သိက္ခာရှိတဲ့ လမ်းဘေးမုန့်ဆိုင်ကလည်း
ကိုယ့်ဆိုင်ကောင်းကြောင်းပြောပြီး အတင်းလာပါ ဝယ်ပါ
ဆွယ်မှာတော့ မဟုတ်ပါဘူး ...၊

“မိဘနေရာက အန်တီတို့ ခံစားချက်ကို မိုးခင်
နားလည်သဘောပေါက်ပါတယ်၊ စာလည်း စာနာပါတယ်၊
အန်တီတို့ ခွင့်မပြုဘဲ မိုးခင်ကလည်း ကိုနေ့ကို တိတ်



www.burmeseclassic.com

www.burmeseclassic.com



တဆိတ် လက်ထပ်မယ့်သူမျိုး မဟုတ်ပါဘူး၊ မိုးခင် သာမန်မိသားစုက ပေါက်ဖွားလာတဲ့ သာမန် မရှိ မိန်းကလေးတစ်ယောက်ပါ၊ အန်တီတို့ အသိုက်အဝန်း တင့်တယ်ဝင်ဆံ့ဖို့ ခက်ခဲမှာပါ၊ ဘဝအခြေအနေချင်း မ မရာ တခြားစီဖြစ်နေတဲ့အတွက် ကိုနေယွန်း ဝတ်ပေး တဲ့ လက်စွပ်ကိုတောင် မဝတ်ဘဲ ပြန်ပေးလိုက်တာ ကွာဟလွန်းတဲ့ အခြေအနေတွေကိုလည်း သူ့ကိုပြောပြ ပြီးသားပါ၊ ဒီနေ့ကတော့ သူ တောင်းဆိုလွန်းလို့ လ ပြီး လိုက်လာခဲ့တာပါ၊ သူ စိတ်ချမ်းသာအောင် ထ လိုက်စားရုံကလွဲပြီး ဒီအိမ် ဒီမိသားစုဆီက ဘာကိုမှ မျှော်လင့်မထားခဲ့ပါဘူး ...၊

"မိုးခင်လည်း သူ့ကို ဖြည်းဖြည်း ဖျောင်း မယ်၊ အန်တီတို့လည်း လောလောဆယ် သူ့ခံစားချ နားလည်ပေးပြီး အေးအေးဆေးဆေး ဖျောင်းဖျပေးသွ ကိုနေ ... ကျွန်မတို့တွေ ရှင့်မိသားစုဝင်တွေကို နာကျ မယ့်အစား အေးအေးချမ်းချမ်းနဲ့ ထာဝရ မိတ်ဆွေ အဖြစ် နေသွားကြရင် မကောင်းဘူးလား ..."

ထမင်းဝိုင်းမှာ ရှိရှိသမျှ လူအပေါင်းဟာ မိုးခင်

စကားရေအလျဉ်မှာ မျောပါငြိမ်သက်နေရာမှ မိုးခင် စကာ လိုက်ချိန်မှာ ဘာကို ဘယ်လို တုံ့ပြန်ရမှန်းမသိစွာ ငိုင်တွေ ကြပါသည်။

အချိုသတ် စကားလုံးလေးတွေနှင့် ကိုယ့်ဘ





ကြည်ဖြူနိုင်ကြောင်း ပညာသားပါပါပြောဖို့ ဟန်ပြင်လိုက်သော ဒေါ်မြနန္ဒာမှာ နှုတ်ပိတ်တိတ်ဆိတ်လျက် မိုးခင်ကိုသာ ဇဝေဇဝါ ကြည့်နေသည်။

ပထမဆုံး လှုပ်ရှားလာသူက နေယွန်း ဖြစ်ပါသည်။

"အစီပွာယ် မရှိတာကွာ ...၊ ကိုယ့်ကို ဘာမှ ဖျောင်းဖျဖို့ မလိုဘူး၊ မင်းနဲ့ ကိုယ် တစ်သက်လုံးလည်း မိတ်ဆွေမလုပ် နိုင်ဘူး၊ ကိုယ်က မင်းကိုချစ်တာ၊ လက်ထပ်ချင်တာ၊ မင်း ကို တစ်သက်လုံးအတွက် ရည်ရွယ်တာ၊ မာမီ ... ကြီးကြီး ကျွန်တော်နဲ့ သူ့ကို သဘောတူပေးပါ ..."

"အို ... အို ... ကိုနေ၊ ရှင် ဒီလိုမပြောရဘူးလေ၊ လူကြီးတွေ ရှေ့မှာ ဒီလို မရိုင်းစိုင်းရဘူးလေ ...၊ ကိုနေ့ ဒက်ဒီလည်း ခုထိ နေကောင်းသေးတာမှ မဟုတ်တာ၊ ကိုနေ ဒီလိုဖြစ်နေ တာကို သူသိရင်လည်း ဘယ်စိတ်ကောင်းပါ့မလဲ ...၊ နေ မကောင်းတဲ့သူကိုတော့ စိတ်ထိခိုက်အောင် မလုပ်သင့်ဘူး လေ ..."

မိုးခင်က ယဉ်ကျေးသိမ်မွေ့သော လေအေးကလေး ဖြင့် နေယွန်းကို ဖျောင်းဖျနေသည်။ နေယွန်း ငြိမ်သွားတော့မှ ဒေါ်မြနန္ဒာကို လှမ်းကြည့်ပြုံးပြလိုက်ရင်း ...

"ဒါနဲ့ ... အန်ကယ်လ်ရော သက်သာပါရဲ့လား"

"ဪ ... အင်း ... သက်သာပါတယ်"

"ဒါဆို ... ထမင်းစားပြီးရင် အန်ကယ့်လ်ကို ခဏ ဝင်ကြည့် သတင်းမေးပါရစေနော်၊ အန်ကယ့်လ်ဖို့ ငှက်သိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



မိုးခင် ဝယ်လာပါတယ်၊ ဂျန်းရှင်းစကွဲက ဆိုင်မှာ သွားဝယ် လာတာ၊ ဒီအတိုင်း ငှက်သိုက်အခြောက်လေးတွေပဲဆိုတော့ သေချာပေါင်းပြီးမှ တိုက်ရမယ်လို့ ပြောပါတယ်၊ ကဲ ... ကိုနေ ထမင်းကို ပြီးအောင်စား၊ ပြီးရင် ကိုနေ့ ဒက်ဒီဆီ သွားရအောင်၊ အန်တီတို့ ကြီးကြီးတို့လည်း ဆက်စားကြ ပါနော်၊ အဟင်း ... မိုးခင်တော့ ပုစွန်ချိုဆိမ့်လေးကို အရမ်း အရသာ တွေ့နေတာပါ"

မိုးခင်က စားလက်စ ထမင်းပန်းကန်ထဲကို ပုစွန် ထုပ်တွေ ခပ်ထည့်လိုက်ပြီး အေးဆေးမြိန်ရှက်စွာ ဆက်လက်သုံး ဆောင်လေသောအခါ ဒေါ်မြနုဒီနှင့် ဒေါ်မျိုးမမက တစ်ယောက် မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ဒေါ်မျိုးမမက မသိမသာ ပခုံးတစ်ချက်တွန့်ပြီး ထမင်းဆက်စားလိုက်သည်။ ဒေါ်မြနုဒီက သားဖြစ်သူကို လှမ်းကြည့်တော့ ကိုယ့်သားကလေး က အမွှေးသပ်ခံလိုက်ရသည့် ကြောင်ကလေးလို ချက်ချင်း ငြိမ်ထိ နူးညံ့သွားသည်။ မင်း ... စွမ်းလှပါလား မိုးခင်ခင်ရယ်။ ယောက်ျား တစ်ယောက်ကို ဘယ်လိုနည်းလမ်းနဲ့ 'ချုပ်'ရမလဲဆိုတာ မင်း ကျွမ်းကျင်နေခဲ့တာပဲ။

ထမင်းဝိုင်းက အေးစက်တိတ်ဆိတ်စွာ အဆုံးသတ် သွားသည်။

မိုးခင်က ဦးနေမျိုးနိုင် အခန်းထဲသို့ နေယွန်းနှင့် အတူဝင်ကာ သတင်းမေးသည်။ ဝယ်လာခဲ့သော ငှက်သိုက်ခြောက် ပါကင်ဘူးကလေးကို ပေးသည်။





မိုးခင်က ပေါ့ပေါ့ပါးပါး ရှိသလောက် နေယွန်း မျက်နှာက မှုန်ကုပ်ကုပ် ရှုပုပ်ပုပ် ဖြစ်နေသည်။ ဒေါ်မြနုဒီနဲ့ ဒေါ်မျိုးမမကို ကြည့်လည်းမကြည့်၊ စကားလည်းမပြောဘဲ ကလေး ကြီးလို မျက်နှာပုပ်သိုး မှုန်တေနေသည်။

မိုးခင်က ပြန်ခါနီးတော့ ကားဆီသို့ နေယွန်းနဲ့အတူ လိုက်မသွားသေးဘဲ နောက်ချန်နေခဲ့ကာ ဒေါ်မြနုဒီနှင့် မျက်နှာ ချင်းဆိုင် ရပ်လိုက်ရင်း ...

"အန်တီ ... မိုးခင်က နေယွန်းနဲ့ လက်ထပ်ခွင့်ထက် ဒီ ကုမ္ပဏီမှာ ကိုယ့်ပညာ ကိုယ့်အရည်အချင်းလေးနဲ့ အလုပ် ဆက်လုပ်ခွင့်ရဖို့ကိုပဲ ပိုပြီးမက်မောပါတယ်၊ မိုးခင် အန်တီ တို့ စိတ်ဆင်းရဲအောင် ဘာမှမလုပ်ပါဘူး၊ မိုးခင်ကို အလုပ် ဖြုတ်မပစ်ဖို့ပဲ တောင်းဆိုချင်တာပါ"

ဟု ပြောပြီးမှ နှုတ်ဆက်လှည့်ထွက်သွားသည်။ မိုးခင် ကားရှေ့ခန်းမှာ တက်ထိုင်လိုက်သည်နှင့် နေယွန်းက သူ့ ဖာရီ ပြိုင်ကားကို ဝေါခနဲ အရှိန်ပြင်းပြင်း မောင်းထွက်သွားတာ ဒေါ်မြနုဒီက ဘုရားတ ရင်ဘတ်ဖိကာ ကျန်ခဲ့သည်။

ဒေါ်မျိုးမမက ထုံးစံအတိုင်း ခပ်ရွှဲရွှဲပြုံးကာ ဒေါ် မြနုဒီကို စွေကြည့်လိုက်ရင်း ...

"ဘယ့်နှယ်လဲ ... နုဒီ၊ ဟိုက ပြောသွားလိုက်တာများ ညည်း တောင် ဘာမှ ပြောခွင့်မသာလိုက်ဘူး မဟုတ်လား၊ ပါးစပ် ဟောင်းလောင်းနဲ့ ကြည့်နေလိုက်ရတယ် မဟုတ်လား၊ ခုတော့ ညည်းသား စိတ်ကောက်သွားတာပဲ

www.burmeseclassic.com



အဖတ်တင်ပြီ မဟုတ်လား၊ ဟိုက ညည်းထက် အများကြီ
လည်တယ်၊ သူပြောတဲ့ စကားတွေထဲမှာလည်း ပညာသာ
အပြည့်ပါတယ်၊ သူ အဲ့ဒီလိုပြောတဲ့အတွက် ညည်းသား
နောက်မဆုတ်တဲ့အပြင် ပိုပြီးတော့တောင် စွဲလိမ့်ဦးမယ်"

"စိတ်ဆင်းရဲရတဲ့ ကြားထဲ နဒီကိုပဲ အပြစ်တင်မနေပါ
မမကြီးရဲ့၊ နဒီ ဒီလိုဖြစ်လာမှာစိုးလို့ စောစောစီးစီးကတည်
က မိုးခင်ခင်ကို အလုပ်ထုတ်ပစ်မယ်လို့တောင် ပြောခဲ့သေ
တာပဲ၊ အဲ့ဒီတုန်းက မမကြီးပဲ တားခဲ့တာမဟုတ်လား..."

"အဲ့ဒီတုန်းကသာ မတားခဲ့ရင် ညည်းသားက ခုလို အိ
ခေါ်လာပြီး ခွင့်တောင်းတဲ့အခန်းတောင် ရောက်မလာဘူ
တစ်ခါတည်း ခိုးပြေးလက်ထပ်ပြီးမှ အိမ်ပေါ်ခေါ်တင်လာ
မှာ"

ဒေါ်မျိုးမမက ခပ်ငေါ့ငေါ့ ခပ်ရွဲ့ရွဲ့ ပြောတာမို့ ဒေါ်
မြနဒီက ငိုင်သွားသည်။ ပြီးမှ တုန်ရင်သော လေသံကလေးဖြ

"မိုးခင်ခင်ကို မမကြီး ဘယ်လိုမြင်လဲ"

"သိပ်လည်တယ်၊ ကြောက်စရာ ကောင်းလောက်အော
လည်တယ်"

"နဒီလည်း သူ့ကိုမြင်လိုက်ရရင် စိတ်ထဲတစ်မျိုးကြီး
သူ့မျက်လုံးတွေ စူးရှပုံက ကြောက်စရာ ကြက်သီးထစရာ
ပဲ၊ သူ ပြောနေ လုပ်နေတာတွေဟာ တကယ့် အစစ်အမှ
တွေလို့ မယုံကြည်ဘူး၊ ဘယ်အချက်ကို သံသယဖြစ်တယ်
ဆိုတာ သေချာ မပြောနိုင်ပေမယ့် သူနဲ့ပတ်သက်တဲ့ အရ





ရာကို သံသယဖြစ်တယ်၊ အချိန်တိုတိုလေးအတွင်း သားကို ခြယ်လှယ်ချုပ်ကိုင် လွှမ်းမိုးသွားတာလည်း မယုံနိုင်စရာပဲ၊ သားတော့ ဒုက္ခရောက်ပါပြီ မမကြီးရယ်၊ နဒီစိတ်ထဲမှာ အလိုလို ခံစားမိနေတယ်၊ သူ့ကြောင့် သား ဒုက္ခရောက်တော့မယ်"

ဒေါ်မြနဒီက ပြောရင်း မျက်ရည်စတွေ စီးကျလာပါသည်။

ဒေါ်မျိုးမမက သက်ပြင်းချလိုက်ရင်း ...

"သိပ်လည်း သံသယမကြီးပါနဲ့အေ၊ စိုးရိမ်တာတော့ ငါလည်း စိုးရိမ်တာပေါ့၊ ဒါပေမယ့် ကိုယ်က သားရှင်ပီပီ တစ်ဖက်ကို ပိုပိုကဲကဲ သံသယထားမိတာမျိုးလည်း မဖြစ်စေချင်ပါဘူး၊ အခုကတော့ နေယွန်းပဲ၊ နေယွန်း ပေါက်ကွဲသောင်းကျန်းပြရင် တို့ ဘယ်လိုလုပ်ကြမလဲ၊ အခြေအနေ စောင့်ကြည့်ပြီး ချော့မော့ထိန်းကွပ်ရမှာပဲ၊ ဘယ်လိုမှ ပြောမရဘဲ ဖွတ်လုပ်သွားရင်တော့လည်း တို့ ဘာမှမတတ်နိုင်တော့ဘူးပဲ"

"စိတ်ဆင်းရဲလိုက်တာ မမကြီးရယ်၊ အန္တရာယ်နဲ့ လက်တစ်ကမ်းအလိုမှာ ရှိနေတယ်လို့ ခံစားရတယ်"

ဒေါ်မြနဒီက ဖျော့တော့သော အသံကလေးဖြင့် ညည်းတွားလိုက်ချိန်မှာ ဒေါ်မျိုးမမက သက်ပြင်းကြီးတစ်ချက် ချလိုက်ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

“ခုန် မာမီတို့ရှေ့မှာ ပြောခဲ့တဲ့ စကားတွေက အတည်ကြီးလား မိုး ...”

နေယွန်းက ကားကို လမ်းဘေးတစ်နေရာမှာ ရပ်ပစ်လိုက်ပြီး စိတ်လှုပ်ရှားစွာ မေးလိုက်ပါသည်။

“အတည်ပဲ နေ ...”

“ကျွတ် ... လုံးဝ အဓိပ္ပာယ်မရှိဘူးကွာ”

“မိုးခင်အတွက်တော့ အဓိပ္ပာယ်ရှိတယ် ... နေ”

နေယွန်းက စိတ်လှုပ်ရှားနေသလောက် မိုးခင်က အေးစက်လွန်းသည်။ နေယွန်းက ဒေါသထွက်နေသော်လည်း မိုးခင်က ဘာမှမခံစားရသလို တည်ငြိမ်နေသည်။ ထိုတည်ငြိမ်မှုကပဲ သူ့ကို စွဲငြိစေသလား မသိပါ။

“ကိုယ့်အိမ်က သဘောမတူဘူးလို့ တစ်ခွန်းပြောသလား မိုး ...၊ သူတို့ဘာမှမပြောဘဲ မင်းက အရင် နောက်ဆုတ်တဲ့ စကားတွေ၊ လမ်းခွဲတဲ့ စကားတွေ ဘာလို့ပြောရတာလဲ”





“လူဆိုတာ အရိပ်အကဲ ကြည့်တတ်ရတယ် နေ ...”

“အရိပ်အကဲ ... ဘာ အရိပ်အကဲလဲ၊ မာမီတို့က မင်းကို ဂရုတစိုက် ဧည့်ခံကျွေးမွေးနေတာပဲ၊ ဒီလောက်ကောင်းတဲ့ အခြေအနေကို ဘာလို့ ဖျက်ဆီးပစ်ချင်ရတာလဲ ...”

“အဟင်း ...”

“ဘာရယ်တာလဲကွ”

“နေက အလို့ပါ ...”

“ဘာ ...”

“နေ ... အရမ်း အတယ်၊ အရိပ်သုံးပါး နားမလည်ဘူး၊ နေ့အိမ်က မိုးခင်ကို ကြိုဆိုတယ်ဆိုတာ နေ့ ဒက်ဒီရဲ့ ကျန်းမာရေးကိစ္စကို ကူညီခဲ့ဖူးတဲ့သူ တစ်ယောက်အဖြစ် ကြိုဆိုဧည့်ခံတာ၊ နေ လက်ထပ်မယ့် မိန်းမတစ်ယောက်အဖြစ် လက်ခံတာမဟုတ်ဘူးလေ၊ နေ့ မာမီ ပြောတဲ့စကားတွေကို နေ ကောင်းကောင်း နားမလည်ဘူးလား၊ နေတို့အိမ်က လူကြီးတွေရဲ့ မျက်နှာထားကို အကဲမခတ်တတ်ဘူးလား၊ နေ့ မာမီက မိုးခင်ကို နေ့ သတို့သမီးအဖြစ် လက်မခံနိုင်တဲ့အကြောင်း သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် ယဉ်ယဉ်ကျေးကျေးလေး ပြောတော့မှာကို မိုးခင် သိလို့ မိုးခင်က အရင် ဝင်ပြောလိုက်ရတာပါ ...၊

“လူကြီးတွေကို စိတ်မဆင်းရဲစေချင်ဘူးလေ၊ နေ့စိတ်ထဲမှာ မိဘကို အပြစ်မြင်သွားရင်လည်း မကောင်းဘူး၊ မိဘဆိုတာကတော့ ကိုယ့်သားသမီးကို အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ဖြစ်စေချင်မှာပေါ့၊ မိုးခင် လောက်နဲ့တော့ ဘယ် သဘောတူချင်ပါ့မလဲ၊ ဒါ လူကြီးတွေအပြစ် မဟုတ်ဘူး နေ၊ နေ မိဘနေရာရောက်လာရင်လည်း ဒီလိုပဲ ဆုံးဖြတ် မိမှာ၊ နေ့ မာမီတို့ကို နားလည်ပေးလိုက်ပါနော်၊ မိုးခင် လည်း သူတို့နေရာကနေ နားလည်ပေးနိုင်လို့ သူတို့ အပြော ခက် ပြောမထွက်တဲ့ စကားမျိုးကို ဝင်ပြောပေးမိလိုက်တာ ပါ ...၊

"နေ့ မိဘတွေကို မနာကျင်ပါစေနဲ့နော်၊ မိဘ တွေရဲ့ စိတ်ချမ်းသာမှုကို စတေးပြီးမှ ရလာမယ့် အိမ် ထောင်ရေးမှာ မိုးခင်ရော နေ ပါ လိပ်ပြာလုံလုံနဲ့ ပျော်နိုင် မှာ မဟုတ်လို့ပါ၊ နေ့ကိုလည်း နှောင်တမရစေချင်ဘူးလေ မိုးခင်တို့ ဒီလိုပဲ မိတ်ဆွေတွေအဖြစ် ခင်ခင်မင်မင် နေသွား ကြတာပေါ့"

မိုးခင်က စကားကို ဖိကာဖော့ကာ မြှောက်ကာ ချော့ကာ ပညာကုန်သုံး၍ လေးလေးနက်နက် ပြောနေသည်။ နေယွန်း မိဘဘက်ကို စာနာနားလည်ပါသည်ဟူသော သဘောမျိုး ကိုလည်း ပေါ်လွင်စေကာ မိဘကြောင့် လမ်းခွဲမည်ဖြစ်ကြောင်း လည်း သိသာစေသည်။ နေယွန်း မာမီရဲ့ မလိုလားမှုကို နေယွန်း သိအောင် ပြောပြီးမှ အပြစ်တင်ရာလည်း မရောက်အောင် မိဘ ဘက်မှ ရပ်တည်၍ပြောသည်။ မိုးခင်ရဲ့ လေသံဟာ တချို့နေရာမှာ ပျော့ပျောင်းသွားလိုက်၊ တချို့နေရာမှာ ပြတ်သားလာလိုက်၊ တစ်ခါ တစ်ခါ ညှိုးငယ်ကာ မျက်ရည်ဝဲသည့်အခါ ဝဲသေးသည်။





စကားများများလည်း မပြောတတ်၊ အရာရာကို ဖြူး ဝုန်းဒိုင်း ဒဲ့ပြောဆို ရှင်းလင်းတတ်သော နေယွန်းက မိုးခင်ရဲ့ ယ်ဝသော စကားများနှင့် လေယူလေသိမ်း အဖိအဖော့တွေကြား မျောကာမျောကာ ပါသွားပြီးမှ ဝုန်းခနဲ ထကြွလာကာ မိုးခင်၏ နှံဖက်ကို ဆတ်ခနဲ ဖိဆုပ်၍ ကိုင်လိုက်ရင်း ...

"ဒီမှာ မိုး ...၊ ကိုယ် မင်းကို ရှင်းရှင်းပဲပြောမယ်၊ ဘယ် လိုအကြောင်းမျိုးနဲ့မှ ကိုယ်နောက်မဆုတ်ဘူး၊ မင်းလည်း နောက်မဆုတ်ရဘူး၊ မင်းကို ကိုယ် လုံးဝ အဆုံးရှုံးမခံနိုင် ဘူး"

မိုးခင်က နေယွန်းရဲ့ မျက်လုံးတွေကို တည်ငြိမ်စွာ တည့်တည့်ရင်ဆိုင်ကြည့်လိုက်သည်။

သူ့မျက်လုံးတွေက သွေးကြောနီကလေးတွေ ယှက် နှိရဲလျက် မျက်ရည်ကြည်တွေ ဝိုင်းနေသည်။ သူ့နှုတ်ခမ်းတွေ သိမသာ တုန်ရင်နေကြသည်။ သူ့မျက်နှာက ပန်းသွေးရောင် နေသည်။

ဒီလောက်ဆိုရင်ပဲ သူဟာ မိုးခင်ခင်ဆိုတဲ့ မိန်းမတစ် ာက်ထဲမှာ ဘယ်လောက် ကျဆုံးငြိတွယ်နေခဲ့သလဲဆိုတာ မှန်း သိမြင်စိတ်ချနိုင်ပြီမို့ မိုးခင်က နူးညံ့သော မျက်နှာထားကလေး သူ့ကို ငေးကြည့်နေလိုက်လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၂၉)

♥ ♥ ♥

"ကျွီး …"

"ဟော … ပြန်လာပြီ"

ဧည့်ခန်းထဲမှာ ကျောက်ရုပ်ကြီးတွေလို အတော သား ထိုင်၍ နေယွန်း ပြန်အလာကို စောင့်နေသော ဒေါ်မြနန္ဒီန ဒေါ်မျိုးမမတို့မှာ ခြံထဲသို့ အရှိန်ဖြင့် မောင်းဝင်လာပြီး ဆင် အောက်မှာ ဘရိတ်နာနာနင်း၍ ရပ်လိုက်သော ကားသံကြော လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

နေယွန်းက ကားပေါ်မှဆင်းကာ မျက်နှာပုပ် ကမူးရှူးထိုး ပုံစံဖြင့် အိမ်ထဲသို့ ဝင်လာသည်။

"သား … ပြန်လာပြီလား"

ဒေါ်မြနန္ဒီက သားကို အပြေးကလေး ထကာ ဆိုလိုက်စဉ် …

"မာမီရော … ကြီးကြီးရော လုံးဝ မမိုက်ဘူးဗျာ"

"ဟဲ့ … သား … မင်း …"





"မာမီ့ကို သား ပြောထားခဲ့တယ်လေ၊ သားဧည့်သည်ရှေ့မှာ သားကို မျက်နှာပျက်အောင် မလုပ်ဖို့ ပြောထားတာ မာမီ မေ့ပြီလား …"

"မင်းကို မာမီ ဘာများ မျက်နှာပျက်အောင် လုပ်ခဲ့လို့လဲ၊ မိုးခင်ကို မာမီ ဘာများပြောရသေးလို့လဲ၊ မာမီတောင် ဘာမှမပြောသေးဘဲ သူ့ဘာသာ ပြောချင်ရာပြောသွားတာ မင်းကြားတယ် မဟုတ်လား"

"ဘာမှ မပြောတာကိုက မာမီ မှားတာလေ၊ သူက မာမီတို့ သဘောမတူနိုင်တာကို နားလည်စာနာကြောင်း ပြောနေတာကို မာမီတို့က ငြိမ်နေကြတော့ ဝန်ခံသလို ဖြစ်မနေဘူးလား၊ တကယ်ဆို မာမီတို့ သဘောထား ဒီလိုမဟုတ်ရင်လည်း မဟုတ်ကြောင်း ပြန်ပြောလိုက်ကြပါလား …"

မိန်းမကိစ္စအတွက် သား ဒီလိုမွှန်ပျာ ထူပူနေတာကို မဆုံး မြင်ဖူးတာမို့ ဒေါ်မြနန္ဒီက ရုတ်တရက် ဘာမှတုံ့ပြန် ပြောနိုင်သေးဘဲ ရင်ဆို့ကာနေသည်။

"မာမီက လူတန်းစားကို ခွဲခြားတတ်တာ၊ မိုးခင်က သားတို့လို မချမ်းသာတာကလွဲရင် တခြား ဘာပြစ်ချက်မှ ရှိတဲ့သူ မဟုတ်ဘူး"

"မင်း သူ့အကြောင်း ဘယ်လောက်သိထားလို့ ဘာ ပြစ်ချက်မှမရှိဘူးလို့ ပြောနိုင်ရတာလဲ၊ မင်းတို့ အချိန်ဘယ်လောက်ကြာကြာ တွဲခဲ့ပြီးလို့လဲ …"

www.burmeseclassic.com



ဒေါ်မျိုးမမ အသံက ဟိန်းထွက်လာတာမို့ နေယွန်း... က ခဏငြိမ်သွားသည်။

"ပြောလေ ... နေယွန်း၊ မင်း သူ့အကြောင်း ဘယ်လော... သိပြီးထားလို့ ဒီလို အာခံရဲတာလဲ ..."

"သူ့အမေက ကျောင်းဆရာမ၊ အဖေ မရှိတော့ဘူး၊ သူ... တော်တယ်၊ ထက်မြက်တယ်၊ အလုပ်တစ်ခုလုပ်ပြီး သူ... ခြေထောက်ပေါ် သူရပ်နေတယ်၊ ဒါ့အပြင် ဘာတွေ... နှိုက်နှိုက်ချွတ်ချွတ် ဂါက်စုံစမ်းနေရမှာလဲ ကြီးကြီး၊ ရုပ်... တွေထဲကလို သူလျှိုတွေ ဒလံတွေ လွှတ်ပြီး သူ့နော... ကြောင်း ရာဇဝင်ကို စုံစမ်းရဦးမှာလား၊ ကိုယ်ချစ်လို့ ... မယ့် မိန်းမတစ်ယောက်ကို မယုံသင်္ကာ လိုက်စုံစမ်း... အလုပ်မျိုးကို သား ဘယ်တော့မှ မလုပ်ဘူး ...။

"မာမီတို့ ကြီးကြီးတို့ကသာ သား သဘော... တဲ့ မိန်းကလေးတစ်ယောက်ကို အပြစ်ရှာချင် သံသယ... ချင်နေကြတာ၊ မိုးခင်ကတော့ မာမီတို့ မိဘတွေဘက်... စာနာလို့ မာမီတို့ စိတ်မချမ်းသာမှာစိုးလို့ သားနဲ့ လမ်း... ဖို့တောင် ပြောလိုက်ပြီ ..."

"ဟဲ့ ... အဲ့ဒါက ပညာတွေဟဲ့ ... ပညာတွေ"

"ပညာ ... ဘာပညာလဲ၊ ကြီးကြီး ပြောတာ သား ... မလည်ဘူး"

"အေး ... အဲ့ဒါ ယောကျ်ားတွေ နားလည်တဲ့ ပညာမဟု... ဘူး၊ မိန်းမတွေပဲ နားလည်တဲ့ ပညာ"





"မမကြီး တော်ပါတော့၊ စိတ်ကိုလျှော့ပါ၊ တော်ကြာ သွေးတိုးနေပါဦးမယ်၊ သားလည်း တော်တော့၊ မင်းဖေ ကြားသွားရင် မကောင်းဘူး၊ သွား ... သွား ... နားလိုက်တော့၊ မာမီ ဒီည ဒီကိစ္စကို ဆက်မပြောချင်တော့ဘူး"

ဒေါ်မြနန္ဒီက ဒေါသကြီးကာ ဆွေ့ဆွေ့ခုန်မတတ် ...နေသော ဒေါ်မျိုးမမကို ဖျောင်းဖျရင်း သားကို လှည့်ပြောလိုက်သည်။

သားက သူ့အခန်းရှိရာ အပေါ်ထပ်သို့တက်ဖို့ ခြေ...ပြင်လိုက်ပြီးမှ ဒေါ်မြနန္ဒီကို လှည့်ကြည့်လိုက်ရင်း ...

"မာမီ ... တစ်ခါတလေကျတော့ ခမ်းနားတဲ့ ဆိုင်တွေက မုန့်ထက် လမ်းဘေးဆိုင်လေးတွေက မုန့်က ပိုစားကောင်းတတ်ပါတယ်၊ သားကတော့ လမ်းဘေးဆိုင်က မုန့်ပဲ ကြိုက်တယ်"

ဟု ပြောကာ အပေါ်ထပ်သို့ ပြေးတက်သွားသည်။

ဒေါ်မြနန္ဒီသည် ရင်တလှပ်လှပ် တုန်သွားကာ ရင်ဝ... ဆိုဖာပေါ်သို့ ထိုင်ချလိုက်ရင်း ...

"ဘုရား ... ဘုရား ... ကြည့်စမ်း ... ကြည့်စမ်း ... ပြောသွားလိုက်တာ မိုးခင်ခင်ရဲ့ အာဘော်အတိုင်းပါပဲလား၊ တော်တော့်ကို မှိုင်းမိနေတာပါလား မမကြီးရယ်၊ မမကြီး တူကို ..."

"ဘာလဲ ... အရင်တုန်းကတော့ မမကြီး မောင်ကို ပြောဦး၊ ခုတော့ မမကြီး တူကို ပြောဦးလို့ ပြောချင်သေးတာလား၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က မောင်လည်း မနိုင်၊ တူလည်း မနိုင်တဲ့ မိန်းမကြီး မို့လို့ ဘာမှမတတ်နိုင်တော့ဘူးဟေ့၊ ညည်းသားကို ညည်း ကြည့်ကျက်ဆုံးမပေတော့၊ မှန်နေတာကတော့ မြင်ရ အတိုင်းပဲ၊ အမလေး ခေါင်းတွေကိုက်လိုက်တာနော်"

မမကြီးက ညည်းတွားလျက် ဧည့်ခန်းမှထွက်သွား သည်။

ဒေါ်မြနုဒီက ရင်တုန်မောပန်းလျက် မျက်ရည်သီး ကာ ကျန်ရစ်လေသည်။

(၃၀)

နေယွန်းသည် မိုးခင်၏ ကွန်ဒိုအခန်းတံခါးဘဲလ်ကို ...ပ်ခါထပ်ခါ နှိပ်ရင်း နဖူးပေါ်မှာ ချွေးစက်တွေ သီးထွက်လာ ...ည်။ ရင်ထဲမှာလည်း ပူကျွမ်းနာကျင်နေပါသည်။

ဒီနေ့ဆို မိုးခင် ရုံးမလာတာ သုံးရက်ရှိခဲ့ပြီ၊ ဖုန်း ...ည်း ပိတ်ထားတာမို့ ဘာအဆက်အသွယ်မှ မရပါ။

သူ ... မိုးခင် အခန်းကို နေ့တိုင်းလာကာ တံခါး ...လ်ကို အခါခါနှိပ်သော်လည်း မိုးခင်က တံခါးဖွင့်မပေးခဲ့ပါ။

ခြေထောက်တွေ ညောင်းတောင့်အောင် ရပ်စောင့် ...သော်လည်း အကြောင်းမထူး။ တံခါးကို တဒုန်းဒုန်း ထုရိုက်လည်း ...ခါးက ပွင့်မလာ။ အခန်းတံခါး အပြင်ဘက် သံတံခါးကို ...ခတ် မထားတာမို့ မိုးခင် အိမ်ထဲမှာရှိနေတာ သေချာပါသည်။

ခြေညောင်းအောင် ရပ်စောင့်ပြီး စိတ်ဓာတ်တွေကျ ... လှည့်ပြန်ခဲ့ရတာ ဒီနေ့နဲ့ဆို သုံးရက် ...။

"ဒေါက် ... ဒေါက် ..."




www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ... ဒုန်း ..."

နေယွန်းက တံခါးကို လက်သီးဆုပ်ဖြင့် ဆက်တိုက် ထုလိုက်ရင်း ...

"မိုး ... ကျေးဇူးပြုပြီး ကိုယ့်ကို တံခါးဖွင့်ပေးပါ၊ ကိုယ်တို့ တွေ့ကြရအောင်ပါ၊ ကိုယ့်ကို ရှုံးအောင်မလုပ်ပါနဲ့ကွာ၊ ကိုယ် မာမီတို့ လက်ခံလာအောင် ပြောမှာပါ၊ ကျေးဇူးပြု ပြီး ခဏပဲစောင့်ပေးပါ"

ကွန်ဒိုအခန်းပတ်ဝန်းကျင်မှာ ရှင်းလင်းတိတ်ဆိတ်နေချိန်မို့ နေယွန်းက တံခါးဝနားကပ်၍ လှမ်းပြောနေမိသည်။

"မိုး ... ကိုယ် အရမ်းစိတ်ပူနေပြီနော်၊ ကိုယ့်ရှေ့မှာ ဒီအခန်း သော့ အပိုရှိတာ မိုးမေ့နေပြီလား၊ ကိုယ် တံခါးဖွင့် ဝင် လာခဲ့လို့ ရတယ်၊ ကိုယ် ပိုင်စိုးပိုင်နင်း မလုပ်ချင်လို့ပါ၊ ကိုယ့်ကို မနှိပ်စက်ပါနဲ့ မိုးရယ်"

နေယွန်းက တံခါးကို ထု၍ ပြောနေဆဲမှာ နေယွန်း၏ ဖုန်းဆီက မက်ဆေ့ရောက်သည့် တီးလုံးသံကလေး ကြားလိုက် ရပါသည်။ သူ ဂျာကင်အိတ်ထဲ ထည့်ထားသည့် ဖုန်းကို ထုတ် ယူကာ မက်ဆေ့ကို ဖွင့်ကြည့်လိုက်သည်။

နေ ...

*လမ်းခွဲဖို့ ဆုံးဖြတ်ပြီးပါပြီ။*

*လမ်းခွဲကြရအောင်ပါ ...။*

*မနက်ဖြန် ရုံးကို ထွက်စာပို့လိုက်ပါမယ်။*

*ဒီအခန်းကနေ တစ်ပတ်အတွင်း ပြောင်းပေးပါမယ် ...*





နေယွန်းက မက်ဆေ့စာလုံးလေးတွေကို ငုံ့ကြည့်ရင်း ငြိမ်သက်သွားပါသည်။

အပြင်ပန်းက ငြိမ်သက်နေချိန်မှာ အတွင်းစိတ်မှာတော့ ယောက်ယက်ခတ်ကာနေသည်။ ပူကျွမ်း မြိုက်လောင်လာသည်။

လမ်းမခွဲနိုင်ပါဘူး မိုး ...။

မင်းကို အဆုံးရှုံးမခံနိုင်တာ သေချာလို့ပါ။

မင်းကို မဆုံးရှုံးရအောင် ကိုယ်လုပ်မှာပါ။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

♥ ♥ ♥

"ဒေါက် ... ဒေါက် ..."

"သားရေ ... တံခါးဖွင့်ပါဦး"

ဒေါ်မြနန္ဒီက သားရဲ့ အခန်းတံခါးကို ခေါက် လှမ်းပြောလိုက်သည်။

ထမင်းတောင် ထွက်မစားတော့ဘဲ အခန်းအော နေတာ ကြာပြီမို့ စိတ်ပူလှပြီ ...။

ဒီရက်ပိုင်းတွေမှာ ရုံးသွားမည်ဆိုပြီး ထွက်သွား အဖတ်ဆည်မရအောင် အပျက်ပျက်အယွင်းယွင်း ဖြစ်နေ မျက်နှာဖြင့် ပြန်ရောက်လာတတ်သည်။ ပြီးတော့ အခန်းထဲ တန်းဝင်သွားကာ ပြန်ထွက်မလာဘဲ နေသည်။ အမေကို ကြီးဒေါ်ကိုပါ စကားလည်း မပြော၊ ကြည့်လည်း မကြည့်၊ အ အနားလည်း မသွား ...။

မမကြီးကတော့ ...





"ညည်းသားရောဂါက ကျွမ်းနေပြီ၊ ကုရာနတ္ထိ ဆေးမရှိတော့ဘူး"

ဟု စိတ်ပျက်လက်ပျက် ပြောသည်။

ဒေါ်မြနန္ဒီကတော့ သားအရိပ်အကဲကို မပြတ်ကြည့်ရှု အကဲခတ်နေသည်။ ညဆို တစ်နေရာ ထွက်သွားမှာစိုးတာမို့ မကြာခဏ လန့်လန့်နိုးကာ သားအခန်းရှေ့မှာ မယောင်မလည် သွားသွားထိုင်နေခဲ့မိသည်။ နေမဖြောင့်၊ ထိုင်မဖြောင့်၊ အိပ်မဖြောင့်၊ စားမဖြောင့် သားရဲ့ အရိပ်အကဲကိုပဲကြည့်နေကာ ကြီးစွာသော သောကဖြင့် ရင်တစ်ခုလုံး ကျွမ်းလောင်နေပါသည်။

သို့သော် ... ကိုယ့်သောက ပမာဏကိုတော့ သားမမြင်စေရ၊ ကိုယ့်လေသံကို ပုံမှန်ဖြစ်အောင် သတိထား၊ မျက်နှာထားကိုလည်း ပုံမှန်ကလေးဖြစ်နေအောင် ဂရုစိုက်၍နေခဲ့တာပင်။

"ဒေါက် ... ဒေါက်"

"သားရေ ... တံခါးဖွင့်ပါဦး၊ ဒီမှာ သားစားဖို့ ပုစွန်ခေါက်ဆွဲကြော်လေး မာမီကိုယ်တိုင် ကြော်လာတယ်၊ သား ထမင်းမစားချင်ရင် ခေါက်ဆွဲကြော်လေးတော့ စားလိုက်နော် ..."

"......... "

"ဒေါက် ... ဒေါက်"

"သားရေ ..."

ဒေါ်မြနန္ဒီက တံခါးခေါက်ဆဲ၊ ခေါ်နေဆဲမှာ သားရဲ့ အခန်းတံခါးက ဗြုန်းခနဲ ပွင့်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနန္ဒီက ဝမ်းသာသွားကာ ...

"သား ... ဒီမှာ မာမီ ... ဟင်"

ဝမ်းသာလို့ မဆုံးခင်မှာ နေယွန်းက ခရီးဆော သေတ္တာကို ဘီးလိုမ့်ဆွဲလျက် အခန်းထဲမှ ကမူးရှူးထိုး ထွက်လာ ပါသည်။

"ဟင် ... သား ... ဒါက ဘယ်လဲ၊ ဘယ်သွားမလို့လဲ"

"သား တခြားမှာ သွားနေမလို့ မာမီ"

"ဘာ ... ၊ ဘယ်ကိုသွားမှာလဲ၊ မသွားရဘူး"

"သား သွားပါရစေ မာမီ၊ သားလည်း အရွယ်ရောက်နေ မာမီတို့ လွှမ်းမိုးမှုအောက်မှာ ကလေးလို မှီခိုပြီး မနေ တော့ဘူး၊ သား ခြေထောက်ပေါ် သားရပ်ကြည့်ဦးမယ်"

"မဟုတ်သေးပါဘူး၊ မင်း ဒီလိုမလုပ်ပါနဲ့ သား၊ မာ တောင်းပန်ပါတယ်၊ မင်း ဒီကထွက်သွားရင် ဘာဖြစ်သော မယ်ဆိုတာ မာမီသိတယ်"

"သားက ဘာဖြစ်ရမှာလဲ ..."

"ကဲ ... ကဲပါ ... သားရယ် ထားလိုက်ပါ၊ မင်း အိတ် ပြန်ထားလိုက်ပါ၊ ဒီမှာ သား စားဖို့ ..."

ဒေါ်မြနန္ဒီ စကားမဆုံးခင်မှာ နေယွန်းက ဖွတ်ထွ သွားသည်။ ဒေါ်မြနန္ဒီက လက်ထဲက ခေါက်ဆွဲကြော်ပန်းကန် နီးရာ စားပွဲပေါ် လှမ်းတင်လိုက်ပြီး နေယွန်းလက်ကို ပြေးဆွဲ လိုက်သည်။

နေယွန်းက ဖွတ်ရန်းကာ သွားဖို့ပြင်သော်လည်း





ဒေါ်မြနန္ဒီက နေယွန်းလက်ကို တအား ဖက်ဆွဲတားထားလိုက် ရင်း ...

"သားရယ် ... မသွားပါနဲ့၊ ဒီလိုမလုပ်ပါနဲ့၊ မင်း ဒက်ဒီသိ ရင်လည်း စိတ်ဆင်းရဲမှာ၊ မမကြီးရေ ... လာပါဦး၊ သားကို ပြောပါဦး"

ဒေါ်မြနန္ဒီ ခေါ်သံကြောင့် ဒေါ်မျိုးမမက ဘုရားခန်း ထဲမှ ခပ်သွက်သွက် ထွက်လာသည်။

"နန္ဒီ ... ဘာဖြစ်၊ ဟင် ... နေယွန်း၊ မင်း ... ဒါ ဘယ်သွား မလို့လဲ"

"မမကြီး တူက အိမ်ကဆင်းတော့မှာ မမကြီးရဲ့"

"ဆင်းလည်း ဆင်းပစေဟယ်၊ ဒီလောက်ဖြစ်လှတာ ..."

"အို ... မမကြီးကလည်း ဆင်းလို့မဖြစ်ပါဘူး၊ သား မာမီ တောင်းပန်တယ်နော်၊ မသွားပါနဲ့နော်၊ သားဆန္ဒကို မာမီ မတားမြစ်တော့ဘူးလေ၊ မိုးခင်ခင်ကို မာမီတို့အိမ်မှာ အဝင် အထွက် လုပ်ခိုင်းဖို့ မာမီ ခွင့်ပြုတယ်၊ မင်းရဲ့ မိန်းကလေး အဖြစ် မာမီ အသိအမှတ်ပြုပေးမယ်၊ နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး ဆက်ဆံပေးမယ်၊ ဒီလိုဆို သား ကျေနပ်နိုင် မလား ..."

"မာမီ တကယ်ပြောတာလား၊ ညာတာလား ..."

"မညာပါဘူး သားရယ်၊ မာမီ တကယ်ပြောတာပါ"

နေယွန်းက အမေဖြစ်သူကို အကဲခတ်သလိုကြည့် ရင်း ငြိမ်သက်သွားသည်။ ပြီးတော့ ဘာမှမဖြစ်သလိုပုံစံနှင့် ...

www.burmeseclassic.com



"မာမီ … ခုန ခေါက်ဆွဲကြော် ပန်းကန်ရော …"

"ရှိတယ်လေ … သား"

"သား စားမယ်"

"အေး … အေး၊ မာမီ ယူပေးမယ်"

ဒေါ်မြနန္ဒီက ခေါက်ဆွဲကြော်ပန်းကန်ကို ပျာ သလဲ သွားယူပေးလိုက်တော့ နေယွန်းက နီးရာခုံမှာ ထိုင်ချလို ပြီး ခေါက်ဆွဲကြော်ကို အားရပါးရ စားလေသည်။

အပြစ်ကင်းစင်သော ကလေးတစ်ယောက်လို ဗို ဆာနေတာကို ဟန်မဆောင်နိုင်ဘဲ ဟပ်ဟပ်ထိုး စားနေသေ နေယွန်းကို ဒေါ်မြနန္ဒီက မျက်ရည်အဝဲသားဖြင့် ကြည့်နေခဲ့မိ သည်။

ခေါက်ဆွဲကြော် စားအပြီးမှာ နေယွန်းက အခန်း သို့ အေးအေးဆေးဆေး ပြန်ဝင်သွားသည်။

ဒေါ်မျိုးမမက ဒေါ်မြနန္ဒီ၏ လက်ကို ဆတ်ခနဲ ကာ ဝရန်တာဘက်သို့ ဆွဲခေါ်လာခဲ့ပြီး …

"နန္ဒီ … ညည်း ဘာသဘောလဲ၊ ဘယ်လိုဆုံးဖြတ်လိုက် လဲ …"

"ဒီလိုမှ မဆုံးဖြတ်ရင် သားက သွားတော့မှာလေ၊ သာ ဒီအိမ်က ထွက်သွားတာနဲ့ မိုးခင်နဲ့ ကိုစွကို နန္ဒီတို့ ဘာ မသိမမြင် မကြားရတော့ဘူး၊ ဘာကိုမှလည်း ကွန်ထ မလုပ်နိုင်တော့ဘူး၊ သူတို့ကို နန္ဒီတို့ မျက်စိရှေ့မှာပဲထာ နန္ဒီတို့ ထိန်းကွပ်နိုင်မှာပေါ့၊ မိုးခင်ကို ဒီအိမ်ကို အခ





အတွက် လုပ်ခိုင်းမှ သူ့အကျင့် စရိုက်၊ သူ့အကြောင်းကို လေ့လာအကဲခတ်လို့ ရမှာပေါ့၊ သူ့အကြောင်းကို နန္ဒီတို့ သိဖို့လိုအပ်သလို သားသိဖို့လည်း လိုအပ်တယ်၊ အဲဒီ အတွက် အချိန်လိုတယ် မမကြီး"

"အေးလေ … ဒါတော့ ဟုတ်ပါတယ်၊ ညည်းမှန်ပါတယ်၊ အင်း … ဒုက္ခ ဒုက္ခ … မောင်ဖြစ်ဖြစ် တူဖြစ်ဖြစ် ယောကျ်ား တွေကို အုပ်ထိန်းရတာ တယ်လည်း စိတ်ဆင်းရဲရပါလား အေ၊ ယောကျ်ားဆိုတာ ပျိုပျို အိုအို မိန်းမနဲ့ပတ်သက်လာ ရင် ဇယားရှုပ်တတ်ကြတာချည်းပါပဲလား၊ ငါကလည်း ဇရာအရွယ် ရောက်လာတာနဲ့ အိမ်က ဇယားတွေနဲ့တော့ ပြဿနာပဲ၊ ဩော် … ဇရာ … ဇရာ … ဇယား … ဇယား …"

ဒေါ်မျိုးမမက ထုံးစံမပျက် ညည်းတွားရင်း ဝရန် တာမှ တရွေ့ရွေ့ ထွက်ခွာသွားပါသည်။

ဒေါ်မြနန္ဒီက ဝရန်တာလက်ရန်းကို လက်ထောက် ကာ ကြယ်မှုန်ကလေးတွေ လက်နေသော ညကောင်းကင်ကို မော့ကြည့်လိုက်ချိန်မှာ မျက်ဝန်းထောင့်စွန်းနှစ်ဖက်က မျက်ရည် စက်စက် ဆင်းသက်ကြွေကျသွားပါသည်။

ယောကျ်ားတွေကို အုပ်ထိန်းရတာလောက် ခက်ခဲ ပင်ပန်း နာကျင်ရတာ မရှိဘူးထင်ပါရဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

အဲကွန်းလေဖြင့် အေးစိမ့်နေသော အခန်းထဲက အိပ်ရာထဲမှာ နှစ်မြုပ် ဓိမ်ကျသော မိုးခင်သည် အိပ်ရာဘေး စားပွဲပေါ်ရှိ ဖုန်းလေး အဆက်မပြတ် မီးလင်းနေတာကို စိုက်ကြည့်ငြိမ်သက်နေသည်။

ဖုန်းကို ပိတ်မထားတော့ဘဲ silent လုပ်ထားတာမို့ ဖုန်းဝင်လာတိုင်း အသံမမြည်သော်လည်း မီးလေးလင်းလာတာကိုတော့ မြင်နေရသည်။

နေယွန်း၏ ဖုန်းနံပါတ်လေးက ဖုန်းစခရင်ပေါ်မှာ ထင်းနေသည်။

မိုးခင် ဒီအိမ်ကထွက်သွားမှာကို စိုးထိတ်နေတာလား၊ ကုမ္ပဏီက နှုတ်ထွက်သွားမှာကို အသည်းအသန် တားမြစ်ချင်နေတာလား ...။

မစိုးရိမ်ပါနဲ့ နေယွန်းရယ် ...။





မိုးခင်က အဲ့ဒီ နှစ်နေရာကနေ အရှုံးနဲ့ ဘယ်သောအခါမှ ထွက်ခွာမသွားချင်သူပါ ...။

ထွက်ခွာမသွားချင်လွန်းလို့ ရှင့်နှလုံးသားကို စစ်ဆင်ရေး ဝင်နေတာပါ။ ရှင်က 'အ'သူမို့ ကျွန်မရဲ့ ပညာတွေကို နားမလည်တာပါ။

ရှင့်ကိုတော့ သနားပါရဲ့၊ ဒါပေမယ့် မိုးခင်ရဲ့ ရပ်တည်မှု အမြဲတမ်း ခမ်းနားအထက်တန်းကျနေဖို့အတွက် ဒီလိုတွေလုပ်နေခဲ့ရတာပါ။

"ကလင် ..."

ဖုန်းအခေါ် ရပ်သွားပြီး ခဏအကြာမှာ ဖုန်းထဲသို့ မက်ဆေ့ရောက်သံလေး တစ်ချက် ကြားလိုက်ရသည်။

မိုးခင်က မက်ဆေ့ချ်ကို ဖွင့်ဖတ်လိုက်သည်။

*မိုးရေ... မာမီက ကိုယ်တို့နှစ်ယောက်ကို နားလည် ခွင့်ပြုပေးလိုက်ပြီ ...။*

"အဟင်း ..."

မိုးခင်က မက်ဆေ့ချ် ဖတ်နေရင်းက အောင်မြင်ဆော့နပ်သွားသူ တစ်ယောက်လို အသံကလေးထွက်လျက် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

ထို့နောက် ... စောင်ပုံထဲသို့ တိုးဝင်နှစ်မြုပ်လျက် မျက်လုံးတွေကို မှေးမှိတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

"အညိုရေ ... ခဏ"

"ဟုတ်ကဲ့ ... အစ်ကို"

ဆိုင်မန်နေဂျာက လှမ်းခေါ်တာမို့ အညိုက ခပ်သွက် သွက်လေး လျှောက်သွားလိုက်ပါသည်။

"ဒီနေ့ညနေ စပါယ်ရှယ်ခန်းကို စုံတွဲတစ်တွဲ လာလိမ့်မယ် အဲ့ဒီအခန်းကို မင်းပဲတာဝန်ယူ reserve လုပ်ပေးလိုက်"

"... ..."

"အညို ... ပြောတာကြားလား"

"ဗျာ ... ဟုတ်ကဲ့၊ ကြားပါတယ် အစ်ကို"

"မင်း နေမကောင်းဘူးလား"

"ကောင်းပါတယ် အစ်ကို"

"မင်းကြည့်ရတာ ခုတလော ငေးငေးငိုင်ငိုင်နဲ့၊ အလုပ်လုပ် တာလည်း အရင်လောက် အကွက်မစေ့ဘူး၊ အဝတ်အစား ဝတ်တာကအစ အရင်လို သပ်ရပ်စမတ်ကျမနေဘူး၊ အရင်





ကဆို ဒီလိုတာဝန်မျိုး မင်းကိုပေးလိုက်ရင် သဘောကို ကျနေတာပဲ၊ အခု မင်းပုံစံက အရင်လိုမဟုတ်ဘူး၊ ဘာဖြစ်နေတာလဲ အညို၊ ဘာအခက်အခဲ ရှိလဲ ..."

"မရှိပါဘူး အစ်ကို ..."

"မရှိရင် မင်းမျက်နှာထားကိုလည်း နည်းနည်းလေး ပြင်လိုက်ဦး၊ ဒီအလုပ်လုပ်တဲ့သူရဲ့ မျက်နှာက ဒီလိုမျက်နှာဆို အဆင်မပြေဘူး၊ အရင်က မင်းမျက်နှာက ကြည်တယ်၊ အခု မင်းကြည့်လိုက်ရင် ကြည့်တဲ့သူတောင် ငိုချင်သွားမယ်၊ မျက်နှာက မှုန်မှိုင်းပြီး ပြိုတော့မယ့် မိုးလိုပဲ၊ ဒီမျက်နှာနဲ့ ဧည့်သည်ကို ဘယ်လိုဧည့်ခံမလဲ ..."

"ဟုတ်ကဲ့ပါ ... အစ်ကို၊ ကျွန်တော် ပြင်ပါ့မယ်"

"အေး ... သွား ... သွား၊ လုပ်စရာရှိတာလုပ်တော့၊ ဒီညနေ လာမယ့် ပုဂ္ဂိုလ်က နည်းနည်းတော့ ကြီးကျယ်ခမ်းနား ဆန်းပြားတယ်၊ အနီရောင် နှင်းဆီအပွင့် ၁၅၀ ပန်းစည်းကို အသင့်ပြင်ထားပေးရမှာ၊ ပန်းတွေကြားမှာမှ လက်စွပ်ကို သေချာ ကပ်ချည်ပေးထားရမှာ၊ ခဏနေရင် မှာထားတဲ့ ပန်းစည်း ရောက်လာလိမ့်မယ်"

"လက်စွပ်ကရော အစ်ကို ..."

"ရော့ ... ဒါက လက်စွပ်ဘူး၊ စောစောကမှ လူတစ်ယောက် လွှတ်ပြီး ကြိုပို့ခိုင်းထားတာ၊ လက်စွပ်ကို ပန်းတွေကြား မှာ သေချာကပ်ချည်ပြီး ပန်းစည်းကို အဆင်သင့်ပြင်ထား၊ ဩော် ... ပန်းစည်းက နှစ်စည်းနော်၊ နောက်တစ်စည်းကို



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဖက်တွေချွေပြီး အဝင်ဝကနေ စားပွဲအထိ လျှောက်လ
လမ်းမှာ ခင်းထားပေးလိုက်”

အညိုက မန်နေဂျာ လှမ်းပေးသည့် လက်စွပ်ဘူး ယူပြီး ပြင်ဆင်ရမည့် အခန်းထဲသို့ ဝင်လာခဲ့သည်။ ခဏကြာသော ပန်းစည်းလည်း လာပို့သွားပြီမို့ ပန်းစည်းကြားမှာ လက်စွပ်ဘူး ကို တိပ်နှင့်ပတ်၍ သေချာကပ်ထားပေးလိုက်ပါသည်။

စန္ဒရားတီးမည့်သူလည်း ရောက်လာပြီ၊ အညို နှင်းဆီ ပွင့်ဖတ်တွေကို ခြွေပြီး ဝင်ဝထွက်ဝမှ စ၍ ခင်းထား လိုက်သည်။

အခန်းထဲမှာ လင်းချင်းနေသည့် မီးတချို့ကို ပိတ် မီးခပ်မှိန်မှိန်လေးသာ ထွန်းထားပေးလိုက်သည်။

ဟိုအရင်ကဆို ခုလို အလုပ်တွေ လုပ်ရတိုင်း ယောက်တည်း စိတ်ကူးယဉ် ပျော်ရွှင်တက်ကြွနေခဲ့ဖူးသည်။

ခုတော့ ... အရာအားလုံး ပျောက်ဆုံးသွားရုံ ကိုယ့်ကိုယ့်ကိုယ်ပါ ပျောက်ဆုံးသွားသူတစ်ယောက်လို စိတ် လေလွင့်နေခဲ့တာမို့ ဒါကို လုပ်ရသော်လည်း မပျော်ရွှင်ဘဲ ဝမ်းန စိတ်ပျက်လို့သာ နေပါသည်။

ဒါမျိုးလုပ်ပေးဖို့မှ အခွင့်မကြုံတော့ပဲ။

မျှော်လင့်စရာရယ်လို့လည်း ရှိမှမရှိတော့တာ



(၃၄)

မိုးခင်က ပျော့အိရှည်လျားသော အနီရောင် ဂါဝန် ည်လေးကို ဆင်မြန်းကာ စန္ဒရားသံလေးမှအပ တိတ်ဆိတ်အေးမြ နေသော အခန်းကျယ်ထဲသို့ လှမ်းဝင်လိုက်စဉ်မှာ နှင်းဆီ ပွင့်ဖတ် တွေကို စတင် နင်းလိုက်မိသည်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း နူးညံ့အိစက်သော င်းဆီပွင့်ဖတ်တွေပေါ်သို့ ဒေါက်ဖိနပ်ချွန်ချွန်က ထိုးဖောက်နင်း နေသွားသည်။

မီးရောင်မှိန်ပျပျလေးသာ လင်းနေသော အခန်းထဲ သို့ မိုးခင်က တစ်လှမ်းချင်းလှမ်းကာ ဝင်လာသည်။

ဒေါ်မြနန္ဒီက မိုးခင်ကို အသိအမှတ်ပြု လက်ခံခဲ့ ပြီးနောက်မှာ မိုးခင်က နေယွန်းကို ပြန်လည် လက်ခံခဲ့သည်။

ဒီနေ့မှာတော့ နေယွန်း ဝတ်ပေးချင်သည့် လက်စွပ် ကို လက်ခံဝတ်ဆင်ဖို့ ဒီဆိုင်ကို လိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာအတူစားဖို့ နေယွန်း စီစဉ်ထားသည့်ဆိုင်မှာ ဒီဆိုင်ဆိုတာ မိုးခင် ကြိုမသိခဲ့ရပါ ...။

စားသောက်ဆိုင်ရှိရာ အထပ်မြင့် အဆောက်အဦ ရှေ့မှာ ကားရပ်တော့မှ အညို အလုပ်လုပ်နေသော ဆိုင်မှန်းသိ မို့ မိုးခင် ဘာမှမတတ်နိုင်ခဲ့ပါ။

"နေ ... ဒီပေါ်က ဆိုင်မှာ စားမှဖြစ်မှာလား"

ဟု မိုးခင် မေးမိတော့ ဘာမှမသိရှာသော နေယွန်း က ပြုံးလိုက်ရင်း ...

"ဒီဆိုင်က အစားအသောက်ရော နေရာထိုင်ခင်းပါ ကောင်း တယ်လေ မိုးရဲ့၊ ဝန်ဆောင်မှုလည်း ကောင်းတယ်၊ ဒါ ကြောင့် ဒီနေရာလေးမှာ စားဖို့ ရွေးလိုက်တာ၊ ကိုယ် ညစာစားပွဲအတွက် ကြိုတင်စီစဉ်စရာရှိတာတွေ စီစဉ်ခိုင်း ထားပြီးပြီလေ ..."

ဟု ပေါ့ပေါ့ပါးပါး ပြောကာ မိုးခင်ကို ကားပေါ်က ဆင်းဖို့ လက်ကမ်း၍ ခေါ်ခဲ့သည်။

ဒီအချိန်ကျမှ ရုပ်ပျက်ဆင်းပျက် ငြင်းဆိုလှည့်ထွက် ဖို့လည်း မဖြစ်နိုင်တော့တာမို့ မိုးခင်က နေယွန်းနှင့်အတူ ဆိုင် ရှိရာ အထပ်မြင့်ပေါ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။

ဆိုင်ထဲသို့ မိုးခင် လှမ်းဝင်လိုက်ချိန်မှာတော့ ... လှမ်းတွေက မသိမသာ တုန်ချင်နေသည်။ မိုးခင် လျှောက်သော လမ်းမှာ နှင်းဆီပွင့်ဖတ်တွေ ပြန့်ကျဲနေလိုက်တာ၊ စန္ဒရားသံလေး လည်း သာယာလိုက်တာ၊ ဒီဝန်ဆောင်မှုတွေကို စီစဉ်ရသူ





အညိုပဲလား ...။ အိုး ... မတွေးနဲ့ ... ဒီအချိန်မှာ မိုးခင်ဟာ ခမ်း နားလှပသည့် ဘဝတစ်ခုကို သေချာပေါက် ပိုင်ဆိုင်ရတော့မည့် မိန်းမတစ်ယောက် ...။

နောက်ကို လှည့်မကြည့်ကြေး။ ဘာကိုမှ မခံစား ကြေး။ ဘဝချင်းက ခြားခဲ့ပြီလေ။

မိုးခင်သည် အတွေးတွေကို ခါထုတ်ပစ်လိုက်ရင်း နေယွန်းမအလယ်က စားပွဲဆီသို့ လျှောက်လာခဲ့သည်။

အညိုသည် စန္ဒရားတီးနေသည့် သူ၏နောက်ဘက် အခန်းထောင့် ခပ်မှောင်မှောင်နေရာလေးမှာ နှင်းဆီပန်းစည်းကြီး ကို ပွေ့ကာရပ်နေရင်း အခန်းထဲသို့ လှမ်းဝင်လာသော မိုးခင်ကို တွေ့မြင်ရခိုက်မှာ ရင်ဘတ်နားက ပန်းစည်းကို ယောင်ယမ်းဆုပ် ကိုင်လိုက်သဖြင့် လက်ဖဝါးမှာ စူးခနဲ နာကျင်သွားပါသည်။

ဒါ ... တိုက်ဆိုင်မှုလား၊ တမင် ကြံစည်တာလား။ ဒါ ဒီဆိုင်မှာ အလုပ်လုပ်တာကို မင်း မသိခဲ့ဘူးလား မိုးခင်။

သိခဲ့ရင်လည်း မင်းက အားနာငဲ့ညှာစိတ်နဲ့ ရှောင် သွားမယ့် မိန်းမမျိုးတော့ မဟုတ်ပါဘူး၊ မင်းက အရာရာတိုင်း အတွက် ရက်စက်နိုင်တဲ့ မိန်းမမျိုးပဲ။

အညိုက အရင်ထက် ပိုလှ၊ ပို၍တောက်ပလာသော မိုးခင်ကို အမှောင်ထဲမှာ ရပ်၍ ငေးကြည့်နေပါသည်။

ဒီမိန်းမကို စိတ်နာရသော်လည်း ဒီမိန်းမ ခုလို ကောင်းစားနေတာကို မြင်ရပြန်တော့လည်း ငါမပေးနိုင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



သူရနေတာပဲလေဟု တွေးကာ ကျေနပ်ရပြန်သည်။ သူ့စိတ်ဟာ နှစ်မျိုးနှစ်ခွ လွန်ဆွဲခံစားလျက်ရှိပါသည်။

အညို ခင်းကျင်းပြင်ဆင်ထားသည့် ခုံမှာ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်၍ ထိုင်လိုက်သည်။

ပြီးတော့ ... နေယွန်းက လက်တစ်ဖက်ကိုမြှောက်၍ လက်ဖျောက်တစ်ချက် တီးလိုက်သည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း အညိုက ပန်းစည်းကို ပွေ့ကာ သူတို့ဆီသို့ လျှောက်လာပြီး ပန်းစည်းကို နေယွန်းထံ လှမ်းပေးလိုက်သည်။

မိုးခင်သည် မှိန်ပျသော အလင်းရောင်အောက်မှာပင် သင်းပျံ့ပျံ့ နှင်းဆီရနံ့တွေနှင့်အတူ ကိုယ့်အနားကို ရောက်လာသူဟာ အညိုဆိုတာကို သိလိုက်သည်။ ကိုယ်ငွေ့နွေးနွေးတစ်ခုကို မမှတ်မိချင်ဘဲ မှတ်မိနေသည်။ သွယ်ရှည်သော လက်တွေ၊ မသိမသာ တုန်နေသော လက်တွေကို ချက်ချင်း မှတ်မိကာ ရင်တွေ တုန်လာသော်လည်း ဟန်ဆောင်ပြုံးထားသည်။

နေယွန်းက အညို ကမ်း ပေးသည့် ပန်းစည်းကိုလှမ်း ယူလိုက်ပြီး မိုးခင်ထံ ကမ်းပေးလိုက်သည်။

"ဒါ ... မိုးအတွက် ကိုယ် စီစဉ်ခိုင်းထားတဲ့ ပန်းစည်းပဲ၊ ပန်းတွေကြားမှာ ထူးခြားတာလေးတစ်ခုလည်း ရှိတယ်၊ ပထမတစ်ခါတုန်းက လှလှပပလေး မစီစဉ်ခဲ့ရလို့ ဒီတစ်ခါ သေချာ စီစဉ်ထားတာလေ ..."





မိုးခင်က နေယွန်း လှမ်းပေးသော ပန်းစည်းကို လှမ်း ယူလိုက်ပြီး ပန်းတွေကြားထဲက လက်စွပ်ကလေးကို ရှာယူဆွဲထုတ် လိုက်သည်။

"လက်စွပ်က အရင်တစ်ခါ ပေးတဲ့ လက်စွပ်တော့ မဟုတ်ဘူးနော်"

"အရင်တစ်ခါ ပေးဖူးတဲ့ လက်စွပ်က lucky မကောင်းလို့ မပေးတော့တာ၊ ဒါက အသစ်လေ ..."

နေယွန်းက မိုးခင် လက်ထဲက လက်စွပ်ကို လှမ်း ယူပြီး မိုးခင်လက်မှာ ဝတ်ပေးလိုက်သည်။ မိုးခင်က လက်ကလေး ကို ဆန့်တန်း၍ လက်စွပ်ကလေးကို ကြည့်ရင်း ပြုံးလိုက်သည်။

နောက်သို့ ခပ်ဝေးဝေးဆုတ်၍ ရပ်နေသော အညိုက မိုးခင်ရဲ့ ထိုအပြုံးကို မြင်ခိုက်မှာ ရင်ထဲကပူလောင်မှုတွေပင် လျော့ကျသွားသည်ဟု ထင်လိုက်သည်။ သူမ ဒီလိုပျော်နိုင်မယ် ဆိုလည်း ... သူ ကျေနပ် တိတ်ဆိတ်ကျန်ခဲ့ရုံပဲပေါ့ ...။

အညိုက အခန်းထောင့် စားပွဲပေါ်က ဝိုင်ပုလင်းကို သွားယူလာကာ သူတို့နှစ်ယောက်ရှေ့က ဝိုင်ခွက်အလွတ်တွေထဲ သို့ အနည်းငယ်စီ ထည့်ပေးလိုက်သည်။ သူ့လက်က အနည်းငယ် တုန်နေတာမို့ နေယွန်းရှေ့ ခွက်ထဲသို့ ထည့်စဉ်မှာ အနည်းငယ် ဖိတ်စင်သွားပါသည်။

"ဆောရီး၊ တောင်းပန်ပါတယ်ခင်ဗျ ..."

အညိုက ပျာပျာသလဲ တောင်းပန်တော့ နေယွန်းက အညို့ကို မော့ကြည့်လိုက်ရင်း ချက်ချင်း မှတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ... ၊ အဟား ... တွေ့ပြန်ပြီ၊ ခင်ဗျားက ဒီမှာ အလုပ်လုပ်တာလား ..."

"ဟုတ်ကဲ့ဗျ ..."

"မိုး ... သူနဲ့ ကိုယ်က ခဏခဏတွေ့တာကွ၊ ဟိုတစ်ခါ မိုး မွေးနေ့မှာ ကိုယ် မိုးကို ကားမောင်းသင်ပေးဖို့ သွားတုန်းက ရှစ်မိုင်လမ်းဆုံနားမှာ ကားနဲ့တိုက်မိသလို ဖြစ်သွားတာလည်း သူပဲလေ၊ ဟိုတစ်နေ့က ရုံးရှေ့မှာ တစ်ခါတွေ့သေးတယ်၊ ခုလည်း တွေ့ပြန်ပြီ၊ သူနဲ့က ရေစက်ပါပုံရတယ်"

မိုးခင်က အညို့ကို တစ်ချက်ကြည့်လျက် အေး အမှတ်ပြုသလို တစ်ချက် ခေါင်းဆတ်ပြလိုက်ပုံမှာ အကယ်ဒမီ မင်းသမီးတောင် အရှုံးပေးရလောက်လေသည်။

အညိုက သူတို့အတွက် စားသောက်ပွဲပြီးချိန်အထိ တာဝန်ယူကာ စားပွဲထိုးပေးနေလိုက်သည်။

ပြန်ခါနီးတော့ နေယွန်းက အညို့ပခုံးကို တရင်းတနှီး ပုတ်လိုက်ပြီး ...

"ဂရုစိုက်တာ ကျေးဇူးပဲ"

ဟုပြောလျက် ပိုက်ဆံတစ်ထပ် လှမ်းပေးသွားသေးသည်။

များလှသော တစ်ပ်မန်းနီးတွေကို ဆုပ်ကိုင်ငုံ့ကြည့်ရင်း သူငြိမ်သက်ကျန်ခဲ့သည်။

ထို့နောက် ဆိုင်နောက်ဘက် စတိုခန်းထဲသို့ ဝင်လာခဲ့ကာ စတိုခန်းထောင့် လှေကားထစ်လေးမှာ ထိုင်ချလိုက်သည်။





သူ ပြုံးသည်။ မိုးခင် ကောင်းစားနေသည့်အတွက် သူ ကျေနပ်စွာ ပြုံးသည်။ ပြုံးရင်းက မျက်ရည်တွေ ကျလာကာ သူငိုသည်။ သူ့တစ်ကိုယ်လုံး တုန်လှုပ်နေအောင် ငိုကြွေးနေသည်။ သူ့လက်ထဲမှာတော့ ပိုက်ဆံတွေကို ကြေမွနေအောင် ဆုပ်ကိုင်ထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃၅)

♥ ♥ ♥

"နေ ... ကောင်းကင်ကြီးက လှလိုက်တာနော် ..."

မိုးခင်သည် နေယွန်းတို့ ခြံကြီးထဲက မြက်ခင်းစိမ်းစိမ်းပေါ်မှာ နေယွန်းနှင့်အတူ ထိုင်ရင်း ကောင်းကင်ပြာကို မော့ကြည့်လျက် ပြုံးပြုံးလေး လှမ်းပြောလိုက်ပါသည်။

"အင်း ... ဒီနေ့ ရာသီဥတု သာယာတယ်လေ"

နေယွန်းက စာဖတ်နေရင်းက မိုးခင်ကို လှမ်းကြည့်လျက် ပြန်ပြောလိုက်သည်။

မြက်ခင်းစိမ်းပေါ်မှာ စားပွဲဝိုင်းဖြူဖြူလေးနှင့် ထိုင်ခုံဖြူဖြူလေးတွေ ချထားသည်။

ထိုင်ခုံတစ်လုံးပေါ်မှာ နေယွန်းက အေးအေးဆေးဆေး စာထိုင်ဖတ်နေသည်။ မိုးခင်က နားမှာ ear phone လေး တပ်လျက် iPod ဖြင့် သီချင်းနားထောင်နေသည်။ အိမ်ဖော် ကောင်မလေး တစ်ယောက်က ရှိ့ရှိ့ကျိုးကျိုး အမူအရာဖြင့် စားပွဲပေါ်သို့ အအေးဘူးတွေ လာချပေးသွားသည်။





ခြံဝန်းကျယ်ကြီးရဲ့ ထောင့်နားမှာ ရေတံခွန်လေးနှင့် ရေကန်ခင်းကလေးရှိသည်။ ကြာတွေပွင့်နေသော ရေကန်ငယ်ကလေးလည်း ရှိသည်။ သစ်ခွစင်တွေ၊ သဇင်တိုင်တွေလည်း ရှိသည်။

ဟိုးနောက်ဘက် ခပ်ဝေးဝေးမှာတော့ ခမ်းနားလှပသော သုံးထပ်တိုက် ဖြူဖြူကြီး။

ဒီနေရာကို ကိုယ့်အိမ်ကိုယ့်ရာသဖွယ် ခြေချခွင့်ရသော ခုလို တနင်္ဂနွေ နံနက်ခင်းတွေဟာ အလွန်ပဲ သာယာကျေနပ်ဖွယ် ကောင်းလှပါသည်။

ခုတော့လည်း မိုးခင် လျှောက်ရမယ့် အနာဂတ်လမ်းဟာ လှပဖြောင့်ဖြူးလျက် ရှိပါသည်။

နေယွန်းရဲ့ ကြီးမားသော မေတ္တာတော်ကြောင့် ဒေါ်မြနှဒီနှင့် ဒေါ်မျိုးမမကလည်း မိုးခင်ကို အသိအမှတ် ပြုရပြီ။ ဦးနေမျိုးနိုင်ကို နေယွန်းပြောပြတော့လည်း ဦးနေမျိုးနိုင်က မကန့်ကွက်ဟု ဆိုသည်။

မိုးခင်က လည်တိုင်ကလေး ကြော့မော့သွားသည်အထိ ကောင်းကင်ကို မော့ကြည့်ရင်း ခပ်သာသာ တိုက်ခတ်နေသော လေညင်းကို ရှိုက်၍ရှူလိုက်သည်။

နေယွန်းတို့ အိမ်ကနေ မော့ကြည့်ရတဲ့ ကောင်းကင်ကမှ မိုးခင်အတွက် ပိုလှသည်ဟုထင်မိသည်။ ဒီနေရာကမှ မိုးခင်နဲ့ တွေ့၍လိုက်ဖက်ကာ ဒီနေရာကနေ ရှုရတဲ့လေက ပို၍ လတ်ဆတ်ရှင်းသန့်သည်ဟု ထင်သည်။

"ဟော ... မာမီတောင် ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ ကားဝင်လာတာမို့ နေယွန်းက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်သည်။

ဒေါ်မြနန္ဒီ စီးနေကျ အမည်းရောင် မာဆေဒီးစ် ကား က မြက်ခင်းပြင် ဘေးဘက်က လမ်းကွေ့လေးအတိုင်း ကွေ့ကာ မောင်းဝင်လာသည်။ မှန်ကို စတေကာ ကပ်ထားတာမို့ အထဲ သေချာထွင်းဖောက် မမြင်ရ။ ပိန်းပိတ်အောင် အမှောင်ချထားသော စတေကာမျိုးလည်းမဟုတ်တာမို့ ကားထဲကို ရိုးရိုးရိပ်ရိပ်တော့ လှမ်းမြင်ရနိုင်သည်။

နေယွန်းက ကားကိုလှမ်းကြည့်နေရင်းက ...

"မာမီတော့ ဒရိုင်ဘာအသစ်နဲ့ အဆင်ပြေရဲ့လား မသိဘူး"

"ဒရိုင်ဘာက အသစ်လား ..."

"ဟုတ်တယ် ... မိုး၊ ဒီနေ့မှ အလုပ်စဝင်တာ၊ ဒီနေ့က မာမီ့မိတ်ဆွေ တစ်ယောက်အိမ်မှာ အရက်ဆွမ်းကျွေးအလှူ တစ်ခုရှိလို့ ဒရိုင်ဘာက အစောကြီးလာပြီး ထွက်သွားတာ အရင် ဒရိုင်ဘာတုန်းက အရက်သောက်တတ်လို့ ဆိုပြီး မာမီ စိတ်တိုင်းမကျလို့ ထုတ်ပစ်လိုက်တာ၊ မာမီက မလွယ် ဘူး၊ ဒရိုင်ဘာဆို အရက်မသောက်တတ်တဲ့သူမှ ခန့်ချင် တာ၊ အရင် ဒရိုင်ဘာတစ်ယောက်တုန်းက အရက်သောက် လာပြီး ကားမောင်းလို့ အက်ဆီးဒင့် ဖြစ်မလို ဖြစ်ခဲ့ဖူးတယ် လေ၊ အဲ့ဒီကတည်းက လန့်သွားတာ၊ အရက်သောက်တတ် တဲ့သူဆို သူမသိဘဲ သောက်လာပြီး မောင်းမှာစိုးတာ ..."

"ဒီဒရိုင်ဘာကတော့ အရက်မသောက်ဘူးပေါ့"





"အင်းပေါ့၊ အဲ့ဒါကြောင့် ခန့်လိုက်တာ ..."

"နေ့ မာမီက အမြဲ ဒရိုင်ဘာနဲ့ပဲ သွားလာတတ်တာလား"

"ဟိုအရင်ကတော့ သူကိုယ်တိုင် မောင်းပြီး သွားလာနေတာ ပါ၊ နောက်တော့ ကားလမ်းကြောတွေလည်း အရမ်းပိတ် လာတော့ ကားမောင်းရတာ စိတ်ဖိစီးတယ်ဆိုပြီး ဒရိုင်ဘာ ခေါ်လိုက်တာ၊ လာ ... မိုး ... မာမီ့ဆီ သွားရအောင်"

နေယွန်းက မိုးခင်လက်ကို ဆွဲကာ မြက်ခင်းကို ဖြတ်၍ ကားရပ်ထားသည့် နေရာသို့ လျှောက်သွားလိုက်သည်။

ကားရပ်ထားသည့် ပေါ်တီကိုအောက် နေရာကို ပန်း ပင်တွေ၊ ပန်းအိုးတွေဖြင့် ကွယ်နေတာမို့ ရှင်းရှင်းလင်းလင်း မမြင် ရ၊ မိုးခင်တို့ဘက်ကို နောက်ခိုင်းလျက် ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သော ဒရိုင်ဘာ၏ ကျောပြင်ကိုသာ တစ်ဝက်တစ်ပျက် မြင်ရပါသည်။

နေယွန်းက မိုးခင်လက်ကိုဆွဲလျက်ပင် ကားနားသို့ လျှောက်သွားလိုက်ပြီး ...

"မာမီ ... ပြန်လာပြီလား၊ ဒီမှာ မိုးခင် ရောက်နေတယ် မာမီ၊ သားတို့ မနက်စောစော အပြင်မှာ ဘရိတ်ဖတ်ထွက် စားပြီး သူ့ကို ဒီခေါ်လာခဲ့တာ ..."

"ဩော် ... အေး ... အေး၊ သားတို့ ခြံထဲမှာ အေးအေးဆေး ဆေး နေကြလေ၊ မာမီလည်း အစောကြီး ထသွားခဲ့ရတော့ လူက အိပ်ရေးမဝသလိုဖြစ်ပြီး နုံးနေတယ်၊ ခဏလေး



www.burmeseclassic.com

www.burmeseclassic.com



နားလိုက်ဦးမယ်၊ မိုးခင်လည်း နေ့လယ်စာ ဒီမှာပဲ စား
လိုက်နော် ..."

"ဟုတ်ကဲ့ ... အန်တီ"

"မာမီ့လက်ထဲက ဘာချိုင့်ကြီးလဲ ..."

"အလှူအိမ်က ဖွတ်ထည့်ပေးလိုက်တာလေ၊ ထောပတ်
ထမင်းရော၊ ဟင်းတွေရော၊ အချိုပွဲတွေရော စုံလို့ပဲ၊ ချိုင့်
ကြီးကြီးနဲ့ မင်းဖို့ဆိုပြီး အတင်းထည့်ပေးလိုက်တာ၊ ငြင်း
လည်းမရဘူး၊ ထည့်ပေးလိုက်တာတော့ အများကြီးပဲ၊ သား
တို့စားချင်လည်း ယူစားကြနော်"

"သားကို ချိုင့်ပေး မာမီ၊ မိုး ခဏနော်၊ မာမီ့ကို အိမ်
လိုက်ပို့လိုက်ဦးမယ်"

နေယွန်းက ဒေါ်မြနဒီ လက်ထဲက ချိုင့်ကို လှမ်း
ယူကာ အမေ့ပခုံးကို လှမ်းဖက်ပြီး အိမ်ထဲသို့ လှမ်းဝင်သွားသည်။

ထိုအချိန်မှာပဲ မိုးခင်ကို ကျောခိုင်းအနေအထားဖြင့်
ရပ်နေသော ဒရိုင်ဘာက မိုးခင်ကို လှည့်ကြည့်လိုက်ပါသည်။

"ဟင် ... ဦးထူး"

မိုးခင်က ဗြုန်းခနဲ အနီးကပ်တွေ့လိုက်ရသော အသ
လေးလေး ဦးထူးမျက်နှာကို အလန့်တကြား ကြည့်ရင်း ကြက်သေ
သေသွားသည်။

ဒီလိုနေရာမှာ ဒီလို ပက်ပင်းလာဆုံရတဲ့ အဖြစ်က
မိုးခင်ကို ချောက်ချားသွားစေပါသည်။

ဦးထူးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...





"မင်းက ဒါ့ကြောင့် ငါ့တူကို စွန့်ပစ်ခဲ့တာကိုး ...၊ ငါ
ထင်တော့ထင်သားပဲ၊ အညိုကတော့ ငါ့ကို အမှန်အတိုင်း
မပြောပါဘူး၊ သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲကြတယ်
ပဲ ပြောတာ၊ မင်းသဘောအတိုင်းနေနေတဲ့ အညိုက မင်းနဲ့
သဘောထားချင်း မတိုက်ဆိုင်စရာ ဘာအကြောင်းရှိမှာလဲ၊
ဒါနဲ့ နေပါဦး ... ဒီအိမ်ကလူတွေကရော မင်းရဲ့ နောက်
ကြောင်းတွေကို သိရဲ့လား ..."

"ဦးထူး ... ကျွန်မဘဝကို ဖျက်ဆီးဖို့ မစဉ်းစားပါနဲ့"

"ဘယ်သူက ဘယ်သူ့ဘဝကို ဖျက်ဆီးခဲ့တာလဲ၊ မင်းက
သာ အညို့ဘဝကို ဖျက်ဆီးခဲ့တာ မဟုတ်လား"

ဦးထူးက ဒေါသသံဖြင့် အံကြိတ်ကာ ပြောလိုက်
သည်။ မိုးခင်က အိမ်ထဲဘက်သို့ ကြောက်လန့်တကြား လှမ်းကြည့်
လိုက်မိပြီး ဦးထူးလက်ကို ဆတ်ခနဲ လှမ်းဆွဲကာ ကားဂိုထောင်
ဘက်သို့ ဆွဲခေါ်လာသည်။

"မင်းက ခုတော့ မင်းနောက်ကြောင်းတွေ ပေါ်မှာစိုးလို့
ဆတ်ဆတ်တုန်အောင် ကြောက်နေပြီ မဟုတ်လား"

"ဦးထူး ... တိုးတိုး ... တိုးတိုးပြောပါ၊ မိုးခင် တောင်းပန်
ပါတယ်၊ ဒီအကြောင်းတွေကို ဒီအိမ်ကလူတွေကို မပြော
လိုက်ပါနဲ့၊ တောင်းပန်ပါတယ်၊ မပြောဘူးလို့ မိုးခင်ကို
ကတိပေးပါနော်"

"ငါက ဘာလို့ ကတိပေးရမှာလဲ၊ ငါ ပြောချင်တဲ့သူရှိရင်
ပြောလိုက်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချွေးသီးချွေးပေါက်တွေ ကျလျက် တုန်ရင် ကြော
ရွံ့နေသော မိုးခင်က ဦးထူးကို တောင်းပန်လို့မရနိုင်သည့်အခါ
မှာ မျက်နှာထား တင်းသွားကာ မျက်လုံးတွေ စူးရှလာပါသည်

"ဦးထူးက မိုးခင်ကို ခြိမ်းခြောက်နေတာလား"

"အဲ့ဒီ ယူဆချင်လည်း ယူဆလိုက်လေ ..."

"ဦးထူး နောင်တရလိမ့်မယ်"

"နောင်တဆိုတာ အမှားလုပ်မိတဲ့လူမှ ရမှာ၊ ငါက ဘာ
အမှားမှ လုပ်မထားဘူး၊ ဘယ်သူ့အပေါ်မှာမှ ညစ်ပတ်
ယုတ်မာမထားဘူး၊ အကျင့်စာရိတ္တလည်း မပျက်စီးဘူး
ဘယ်သူ့ဘဝကိုမှ မဖျက်ဆီးဘူး"

"လင်မယား ကွဲတာနဲ့ပဲ ဘဝဖျက်တဲ့အထိ အမှုကြီးသွား
လား၊ အညို့ဘဝက ဘာတွေများ ပျက်စီးသွားလို့လဲ၊ သူ
ဟာသူ သူ့အလုပ်သူ ဆက်လုပ်နေတာပဲ၊ ကျွန်မကို မပ
ရရင် သူတောင် သက်သာသေးတယ်၊ မိန်းမက ထားခဲ့
ဘဝပျက်တယ်ဆိုလည်း အဲ့ဒါ မိန်းမက ဖျက်သွားတာ
မဟုတ်ဘူး၊ အဲ့ဒီ ယောကျ်ားကိုယ်တိုင်က ပျော့ညံ့လို့ သူ့
ဘဝသူ ပြန်ဖျက်တာပဲ"

"နင် ... နင် ... တော်တော် မျက်နှာပြောင်တိုက်ပါလား
မိုးခင်ခင်၊ နင် တစ်နေ့ကျ နောင်တတွေနဲ့ ရူးသွားလိ
မယ်"

"မိုးရေ ... မိုး ..."

နေယွန်းက လှမ်းအော်ခေါ်သံကို ကြားလိုက်ရ





နဲ့ မိုးခင်က ဆတ်ခနဲလန့်ကာ တုန်သွားသည်။ ဦးထူးက မိုးခင်ကို ကြည့်ကာ မဲ့ပြုံးတစ်ချက်ပြုံး၍ ပခုံးတွန့်လိုက်သည်။

မိုးခင် မျက်နှာက ချက်ချင်း ပြောင်းလဲနူးညံ့သွားကာ ကားဂိုထောင်ဘက်မှ ဟန်မပျက် ထွက်လာခဲ့ရင်း ...

"နေ ... မိုးခင် ဒီမှာ၊ နေတို့ ဒရိုင်ဘာအသစ်က ကားဂိုထောင် ဝင်ရှင်းနေလို့ လိုအပ်တာလေးတွေ ကြည့်ပြောပေးနေတာ"

ဟု လှမ်းပြောလိုက်သည်။

နေယွန်းက မိုးခင် လက်ကို လှမ်းဆွဲတွဲထားလိုက်ရင်း ...

"မာမီ ယူလာတဲ့ ထောပတ်ထမင်းက မိုက်တယ်ကွ၊ မွှေးနေတာပဲ၊ လာကွာ ... နည်းနည်း သွားဆွဲလိုက်ကြရအောင်"

"နေက အစားပုပ်လိုက်တာကွာ၊ မိုးခင်တော့ ဗိုက်ပြည့်နေပြီ၊ နေ စားတာပဲ ထိုင်ကြည့်နေလိုက်တော့မယ် ..."

သာယာစည်လွင် မြူးပျံ့နေသော မိုးခင်၏ အသံက ဦးထူး၏ နားထဲသို့ ကန့်လန့်ဝင်သွားသည်။ ဦးထူးက တောက်တစ်ချက်ခတ်ရင်း ...

"တတ်လည်း တတ်နိုင်တဲ့ စုန်းမ ..."

ဟု ရေရွတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

မှောင်လိုက်တာ ...

ပိန်းပိတ်အောင် မှောင်သော အမှောင်ထဲမှာမို့ မျက်လုံးဖွင့်ထားသော်လည်း ဘာကိုမှ မမြင်ရ ...။ မျက်လုံးဖွင့်ထား သလား၊ မှိတ်ထားသလား ကိုယ့်ကိုယ်ကိုယ်လည်း မသေချာလှ အမှောင်ထဲမှာ ပြေးနေမိသည်။

ခြေသံတွေ ...

နောက်ကလိုက်လာသည့် ခြေသံတွေကို ကြားသည်။ ခြေသံတွေဟာ နီးလာလိုက် ... ဝေးသွားလိုက်ဖြင့် နောက် ထပ်ချပ်ပါလာသည်။

မောလိုက်တာ ...

လူက အသက်ရှူရပ်မတတ် မောဟိုက် ပင်ပန်းလာ သည်။ တစ်ကိုယ်လုံး ချွေးတွေနစ်လာသည်။

ခြေသံတွေက နီးလာပြန်သည်။

ရှေ့ကိုလှမ်းကြည့်တော့လည်း ဘာမှမမြင်ရ၊ နော





ဘာက်ကိုလည်း လှည့်မပြန်ရဲ။ ခြေသံတွေနဲ့ ဝေးအောင် ပြေးရမယ် ဆိုသော အသိတစ်ခုဖြင့်သာ ခြေဦးတည့်ရာသို့ စွတ်ရွတ် ပြေးရင်း တဖြည်းဖြည်း အသက်ရှူကျပ်လာသည်။

ထိုအချိန်မှာ ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး ဖြာလင်းသွားကာ ရှေ့တည့်တည့်မှာ ပိတ်ဆို့၍ရပ်နေသော ဦးထူး ကို တွေ့လိုက်ရသည်။

အေးစက်စက်အသံတစ်သံက နားနားကပ်၍ ခြောက် လှန့်လိုက်သည်။

"ငါက ဘာလို့ ကတိပေးရမှာလဲ၊ ငါပြောချင်တဲ့ ဆန္ဒရှိရင် ပြောလိုက်ရုံပဲ"

ဦးထူးအသံက နားဝမှာ ဟိန်းထွက်လာသဖြင့် လူက ဆတ်ဆတ်တုန်ကာ ထထိုင်လိုက်မိသည်။

အိပ်မက်ပဲ ...။

ဆိုးလှတဲ့ အိပ်မက်ပဲ ...။

အဲကွန်းစိမ့်အေးအောင် ဖွင့်ထားသော အခန်းအလယ် ရှိ ခုတင်ပေါ်က မိုးခင် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေ ထွက်နေ သည်။ ရင်ပူကာ အာခေါင်တွေလည်း ခြောက်လှပါသည်။

"ကျွတ် ... အသုံးမကျတဲ့ အိပ်မက် ...၊ အရေးမပါတဲ့ အိပ်မက်"

မိုးခင်က ဒေါသဖြင့် ရေရွတ်ရင်း ခုတင်ဘေး စားပွဲ ပေါ်က ရေဘူးကို လှမ်းယူမော့သောက်လိုက်သည်။ ပြီးတော့ အံဆွဲကိုဖွင့်ကာ အိပ်ဆေးဘူးကိုယူပြီး အိပ်ဆေးတစ်လုံး ထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



သောက်သည်။ အဲကွန်းကို အအေးဆုံးသို့ မြှင့်လိုက်ပြီး စောင်… ထူကို ဆွဲခြုံလိုက်သည်။

သို့သော် ... မိုးခင် တစ်ကိုယ်လုံးပူနေသည်။ ကြေ… နေသည်။ ချောက်ချားနေသည်။

ခမ်းနားလှပလာတော့မယ့် ကိုယ့်ဘဝရဲ့ အနီး… ဝိုက်မှာ ဦးထူး ရောက်ရှိနေခြင်းဟာ မိုးခင်ကို အမြဲခြောက်… နေသည်။

ဒေါ်မြနုဒီကို မိုးခင်အကြောင်း သွားမပြောသေး… လည်း ဘယ်နေ့များ ပြောထွက်သွားမလဲဟု အမြဲတမ်း စိုးထိ… နေရသည်။

ခြံထဲမှာ ... အိမ်နားမှာ ... မိုးခင်ကို စက်ဆုပ်သ… မကြာခဏ လှမ်းလှမ်းကြည့်တတ်သော ဦးထူးရဲ့ မျက်ဝန်းတွေ… ဆုံတိုင်း ကြောက်ရွံ့သော်လည်း ထိမထင် ဟန်ဆောင်ထားရသ…

စိုးရိမ်စိတ်ကြောင့် အိပ်လို့လည်း မပျော်၊ ပျော်… မပျော်နိုင် ... ။

ဒီအခြေအနေကြီးကနေ အမြန်ဆုံး လွတ်က… မိုးခင် တစ်ခုခုတော့ လုပ်မှဖြစ်မည်ပင်။

◆ ◆ ◆



(၃၇)

♥ ♥ ♥

"နေ ..."

"အင်ဟင် ..."

"နေတို့အိမ်က ဒရိုင်ဘာအသစ်က တစ်မျိုးပဲနော်"

ကော်ဖီ တစ်ခွက်ကို ရှေ့ချကာ ဂျာနယ်ဖတ်နေသော …ယွန်းကို အရိပ်အကဲ တစ်ချက်ကြည့်ရင်း မိုးခင်က စကားစ …က်သည်။

နေယွန်းက မိုးခင်ကို မျက်ခုံးပင့်၍ ကြည့်လိုက်ရင်း

"ဘာဖြစ်လို့လဲ မိုးရဲ့ ..."

မိုးခင်က ပခုံးတစ်ချက်တွန့်လိုက်ရင်း ...

"သူ့မျက်လုံးတွေက မလွယ်ဘူး ..."

"အင်ဟင် ... ဘယ်လိုမလွယ်တာလဲ"

"မရိုးသားဘူးလေ၊ သူ့အကြည့်တွေက စည်းမရှိဘူး"

"ကိုယ် အကဲခတ်မိသလောက်တော့ သူ့ပုံစံက ရိုးရိုးအေး သားပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံစံက ရိုးပေမယ့် မျက်လုံးတွေက မရိုးဘူးလေ၊ မိုး
တော့ နေ့မာမီကို အဲ့ဒီဒရိုင်ဘာနဲ့ နှစ်ယောက်တည်း သွား
တာမြင်တိုင်း စိတ်မအေးဘူး၊ နေ့ မာမီက အသက်
၄၆ နှစ်ရှိပြီဆိုပေမယ့် အရမ်းအရွယ်တင်ပြီး ချောတယ်
*တစ်ခါတလေ နေ့မာမီကို ဦးထူး ကြည့်တဲ့ပုံက တစ်မျိုး*
ဂရုစိုက်တာကလည်း အိုဗာဖြစ်နေသလိုပဲ"

နေယွန်းက ရယ်မောလိုက်ရင်း ...

"မိုး အစိုးရိမ်ပိုနေတာပါကွာ၊ ကိုယ့်မာမီက မိုးထက်တော
လူကဲခတ်တော်တဲ့သူပါ၊ သူ့အပေါ် မရိုးသားဘူးထင်
သူ မကြိုက်တဲ့ အချက်တွေတွေ့ရင် ကိုယ်တို့တောင် ပြော
စရာမလိုဘူး၊ သူ့ဘာသာ အလုပ်ထုတ်ပစ်လိုက်မှာပါ၊ စိ
မပူနဲ့ ... ဟုတ်ပြီလား"

"ဒရိုင်ဘာဆိုတာ အသက်ကြီးကြီး ထားမှ စိတ်ချရမှာ
နေရဲ့၊ ဒီဒရိုင်ဘာက လူလတ်ပိုင်းပဲအရွယ်ပဲ ရှိသေးတာ
သူ့အကျင့်စာရိတ္တ နောက်ကြောင်းက ဘယ်လိုရှိမယ်
မသိဘဲ မာဆေဒီးစ်ကားကြီး ပေးမောင်းပြီး အန်တီနဲ့
ယောက်တည်း သွားလာနေရတာတော့ စိတ်မအေး
ပေါ့"

"သူ့နောက်ကြောင်းက ရှင်းပါတယ် မိုးရဲ့၊ သူ အ
ကားမောင်းပေးခဲ့တဲ့ သူဌေးက မာမီ့သူငယ်ချင်းလေ၊ မာ
သူငယ်ချင်းက နိုင်ငံခြားထွက်ခါနီးတော့ သူ့ဒရိုင်ဘာ
သေချာအာမခံပြီး မာမီ့ဆီမှာ လုပ်ဖို့ လွှဲပေးခဲ့တာ၊ မာ





သူငယ်ချင်းကလည်း မာမီလို နုနုချောချောပဲ၊ စိတ်ချရပါ
တယ်တဲ့၊ ဘာမှ ရှော့မရှိပါဘူး"

"အင်းလေ ... ဒါဆိုလည်း ပြီးရော၊ မိုးခင်က စိတ်ပူမိလို့
ပြောတာပါ၊ လူဆိုတာကတော့ အရင်က ကောင်းပေမယ့်
အခုဆိုးတာလည်း ရှိမှာပဲလေ၊ ဘယ်အရာမှ တသမတ်
တည်း မရှိတတ်တာကိုတော့ သတိရှိရမှာပေါ့ ..."

"ဒါပေါ့ ... သတိဆိုတာတော့ ပိုတယ်မရှိပါဘူး၊ သတိထား
ဖို့တော့ မာမီ့ကို ကိုယ် ပြောထားလိုက်ပါ့မယ်"

ဒါ့ထက် ထပ်ပြောရင်လည်း သိပ်သိသာသွားမှာစိုး
ဘာမို့ မိုးခင်က ဆက်မပြောဘဲ နေလိုက်ရပါသည်။

စနေနေ့ မနက်ခင်းတစ်ခုမှာ နေယွန်းတို့ အိမ်အပေါ်
ထပ် လသာဆောင်မှာ အတူထွက်ထိုင်၍ စကားပြောနေကြတာမို့
ခြံထဲကိုလည်း စီးမိုးမြင်နေရသည်။

ခြံထောင့်မှာ ရပ်ထားသော ဒေါ်မြနန္ဒီရဲ့ ကားကို
ဦးထူးက အဝတ်တစ်ခုနှင့် ပွတ်သုတ်နေသည်။

မိုးခင် လှမ်းငုံ့ကြည့်နေချိန်မှာပဲ သူက လသာဆောင်
ဘက်သို့ လှမ်းမော့ကြည့်လိုက်သည်။

အကြည့်ချင်း ဖျတ်ခနဲအဆုံမှာ ဦးထူးက လှောင်
ပြောင်သလို တစ်ချက်ပြုံးလိုက်ပြီး ကားကို ဆက်သုတ်နေလိုက်
သည်။

အဲ့ဒီ အကြည့်တွေ ... အဲ့ဒီ အပြုံးတွေက မိုးခင်ကို
နေ့စဉ်နဲ့အမျှ နှိပ်စက်နေခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကိုသာ ပိတ်ထားပေမယ့် သူ့မျက်လုံးနှင့် နှုတ်ခမ်းတွေက မိုးခင်ကို ခြိမ်းခြောက်နေခဲ့တာပဲ မဟုတ်လား။

သူနဲ့ဆုံမှာစိုးလို့ ဒီအိမ်ကို မလာလို့လည်း မဖြစ်ပြန်။ ဒီအိမ်ကို မကြာခဏ ဝင်ထွက်ပြီး ဒီအသိုက်အဝန်း ဒီမိသားစုမှာ ဝင်ဆံ့ပတ်သက်နေရသည့် အနေအထားလေးကိုလည်း လက်မလွှတ်ချင်ပြန်ပါ။

မိုးခင်က ဦးထူးရဲ့ အပြုံးကြောင့် ခေါင်းကိုက်သွားကာ ခန္ဓာကိုယ်ကို နောက်သို့မှီ၍ ထိုင်လိုက်ရင်း နားထင်ကို လက်ဖြင့် ဖွဖွထောက်လိုက်မိသည်။

နေယွန်းက မိုးခင်ကို ငဲ့ကြည့်ရင်း ...

"မိုး ... ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ခေါင်းထဲ နည်းနည်း ငြီးစီစီ ဖြစ်လာလို့ ..."

"ဒါဆို လန်းသွားအောင် အပြင်ထွက်လိုက်မယ်လေ၊ အပြင်မှာ တစ်ခုခုစားပြီးရင် ရှော့ပင်ထွက်ချင်လည်း ထွက်၊ လာ ထ ... သွားရအောင်"

နေယွန်းက မိုးခင်ထံ လက်ကမ်းပေးလိုက်တာမို့ မိုးခင်က နေယွန်းလက်ကို လှမ်းဆွဲဆုပ်ကိုင်ပြီး ထိုင်ရာမှ ထလိုက်သည်။ ကဲ ... ဒီလို အရာရာအဆင်ပြေ လိုတရနေတဲ့ အခြေအနေတစ်ခုကို ဘယ်သူက လက်လွှတ်ချင်မလဲ ...။

ဒီဘဝကို လက်မလွှတ်ချင်လို့ တစ်ခုခုလုပ်မိရင်လည်း ကျွန်မအပြစ်တော့ မဟုတ်ဘူး ဦးထူးရယ် ...။



## (၃၈)

♥ ♥ ♥

"ရှင် မညာနဲ့နော် ဦးထူး၊ ကျွန်မကို အမှန်အတိုင်း ပြော"

"ကျွန်တော် မညာပါဘူး အစ်မရယ်၊ ကျွန်တော် ဘယ်တုန်းကမှ အရက်မသောက်ခဲ့ပါဘူး၊ ကျွန်တော် အရက်မသောက်တတ်တာ အရင်သူဌေးလည်းသိပါတယ်"

"ဒါဆို ... ရှင်နဲ့ ကျွန်မပဲ စီးနေတဲ့ ကားပေါ်မှာ ဘာဖြစ်လို့ အရက်နံ့တွေ နံစော်နေတာပဲ၊ ထိုင်ခုံဆိုဖာမှာ ဘာလို့ အရက်နံ့တွေ စွဲနေတာလဲ၊ ရှင် မသောက်ဘူးဆိုရင် တရားခံက ကျွန်မလား၊ ရှင် ကျွန်မကို ပြောင်မညာနဲ့၊ ကားရှေ့ဘန်ပါမှာ တစ်ချက်ထိထားတာလည်း ရှင့်လက်ချက်ပဲ မဟုတ်လား၊ ရှင် အရက်သောက်ပြီး မောင်းလို့ တိုက်မိတာ မဟုတ်လား"

"မဟုတ်ဘူး အစ်မ၊ လုံးဝမဟုတ်ဘူး၊ ကျွန်တော် မောင်းတုန်းက ဘာနဲ့မှ မတိုက်မိဘူး"

"ရှင့်အပြင် ဘယ်သူမောင်းလို့လဲ၊ ဒီကားကို ရှင်ပဲမောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ဒီလောက်ထင်ရှားနေတဲ့ ကိစ္စ၊ အရက်နဲ့သက်ဆ
လည်း ရှိတဲ့ ကိစ္စမှာ ရှင်ပြောင် ညာမနေပါနဲ့"

"မာမီ … စိတ်ကိုလျှော့ပါဗျာ၊ အေးအေးဆေးဆေး ပြောပါ"

"အေးဆေးဆေးဆေး ပြောနေတာကို သူမှ ဝန်မခံဘဲ သား ရဲ့၊ မာမီ အရက်ကို ဘယ်လောက်မုန်းလည်းဆိုတာ သား လည်းသိတယ် မဟုတ်လား၊ အရင် ဒရိုင်ဘာတုန်းက အရက်ကြောင့်ပဲ ကံကောင်းလို့ ကားအက်ဆီးဒင်း မဖြစ် တာ မဟုတ်လား၊ သူ အရက်မသောက်တတ်ပါဘူးဆို သာ မာမီက ခန့်ခဲ့တာ၊ ခုတော့ …"

ဒေါ်မြနုဒီက ဒေါသဖြင့် စိတ်လိုက်မာန်ပါ ပြော နေပြီး ဦးထူးက ဒေါ်မြနုဒီရှေ့မှာ ခေါင်းငုံ့၍ရပ်နေသည်။

နေယွန်းကတော့ ဖျန်ဖြေရေးသမား။

မိုးခင်ကတော့ ခပ်ဝေးဝေး အခန်းထောင့် ဆိုဖာ ထိုင်၍ ထိုမြင်ကွင်းကို လှမ်းကြည့်နေရင်းက တစ်ဖက်သို့လှည့် မသိမသာ ပြုံးလိုက်ပါသည်။

ဒီလိုတွေဖြစ်လာဖို့ ဘာများ ခက်ခဲလို့လဲ … ။

ဦးထူးအလစ်၊ ဒီအိမ်ကလူတွေ အလစ်မှာ ကားဆေ တက်မောင်းပြီး ခြံထောင့်က အုတ်တိုင်လေး တစ်ခုကို ဝင်ဆောင့် ပစ်လိုက်ရုံပဲလေ၊ ပြီးတော့ … အပြင်ကဝယ်လာတဲ့ ဈေးပေါ အရက်ပုလင်းကို ဖွင့်ပြီး ကားထဲ နည်းနည်းပါးပါး ဆွတ်ဖြန်းလိုက် ရုံပဲ မဟုတ်လား။

မနေ့က ညနေက ဒီကားကို နောက်ဆုံးစီးခဲ့သူ





သွား။ ဒေါ်မြနုဒီက အပြင်ကပြန်လာပြီးမှ သူ့မိတ်ဆွေအိမ်မှာ ည်းထုပ်တစ်ခု မေ့ကျန်ခဲ့သည်ဟုဆိုတာ ဦးထူးကို သွားပြန်ယူ ခဲ့တာပင်။

ဦးထူး ပြန်သွားတော့ မိုးချုပ်နေပြီ … ။ ထိုအချိန် မိုးခင်က နေယွန်းတို့အိမ်သို့ နေယွန်းနဲ့အတူ ရောက်လာခဲ့ သည်။

အပြင်က ဝယ်လာတဲ့ ဘဲကင်၊ ငါးကင်နှင့် စားစရာ နှင့်အတူ နေယွန်းတို့အိမ်မှာပဲ ညစာအတူစားခဲ့ကြသည်။

ညစာ စားပြီးနောက် မိုးခင်ကို နေယွန်း ပြန်မပို့ခင် နေယွန်းတို့ မိသားစုတွေ family room ထဲမှာ အချိုပွဲစားရင်း ားပြောဆိုနေချိန်မှာ မိုးခင်က ရင်ပြည့်ချင်သလိုဖြစ်လာ၍ ချင်သည်ဟု အကြောင်းပြကာ ခြံထဲသို့ ဆင်းလာခဲ့တာပင်။

နေယွန်းတို့ ခြံဟာ ကျယ်ဝန်းလှတာမို့ မိုးခင်ရဲ့ ပ်တစ်ပြက် လုပ်ဆောင်ချက်ကို ဘယ်သူမှ မသိလိုက်ကြပါ။

နောက်တစ်နေ့မှာတော့ ဦးထူးက တရားခံအဖြစ်သို့ ာက်ရှိသွားပါသည်။

ဒီနေ့ဟာ တနင်္ဂနွေနေ့ … ။ ဒေါ်မြနုဒီလည်း မနက် အပြင်သွားစရာ မရှိတာမို့ ဦးထူးက နေ့လယ်ကျမှ အိမ်ကို ာက်လာတာပင်။

ဦးထူး ရောက်မလာခင်လေးမှာ မိုးခင်က နေယွန်း အတူ ဒီအိမ်ကိုရောက်လာခဲ့ကာ ကားဂိုထောင်ဘက်သို့ မ ည် လျှောက်သွားရင်းက …



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နေရေ ... ဒီမှာ လာကြည့်ပါဦး၊ အန်တီ့ကား
တိုက်မိထားတယ်ထင်တယ်"

ဟု လှမ်းအော်ခေါ်၊ နေက ပျာပျာသလဲ ရောက်လာ
ဒေါ်မြနဒီလည်းထွက်လာ၊ ကားထဲကို ဖွင့်စစ်ကြည့်တော့ အရာ
နှံ့တွေ ထောင်းခနဲထ။ ဒေါ်မြနဒီက ဒေါသတွေ ဆတ်ဆတ်
ထွက်နေချိန်မှာမှ ဦးထူးက ရောက်လာ ...။ ခုတော့ ဦးထူး
တရားခံ ...။

"ကဲ ... ဦးထူး ရှင် ငြင်းနေလည်း အလကားပဲ၊ ရှင့်ကြောင့်
ဆိုတာ ရှင်းနေတဲ့ကိစ္စပဲ၊ ရှင့်ကို ကျွန်မအလုပ်ထုတ်တယ်
ကျွန်မကား ပျက်စီးတာကိုလည်း ရှင် တာဝန်ယူရမယ်"

"ကျွန်တော် လုပ်တာမဟုတ်ဘဲ ကျွန်တော်က ဘာဖြစ်လို့
တာဝန်ယူရမလဲ ..."

"ရှင် တာဝန်မယူရင် ကျွန်မ ရဲခေါ်လိုက်မယ်"

ကြားဝင်ဖို့ အချိန်တန်ပြီမို့ မိုးခင်က ထိုင်ရာမှထ
ဒေါ်မြနဒီနားသို့ လျှောက်လာခဲ့ပြီး ...

"အန်တီ ... ဒီလိုတော့ မလုပ်ပါနဲ့နော်၊ မိုးခင် တောင်း
ပါတယ်၊ ဒီလိုကားမျိုးကို သူ့အနေနဲ့ ဘယ်လိုလျော်နိုင်
မလဲ၊ အလုပ်ထုတ်တာလောက်နဲ့ပဲ ကျေနပ်လိုက်ပါ အန်
ရယ်၊ ရဲတွေဘာတွေခေါ်နေရင် ပြဿနာတွေ ရှည်ရှည်
ဝေး ဖြစ်ကုန်ပါ့မယ်၊ အန်ကယ်လ် သိရင်လည်း ဘယ်
ကောင်းပါ့မလဲ၊ ကြီးကြီး အပြင်က ပြန်လာလို့ ဒီကိစ္စ





သိရင်လည်း သွေးတိုးမှာလေ၊ နေ ... အန်တီ့ကို အပေါ်ခေါ်
သွားလိုက်နော်၊ ဦးထူးလည်း ပြန်လိုက်ပါတော့နော်"

ဦးထူးက မိုးခင်ကို စိုက်ခနဲ တစ်ချက်ကြည့်ပြီး
ချာခနဲ လှည့်ထွက်သွားသည်။

နေယွန်းက ဒေါ်မြနဒီလက်ကို တွဲကာ အပေါ်ထပ်
သို့ ခေါ်လာရင်း ...

"အဲ့ဒါကြောင့် မိုးက စိတ်ပူနေတာ၊ ဦးထူးပုံစံက တစ်မျိုးပဲ
ဆိုပြီး မာမီ့ကို သတိထားခိုင်းဖို့ သားကို ပြောနေသေးတာ၊
သားလည်း အမှတ်တမဲ့ မေ့လျော့ပြီး မာမီ့ကို ပြန်မပြောမိ
တာ ..."

ဟု ပြောသွားသည်။ မိုးခင်က ဧည့်ခန်းအလယ်မှာ
ရပ်ကျန်နေခဲ့ရင်း အောင်မြင်သူတစ်ယောက်လို ကျေနပ်စွာ ပြုံး
လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၉)

♥ ♥ ♥

"တောက် … သက်သေမရှိလို့သာ သေချာမပြောနိုင်သေး
သူ့လက်ချက်ဆိုတာ သေချာပါတယ်ကွာ၊ ငါ့ကို မိုးခင်
လုပ်ကြံလိုက်တာပါ"

လေးလေးက အညို့ကို အကြောင်းစုံပြောပြ
ဒေါသထွက်လာကာ တောက်တစ်ချက် ခေါက်လိုက်ပါသည်

အညို့ရင်ထဲမှာလည်း ဒေါသက တလှိုက်လှိုက်
လာနေပါသည်။ လေးလေးအတွက်လည်း စိတ်မကောင်း။ မို
ဒီလိုလုပ်ရက်တာကိုလည်း ခံပြင်းနာကျင်လှတာပင်။

"ကျွန်တော် တောင်းပန်ပါတယ် လေးလေး၊ ကျွန်တော်
ပတ်သက်ပြီး လေးလေး ဒီလိုဖြစ်ရတာပါ၊ လေးလေးအ
ထပ်ရအောင်လည်း ကျွန်တော် စုံစမ်းပေးပါ့မယ်"

"မလိုပါဘူးကွာ၊ ငါ့အတွက် အလုပ်ကမရှားပါဘူး၊ ငါ
သာ ရှာနိုင်ပါတယ်၊ တစ်သက်လုံးက နာမည်ပျက်
ခုမှ ဒီလိုစွပ်စွဲခံရပြီး အလုပ်ထွက်လာခဲ့ရတာကိုပဲ မခံ
သာ ဖြစ်ရတာပါ"





"ကျွန်တော် တောင်းပန်ပါတယ်"

"မင်း တောင်းပန်စရာ မလိုပါဘူး၊ တောင်းပန်စရာရှိရင် မိုးခင်ခင်ကပဲ တောင်းပန်ရမှာ၊ သေချာတာကတော့ သူပဲ ကားထဲကို အရက်ဖြန်းထားတာ ဖြစ်မှာ၊ ကားရှေ့ဘောနပ် ကိုလည်း သူပဲ ဝင်တိုက်ထားတာ၊ ပြီးတော့မှ ငါ့ဘက်က ပြောပေးတဲ့ပုံစံနဲ့ မျက်နှာကောင်းဝင်ယူလိုက်သေးတယ်၊ တတ်လည်း တတ်နိုင်တဲ့ မိန်းမ …၊ အဲ့ဒီအိမ်က လူတွေ လည်း အလို့ နလို့ ဒီမိန်းမ လှည့်စားတာ ခံနေရတာ"

အညိုက အံကြိတ်လျက် ခေါင်းငုံ့ကာငြိမ်နေသည်။

သးလေးက ရေနွေးကြမ်းတစ်ခွက် ကောက်မော့လိုက်ပြီး ခွက်ကို ပြန်ဆောင့်ချကာ …

"သူက ကြောက်နေတာလေ၊ သူ့အကြောင်းတွေ ငါပြောပြ မှာစိုးလို့ ငါ့ကိုမြင်တိုင်း မျက်နှာအပျက်ပျက်နဲ့ တုန်နေ အောင် ကြောက်တာ၊ ငါရှိနေသမျှ သူကြောက်နေရမှာစိုး လို့ ငါ့ကို ပထုတ်ချင်တာ၊ ငါကလည်း ပြောဖို့ စိတ်မကူး ပါဘူး၊ သူ့အမြင်ကတ်လို့သာ ရွဲ့ပြောနေ ကလိနေတာ၊ မင်းဘက်က ခံပြင်းလွန်းလို့သာ ဒေါသနဲ့ ပြောမိ ဆိုမိတာ၊ သူ့ဇာတ်ကြောင်းတွေ ပြန်လှန်ပြီး မိန်းမကြီးလို အတင်း လျှောက်ပြောဖို့ လုံးဝစိတ်ကူးခဲ့တာ မဟုတ်ဘူး …၊

"အဟက် … မိုးခင်ခင်က ပြောသေးတယ်ကွ၊ ကျွန်မကို မပံ့ပိုးရင် သူတောင် သက်သာသေးတယ်တဲ့၊ အံ့ချက်ကွာ၊ လက်ဖျားခါရပါတယ် …၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါပြောခဲ့ဖူးတာ မှတ်မိသေး

အညို၊ မင်းက မိုးခင်ခင်ကို မျက်မှန်စိမ်းတပ် ကြည့်

မြက်ခြောက်ကို မြက်စိမ်းလို့ထင်ပြီး မှက်မက်မောမော

ခဲ့တာလေ၊ မင်း အခု မျက်မှန်စိမ်း ကျွတ်ပြီလား၊ မြ

ခြောက်မှန်း သိပြီလား ..."

အညိုက နာနာကျင်ကျင် ပြုံးလိုက်ရင်း ...

"မျက်မှန်စိမ်းက အစကတည်းကမတပ်ခဲ့တာပါ လေး

မြက်နုထင်လို့ ဝါးတာမဟုတ်ပါဘူး၊ မြက်ခြောက်မှန်း

သိပါတယ်၊ သိပေမယ့် ဝါးချင်လို့ကို လျှာအရှခံပြီး

တာပါ"

အညို့စကားကြောင့် ဦးထူးက ငိုင်သွားကာ အ

ငေးကြည့်နေသည်။

အညိုက မတ်တတ်ထရပ်လိုက်တော့ ဦးထူးက

ကြည့်ရင်း ...

"ဘယ်သွားမလို့လဲ ..."

"မိုးခင်ဆီကိုပါ၊ သူ ဦးထူးကို ပြန်တောင်းပန်ရပါစေ

"ဟာကောင် ... လုပ်မနေနဲ့၊ အလကားပဲ၊ မိုးခင်

လုံးဝ တောင်းပန်မှာမဟုတ်ဘူး၊ ငါပြောရဲတယ်"

ခပ်သွက်သွက် လျှောက်ထွက်သွားသော အညို

ဦးထူးက လှမ်းအော်ပြောရင်း ကျန်ခဲ့ပါသည်။



(၄၀)

"ဘာကိစ္စလဲ ..."

အညို ဖုန်းဆက်ချိန်းလိုက်သဖြင့် ကုမ္ပဏီနှင့် မလှမ်း

ကမ်းက ကော်ဖီဆိုင်တစ်ဆိုင်ကို မိုးခင် ရောက်လာသည်။ မိုးခင်

၏ မျက်နှာထားက ထိမထင် ပင့်ချီနေကာ အညို့ကို ခပ်ပြတ်ပြတ်

မေးလိုက်ပါသည်။

"နင် လေးလေးကို ဘာလုပ်ကြံလိုက်သလဲ"

"ဘာမှ လုပ်ကြံစရာ အကြောင်းမရှိဘူး"

"နင့်အကြောင်းတွေ ဖွင့်ပြောမှာစိုးတဲ့ အကြောင်းတရား

တော့ရှိတယ်မဟုတ်လား၊ အဲ့ဒီအကြောင်းကြောင့် လေးလေး

အလုပ်ပြုတ်အောင် နင် လုပ်လိုက်တာ မဟုတ်လား"

"ဘာတွေ လာပြောနေတာလဲ အညို၊ ငါ့ဘာသာ ငါ့ဘဝနဲ့

ငါ အေးအေးဆေးဆေး နေပါရစေ၊ ငါ့ကို လာမနှောင့်ယှက်

ပါနဲ့၊ ဒီတစ်ခါ နောက်ဆုံးလို့ သဘောထားပြီး ငါ လာတွေ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ နောက်ကို ငါ့ဆီဖုန်းလည်းမဆက်ပါနဲ့၊ ပတ်သ
ဖို့လည်း မကြိုးစားပါနဲ့"

"မိုးခင် နင် တော်တော် အံ့ဩဖို့ကောင်းတာပဲ၊ နင့်ဘ
ကလည်း မှားခဲ့သေးတယ်၊ နင်ကပဲ အပေါ်စီးယူချင်
တယ်၊ နင်သာ လေးလေးအပေါ် မကောက်ကျစ်ခဲ့ဘူးဆို
ငါ နင့်ကိုတွေ့ဖို့ စိတ်မကူးပါဘူး၊ နင့်လို ကြောက်
ကောင်းတဲ့ မိန်းမနဲ့ ကင်းကင်းဝေးဝေး နေချင်ပါတ

"နင် မနာလိုဖြစ်နေတာ မဟုတ်ဘူးလား"

"ဘာ ...၊ ငါက ဘာကို မနာလိုဖြစ်ရမှာလဲ"

"ငါ ကောင်းစားနေတာကို နင် မနာလိုဘူးလေ၊
လေးလေးကလည်း နင့်လိုပဲ ငါ့ကို မနာလိုဘူးလေ၊ အဲ
ကြောင့် ငါ အထက်တန်းစား အသိုက်အဝန်းထဲမှာ ဝင်
နေတာကို မရှုစိမ့်လို့ ငါ့ကို ဒီဘဝက ပြုတ်ကျအောင်
ဖို့ ကြံစည်နေတာ၊ ခြိမ်းခြောက်နေတာ၊ ငါ့ကို ဆွဲချ
နေတာ ..."

"ဆွဲချရအောင် နင်က ဘယ်လောက်အမြင့်မှာ ရှိနေလို့
မိုးခင်၊ ငါက နင့်ကို ဆယ်ယူပေးခဲ့တာပါ၊ နင် ဘ
လောက်မြင့်မြင့် ဆွဲချဖို့လည်း စိတ်မကူးပါဘူး၊ နင်
ချမ်းသာပြီး နင်လိုတာရနေရင်ပြီးရော ငါ ကျေနပ်တယ်
နင့်ကို ငါပြောခဲ့ဖူးသားပဲ၊ ခုတော့ နင်ဖြစ်နေတာက သ
စရာ ကောင်းလွန်းတယ်"

"ဘာ၊ နင် သနားရအောင် နင်က ဘာလဲ၊ ငါက ဘာ





"ငါက နင်ထားခဲ့ပေမယ့် အေးအေးချမ်းချမ်း ကျန်ရစ်တဲ့သူ၊ နင်ကတော့ နင် လျှောက်ချင်တဲ့လမ်းကို အထိတ်ထိတ်အလန့်လန့်နဲ့ ကျိုးလန့်စာ စားလျှောက်နေရတဲ့သူ၊ တကယ်တော့ နင်က ကောင်းစားနေတာမဟုတ်ပါဘူး၊ ကောင်းစားပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်ရင်း အရာရာကို ကြောက်ရွံ့နေတဲ့သူ ... သနားစရာ ကောင်းတဲ့သူပါ၊ နင် တကယ်ကောင်းစားချင်ရင် နင့်ဘဝကို တကယ်မြင့်မားစေချင်ရင်နင် ရိုးဖြောင့်ပါ မိုးခင်၊ လေးလေးအပေါ် လုပ်ခဲ့သလိုမျိုးကောက်ကျစ်တဲ့နည်းလမ်းတွေ မသုံးစွဲပါနဲ့ ..."

"နင်ပြောချင်တာ ဒါပဲလား၊ ငါ သွားတော့မယ်"

"နင် ငါ့ဦးလေးကို ပြန်တောင်းပန်ပါ မိုးခင်"

"မတောင်းပန်နိုင်ဘူး၊ ငါ ဘာမှလည်း မလုပ်ခဲ့ဘူး"

"လေးလေးက ငါတို့အပေါ် ကောင်းခဲ့တဲ့သူပါ မိုးခင် ...၊ သူ့လက်စွပ်တောင် လာပေးပြီး ကူညီခဲ့ဖူးတဲ့သူပါ၊ ကျေးဇူးရှိတဲ့သူပါ"

"အဲ့ဒီလို ကျေးဇူးရှင်တွေ များနေတာကိုက နင်ညံ့လို့ပေါ့အညို ..."

"ဘာ ..."

"နင်ညံ့လို့၊ နင်ကိုယ်တိုင်က ဘာမှ မစွမ်းဆောင်နိုင်လို့ လူတကာဆီက အကူအညီယူခဲ့ရတော့ လူတကာကို ကျေးဇူးတင်ရပြီး ကျေးဇူးရှင်တွေ များလာတာပေါ့၊ နင်ညံ့လို့သာ



www.burmeseclassic.com

www.burmeseclassic.com



သူက နင့်ကျေးဇူးရှင် ဖြစ်နေတာ၊ နင်တော်ရင် ဘယ်
မှ ကျေးဇူးတင်နေစရာ မလိုဘူး"

"မိုးခင်ရာ ... နင်"

"ငါသွားတော့မယ် ..."

မိုးခင်က ဆတ်ခနဲ ထရပ်လိုက်သည်။

"နင် လေးလေးကို ပြန်တောင်းပန်ဖို့ ငါပြောနေ
နော် ... မိုးခင်"

"ငါ မတောင်းပန်ဘူး၊ ဘာမှလည်း မလုပ်ခဲ့ဘူးလို့
ထားတယ်လေ ... အညို"

"နင် မတောင်းပန်ရင် ..."

"အဟက် ... ဘာလဲ ... ခြိမ်းခြောက်ဦး မလို့လား၊
မတောင်းပန်ရင် ငါ့အကြောင်းတွေ အားလုံး သွား
မယ်လို့ ခြိမ်းခြောက်ချင်တာလား၊ လုပ်လိုက်လေ ...
သဘောပဲ ..."

မိုးခင်က ထိမထင်ပြောပြီး အညို့ရှေ့မှ လှည့်
လာပါသည်။



(၄၁)

ညက မက်သည့် အိပ်မက်ကတော့ ကြည်နူးဆွတ်ပျံ့
ဖြစ်သည်။

ခရေတွေ နှင်းလို ကြွေကျနေသော ခရေပင်ကြီး
အောက်မှာ မိုးခင် ရပ်တန့်နေခဲ့တာကို မှတ်မိသည်။ ခရေပွင့်တွေ
မိုးခင်ခေါင်းပေါ်ကို တဖျောဖျော ကြွေကျနေကာ ခရေပွင့်ကြွေ
ဟာ ခြေသလုံးတစ်ဝက်အထိ မြုပ်အောင် များပြားစုပြုံလာ
သည်။ ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးမှာ ခရေပန်းရနံ့တွေ
င်းနေသည်။

မိုးခင်က ခေါင်းကိုမော့ကာ မျက်လုံး မှိတ်လျက်
က်နှစ်ဖက်ကို ဆန့်ကား၍ လက်ဖဝါးတွေကို ဖြန့်ထားသည်။

ခရေပွင့်တွေက မျက်ခွံကလေးတွေပေါ်၊ ပါးပြင်တွေ
ပေါ်၊ နှုတ်ခမ်းကလေးပေါ်ကို အဆက်မပြတ် ကြွေကျနေသည်။
ရေပွင့်တွေရဲ့ အထိအတွေ့က နူးညံ့လှပါသည်။ သူ့ရနံ့က သင်း
ပျံ့လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်အတန့်လေးမှာ မိုးခင်က အမေ့ရင်ခွင်ထဲ က ကလေးတစ်ယောက်လို လုံခြုံပျော်ရွှင်နေသည်။

ဘာစိတ်ဒဏ်ရာမှ မရှိခဲ့သူလို ...

စိတ်ခံစားမှု အညစ်အနွမ်းတွေ မရှိသေးခင်က ပေါ့ပါးလန်းဆန်းလို့နေသည်။

ထိုအချိန်လေးမှာ မိုးခင်ရဲ့ လက်ဖဝါး တစ်ဖက်ကို တစ်စုံတစ်တစ်ယောက်က ဆွဲယူပြီး တစ်စုံတစ်ရာ ထည့်ပေးသွား တာကို သိလိုက်သည်။ မိုးခင်က ထိုနူးညံ့သော အရာကို ဆုပ်ကိုင် ရင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။

လက်ဖဝါးကိုဖြန့်ကြည့်တော့ ခရေပန်းကုံးကလေး တွေ့ရသည်။

နောက်ကျောဘက်ဆီ လှမ်းကြည့်မိတော့ တရွေ့ရွေ့ ဝေးသွားသော ကျောပြင်တစ်ခုကို ပျပျ မြင်ရသည်။

"အညို ..."

မိုးခင် ခပ်တိုးတိုး ရေရွတ်လိုက်ချိန်မှာ အညို့ပုံရိပ် က ဖျပ်ခနဲ ပျောက်ကွယ်သွားပြန်သည်။

ပြီးတော့ ခရေနံ့တွေနဲ့အတူ မိုးခင် နိုးလာခဲ့ပါသည်။

ရင်ထဲမှာ ထူးသန်းစွာ လှိုက်ဟာနေခဲ့ရပါသည်။

ခရေတွေ ဘယ်မှာလဲ ... မွှေးလိုက်တာ ... ခရေ တွေ ဘယ်က ရောက်လာတာလဲ ...။

အိပ်မက်ထဲက ရနံ့ကိုပဲ စိတ်စွဲလို့လား၊ အနား တော့ ခရေတွေ ရှိမနေခဲ့ပါ။





အပြင်က လာတဲ့ ရနံ့လား ...

အပြင်မှာ ခရေတွေ ကြွေနေပြီလား ...။

မိုးခင်သည် ခရေရနံ့ကို အရှူးအမူး တောင့်တကာ အိပ်ရာမှထလျက် ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး တံခါးကို ဆွန်းဖွင့်လိုက်သည်။

"အိုး ... အေးလိုက်တာ"

လေအေးတွေက အခန်းထဲကို အတားအဆီးမဲ့ ဝင် လာသည်။ ထိုလေကို ရှိုက်၍ ရှုလိုက်သော်လည်း ခရေပန်းနံ့ကို မရချေ။

အပြင်မှာတော့ ဒီဇင်ဘာနှင်းမြူတွေမှုန်ရီနေပါသည်။

အေးလိုက်တာ ...။ အနွေးထည် ... အနွေးထည် ဝတ်ရမှာပေါ့။ အနွေးထည် ဘယ်မှာလဲ ...။

မိုးခင်က ဗီရိုဆီပြန်ပြေးလာကာ ဗီရိုတံခါးကို ခပ် မြန်မြန် ဆွဲဖွင့်လိုက်သည်။

ဘာဝတ်ရမလဲ ... အနွေးထည် ဘယ်မှာလဲ။

မိုးခင်က ဗီရိုထဲက အဝတ်တွေကို ကမူးရှူးထိုး တစ်ထည်ပြီးတစ်ထည် ဆွဲကာ ဆွဲကာ ချနေသည်။

အနားမှာ အဝတ်အစားတွေ ပြန့်ကျဲသွားပြီးနောက် မှ ဟိုးဗီရိုထောင့်နားဆီက မိုးကာ ဂျာကင်အနီ အဟောင်းလေးကို ဆွဲမိသွားသည်။

ဒါကို ဝတ်မှပဲ။ ဒါကို ဝတ်မှ နွေးမှာပါပဲ။ နွေးမယ့် အကျီဆိုလို့ ဒီတစ်ထည်ပဲ ရှိတာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က ဂျာကင်ကို ခပ်မြန်မြန်ဝတ်၊ ကားသော့ ဆွဲပြီး အိမ်မှထွက်လာခဲ့သည်။

မကြာခင် ခရေပင်တန်းတွေနားမှာ ကားရပ်မိသည်။

ဒီခရေပင်တန်းတွေ ...။

မိုးခင် မလာချင်သော ရပ်ကွက်ထိပ်က ခရေပင် တန်းတွေ ...။

ဒီနေရာကို ဘာ့ကြောင့် လာမိသလဲဆိုတာ ကိုယ့် ကိုယ်ကိုယ် နားမလည် ...။

ခရေ ရနံ့ကို တမ်းတမိလို့များလား ...။

အိပ်မက်ကြောင့် ခရေကို သတိရတာလား ...။

ခရေပွင့်ကြွေတွေ ကောက်ချင်လို့လား ...။

မိုးခင်ခင်က ဝေခွဲမရစွာဖြင့် ခရေပင်အောက်မှာ ခပ်ငိုင်ငိုင် ရပ်နေခဲ့မိလေသည်။



## (၄၂)

“မိုးခင် ... ရှေ့လမ်းကွေ့နားမှာ အန်တီဝယ်နေကျ ချိပ်ဆိုင် တစ်ဆိုင် ရှိတယ်၊ အဲ့ဒီကို ခဏဝင်ရအောင် ...”

“ဟုတ်ကဲ့ ... အန်တီ”

မိုးခင်က ကွေ့ကြော့ကို ပြောင်းယူလိုက်ပြီး ဆက် မောင်းလာပါသည်။

ဒေါ်မြနန္ဒီက ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်း နေသော မိုးခင်ကို မသိမသာလေး အကဲခတ်ကြည့်နေမိပါသည်။

နားရွက်အောက်နားမှာ လှုလှုပပ လိတ်နေသော ဆံပင်ပုံစံကလေးကြောင့် ရှည်မြင့်သွယ်စင်းသော လည်တိုင်က ပေါ်နေသည်။ ဘေးတစ်စောင်း မြင်နေရသော နှာတံကလည်း ပေါ် ပေါ်လွင်လှသည်။ အညိုရောင် မျက်မှန်ကြီးကြီးကို တပ်ထား သောမို့ သူမ မျက်ဝန်းတွေကိုတော့ ထင်ထင်ရှားရှား မမြင်ရပါ။ မျက်ဝန်းတွေ ပေါ်လွင်နေသည့် အချိန်မျိုးမှာတော့ ဒေါ်မြနန္ဒီက ထိုမျက်ဝန်းတွေကိုပဲ မနှစ်မြို့မိတာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းတွေထဲက မနှစ်သက်စရာ စူးရှ အရိပ်အငွေ့တွေကို မမကြီးရော မြနန္ဒီပါ တွေ့စကတည်းက ဘဝင် မကျ ဖြစ်ခဲ့ရတာ။

သားအတွက်တော့ ဒီလို မျက်ဝန်းတွေက စွဲငြိစေ ဖြစ်နေမလား မသိပါ။

မိုးခင်ကို ပထမအဆင့် အသိအမှတ်ပြုခဲ့ပြီးပေမယ့် သားနဲ့ လက်ထပ်ပေးဖို့အတွက်တော့ အချိန်ယူ စဉ်းစား အကဲခတ် နေတုန်းပင်။

ဒရိုင်ဘာ ဦးထူးကို အလုပ်ထုတ်ပြီး နောက်ထပ် ဒရိုင်ဘာ စိတ်တိုင်းကျ မတွေ့မီစပ်ကြားမှာ မိုးခင်ခင်က ဒေါ်မြနန္ဒီ ကားကို မောင်းပေးပါရစေဟု တောင်းဆိုလာခဲ့ပါသည်။

ဒါဟာ ... ဒီမိသားစုထဲမှာ တရင်းတနှီး နေရာတစ်ခု ရဖို့ ကြိုးစားခြင်းဆိုတာကို ဒေါ်မြနန္ဒီက သဘောပေါက်ပါသည်။ ကိုယ်တိုင်လည်း သူမကို နီးနီးကပ်ကပ် လေ့လာချင်တာမို့ သူမရဲ့ တောင်းဆိုမှုကို လက်ခံခဲ့ပါသည်။

ခုလို သူမ ရုံးပိတ်တဲ့ရက်တွေမှာ ဒေါ်မြနန္ဒီ မင်္ဂလာ ဆောင် သွားစရာရှိလျှင် မိုးခင်က ကားမောင်း၍ လိုက်ပို့သည်။ ပွဲတက်ဖို့ ပိုးချိပ်တွေ ထွက်ဝယ်ရတဲ့အခါ၊ ဒီဇိုင်နာဆီမှာ အင်္ကျီ အပ်၊ အင်္ကျီရွေးရတဲ့အခါတွေမှာလည်း မိုးခင်က ကားမောင်းပြီး လိုက်ပို့သည်။

ဒီနေ့လည်း နောက်တစ်ပတ်မှာ သွားရမည့် မင်္ဂလာ ဆောင် နှစ်ခုနှင့် ဆိုင်ဖွင့်ပွဲတစ်ခုမှာ ဝတ်ဖို့ အဝတ်အစားရွေး





ချယ်ဝယ်ယူဖို့ ရှိတာမို့ မိုးခင်နှင့်အတူ မနက်ကတည်းက အိမ်မှ ထွက်ခဲ့တာပင်။

သားကတော့ သူ့အဖေနားမှာ စောင့်ကျန်ရစ်သည်။

ဒူးဖုံးရုံ ဂါဝန်လက်ပြတ် လည်ဟိုက်ပုံစံ ရှင်းရှင်း လေးဝတ်လျက် ကြိုးသိုင်းဒေါက်ဖိနပ်အမည်းလေးစီး၊ ကြိုးရှည် ရှည် စလင်းဘတ် ခပ်သေးသေးလေးကို ပေါ့ပေါ့ပါးပါးလွယ်ကာ နေကာမျက်မှန်ကြီးတစ်လက် တပ်လိုက်ရုံနှင့် သူမ ပုံစံက မော် ဒယ်လ်တစ်ယောက်လို စတိုင်လ်ကျ လှပသွားတတ်တာကိုတော့ ဒေါ်မြနန္ဒီက အသိအမှတ် ပြုရပါသည်။

သူမ၏ လမ်းလျှောက်ပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ တွေဟာ သင်တန်းတက် လေ့ကျင့်သင်ကြားထားတဲ့ မော်ဒယ်လ် တစ်ယောက်လို စမတ်ကျပြီး ကြည့်ကောင်းသည်။

ခုလည်း ဒေါ်မြနန္ဒီရဲ့ မာဆေးဒီးစ်ကို မောင်းနေပုံ က အံဝင်ခွင်ကျ လိုက်ဖက်လှပါသည်။

သို့သော် ... ခက်နေတာက တစ်စုံတစ်ရာကို လျှို့ ဝှက် ဖုံးကွယ်ထားတယ်လို့ ထင်ရတဲ့ သူမရဲ့ မျက်ဝန်းတွေကို ဒေါ်မြနန္ဒီ ခံစားလို့မရတာ မယုံကြည်နိုင်တာပင် ...။

ကိုယ့်သားနဲ့ ပတ်သက်တဲ့ မိန်းကလေးမို့ မနာလို နှစ်မြို့တာမျိုး မဟုတ်တဲ့ ဘာမှန်းမသိတဲ့ ခံစားချက်တစ်မျိုးက မိုးခင်နဲ့ ဒေါ်မြနန္ဒီကြားမှာ ခြားနားထားသည်ဟု ထင်မိသည်။

သားကို စိတ်ချမ်းသာစေချင်တာမို့ အလိုက်သင့်လေး



www.burmeseclassic.com

www.burmeseclassic.com



အဆင်တပြေ လက်ခံဆက်ဆံနေရသော်လည်း ချစ်မရ ခင်မ ယုံလို့မရဘဲ စိတ်ထဲမှာ အမြဲ ကသိကအောက် ဖြစ်နေခဲ့ရတာပင်။

ဆိုင်နားရောက်ခါနီးတော့ မိုးခင်က ကားကို အရှိန် လျှော့လိုက်ရင်း ...

"အန်တီ ... မိုးခင် ဆိုင်ထဲကို လိုက်ခဲ့ရမလား၊ ကားပေါ် မှာ စောင့်နေရမလား"

"လိုက်ခဲ့လေ ..."

"ဒါဆို ... အန်တီ ဝင်နှင့်လိုက်ပါ၊ မိုးခင် ဆိုင်ဟိုဘက်အေး က ကားပါကင်မှာ ပါကင်ထိုးပြီး လိုက်လာခဲ့ပါ့မယ်"

မိုးခင်က ကားကို ဆိုင်ရှေ့တည့်တည့်မှာ ရပ်ပေး လိုက်တာမို့ ဒေါ်မြနန္ဒာက အရင်ဆင်းကာ ဆိုင်ထဲသို့ ဝင်သွားသည်။

ပိုးထည်ဆိုင်ဟာ ကားအသွားအလာများတဲ့ လမ်း ဘေးမှာရှိပြီး ဆိုင်ရှေ့ တစ်ဖက်ခြမ်းမှာ ပြောင်းဖူးပြုတ်ဆိုင်၊ မာလကာသီးဆိုင်၊ ခေါက်ဆွဲသုပ်ဆိုင်ကလေးတွေလည်း ရှိသည်။ ဘတ်စ်ကားမှတ်တိုင်နှင့် နီးတာမို့ ပတ်ဝန်းကျင်မှာ ဒီလိုဆိုင်မျိုး လေးတွေ ရှိပေမယ့် ပိုးထည်ဆိုင်ကတော့ မှန်အလုံပိတ် ကာရံ ထားတာမို့ ဒီပတ်ဝန်းကျင်မှာ တသီးတသန့် အဆင့်မြင့်မြင့်လေး ရှိနေခဲ့တာ ဖြစ်ပါသည်။

မိုးခင်က ကားကို ဆိုင်ရဲ့ဘေးဘက်က ကားပါကင် မှာ ထိုးခဲ့လိုက်ပြီး ဆိုင်ရှေ့ဘက်သို့ ကွေ့လျှောက်လာဆဲတွင် ...

❧ ❧ ❧



## (၄၃)

♥ ♥ ♥

"ဟဲ့ ... ဟဲ့ ... ဟိုမှာကြည့်စမ်း၊ အဲ့ဒါ အညို့မိန်းမ မဟုတ် လား၊ အမလေး ... လှပကောင်းစားနေလိုက်တာ လူတောင် မှားတယ်"

ပိုးထည်ဆိုင်ရဲ့ ရှေ့ဘက် လမ်းဘေးဆိုင်ကလေးမှာ အကြော်ဝင်ဝယ်နေသော ဒေါ်ပိုက မိုးခင်ကို လှမ်းမြင်လိုက်တာမို့ တအံ့တသြ ရေရွတ်လိုက်ပါသည်။

အဖော်ပါလာသော မကျော့က ဒေါ်ပို ပြသည့်ဘက် ကို လှမ်းမျှော်ကြည့်လိုက်ရင်း ...

"ဟုတ်ပါရဲ့ ဒေါ်ပိုရယ်၊ သူကတော့ ကောင်းစားနေလိုက် တာ၊ ကျွန်မဖြင့် အညို့ကိုပဲ သနားပါတယ်"

"ဒီမိန်းမက တော်တော်ရိုင်းစိုင်းတာ မကျော့ရဲ့၊ ငါဖြင့် သူတို့ သတင်းကြားစက ဒေါသဖြစ်လိုက်တာ မပြောပါနဲ့ တော့အေ ...၊ အညိုကတော့ ဖုံးဖိထားရှာပါတယ်၊ ဒါပေ မယ့် ဒေါ်ကြီးက တို့ရပ်ကွက်ထဲက အရက်ဆိုင်မှာ အရက်



www.burmeseclassic.com

www.burmeseclassic.com



မှူးပြီး အကုန်ဖော်တော့ တစ်ရပ်ကွက်လုံး သိကုန်အေ
လာ … လာ … သွားနှုတ်ဆက်ရအောင် …”

“ဟင် … ဘာလို့ နှုတ်ဆက်ရမှာလဲ၊ မနှုတ်ဆက်ချင်ပါဘူ”

“လာစမ်းပါဆိုအေ၊ နှုတ်ဆက်ရင်း ပြောစရာရှိတာလေးတွေ
ပြောလိုက်ချင်လို့ပါ၊ ဒီလိုမှ မပြောလိုက်ရင် စိတ်ထဲ ကယ
ကလိ ဖြစ်လွန်းလို့ပါ”

ဒေါ်ပိုက မကျော့လက်ကိုဆွဲကာ မိုးခင်ဆီသို့ အပြေ
တစ်ပိုင်း လျှောက်လာပြီး မျက်နှာချင်းဆိုင် ပိတ်၍ ရပ်လိုက်ရင်

“နေကောင်းရဲ့လား မိုးခင် …”

မိုးခင်က ကိုယ့်ရှေ့ကို မထင်မှတ်ဘဲ ရောက်လာ
သည့် ဒေါ်ပို့ကိုတွေ့လျှင် လန့်သွားသော်လည်း ဘာမှမသိသည့်
မျက်နှာမျိုးဖြင့် ကြည့်နေလိုက်သည်။

“ညည်းကတော့ နေကောင်း ထိုင်ကောင်း၊ စားကောင်း
သောက်ကောင်းဆိုတာ မပြောလည်း သိပြီးသားပါအေ
ညည်းယောကျ်ားခများမှာသာ …”

“အန်တီက ဘယ်သူပါလဲ …”

“ဟမ် …”

ကလိလိုက် ရိလိုက်မယ်ရယ်လို့ မောင်းတင်လာ
သော ဒေါ်ပိုခများမှာ မိုးခင်ရဲ့ ခပ်တည်တည် တုံ့ပြန်မေးခွန်းထုတ်
ခြင်း ခံလိုက်ရတာမို့ ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်း
ဖြစ်သွားပါသည်။





မိုးခင်က သူတို့နှစ်ယောက်ကို တည်တည်ငြိမ်ငြိမ်
ကြည့်နေရင်း …

“အန်တီတို့ကို ကျွန်မ မသိပါဘူး၊ အန်တီပြောတာတွေကို
လည်း ကျွန်မ နားမလည်ပါဘူး”

“မိုးခင် ညည်း … ညည်း ဖြောင်လိမ်တယ်ပေါ့လေ၊ ညည်း
အေ ရုပ်ကလေး လှတပတနဲ့ အကျင့်မကောင်းလိုက်တာ၊
ညည်းရုပ်ကို ငါက ခွေးချီသွားတောင်မှ မှတ်မိပါတယ်
မိုးခင်ရဲ့၊ ဘယ့်နှယ် … ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့
ယောကျ်ားကိုပစ်ပြီး …”

“အန်တီ စကားပြော ဆင်ခြင်ရင် ကောင်းမယ်ထင်ပါတယ်၊
အန်တီတို့ ပြောတာတွေကို ကျွန်မ နားမလည်ဘူး၊ ကျွန်မနဲ့
လည်း မပတ်သက်ဘူး၊ ကျွန်မမှာ ယောကျ်ားမရှိဘူး၊
ကျွန်မ က အပျိုပါ”

“အမလေး … ကြည့်စမ်း … ကြည့်စမ်း … ပြောရဲလိုက်တာ၊
ပြောရဲလိုက်တာ …”

“အန်တီတို့ ဒီလို မဆင်မခြင် ပြောနေမယ်ဆိုရင်တော့
ဆိုင်ထဲက ကျွန်မ မိသားစုဝင် တစ်ယောက်ကို ခေါ်လိုက်
ရပါလိမ့်မယ်၊ ကျွန်မ မိသားစု ကျွန်မအသိုက်အဝန်းမှာ
အန်တီတို့လို လူမျိုးလည်း တစ်ယောက်မှမရှိတာ သေချာပါ
တယ်၊ အန်တီတို့ ပြဿနာမတက်ချင်ရင် အေးအေးဆေး
ဆေး လှည့်ပြန်လိုက်ပါတော့ …”

“ကြည့်စမ်း … ကြည့်စမ်း … ညည်းက …”



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ … ဒေါ်ပိုရယ်၊ လာပါ … သွားရအောင်ပါ၊ ကို
မဆိုင်တာတွေ ဝင်ပါမနေပါနဲ့တော့ …"

"ငါ အသည်းယားလို့ပါ မကျော့ရယ်၊ ဒင်းကို အသည်
ယားလွန်းလို့ပါအေ …"

မိုးခင်က အပေါ်စီးကနေ ခပ်တည်တည်ပြော
ချာခနဲလှည့်ထွက်သွားပြီမို့ ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့သော ဒေါ်ပို
မကျော့က ဖျောင်းဖျဆွဲခေါ်လိုက်ရလေသည်။

"အန်တီ … ဒါ သမီးတို့ ရက်ကန်းစင်ကထွက်တဲ့ အ
ဆင်အသစ်ပါ၊ ဒီအဆင်မျိုးက တစ်ထည်ပဲပါတာ၊ လှလ
အလှဆုံးမို့ အန်တီ့ဖို့ သိမ်းထားပေးတာပါ"

ဝယ်နေကျမို့ ချိပ်ဆိုင်က ဝန်ထမ်း မိန်းကလေး
ဒေါ်မြနန္ဒီ ကြိုက်တတ်သည့် အနက်နှင့် အနီ ချိပ်ဆင်အသစ်
ကို ဖြန့်ပြနေသည်။

သို့သော် ဒေါ်မြနန္ဒီက ချိပ်ကိုမကြည့်အားဘဲ ဆိုင်
မလှမ်းမကမ်း ကားတွေရပ်ထားသည့် နေရာနားက မြင်ကွင်း
ပဲ စိတ်ဝင်တစား လှမ်းကြည့်နေမိခဲ့သည်။

အမျိုးသမီးကြီး နှစ်ယောက် မိုးခင်ရှေ့က ပိတ်
ပြီး တစ်စုံတစ်ရာကို မကျေမနပ် ပြောဆို အငြင်းပွားနေပုံ





မြင်ကွင်းကို ကြည့်ရင်း စိတ်ထဲမှာ မကောင်းသည့်အငွေ့အသက်
ခံခုကို ခံစားလိုက်ရသလိုမျိုး ညစ်နောက်နောက် ဖြစ်လာကာ

"သမီး … အန်တီ့ကို တစ်ခုလောက် ကူညီပါ၊ ဟိုမှာတွေ့
လား၊ ဟိုကားနှစ်စီးကြားမှာ ဆွဲလွဲငြင်းခုန်နေတဲ့ အဒေါ်ကြီး
နှစ်ယောက် တွေ့လား …"

ကောင်မလေးက ဒေါ်မြနန္ဒီ ပြသည့်ဘက်ကို လှမ်း
ကြည့်ရင်း …

"ဟုတ်ကဲ့ … တွေ့ပါတယ် အန်တီ"

"အဲ့ဒီနှစ်ယောက် နောက်ကို သမီး ခဏလေး လိုက်သွား
ပေး၊ ပြီးရင် သူတို့ဆီက ဆက်သွယ်လို့ရမယ့် လိပ်စာလေး
တောင်းလာခဲ့၊ ယဉ်ယဉ်ကျေးကျေးလေး ပြောပြီး တောင်း
ခဲ့၊ လိပ်စာပေးတဲ့အတွက် အကျိုးမယုတ်စေရပါဘူးလို့
ပြော၊ ရော့ … ရော့ … ဒီစာရွက်လေးမှာ ရေးမှတ်ခဲ့၊ ပြီးရင်
အန်တီ့အဖော်ရှေ့မှာ ဘာမှမပြောနဲ့၊ သူမမြင်အောင် စာရွက်
ကို အန်တီ့အိတ်ထဲကို ထည့်လိုက်၊ အန်တီ့အိတ်က ဟိုမှာ
ချထားတယ် … တွေ့လား၊ သွား … သွား … မြန်မြန်လေး
သွား၊ ဘေးဘက်တံခါးကနေ ထွက်သွား …"

"ဟုတ်ကဲ့ … အန်တီ"

ကောင်မလေးက ဘေးတံခါးမှ ထွက်သွားချိန်မှာ
မိုးခင်က ရှေ့ဘက် တံခါးကို တွန်းဖွင့်၍ ဝင်လာပါသည်။

"မိုးခင် … ဒီမှာ ဒီအချိပ်ဆင်လေး အန်တီနဲ့ လိုက်ရဲ့လား၊
ကြည့်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနန္ဒီက လှမ်းခေါ်လိုက်တာမို့ မိုးခင်က ဒေါ် နန္ဒီနားသို့ လျှောက်လာသည်။ ဒေါ်မြနန္ဒီက ကျန်သည့် ဝန် မိန်းကလေးတွေ ပြသည့် အချိုပ်တွေကို တစ်ထည်ပြီးတစ် ကပ်ပြနေရင်း မိုးခင်ကို အာရုံလွှဲထားလိုက်လေသည်။

❖ ❖ ❖



(၄၄)

♥ ♥ ♥

“လိပ်စာအရဆိုရင်တော့ ဒီလမ်းပဲ ခင်ဗျ၊ လမ်းထဲကိုတော့ ကားဝင်လို့ မရဘူး ...”

ဒေါ်မြနန္ဒီရဲ့ ဒရိုင်ဘာအသစ်က ကားနောက်ခန်းမှာ ထိုင်နေသည့် ဒေါ်မြနန္ဒီကို လှမ်းပြောရင်း ကားကို လမ်းဘေးသို့ ကပ်၍ ရပ်လိုက်ပါသည်။

ဒေါ်မြနန္ဒီက ကားပေါ်ကမဆင်းဘဲ ပတ်ဝန်းကျင် အနေအထားကို အကဲခတ်လိုက်ပါသည်။

ကားဝင်လို့ရတဲ့ လမ်းကတောင် ဂလုဂလောင်းတွေနဲ့ တော်တော်လေး ဆိုးနေ ကြမ်းနေပြီ ...။ ကားဝင်မရတဲ့ လမ်း ပ်ကျဉ်းကျဉ်းထဲမှာဆို ဘယ်လောက်ဆိုးလေမလဲ ...။ အနီးအနား မှာ ဆိုင်ကြီးဆိုင်ကောင်း အိမ်ကြီးအိမ်ကောင်းရယ်လို့လည်း မရှိ ဘဲ ဘုစုခရု သစ်သားအိမ် အစုအစုလေးတွေသာ ရှိနေတာပင်။

ဒီလိုနေရာမှာ နေသည့် သူတွေဟာ မိုးခင်ကို ပိုင်စိုး ပိုင်နင်း ငြိုငြိုငြင်ငြင် ပုံစံတွေနဲ့ ပြောဆိုနေခဲ့ကြတာလေ ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်နဲ့ ဒီလိုနေရာကလူတွေဟာ ဘယ်လိုများ ပတ်သက်မှု ရှိ
ဆိုတာကို ဒေါ်မြနန္ဒီက သိချင်လှတာပင်။

သား ပြောပြလို့ ဒေါ်မြနန္ဒီ သိရတဲ့ မိုးခင်ရဲ့ အ
အတန်းဟာ အနိမ့်ကြီးမဟုတ် ...။ မချမ်းသာပေမယ့်လည်း အ
အနစ်ပေးနိုင်တဲ့ အဖွားလည်းရှိ၊ အမေ ကျောင်းဆရာမရဲ့ အ
အကိုင်ကလည်း ဂုဏ်ရှိရှိပါ။

"မင်း ဒီကပဲ စောင့်နေလိုက်၊ အန်တီ လမ်းလျှောက်ဝင်
လိုက်မယ်"

ဒေါ်မြနန္ဒီက ဒရိုင်ဘာကောင်လေးကို ပြောပြီး
ပေါ်မှ ဆင်းလာပါသည်။

ဒီကိုလာမိလို့ ဘာထူးခြားမလဲဆိုတာ သိချင်လှ
မယ့် ခုလို စုံစမ်းမိတဲ့အတွက်တော့ သားကို အားနာရပါသည်

သား ရှိနေတုန်းလည်း မစုံစမ်းချင်တာမို့ ဒီနေ့မန
စင်ကာပူက သူငယ်ချင်း မင်္ဂလာဆောင်ကို သွားမယ့် သား
လေဆိပ်လိုက်ပို့ပေးပြီး အပြန်မှာ ဒီကိုလာဖြစ်ခဲ့တာပင်။

သားက အမေကို နှုတ်ဆက်ရင်း ပူဆာသွားခဲ့
သေးသည်။

"မာမီ ... သားပြန်လာရင် သားတို့ မင်္ဂလာကိစ္စ စီစဉ်
တော့နော်၊ မာမီ့ဖို့ PRADA အိတ် ဒီဇိုင်းသစ် ဝယ်လာ
ပေးမယ် ... သိလား"

သားက ကလေးလို ပူဆာကာ အမေဖြစ်သူရဲ့
ကလေးကိုတောင် နမ်းရှုံ့ချွဲနွဲ့သွားခဲ့သေးသည်။





ဒေါ်မြနန္ဒီက ရယ်မောနေသော်လည်း ခေါင်းတော့
ညိတ်ဖြစ်ခဲ့ပါ။

မိုးခင်ခင်ဟာ သားအတွက် အကောင်းဆုံး အပြစ်
ကင်းစင်ဆုံး အိမ်ထောင်ဘက်ဆိုတာ မသေချာသေးဘဲ သားရဲ့
ကောင်းဆိုမှုကို မလိုက်လျောချင်သေးပါ။

ဒေါ်မြနန္ဒီက လမ်းထဲသို့ လျှောက်ဝင်လာရင်း လိပ်
စာပါသော အိမ်နံပါတ်ကို ရှာဖွေလာသည်။ ဒေါက်ဖိနပ် စီးလာ
တာလည်း မဟာအမှားပင်။ ဒေါက်ဖိနပ်က မြေပျော့ထဲ နစ်
သွားလိုက်၊ ချိုင့်ထဲ ယိုင်နဲ့ကျသွားလိုက်ဖြင့် ခရီးကမတွင် ...။

နောက်ဆုံးတော့ အိမ်နံပါတ်ကို ရှာတွေ့သွားကာ
သစ်သားအိမ်ကလေးရှေ့မှာ ရပ်လိုက်သည်။ စာရွက်ပေါ်မှာ
ဒေါ်ပိုဟု ရေးထားတာမို့ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့၊ ဒါ ဒေါ်ပို့ အိမ်လားရှင့် ..."

ဟု လှမ်းမေးဆဲမှာ ဖျတ်ဖျတ်လတ်လတ် ပုံစံနှင့်
မကြီးတစ်ယောက်က အိမ်ရှေ့သို့ ထွက်လာသည်။ ထိုအဒေါ်
ကြီးဟာ ပိုးထည်ဆိုင်ရှေ့မှာ တွေ့လိုက်သည့် အဒေါ်ကြီးပင် ...။

အဒေါ်ကြီးက ဒေါ်မြနန္ဒီကို အံ့သြသလို ခြေဆုံး
ခေါင်းဆုံး ကြည့်လိုက်ရင်း ...

"ဘာကိစ္စလဲကွယ် ..."

"အစ်မကြီးက ဒေါ်ပိုလားရှင့်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ငါ ဒေါ်ပိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက လွန်ခဲ့တဲ့ သုံးရက်လောက်က ပိုးထည်ဆိုင်
နေ လိပ်စာထွက်တောင်းခိုင်းလိုက်တဲ့သူပါ"

"အမလေး ... အဲ့ဒီကိစ္စ ... အဲ့ဒီကိစ္စကို သိချင်နေတာ၊ အ
ကိစ္စလဲဆိုတာ သိချင်နေတာ၊ ငါ့ညီမလို သူဌေးမရုပ်ရည်
တို့နဲ့ ဘာများ ပတ်သက်စရာ အကြောင်းရှိလို့လဲကွယ်"

"ကျွန်မ အိမ်ထဲကို ဝင်လို့ရမလား ..."

"သြော် ... ခေါ်ပို့မေ့နေလို့ပါအေ၊ လာပါ ... ဝင်ပါ၊ အိ
ကတော့ ခပ်စုတ်စုတ်ပဲ၊ ခုံတော့ မရှိဘူး၊ ဖျာပေါ်မှာထိုင်
လာ ..."

ဒေါ်မြနဒီက ဒေါ်ပို ခင်းပေးသည့် ဖျာပေါ်မှာ အ
လွှာလုံချည်စကဒ်ကို ကွဲမသွားအောင် စေ့စေ့ကျုံ့ကျုံ့ဝင်ထိုင်
လိုက်ရပါသည်။

"ကဲ ... ပြောပါဦး ကိစ္စကို"

"ကျွန်မ မိုးခင်ခင်အကြောင်း သိချင်လို့ပါ"

"မိုးခင်ခင်အကြောင်း သိချင်လို့လား၊ အမလေး ပြော
မယ်၊ ပြောပြမယ်၊ သူ့အကြောင်းကတော့ သိပ်ကို ပြော
ချင်တာ၊ သက်သေနဲ့ကို ပြောပြမယ်၊ ဟော ... မကျေ
ဒီဘက်အိမ် ခဏကူးခဲ့ပါဦးဟေ့ ..."

ဒေါ်ပိုက ချက်ချင်းပင် တက်ကြွကာ တစ်ဖက်အိ
ဘက်သို့ လှမ်းကြည့်ရင်း အသံကို မြှင့်ကာ အော်ခေါ်လိုက်သည်
ချက်ချင်းလိုပင် မိန်းမကြီးတစ်ယောက်က ဒေါ်ပို့ အိမ်ဘက်





ပြေးအလွှား ကူးလာသည်။ ထိုမိန်းမကြီးဟာလည်း ပိုးထည်
ဆိုင်ရှေ့မှာ တွေ့ခဲ့တဲ့ တစ်ယောက်ပင် ...။

သူတို့ပုံစံ ဟန်ပန်တွေကို တွေ့ရသလောက်တော့
ကြားရမည့်အကြောင်းတွေဟာ ဘယ်လိုနည်းနဲ့မှ အကောင်းဘက်
မရှိနိုင်တာ သေချာနေတာမို့ ဒေါ်မြနဒီမှာ ရင်တွေတောင်
ခုန်လာခဲ့ရပါသည်။ လာမိတာ မှားပြီလား ...။

သားကို မကောင်းတဲ့ မိန်းမမျိုးနဲ့ အိမ်ထောင်မပြု
ချင်တာမှန်ပေမယ့် သား မေတ္တာရှိမိတဲ့ မိန်းမဟာ ဆိုးဝါးတဲ့
နောက်ကြောင်း ရာဇဝင်ရှိတာမျိုးတော့ မဖြစ်စေချင်ခဲ့တာပါ။
ဘုရားမလို့ မိုးခင်ခင်ရဲ့ နောက်ကြောင်းဟာ သိပ်မရှုပ်ထွေးပါစေနဲ့။

"ဒီမှာ ... ငါ့ညီမရဲ့၊ ဟိုကိုကြည့်လိုက်၊ ဟိုဘက်က အိမ်
ကလေးကို လှမ်းကြည့်လိုက် ..."

ဒေါ်ပိုက ကပ်လျက် တစ်ဖက်အိမ်သို့ လက်ညှိုးညွှန်
ပြလိုက်တာမို့ ဒေါ်မြနဒီက ကယောင်ကတမ်း လှမ်းကြည့်မိလျှင်

"အဲ့ဒါ ... မိုးခင်ခင်နဲ့ သူ့ယောကျ်ားနဲ့ နေခဲ့တဲ့ အိမ်ကလေး
လေ ..."

"ရှင် ..."

ဒေါ်မြနဒီက အံ့သြလန့်ထိတ်ကာ ခြေဖျား လက်
ဖျားတွေ တစိမ့်စိမ့် အေးလာနေပါသည်။ ဘုရား ... ဘုရား ... ဆိုး
လှပါလား မိုးခင်ခင်။

"ဟင်း ... ဟင်း ... ငါ့ညီမက ကေတ္တတော့ မိုးခင်ခင့်ကို
အပျိုလို့ပဲ သိထားပုံရတယ်၊ သူကတော့ ဒီလိုပဲ ပြောမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကျုပ်တို့နဲ့ ပိုးထည်ဆိုင်ရှေ့မှာ ပက်ပင်းတွေ့တုန်း
တောင် ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး အံ့ဒေါ်ကို ကျွ
မသိဘူး၊ ကျွန်မက အပျိုပါလို့ ဖြောင်လိမ်ခဲ့သေးတာ

"ဒီမိန်းမက အင်မတန် ရက်စက်တဲ့ မိန်းမ
သူ့ ယောကျ်ားလေးခမျာမှာတော့ သူ့ကိုချစ်လိုက်ရ
ပုံ့ပိုး လိုက်ရတာ၊ မနက်ဆို သူ့ယောကျ်ားပဲ ဈေးဝယ်
ပြုတ်၊ သူက ဘာမှမလုပ်၊ အချိန်တန် အလှပြင်ပြီး အပြ
ထွက်သွားတာပဲ ...၊

"အရင်က သူတို့နေတဲ့ ရပ်ကွက်မှာလည်
အရပ်ထဲ အော်ဟစ်ရန်ဖြစ်ရဲ့တဲ့ အော့ကြောလန့်ဆိုပဲ၊ နော
တော့ သူအလုပ်လုပ်တဲ့ ကုမ္ပဏီက သူဌေးသားနဲ့တွေ့ပြီ
သူ့ယောကျ်ားကို ထားပစ်ခဲ့တာလေ၊ ဒီရပ်ကွက်ထဲမှာ
သူ့အကြောင်း မသိချင်မှ အဆုံး၊ သူ့ယောကျ်ားလေးဘာ
က နာပြီး သူဒီရပ်ကွက်ထဲပြန်လာရင် ခဲနဲ့ပေါက်ချင်
သူက မရှား၊ ပြောလိုက်စမ်းပါ မကျော့ရယ် ... အဲ့ဒီမိန်း
အကြောင်းကို ..."

"မပြောချင်တော့ပါဘူး ဒေါ်ပိုရယ်၊ သူ့အကြောင်းပြော
ဒေါသထွက်လွန်းလို့ပါ၊ သူကလေ သူ့ယောကျ်ားရဲ့ အ
ကိုတောင် အိမ်ရှေ့ကနေ သွားခေါ်ပြီး ရန်ဖြစ်ရဲ့တဲ့သူ
ညီမရဲ့ ...၊ သူ့အဖေနဲ့ဆိုလည်း အော်ဟစ်ရန်ဖြစ်ရဲ့တာ
ပြီးတော့ ..."

"တော် ... တော်ပါပြီရှင်၊ ဒီလောက်ဆို သိပါပြီ၊ ပြော





ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီမှာ အစ်မတို့ဖို့ ဝယ်လာတဲ့
လက်ဆောင်လေးတွေပါ၊ ကျွန်မ သွားလိုက်ပါဦးမယ်"

ဒေါ်မြနန္ဒီက ပါတိတ်လုံချည်တွေ ထည့်လာသည့်
က်ဆွဲအိတ်ကို ရှေ့မှာချပြီး ခပ်မြန်မြန်ပဲ ထရပ်လိုက်သည်။
တ်တတ်ရပ်မိချိန်မှာ ရင်ထဲ လှပ်ခနဲတုန်ကာ ခေါင်းထဲငိုက်ခနဲ
ဖြစ်သွားလျက် ဒူးက ညွှတ်ခွေသွားသည်။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ၊ ငါ့ညီမ နေမကောင်းဘူး
လား၊ ရရဲ့လား ..."

"ရ ... ရပါတယ်"

ဒေါ်ပိုက ဒေါ်မြနန္ဒီကို ပြေးတွဲဖေးမလိုက်သည်။
ဒေါ်မြနန္ဒီက ဒေါ်ပို့လက်ကို အသာအယာ ဖြုတ်ဖယ်လိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦးရှင့် ..."

"အေး ... အေး ...၊ နောက်လည်း သူ့အကြောင်း ဒါ့ထက်
အသေးစိတ်သိချင်ရင် ထပ်လာခဲ့၊ လက်ဆောင်တွေ ဘာ
တွေ ဝယ်မလာလည်း ရတယ်၊ ကျုပ်တို့က သူ့အကြောင်း
ပြောရမယ်ဆိုရင် ကိုယ့်အိတ်ထဲက စိုက်ပြီးတော့ကို ထမင်း
ထုပ်ထမ်းပြီး လိုက်ပြောလိုက်ချင်တာ ..."

တက်ကြွလှသော ဒေါ်ပို့အသံက နောက်နားမှာ
ကျန် နေခဲ့သည်။

ဒေါ်မြနန္ဒီက တလှပ်လှပ်တုန်နေသော ရင်ကို အသာ
ဖိကာ ကယောင်ချောက်ချား ခြေလှမ်းများဖြင့် ခပ်သုတ်သုတ်
လျှောက်ထွက်လာသည်။ အားတင်းလျှောက်နေရသော်လည်း ဒူး



www.burmeseclassic.com

www.burmeseclassic.com



ကျိုးကျချင်လောက်အောင် လှုကတုန်ရင်ကာ ရင်ဘတ်ထဲက တဒိန်းဒိန်း ဆောင့်ခုန်လာသည်။ ဒေါသကြောင့် တစ်ကိုယ်လုံး လောင်မြိုက်ခံထားရသလို ပူလောင်အိုက်စပ်လာသည်။

လမ်းထိပ်မှာ ရပ်ထားသည့် ကားနားသို့ ရောက်သည်နှင့် ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ ပစ်ထိုင်မိချ မျက်စိမှိတ်လျက် ရင်ဘတ်တစ်ခုလုံး အုံကြွမောဟိုက်ကာ အသက်ကို ပင်ပန်းတကြီး ရှိုက်ကာ ရှူနေရသည်။

"အန်တီ ... အန်တီ ... ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာကူညီရမလဲ"

"ရတယ် ... ရတယ်၊ ကိစ္စမရှိဘူး၊ အိမ်ကိုပဲ မောင်း"

ဒေါ်မြနဒီက မျက်စိမဖွင့်ဘဲ လှမ်းပြောလိုက်သည်။ ပူလောင်ဒေါသစိတ် တစ်ဝက်၊ သားအတွက် ယူကြုံးမရစိတ် တစ်ဝက်ဖြင့် စို့ထွက်လာသော မျက်ရည်တွေ ပြုတ်ကျမလာအောင် ခေါင်းကို မော့လှန်၍ မှီထားလိုက်သည်။

သားရယ် ...
ဖြစ်မှ ဖြစ်ရလေ သားရယ် ...
ဒီလိုမိန်းမမျိုးနဲ့မှ တွေ့ရတယ်လို့ သားရယ် ...။
မာမီ သားလေး ကံဆိုးလိုက်တာ ...။

♥ ♥ ♥



(၄၅)

♥ ♥ ♥

"ဟာ ... ပြဿနာပါပဲကွာ ..."

"အေး ... ပြဿနာကတော့ အကြီးအကျယ်ပဲ၊ ငါလည်း မနေ့က လမ်းမှာ ဒေါ်ပိုနဲ့တွေ့လို့ သိခဲ့တာ၊ ဒေါ်ပိုပြောတော့ အသက် လေးဆယ်ကျော်နဲ့ ငါးဆယ်ကြား ရှိမယ့် မိန်းမတစ်ယောက်ပဲတဲ့၊ အရွယ်တင်တင် လှလှပပ အဆင့်မြင့်မြင့် ပုံစံမျိုးတဲ့၊ သူဌေးမလို့ ထင်တာပဲတဲ့၊ ငါမှန်းကြည့်တာတော့ မိုးခင်ရဲ့ ယောက္ခမလောင်းများ ဖြစ်နေမလား မသိဘူး၊ အဲဒါဆိုရင်တော့ မိုးခင် အကြီးအကျယ် ကျိုင်ပြီပဲ"

"ဒေါ်ပိုတို့က ဘယ်လောက်ထိ ပြောပြလိုက်တာတဲ့လဲ"

"သူတို့သိသမျှ အိတ်သွန်ဖာမှောက် စိတ်ပါလက်ပါ တက်တက်ကြွကြွ ပြောပစ်လိုက်တယ်တဲ့၊ ငါလည်း ဒီကိစ္စကို အတတ်နိုင်ဆုံးတော့ မပြောဘဲနေပါတယ်ကွာ၊ ဒါပေမယ့် အရက်မူးရင်တော့ မင်းဘက်က မခံမရပ်နိုင်ဖြစ်ပြီး ပြောထွက်သွားတာတွေရှိတော့ ဒေါ်ပိုတို့လည်း သိသွားတာပေါ့"

www.burmeseclassic.com



အညိုက ငိုင်သွားပါသည်။ မိုးခင် ကိုယ့်အပေါ် လုပ်ရက်တာကို ခံပြင်းမိပေမယ့်လည်း ခုလို တစ်ဖက်က စုံစေ့ သိရှိပြီး ပိုးစိုးပက်စက် အပြောဆိုခံရ၊ နှင်ထုတ်ခံရမှာမျိုးကျတော့လည်း အဖြစ်မခံချင်ပါ။

“စိတ်ပုပ်တယ်ပဲ ပြောပြော ... ငါတော့ အားရတယ် မောင် ... ရင် ...၊ သူ မကောင်းလို့ သူ ခံရမှာပဲ၊ မဟုတ်တာလုပ်ပြီး ကောင်းစားမသွားလို့ တော်သေးတာပေါ့၊ ဟော့ကောင် ... မင်းက ဘာငိုင်နေတာလဲ၊ မင်းရော ဝမ်းမသာဘူးလား”

ဇော်ကြီးက အညို့လက်မောင်းကို လက်သီးနှင့် လှမ်းထိုးရင်း မေးလိုက်သည်။

အညိုက အသာအယာ ခေါင်းယမ်းလိုက်ရင်း ...

“ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်က ကိုယ့်ကိုမချစ်လို့ ထ... သွားတာနဲ့ပဲ အဲ့ဒီမိန်းမ ဒုက္ခရောက်ပါစေဆိုတဲ့ စိတ်မျိုး ပြောင်းသွားရင် အဲ့ဒါ အချစ်ဟုတ်ပါ့မလားကွာ ...”

“ဟင် ... အရေးထဲ မင်းကလည်း ဒီ အရည်မရ အဖတ်မရ အချစ်အကြောင်းတွေ ပြောနေပြန်ပြီ၊ ငါဆိုရင်တော့ ငါ့အပေါ် ဒီလောက် ရက်စက်သွားတဲ့ မိန်းမမျိုး သေသေ ကျိုးကျိုး ကန်းကန်း ဘာဖြစ်ဖြစ် ဝမ်းသာတယ်ကွာ၊ ကျေနပ်တယ်ကွာ၊ မလွမ်းဘူးကွာ၊ ဘာဖြစ်လဲ ... အဲ့ဒါမှ လူစစ်တာ၊ လူဆိုတာ အဲ့ဒီလို သဘာဝကျရတယ်၊ သိပ် သူတော်ကောင်းဆန်နေရင် စိတ်ကူးယဉ်ဝတ္ထုထဲက ဇာတ်ပို့နဲ့တူတယ်၊ သူကမှ ကိုယ့်အပေါ်မကောင်းရင် ကိုယ်လည်း





တစ်ဖက်သတ် ကောင်းနေစရာ မလိုဘူး ဟော့ကောင် ...၊ သူ့အကြောင်း ခေါင်းထဲက ထုတ်ပစ်လိုက်၊ မင်းကိုရော ဦးထူးကိုပါ ဒုက္ခပေးတဲ့ မိန်းမ ... ဘေးတွေ့ပါစေဗျာ”

ဇော်ကြီးက နစ်နစ်နာနာ ကျိန်ဆဲလိုက်တော့ သူ့ရင်ထဲမှာ နာကျင်သွားပါသည်။

“အဲ့ဒီလိုတော့ မပြောပါနဲ့ကွာ ...”

“ပြောတယ်ကွာ၊ ဘာဖြစ်လဲ၊ မင်းက နာသေးတာလား”

“တကယ်တော့ မိုးခင်က အရမ်း သနားစရာကောင်းပါတယ်ကွာ၊ ချမ်းသာချင်ဇောတစ်ခု ပိတ်ဖုံးမှိုင်းမိပြီး သူ့စိတ်ခံစားချက်အစစ်ကို သူမသိဘဲ သူ့ကိုယ်သူ ပျောက်ဆုံးနေတဲ့ သူပါ”

“မင်းလည်း သူ့ကိုချစ်တဲ့စိတ်တစ်ခုနဲ့ မင်းအတ္တ မင်းမာန မင်းဖြစ်တည်မှုတွေအားလုံး ပျောက်ဆုံးနေတဲ့သူပဲ အညို”

“ဒီမှာ ဇော်ကြီး ... မိုးခင်နဲ့ ငါ ချစ်သူတွေ ဖြစ်သွားတယ်လို့ မင်း မကြားလိုက်ဘဲ ငါတို့ယူလိုက်ကြတော့ မင်း မအံ့သြခဲ့ဘူးလား ...”

ဇော်ကြီးက အညို့ကို တွေစိုက်၍ ကြည့်နေပါသည်။

“မိုးခင်ကို ငါ ယူကတည်းက ငါ့ထက်သာအောင် ထားနိုင်တဲ့သူ တွေ့လို့ ငါ့ကို မလိုအပ်တော့ဘူးဆိုရင် အသာတကြည် လမ်းခွဲပေးမယ်လို့ ကတိပေး တောင်းပန်ပြီး ယူခဲ့တာပါ၊ ငါတောင်းပန်လို့ ငါ ကတိပေးလို့ ငါ့ကို သူ လက်ထပ်ခဲ့တာ၊ အခု ငါ့ကတိအတိုင်းပဲ သူ့ကို ထားခွာ



www.burmeseclassic.com

www.burmeseclassic.com



ခွင့် ပေးလိုက်တာ၊ ငါ့စိတ်ခံစားချက်ကြောင့်သာ သူ ထွ
သွားတဲ့အချိန်မှာ ခံစားနာကျင်ရတာပါ၊ ငါ့ကို ထားခဲ့
သူ့အလွန်မဟုတ်ပါဘူး၊ ငါ့ထားခဲ့ပြီး သူလိုချင်တဲ့ ဘဝ
မှာ နေရရင်လည်း ပြီးတာပါပဲ၊ သူ ဒုက္ခရောက်သွားမှာ
တော့ မဖြစ်စေချင်ပါဘူး"

"အရှူး၊ မင်းက အရူးကြီး ..."

ဖော်ကြီးက အံ့သြဒေါသဖြင့် ရေရွတ်ရင်း အ
တိုက်ခန်းတံခါးကို ဆောင့်ပိတ်ထွက်ခွာသွားပါသည်။



(၄၆)

♥ ♥ ♥

ထိုနေ့ညမှာပဲ အညိုသည် မိုးခင် အလုပ်လုပ်သည့်
ဘုမ္ဗဏီရုံးခန်းရှိရာ အဆောက်အဦရှေ့သို့ ရောက်လာပါသည်။

မိုးခင်ကို ဖုန်းဆက်သော်လည်း ဖုန်းမကိုင်တာမို့
သူက ရုံးရှေ့မှာ လာစောင့်နေလိုက်သည်။

ရုံးဆင်းချိန်မှာ မိုးခင် တစ်ယောက်တည်း ထွက်လာ
မှာလား၊ နှစ်ယောက်တွဲ ထွက်လာမှာလား မသေချာသော်လည်း
သူက ရုံးရှေ့ ကားပါကင်နားကလေးမှာ ထိုင်၍ စောင့်နေလိုက်ပါ
သည်။

ထိုအချိန်တွင် ဒေါ်မြနဒီသည် ရုံးရှေ့တည့်တည့်မှာ
ရပ်ပေးလိုက်သော ကားပေါ်မှ လှမ်းဆင်းလာကာ လှေကားထစ်
များဆီသို့ ခပ်သွက်သွက် လျှောက်လာပါသည်။

ဒီနေ့ ရုံးဆင်းချိန်မှာ ရုံးခန်းတံခါးပိတ်၍ မိုးခင်နှင့်
စကားပြောဖို့ ဆုံးဖြတ်ကာ ဖုန်းကြိုမဆက်ဘဲ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သား ပြန်မလာခင် ကိစ္စတွေ အပြီးအပြတ်ရှင်းလင်းပြော[...]
သားနားက ရှောင်ထွက်သွားဖို့ ပြောရမှာပင်။

အညိုသည် အဆောက်အဦ ဝင်ဝထွက်ဝ လှေ[...]
ထစ်တွေဆီ လှမ်းမျှော်နေဆဲမှာ ကားပေါ်က ဆင်းလာသော အ[...]
သမီးကို တွေ့လျှင်တွေ့ချင်း မှတ်မိသွားသည်။

ဟိုအမျိုးသမီး ...။

ကိုယ့်ကို ပိုက်ဆံ ငါးသိန်း ပေးခဲ့သည့် အမျိုးသ[...]
မို့ အညိုက ကျေးဇူးတင်စိတ်ဖြင့်သာသတိရပြီး ကျန်သည့် [...]
မြို့ဖွယ်ကိစ္စတွေကို မေ့သွားသည်။

"အစ်မ ... အစ်မ"

အညိုက လှမ်းအော်ခေါ်ရင်း ပြေးလိုက်လာသည်[...]
မထင်မှတ်ဘဲ တွေ့ခိုက်မှာ နှုတ်ဆက်၍ ကျေးဇူးတင်စကား [...]
လိုက်ဖို့သာ ဆန္ဒရှိတာပင်။

"အစ်မ ... ခဏလေး ... အစ်မ"

"ဟင် ..."

ဒေါ်မြနန္ဒီသည် ခေါ်သံကြောင့် လှည့်ကြည့်မိ[...]
ရုတ်တရက် တုန်လှုပ်ချောက်ချားသွားပါသည်။ ဒီကောင်[...]
တွေ့ဆုံလိုက်ရခြင်းက အကိတ်တစ္ဆေ အခြောက်ခံရသလို[...]
သူဟာ မြနန္ဒီ ဘယ်တော့မှ ပြန်မတွေ့ချင်သော လူတစ်ယော[...]
ဖြစ်ပါသည်။

ကောင်လေးက သူမရှေ့မှာရပ်၍ နှစ်နှစ်ခြိုက်ခြို[...]
ပြုံးပြနေကာ ...





"အစ်မ ကျွန်တော့်ကို မှတ်မိလား ...၊ ဟိုတစ်ခါ အစ်မ
ကျွန်တော့်အတွက် မုန့်ဖိုး ငါးသိန်းပေးသွားတာလေ၊ အဲ့ဒီ
ပိုက်ဆံရပြီး မကြာခင် ကျွန်တော်လည်း မိန်းမရတာပဲ၊
အစ်မပေးလိုက်တဲ့ ပိုက်ဆံရှိလို့သာ အဆင်ပြေသွားတာ၊
အစ်မကို ကျေးဇူးတင်ပါတယ် ခင်ဗျ"

"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းကို ငါမသိဘူး"

"ခင်ဗျာ ..."

ဒေါ်မြနန္ဒီက ခပ်ဆတ်ဆတ်ပြောပြီး ချာခနဲ လှည့်
[...]က်လာသည်။ မျက်နှာက ပျက်ပျက်၊ လူက ကတုန်ကယင်၊
[...]ခြလှမ်းက မသိမသာ ယိမ်းယိုင်သွားသေးသည်။

အပြင်က အလုပ်ကိစ္စတွေ နောက်ကျမှပြီးသဖြင့်
[...]ဆင်းချိန်နီးမှ ရုံးသို့ပြန်ရောက်လာသော မိုးခင်ခင်က ထိုမြင်
[...]ွင်းကို သေချာလှမ်းမြင်လိုက်ရပါသည်။

ဒေါ်မြနန္ဒီကို အညို ဝမ်းသာအားရ အပြေးအလွှား
[...]ွား နှုတ်ဆက်တာ၊ ဒေါ်မြနန္ဒီ မျက်နှာအပျက်ပျက်နှင့် လှည့်ထွက်
[...]ွားတာ ... အခြေအနေက ထူးဆန်းနေပါသည်။

ဒေါ်မြနန္ဒီကို အညို နှုတ်ဆက်ပုံက သိပေါင်းကျွမ်း
[...]ပေါင်းကို နှုတ်ဆက်သလိုမျိုး။ ဒေါ်မြနန္ဒီဟာ မိုးခင်ရဲ့ ယောက္ခမ
[...]ာင်းဆိုတာကိုတော့ အညို သိစရာအကြောင်းမရှိ၊ သိလည်း
[...]ါ်မြနန္ဒီကို ရှာပြီး မိုးခင်ဟာ ကျွန်တော့်မိန်းမပါဟု ပြောမည့်သူ
[...]ျိုး မဟုတ်တာကို မိုးခင်က စိတ်ချလက်ချ ယုံကြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနန္ဒီက ရုံးခန်းရှိရာ အထပ်မြင့်သို့ ဓာတ်လှေကားဖြင့် တက်သွားပြီမို့ မိုးခင်က အညို့ဆီ လျှောက်လာရင်း ...

"အညို ... နင် ဘာလာလုပ်ပြန်ပြီလဲ၊ နင့်ကို ငါ နောက် တွေ့ခဲ့တာလို့ ပြောခဲ့ပြီးပြီပဲ"

အညိုက မိုးခင်ကို လှည့်ကြည့်လိုက်ရင်း ...

"ငါ နင့်ကို သတိပေးစရာရှိလို့ လာတာ၊ နင် သိမှဖြစ် အရေးကြီးတဲ့ ကိစ္စပဲ မိုးခင် ..."

အညို့ မျက်လုံးတွေက လေးနက်စူးရှနေတာမို့ မိုးခင်က သိချင်သွားသည်။

ဒီနားမှာ ရပ်ပြောနေလျှင် ဒေါ်မြနန္ဒီ ပြန်ဆင်းလာတာနှင့် တိုးနေမှာ စိုးတာမို့ မိုးခင်က အညိုနှင့်အတူ ရုံးနှင့် မ ဝေးသော ပန်းခြံလေးဆီသို့ ထွက်လာခဲ့ပါသည်။

"နင့်နောက်ကြောင်းကို နင့်လူဘက်က သိသွားပြီ မိုးခင်"

"ဘာ ..."

မိုးခင်က ခပ်ဆတ်ဆတ် အော်လိုက်သည်။ တုန်လှုပ်သွားပုံက သနားစရာကောင်းလှပါသည်။

"နင့် ယောက္ခမလောင်းလား ဘာလား ညာလား မသိဘူး၊ ငါတို့ အရင်နေခဲ့တဲ့ ရပ်ကွက်ထဲကိုလာပြီး စုံ





သွားတယ်တဲ့၊ ဒေါ်ပိုတို့ကလည်း အားလုံးပြောပြလိုက်တယ်တဲ့ ..."

ဒါကြောင့် မိုးခင်နဲ့ စာရင်းရှင်းဖို့ ဒေါ်မြနန္ဒီက ဘာစဖူး ဒီအချိန်ကြီး ရုံးကိုလိုက်လာတာလား ...။ မိုးခင်က ယောင်ချောက်ချား သွေးပျက်စပြုလာသော်လည်း ဣန္ဒြေဆည် ထားကာ ...

"နင်က ငါ့မကောင်းကြောင်းတွေ ဘယ်လောက်များများ ဖြန့်ဖြူးထားလို့ ဒေါ်ပိုတို့က ဘယ်လောက် စုံစုံလင်လင် ပြောပြနိုင်တာလဲ"

"ငါ ဘယ်တုန်းကမှ နင့်မကောင်းကြောင်းတွေ လျှောက် မပြောခဲ့ဖူးဘူး မိုးခင် ..."

"လာစုံစမ်းသွားတဲ့ သူက ငါ့ယောက္ခမလောင်းလို့ နင်က ဘာလို့ထင်ရတာလဲ၊ ငါ့ယောက္ခမလောင်းကို နင်ကသိလို့လား"

"ငါမသိဘူး၊ သိစရာလည်း အကြောင်းမရှိဘူး၊ သိအောင် လည်း စုံစမ်းဖို့ စိတ်မဝင်စားဘူး"

မိုးခင်က အညို့မျက်လုံးတွေကို စိုက်ကြည့်အကဲခတ် နေသည်။ ဒါဆို နင် ခုနသွားနှုတ်ဆက်တဲ့ အမျိုးသမီးဟာ နေယွန်း အမေဆိုတာ နင် မသိဘူးပေါ့။ ဒါဆို နင်က သူ့ကို ဘယ်လို သိထားတာလဲ။ ဒေါ်မြနန္ဒီကရော နင့်ကိုတွေ့တာနဲ့ ဘာလို့ မျက်နှာ အပျက်ပျက် ကယောက်ကယက် ဖြစ်သွားရတာလဲ။ နင်တို့ ဆက်သက်မှုက ဘယ်လိုလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... နင်က ဘာလို့ ဒီကိစ္စကို ငါသိအော လာပြောနေရတာလဲ၊ နင်နဲ့ ငါက ဘာဆိုင်တော့လို့ ဘာလဲ ... ငါ အခု ဒုက္ခရောက်တော့မယ်ဆိုပြီး နင် သာအားရ လာပြောတာလား၊ ငါ ဒုက္ခရောက်တော့ ဆိုတာ နင်သိတဲ့အကြောင်း လာပြောပြတာလား၊ နင့် မှာ ရှက်သွားတဲ့ ... တုန်လှုပ်ချောက်ချားသွားတဲ့ မျက် ကို မြင်ချင်တာလား ..."

မိုးခင်က စိတ်ကိုထိန်းကာ ဟန်ဆောင်ထား လည်း တုန်လှုပ်သောဒေါသဖြင့် နိုင်ရာဖိမဲ ပြောဆိုပစ်လိုက်သည် မိုးခင် အသံတွေက တုန်ရင်ကွဲအက်စ ပြုလာသည်။

အညိုကတော့ မိုးခင်ကို သနားစိတ်ပျက်သလို ကြည့်နေရင်း ...

"ငါက နင့်ကို သတိလာပေးတာပါ၊ နင် သူတို့မိသာ ရှေ့မှာ ပိုးစိုးပက်စက် ပြောဆိုနှင်ထုတ်တာ မခံရခင် နင် အရင် ရှောင်ထွက်သွားတာက နင့်အတွက် ပိုကောင်း ထင်လို့ပါ မိုးခင်၊ နင် သူတို့နဲ့ ထိပ်တိုက်ရင်ဆိုင် နင်ပဲ အရှက်ကွဲမယ်၊ နင် သူတို့ရှေ့မှာ ရပ်ပျက်ဆင်း မဖြစ်ခင် ..."

"တော်စမ်းပါ အညို၊ ငါ့ဘာသာ ဘာဖြစ်ဖြစ် နင်နဲ့မ ပါဘူး၊ မိုးခင်ခင်က ဒီလောက်နဲ့ ရှုံးနိမ့်သွားမယ့် မိန်းမ မဟုတ်ဘူး၊ ငါနဲ့ မအပ်စပ်တဲ့ ဘဝ အစုတ်အပဲ့ထဲ ပြန် လာမယ့် မိန်းမမျိုးလည်း မဟုတ်ဘူး"





"ငါက စေတနာနဲ့ လာပြောပြတာ၊ ကျန်တာတော့ နင့် ဆုံးဖြတ်ချက်နဲ့ နင်ပဲ၊ ငါ့တာဝန်တော့ ကြေပြီ၊ ငါ သွား မယ် မိုးခင် ..."

အညိုက မိုးခင် ရှေ့က ချာခနဲ လှည့်ထွက်လာပါ သည်။ ကိုယ်က ဘယ်လောက် စေတနာထားထား အမြဲ အပေါ်စီး ကာ မာရေကျောရေ တုံ့ပြန်တတ်သော မိုးခင်ဟာ ဥပေက္ခာနှင့် သာ ထိုက်တန်တာပင်။

"ခဏနေဦး ..."

မိုးခင် အသံကြောင့် အညိုက မျက်မှောင်ကြုတ် ကြုတ်နှင့် မိုးခင်ကို လှည့်ကြည့်လိုက်သည်။

"ခုနနင် သွားနှုတ်ဆက်တဲ့ အမျိုးသမီးက နင့်အသိလား"

"ဟုတ်တယ် ..."

"သူက ဘယ်သူလဲ"

"ငါမသိဘူး ..."

"နင့်အသိဆို ..."

"သိရုံသိတာ ..."

"ဘယ်မှာ သိတာလဲ ..."

"ငါ အရင်အလုပ်လုပ်တဲ့ ဟိုတယ်မှာ လာတည်းဖူးလို့ သိတာ"

"ဘာ ...၊ နင်တို့ ဟိုတယ်မှာ တည်းတယ် ! ဟုတ်လား"

မိုးခင်ရဲ့ အံ့သြစိတ်က ပြင်းထန်လာပါသည်။ ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com



နဒီရဲ့ အနေအထားဟာ ပုံမှန်သာဆို အညိုတို့ ဟိုတယ်အ
မှာ တည်းခိုစရာ အကြောင်းမရှိပါ။

"သူ ... သူက နင်တို့ဆီမှာ အမြဲလာတည်းသလား၊ သူ
ဘယ်လိုမိန်းမမျိုးလဲ၊ မကောင်းတဲ့ မိန်းမလား"

"ကျွတ် ... လုံးဝမဟုတ်ဘူး၊ တစ်ခါပဲ လာဖူးတာ၊ နေ
ပါဦး ... နင်က နှင့်ဟာနင် ပြဿနာတက်နေတဲ့ အချိန်
တောင် ဘာလို့ မဆိုင်တာတွေ လျှောက်စိတ်ဝင်စားနေရ
လဲ"

"အဲ့ဒီ တစ်ခါလာတုန်းက သူဘယ်သူနဲ့ လာတာလဲ"

"ဘယ်သူနဲ့လာလာဟာ၊ နင်မသိလည်း ဖြစ်တယ်"

အညိုက စကားဖြတ်၍ ခပ်သွက်သွက် လျှော
ထွက်သွားသည်။

"အညို ... နေဦး"

မိုးခင်က အညို့လက်မောင်းကို ဖျတ်ခနဲ ဖမ်းဆွဲ
ကာ အညို့ရှေ့မှာ ပိတ်ရပ်လိုက်ရင်း ...

"ငါသိချင်တယ် အညို၊ ပြောသွားပါ"

"ကျွတ် ... နင်က ဘာလို့ အသည်းအသန်ကြီး ဖြစ်နေ
လဲ၊ နင်နဲ့ဘာဆိုင်လို့လဲ၊ သူ့ကို နင် သိလို့လား ..."

"ငါ သူ့ကို မသိပါဘူး၊ နင် ခုန သွားနှုတ်ဆက်တဲ့ပုံ
သိပ်လိုက်ဖြဲနေလို့၊ နင် အရင်ကတည်းက နင့်ဟိုတယ်
အလုပ်လုပ်ခဲ့ရင်း အဲ့ဒီအမျိုးသမီးနဲ့ မရိုးမသား ပတ်သက်
သလားလို့ပါ"





"သွားသေလိုက်၊ ငါက အဲ့ဒီလို ယောက်ျားမျိုး ဘယ်တော့မှ
အဖြစ်မခံဘူး၊ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဟင်း ... ဟင်း ... ဟုတ်ပါ့မလား အညို၊ နင်က ငါ့ကိုသာ
အကျင့်စာရိတ္တပဲ မကောင်းသလိုလို ပြောဆိုဆုံးမ လွှတ်
လိုက်တာ၊ နင်ကိုယ်တိုင်ကျတော့ရော ဘယ်လောက် မှတ်
ကျောက်အတင်ခံနိုင်လို့လဲ၊ အများ မိုးခါးရေသောက်တာ
တွေ့ရင် နင်လည်း ကြုံတဲ့အခါ သောက်ဖြစ်ခဲ့မှာပါ"

"မိုးခင် နင့်ပါးစပ် ပိတ်ထား၊ ငါ့ကို မစော်ကားနဲ့၊ သူက
သူ့ဘာသာ အဖော်နဲ့လာတာ၊ ငါ့လို ဘဲဘွိုင်းတစ်ယောက်
က ဓာတ်ပုံရိုက်ပြီး ငါ့ဖုန်းထဲ ပို့ထားတဲ့ပုံ ခုထိကျန်သေး
တယ်ကွ၊ ငါနဲ့ ဘာမှမပတ်သက်ဘူး ..."

"ဓာတ်ပုံ ဟုတ်လား ..."

အညို ဒေါသဖြင့် ပွင့်အန်လာအောင် မိုးခင် ကလိ
ကျီး နပ်သည်ဟု ဆိုရမှာပင် ...။

အညိုကတော့ ဒီကိစ္စကို ဘယ်သူ့မှ ပြောဖို့ရည်ရွယ်
ချက် မရှိသော်လည်း မိုးခင်ရဲ့ လှည့်ကွက်ထဲဝင်ကာ ဒေါသဖြင့်
ပြောထွက်သွားခဲ့ရပါသည်။

"ပြစမ်းပါဦး ..."

မိုးခင်က အညို့လက်ထဲက ဖုန်းကို ဖျတ်ခနဲ ဆွဲယူ
ကာ ဓာတ်ပုံဖိုင်ကို ဖွင့်ရှာလိုက်သည်။ အညိုနှင့် အတူနေခဲ့တဲ့
အချိန်တွေတုန်းက အညို့ဖုန်းကို တစ်ခါမှ စိတ်ဝင်တစား ကလိ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ခဲ့ဖူးပါ။ အညို့ဖုန်းက ဈေးပေါပေါ မော်ဒယ်လ်နိမ့်နိမ့် … မို့ ကလိဖို့ စိတ်မဝင်စားတာလည်း ပါပါသည်။

မိုးခင် ရှာနေရင်း ဓာတ်ပုံတစ်ပုံ အတွေ့မှာ အသ… ရှုတောင် ရပ်ချင်သလို ဖြစ်သွားသည်။

ဟား … ဒီလိုလား … အန်တီက ဒီလိုကြီးလား … မခုတ်တတ်တဲ့ ကြောင်လို၊ ဣန္ဒြေသိက္ခာရှိတဲ့ အမျိုးသမီးလို ဂုဏ်… ပွဲလယ်တင့်ပြီး နေရာကောင်းမှာ လိုလေသေးမရှိတဲ့ စည်းစိမ်… နဲ့ စံပျော်နေတဲ့ မိန်းမတစ်ယောက်မှာလည်း ဒါမျိုးနေ့ရက် … ဖူးတယ်လား … ။

မှုးရစ်ရီဝေသော ပုံစံဖြင့် အိပ်ရာပေါ်မှာ … တံစောင်း လဲလျောင်းနေသော သူမ၏ဘေး ခုတင်စွန်းမှာ ထိုင်… သော ယောက်ျားတစ်ယောက် … ။ ကျောခိုင်းထားသဖြင့် ထို… မျက်နှာကိုတော့ မမြင်ရ။ သေချာတာကတော့ ဦးနေမျိုးနိုင် မဟုတ်… ဘူးဆိုတာပင်။ ကျောဘက်က ကြည့်တာနဲ့တင် လတ်ဆတ်သော… လူငယ်ကလေးမှန်း သိသာစေသော ခန္ဓာကိုယ်မျိုး။

အရှုံးဖြင့် စိတ်ဓာတ်တွေ ဘုန်းဘုန်းလဲနေသော မိုးခင်ဟာ တစ်ခဏချင်းမှာပဲ ပြန်လည် စိတ်ဓာတ်တက်ကြွ… အရှုံးတွေထဲက လွတ်မြောက်လာသည်။

မိုးခင်က အညို့ဖုန်းကို ဘလူးတုဖွင့်ကာ ထိုဓာတ်… ကို မိုးခင်ဖုန်းထဲသို့ ပို့လိုက်သည်။

"မိုးခင် … နင် ဒါဘာလုပ်တာလဲ"

အညိုက သူ့ဖုန်းကို ဆတ်ခနဲ ပြန်လုသွားသည်။





မိုးခင်က အပေါ်နှုတ်ခမ်းလေး တစ်ချက်တွန့်ရုံပြုံး လိုက်ရင်း …

"ကျေးဇူးပဲ အညို …"

"ဘာတွေ လာပြောနေတာလဲ …"

"နင် သွားတော့လေ၊ မိုးခင်ရဲ့ မင်္ဂလာသတင်းကို နင် မကြားခင် ကြားရတော့မှာ …"

မိုးခင်က ဖုန်းကို ဆုပ်ကိုင်ကာ အညို့ရှေ့က လှည့်ထွက်လာသည်။ လှေကားထစ်တွေကို နင်းတက်နေဆဲမှာ ဖုန်းမြည်သံကြားရတာမို့ မိုးခင်က လမ်းလျှောက်နေရင်း ဖုန်းဖွင့်ကိုင်လိုက်သည်။

"မိုးခင်ခင်လား …"

"ဟုတ်ကဲ့ … အန်တီ"

"တို့ … အခု ရုံးခန်းမှာ ရောက်နေတယ်၊ မင်းဘယ်မှာလဲ"

"အခု … အပြင်က ပြန်လာနေပါပြီ၊ ရုံးရှေ့မှာပါ အန်တီ"

"တို့ … မင်းနဲ့ ပြောစရာရှိလို့လာတာ၊ ရုံးခန်းထဲက စောင့်နေမယ်"

"ဟုတ်ကဲ့ပါ အန်တီ"

မိုးခင်က ဖုန်းပြန်ပိတ်လိုက်ပြီး ခေါင်းကိုမော့ကာ တစ်ချက်ပြုံးလိုက်ရင်း ဆက်လျှောက်လာခဲ့သည်။

ဟုတ်ကဲ့ … ကျွန်မကလည်း တွေ့ချင်နေပါတယ် ဒေါ်မြနန္ဒီ။



www.burmeseclassic.com

www.burmeseclassic.com

## (၄၇)

♥ ♥ ♥

ဝန်ထမ်းတွေ အားလုံး ရုံးဆင်းသွားကြပြီမို့ ရုံးခန်းကျယ်ကြီးထဲမှာ တိတ်ဆိတ်လျက် ကျန်ခဲ့ပါသည်။

တိတ်ဆိတ်နေတာမို့ မိုးခင် လျှောက်ဝင်လာချိန်မှာ မိုးခင်ရဲ့ ဒေါက်ဖိနပ်သံက ပို၍ ကျယ်လောင်နေသလားပင် ...။

မိုးခင်က ဝန်ထမ်းအများစု ထိုင်သည့် ဟောခန်းကျယ်လို ရုံးခန်းအကျယ်ကြီးကို ဖြတ်လျှောက်လျက် ခန်းမထိပ်က သူဌေးရုံးခန်းသို့ လျှောက်လာသည်။

ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်တော့ အခန်းအလယ်မှာ လက်ပိုက်၍ ရပ်နေသော ဒေါ်မြနန္ဒီကို တွေ့လိုက်ရသည်။

အတွင်းသို့ လျှောက်ဝင်လာသော မိုးခင်ကို ဒေါ်မြနန္ဒီက လက်ပြောင်စူးရှသော ဒေါသမျက်ဝန်းများဖြင့် စိုက်ကြည့်ကြိုဆိုနေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ အန်တီ ..."





မိုးခင်က ဆိုဖာတစ်လုံးပေါ်မှာ ခပ်မတ်မတ် ဝင်ထိုင်ရင်း မေးလိုက်သည်။

ဒေါ်မြနန္ဒီက မိုးခင်ရှေ့တည့်တည့်မှာ ရပ်လာကာ မိုးခင်ကို ရွံရှာသလို ငုံ့စိုက်ကြည့်လိုက်ရင်း ...

"နင်က အစုတ်အပြတ်ဘဝထဲက ယောက်ျားကို ထားပစ်ခဲ့ပြီး မျက်နှာပြောင်ပြောင်နဲ့ ရွှေဘုံပေါ် ခုန်တက်ချင်တဲ့ မိန်းမ၊ နင့်အကြောင်း ငါ အကုန်သိပြီးပြီ၊ နင် ဘာငြင်းချင်သေးလဲ ..."

"မငြင်းပါဘူး ..."

"ကဲ ... အဲ့ဒါ မျက်နှာပြောင်တိုက်ဦး၊ အရှက်မရှိဦး ..."

ဒေါ်မြနန္ဒီက မိုးခင်၏ ပါးတစ်ဖက်ကို ဖြန်းခနဲ လှမ်းရိုက်လိုက်သည်။

မိုးခင်က ခေါင်းငုံ့မသွားဘဲ ပြုံးလျက် ခေါင်းမော့ကာ ဒေါ်မြနန္ဒီကို ကြည့်လိုက်ရင်း ...

"အန်တီ ... ကျွန်မကို ပါးပဲရိုက်ရိုက်၊ ခြေထောက်နဲ့ပဲ ဆောင့်ကန်ကန်၊ ပြီးရင်တော့ အန်တီ့သားနဲ့ ကျွန်မကို မဖြစ်မနေ ပေးစားရတော့မှာပါ ..."

"အရူးမ ..."

ဒေါ်မြနန္ဒီက တစ်ပတ်မညှိုးသော မိုးခင် မျက်နှာကို ကြည့်ရင်း အံ့လည်းအံ့သြ၊ ဒေါသလည်း ထွက်သထက် ထွက်လာကာ မျက်လုံးတွေ ပြာဝေလျက် လူက ဆတ်ဆတ်တုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က အေးအေးချမ်းချမ်း နေနေတဲ့ ငါ့သားဘဝ၊ ငါ့
မိသားစုဘဝကို လာဖျက်ဆီးတဲ့ မိန်းမ ..."

"အန်တီတို့ မိသားစုဘဝကို ဖျက်တာမဟုတ်ပါဘူး၊ ကျွန်
ဘဝကို တည်ဆောက်တာပါ"

"နင့်ဘဝကို နင့်ယောကျ်ားနဲ့ နင် အေးအေးချမ်းချ
တည် ဆောက်ပါလား၊ ဘာဖြစ်လို့ သူများ သားသမီး
ပန်း ကောင်း အညွန့်ချိုး လာလုပ်သလဲ"

"အညွန့်ချိုးပြီး ချမနင်းပါဘူး အန်တီ၊ အမြင့်တစ်နေရာ
တရိုတသေ တင်ထားမလို့ပါ"

"နင့်ဟာနင် ဘုရားစင်ပေါ်ပဲ တင်ထားထား၊ ဘုရင့်နန်း
တော်က ပန်းက သူတောင်းစား အိမ်မှာ မလန်းဘူး မိုးခင်
နင့်အဆင့်အတန်းကလေ ငါ့ယောကျ်ားရဲ့ စပွန်ဆာမ ဟာမ်
ချိုလို အဆင့်မျိုးပဲ ရှိတယ်၊ ကိုယ့်ဘာသာ မျိုးစေ့ကလေး
ချပြီး အပင်သေး အပင်ပေါက်ကလေးကို စိတ်ရှည်လက်
ရှည် နှစ်ရှည်လများ ဂရုစိုက် ပျိုးထောင်ပြီး အသီးစော
စားဖို့ စိတ်မကူးဘူး၊ သူများ စိုက်ထားတဲ့ အပင်က သီးတဲ့
အသီးကိုပဲ အဆင်သင့် ခူးစားချင်တဲ့ မိန်းမမျိုးတွေ"

"ဒါဆိုလည်း ကိုယ့်ဘာသာပဲ အပင်စိုက်လိုက်မယ် အန်တီ
အသီးသီးလာတဲ့အချိန်ရောက်လို့ ကိုယ့်ယောကျ်ားက ကိုယ်
တစ်ယောက်တည်းအပေါ်မှာပဲ အာရုံမရှိ သစ္စာမထားရင်
ကိုယ်လည်း ယောကျ်ားနဲ့ ရင်ဘောင်တန်းပြီး ကိုယ့် စိတ်





ချမ်းသာမှုအတွက် ဟိုတယ်လေး ဘာလေး သွားပြီး အသီး
ကင်းကလေးတွေ ရှာခူးစားတာပေါ့ ..."

ဒေါ်မြနန္ဒီက မိုးခင်ခင်ကို စိုက်ကြည့်ရင်း ရင်ထဲမှာ
တော့ အကြီးအကျယ် တုန်လှုပ်တိုက်ဆိတ်သွားပါသည်။

မိုးခင်က ဖုန်းကိုဖွင့်ကာ ဖုန်းထဲကဓာတ်ပုံကို ထောင်
ပြလိုက်ရင်း ...

"အန်တီက (x x x) ဟိုတယ်မှာ ညသွားအိပ်ခဲ့ဖူးတယ်၊
ဒီဓာတ်ပုံထဲက အမျိုးသမီးက အန်တီပဲ၊ အန်တီ ငြင်းချင်
သေးလား"

"နင် ... နင် ..."

ဒေါ်မြနန္ဒီက မျက်လုံးထဲ ပြာမိုက်သွားကာ အနားက
စားပွဲစွန်းကို လက်ဖြင့်လှမ်းထောက်ထားလိုက်သည်။ သူမ လက်
တွေက တုန်ရင်လျက် ရှိပါသည်။

မိုးခင်က ဖုန်းကိုပြန်ပိတ်ကာ မတ်တတ်ထရပ်လိုက်
ရင်း ...

"အန်တီ့ကိစ္စကို အန်တီ့ မိသားစု မသိစေချင်ရင် နေယွန်း
နဲ့ကျွန်မကို သဘောတူပေးပါ အန်တီ၊ အန်တီ့ဆီက ကျွန်မ
သိပ်အများကြီး မတောင်းဆိုပါဘူး၊ ကျွန်မတို့ မင်္ဂလာ
ဆောင်ကို အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပေးပါ၊ အန်တီတို့
မိသားစုပိုင်တဲ့ စိန်ဆိုင်တွေထဲက ဆိုင်ခွဲတစ်ဆိုင်ကို ကျွန်မ
နာမည်နဲ့ လွှဲပေးပါ၊ ကျွန်မနဲ့ နေယွန်း လက်ထပ်ပြီးရင်
နေဖို့ ခြံနဲ့ဝန်းနဲ့ တိုက်တစ်လုံး ဝယ်ပေးပါ၊ အန်တီ့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူပါနဲ့၊ ကျွန်မက ကျွန်မ ချိုးတဲ့အညွန့်ကို ပုံရွှဲ့သွား အောင် ဆိတ်ဖွဲ့ပစ်မယ့် မိန်းမ မဟုတ်ပါဘူး၊ တရိုတသေ အမြင့်မှာ ထားပေးမှာပါ၊ ကျွန်မရဲ့ အရင်ကိစ္စတွေကလည်း အားလုံး ပြီးဆုံးခဲ့ပြီးသားပါ၊ အန်တီလည်း စဉ်းစားပါ၊ ဒီပုံက အန်တီ သွားတည်းတဲ့ ဟိုတယ်မှာ အလုပ်လုပ်နေ တဲ့ ကျွန်မ သူငယ်ချင်းတစ်ယောက် ရိုက်ယူထားခဲ့တဲ့ ပုံပါ၊ ဒီပုံကို ဘယ်ကိုမှပျံ့နှံ့မသွားအောင် ကျွန်မ ထိန်းသိမ်း ပေးထားပါ့မယ်"

မိုးခင်က ဒေါ်မြနန္ဒီရှေ့မှ လှည့်ထွက်သွားသည်။ ရုံးခန်းကျယ်ကြီးထဲမှာ ဒေါက်ဖိနပ်သံက တရွေ့ရွေ့ ဝေးသွားချိန် မှာ ဒေါ်မြနန္ဒီထံမှ ရှိုက်သံသဲ့သဲ့က စတင် ထွက်ပေါ်လာခဲ့ရ သည်။



(၄၈)

ညအိပ်မီးကလေးကိုတောင် ဖွင့်မထားခဲ့သဖြင့် အခန်း ထဲမှာ ပိန်းပိတ်အောင် မှောင်နေသည်။

မြနန္ဒီက အခန်းကြမ်းပြင်ပေါ်မှာ ဒူးနှစ်ဖက်ကို ပိုက် ၍ ထိုင်ရင်း အမှောင်ထဲမှာ ကြောင်ငေးနေပါသည်။

ဘဝရဲ့ နေ့ရက်တစ်ရက်ဟာ စာမျက်နှာတစ်ခုသာ ဆိုရင် အဲ့ဒီနေ့က စာမျက်နှာတစ်ရွက်ကို ဆုတ်ဖြဲပစ်လိုက်ချင်ပါ သည်။

ဦးနှောက်ထဲက ကိုယ်မေ့ချင်တဲ့ မှတ်ဉာဏ်အပိုင်း အစလေးကို ခွဲစိတ်ခြစ်ထုတ်ပစ်လို့ ရမယ်သာဆို ဘယ်လိုပင် နာကျင်ခံခက်ပါစေ ခွဲစိတ်ခြစ်ထုတ်ပစ်လိုက်ချင်ပါသည်။

အရွယ်ကောင်း မိန်းမတစ်ယောက်ရဲ့ မှားယွင်းတဲ့ မာန်မာနတစ်ခု၊ အရွဲ့တိုက်မှုတစ်ခု၊ သဘာဝချင်း အခြေအနေချင်း မတူညီတဲ့ ယောကျာ်းသားတစ်ယောက်ကို အန်တုခဲ့မှုတစ်ခုအတွက်



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ဘဝကို စတေးရမယ်ဆိုတာ ကြိုသိခဲ့ရင် ဒီမှားယွင်းမှုကို ကျူး လွန်မိခဲ့မယ် မထင်ပါ။

ကုန်လွန်ခဲ့သော အချိန်တွေဆီကို ပြန်သွားလို့သာ ရမယ်ဆိုရင် အဲဒီနေ့ အဲဒီအချိန်ကို ပြန်သွားပြီး ဟိုတယ်ဝန်းထဲ ဝင်တော့မည့်ဆဲဆဲ ကားကို ဂငယ်ကွေ့ ပြန်ကွေ့ကာ အိမ်ကို ပြန်လာခဲ့မိမှာပင်။ ဒါမှမဟုတ်ရင်လည်း လိုတရနေတဲ့ ပိုက်ဆံ တွေကို သုံးဖြုန်းပြီး ရှော့ပင်ထွက်ဖို့ ရှော့ပင်းစင်တာတစ်ခုခုကို သွားမိလေမလား။ ဗျူတီဆလွန်းတစ်ခုကို သွားပြီး အေးအေးဆေး ဆေး မျက်နှာပေါင်းတင်နေမိလေမလား။

မြနန္ဒီက မျက်လုံးတွေကို မှိတ်ချလိုက်မိတော့ မျက် ရည်ပူတွေ ပါးပြင်ပေါ်ကို စီးကျလာပါသည်။

အဲ့ဒီနေ့က အဖြစ်အပျက်တွေက နှလုံးသားထဲ တစ်ဖန် ပြန်လည် ထိုးနှက်လာခဲ့ပါသည်။

❖ ❖ ❖



(၄၉)

♥ ♥ ♥

"ကိုနိုင် ... ရှင့်ရဲ့ မိန်းမကိစ္စ အရှုပ်အထွေးတွေကို ရှင့်သား သိမှာ မကြောက်ဘူးလား၊ ရှင့်သားလည်း ဒီအသိုက် အဝန်းထဲမှာပဲ ကျင်လည်နေတယ်ဆိုတာ ရှင် သတိရပါဦး၊ တစ်နေ့မဟုတ် တစ်နေ့တော့ ရှင့်သားနဲ့ ပက်ပင်းတိုးမှာ ပဲ၊ ရှင့် အပွေအရှုပ်တွေကို ရှင့်သားသိမှာ ရှင် မရှက်ဘူး လား၊ ကျွန်မတော့ ရှင့်အစား ရှက်လှပါပြီ ကိုနိုင် ...၊ ကာရာအိုကေခန်းမှာ၊ ဟိုတယ်စားသောက်ခန်းမှာ ရှင့်သမီး အရွယ်လေးတွေနဲ့ ပရောပရီနေနေတာ ရှင် မရှက်ဘူးလား၊ ရှင့်မှာ သိက္ခာရယ်လို့ တစ်ပြားမှ မရှိတော့ပါလား"

"မင်းလည်း ဒီကိစ္စကို တစ်နေ့တခြား ပြဿနာရှာနေတာပဲ၊ ကိုယ် တကယ် စိတ်ရှုပ်နားပူလာပြီ နဒီ၊ အိမ်မှာ ကိုယ် အေးအေးဆေးဆေး နားပါရစေ၊ ကိုယ် အိမ်ပြန်လာတိုင်း ပူညံပူညံ ဆီးလုပ်ရတာ မင်း ခုထိ မငြီးငွေ့သေးဘူးလား"

"ရှင့်အချိုးကို မပြင်သရွေ့တော့ ကျွန်မက ပြောနေရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နန္ဒီ ... ကိုယ် မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြော
ကိုယ်တို့အရွယ် ကိုယ်တို့အနေအထားနဲ့ ယောကျ်ားတွေ
စိတ်အာဟာရဆိုတာ လိုအပ်တယ်၊ စီးပွားရေးကိစ္စ
အတွက် ကိုယ်တို့ ဦးနှောက်ကို ဘယ်လောက်အသုံး
တယ် ထင်သလဲ နန္ဒီ ...၊ သူဌေးဆိုတာ ကြည့်တော့
စတိုင်လ်ကျပေမယ့် ဘယ်လောက် စိတ်ပင်ပန်းတယ်
တာတော့ ဘယ်သူမှ သေချာနားမလည်ဘူး၊ ပင်ပန်းနေ
စိတ်တွေ အသစ်ပြန်ဖြစ်ဖို့ လန်းဆန်းဖို့ ဒီလိုပဲ ကျား
ရတာပဲ၊ ကျန်းမာရေးအတွက် ဒီလို မိန်းကလေးတွေ
ပတ်သက်နေပေမယ့် သူတို့အားလုံးကို အမှောင်ဘက်
ထဲမှာပဲ ထားထားတာ၊ အလင်းထဲကို ဘယ်တော့မှ ဆွဲ
မလာဘူး နန္ဒီ၊ ဒါကို မင်း နားလည်ကျေးဇူးတင်တတ်
ပါ"

"ကျန်းမာရေးအတွက် ... အဟက်"

မြနန္ဒီက လှောင်ပြောင်၍ တစ်ချက်ရယ်လိုက်

"ရှင့်ကျန်းမာရေးအတွက် သုံးနေတဲ့ ဆေးဝါးဓာတ်စာ
က တန်ဖိုးအမျိုးမျိုး ဘရန်းအမျိုးမျိုးနဲ့ များလှပါ
ဦးနေမျိုးနိုင်ရဲ့၊ ရှင်လည်း ရှာဖွေဝယ်ယူရတာ တော်
ပင်ပန်းမှာပဲနော် ..."

"ကိုယ် ရှာဖွေဝယ်ယူစရာတောင် မလိုဘူး၊ ကိုယ် ဝယ်
မှန်းသိလို့ အဲဒီဆေးပါးဓာတ်စာတွေက door to





စနစ်နဲ့ ကိုယ့်ရှေ့ ရောက်လာတာ၊ ကြိုက်တာ လက်ညှိုး
ထိုးလိုက်ရုံပဲ၊ ဟုတ်ပြီလား ..."

ခပ်ရွဲ့ရွဲ့ ပြောလိုက်သော ဦးနေမျိုးနိုင်၏ စကားက
မြနန္ဒီ၏ ဒေါသကို အထွတ်အထိပ်သို့ ဆွဲတင်လိုက်သည်။

"ဒီမှာ ... ရှင့်ကိုလည်း ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောလိုက်
မယ်၊ ရှင် အဲ့ဒီလိုတွေ ပွေရှုပ်နေတာ ကျွန်မ သိက္ခာကျ
တယ်၊ အိမ်က ရှင့်မိန်းမကလည်း အလန်းကြီးရှိသေးတယ်"

"အဟက် ..."

ဒေါ်မြနန္ဒီကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး
ရယ်လိုက်သော ဦးနေမျိုးနိုင်၏ အပြုအမူက ဒေါ်မြနန္ဒီရဲ့ မခံချင်
စိတ်ကို ဆွပေးနိုင်ခဲ့ပါသည်။

"အသက်ပဲ ၄၆ နှစ် ရှိနေပြီ၊ မင်း မငယ်တော့ပါဘူးကွာ၊
မင်းဘာသာ သူဌေးကတော် အရိုက်အရာခံစားပြီး ဘုရား
လေး တရားလေးနဲ့ အေးအေးချမ်းချမ်း သက်သက်သာသာ
နေစမ်းပါ"

ဦးနေမျိုးနိုင်က ခပ်လှောင်လှောင်လေး ပြောရင်း
ရှက်နာလွှဲသွားခဲ့တာ ဖြစ်ပါသည်။

မြနန္ဒီမှာတော့ ရှက်စိတ်၊ သိမ်ငယ်စိတ်ဖြင့် အသား
တဆတ်ဆတ် တုန်လာခဲ့ရသည်။

"ကောင်းပြီလေ ... ရှင်နဲ့ကျွန်မလည်း အရွယ်ချင်း သိပ်မှ
မကွာတာ၊ ရှင်တောင် ကျန်းမာရေးအတွက် ဓာတ်စာမှီဝဲ
နေရပြီဆိုတော့ ကျွန်မလည်း ဓာတ်စာမှီဝဲဖို့လိုပြီပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟ ... ယောက်ျားနဲ့ မိန်းမ မတူတာကို တုရင် မင်း ဒုက္ခရောက်မှာပေါ့ကွ၊ မင်း သတ္တိမရှိဘဲ လျှောက်ပြောနေ နဲ့ ... "

ဦးနေမျိုးနိုင်ကတော့ ခပ်ပေါ့ပေါ့ပြောပြီး လှည့်ထွက် သွားခဲ့တာပင် ... ။ မြနန္ဒီကတော့ အံတင်းတင်းကြိတ်ကာ အနု တိုက်ချင်စိတ်၊ ခံပြင်းစိတ်၊ ဒေါသစိတ်များဖြင့် ပူလိုက်ဆူလော ကျန်ရစ်ခဲ့သည်။

အဲ့ဒီနေ့က ဦးနေမျိုးနိုင် သူ့စပွန်ဆာမနှင့် ချိန်း ထွက်သွားချိန်မှာ ဒေါ်မြနန္ဒီက ကားကို အပြင်းမောင်းကာ အိမ် ထွက်လာခဲ့ပါသည်။

ကားကို ဦးတည်ရာမဲ့ လျှောက်မောင်းနေရင်း ပြ ပန်းလာချိန်မှာ စားသောက်ဆိုင် တစ်ခုကို ဝင်သွားပြီး တစ်ခါ မသောက်ခဲ့ဖူးသော ဝိုင်ကို သောက်ခဲ့မိသည်။ တဖြည်းဖြည်း သောက်ရင်း ရီဝေသွေးဆူကာ သတ္တိရှိသလို ဖြစ်လာခဲ့သည် ဣန္ဒြေသိက္ခာဖြင့် တည်ငြိမ်ခဲ့သော မိန်းမက မသိမသာလေး သွ လက်မြှူးရှင် ရဲတင်းလာပါသည်။

ဆိုင်က ပြန်အထွက်မှာတော့ ဆိုင်ထဲသို့ ဝင်လာ သော လူငယ်လေးတစ်ယောက်နှင့် တိုက်မိသွားခဲ့ပါသည်။

"မမ ... ရရဲ့လား၊ အဆင်ပြေရဲ့လား"

အနည်းငယ် ရီဝေနေသော မြနန္ဒီရဲ့ မျက်ဝန်းတွေ မှာ ထိုလူငယ်လေးက ကြည့်ကောင်းလှပါသည်။ မမဟု ခေါ် ကပဲ နွေးထွေးချိုမြနေသလိုလို ... ။





သူမ လက်ထဲက ပြုတ်ကျသွားသော ဖုန်းနှင့်အိတ် ကိုကောက်ယူကာ သူမထံကမ်းပေးနေသော ထိုလူငယ်ရဲ့ အကြည့် တွေက တဆိတ်တော့ ရဲတင်းရှူးရှလှပါသည်။

"မမ ... နေမကောင်းဘူးလား၊ အဖော်မပါဘူးလား"

"မပါဘူး၊ တို့တစ်ယောက်တည်း ... "

"ကားရောပါလား"

"ပါတယ်"

"မမ မောင်းတာလား"

"ဟုတ်တယ် ... "

"မမကြည့်ရတာ အားနည်းနုံးဖျော့နေသလိုပဲ၊ မောင်းလို့ ဖြစ်ပါ့မလား၊ ကျွန်တော် လိုက်မောင်းပေးရမလား"

"အိုခေ ... ရတယ် ... မလိုဘူး၊ မမ မောင်းနိုင်ပါတယ်ကွ၊ ဘာလဲ ... မမကို အသက်ကြီးပြီထင်လို့လား၊ အဟာ ... "

ဘယ်တုန်းကမှ မပြောရဲခဲ့သော စကားတွေက သူမ နှုတ်ဖျားမှ စည်းမရှိ ကမ်းမရှိ ထွက်လာသည်။

မမဆိုသော ခေါ်သံက ကိုယ့်ကို နုပျိုစေလေသလား။ ရစိုက်မှုကလေးကပဲ ကိုယ့်ကို သာယာစေတာလား ... ။

ထိုလူငယ်က ခပ်ရဲရဲ အမူအရာဖြင့် မြနန္ဒီလက်ထဲက ဖုန်းကို ဆွဲယူကာ ဖုန်းနံပါတ်တစ်ခုကို ရိုက်ထည့်ပေးလိုက်ရင် ...

"ကျွန်တော့် ဖုန်းနံပါတ် ထည့်ပေးလိုက်တယ်နော် မမ၊ လမ်းမှာ မမ ကားမောင်းရင်း တစ်ခုခု အခက်အခဲဖြစ်ခဲ့ရင် ကျွန်တော့်ကို လှမ်း ခေါ်လိုက် ... အိုခေနော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်က မျက်လုံးလေးတစ်ဖက် ဖျတ်ခနဲ မှိတ်ပြသွားပုံမှာ ကိုရီးယားကားထဲက မင်းသားတစ်ယောက်ယောက်ရဲ့ အမူအရာနဲ့ တူလှပါသည်။

ဒေါ်မြနန္ဒီက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"အဟက် ... ဒီကောင်လေး သူ့ကိုယ်သူ ငါနဲ့ရွယ်တူများ အောက်မေ့နေသလား မသိဘူး"

မြနန္ဒီက ဟက်ခနဲ တစ်ချက်ရယ်ပြီး ဆိုင်ထဲက ထွက်လာခဲ့ပါသည်။

အဲ့ဒီနောက်တော့ ကားမောင်းသွားရာ လမ်းရဲ့အောက ဟိုတယ်တစ်ခုကိုဝင်ကာ မွန်းကြပ်နေသော စိတ်ကိုဖွင့်ထုတ်ရင်း စည်းလွတ်ဝါးလွတ် အမူအရာ အပြောအဆိုများဖြင့် ဖြစ်ချင်တိုင်းဖြစ်လျက် အညို့ကို ... အညိုဆိုတဲ့ ကောင်လေးကိုလည်း ဣန္ဒြေမရ သိက္ခာမရှိသော စကားတွေ ပြောခဲ့သည်။ ကောင်လေးက ရိုးသားယဉ်ကျေးခဲ့တာမို့ သဘောကျစိတ်ဖြင့် ပိုက်ဆံတွေလည်း ပေးခဲ့သည်။

အဲ့ဒီညက မူးယစ်ရီဝေလျက်ပင် လူငယ်လေး ရိုက်ထည့်ပေးသွားသော ဖုန်းနံပါတ်ကို လှမ်းခေါ်ခဲ့မိပါသည်။

ထိုရင်ခွင်မှာ ခဏတစ်ဖြုတ် မူးရီသာယာ နစ်မျောပျော်မွေ့မိသော်လည်း အဆုံးစွန် အခြေအနေတစ်ခုကို မရောက်ခင်မှာ ပိုက်ဆံပေး၍ ပြန်လွှတ်ခဲ့ပါသည်။

အဲ့ဒီတစ်ကြိမ်ပါပဲ ...။





ဘဝမှာ အဲ့ဒီတစ်ကြိမ်သာ ရုပ်ပျက်ဆင်းပျက် မှားခွင်းခဲ့ဖူးတာပါပဲ။

ခုတော့ ... ထိုအမှားက ...

မိန်းမတစ်ယောက်ရဲ့ မဆင်မခြင် အရှုံ့တိုက်မှုက ကိုယ့်သားရဲ့ဘဝကို ဖျက်ဆီးသလို ဖြစ်ရပါတော့မည်။

မြနန္ဒီက တသိမ့်သိမ့် ရှိုက်ကာရှိုက်ကာငိုရင်း အခန်းထဲမှ ထွက်လာပါသည်။

အချိန်က မနက် ၅ နာရီမို့ ဘုရားခန်းမီးက လင်းနေတာ ဘုရားခန်းထဲက မမကြီးရဲ့ ဘုရားဝတ်ပြုသံတိုးတိုးကို ကြားရသည်။

မြနန္ဒီက ဘုရားခန်းဘက်သို့ တရွေ့ရွေ့ လျှောက်လာသည်။ ဒေါ်မျိုးမမကလည်း ဘုရားဝတ်ပြုပြီးပြီမို့ ဘုရားခန်းမှ ထွက်လာပါသည်။

"ဟင် ... နန္ဒီ၊ အစောကြီး နိုးလာတာလား၊ မအိပ်သေးတာလား"

"မမကြီး ... မမကြီးရယ် နန္ဒီကို ခွင့်လွှတ်ပါနော်"

"ဟယ် ... နန္ဒီ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

မြနန္ဒီက ဒေါ်မျိုးမမ၏ ခြေရင်း ကြမ်းပြင်ပေါ်မှာ ပြားပြားဝပ်ဝပ် ထိုင်ချလိုက်ပြီး မျက်နှာမှောက်အပ်လျက် သိမ့်သိမ့်ခါအောင် ရှိုက်ငင် ငိုကြွေးနေတာမို့ ဒေါ်မျိုးမမက လန့်ဖျပ်ရင်တုန်စွာ မြနန္ဒီရဲ့ ပခုံးနှစ်ဖက်ကို ဆွဲယူ ထူမလိုက်ပါသည်။

"နန္ဒီ ... ဘာဖြစ်တာလဲ၊ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ... နုဒီ တောင်းပန်ပါတယ်၊ နုဒီကို ခွင့်လွှတ်ပါ"

"ဘာကိုလဲ၊ ဘာကို တောင်းပန်ပြီး ဘာကို ခွင့်လွှတ်ရမှာလဲ၊ စောစောစီးစီး မထိတ်သာ မလန့်သာ၊ ငါ့နှယ် ရင်ထိတ်လိုက်တာဟယ်"

"သားကို ... သားကို ... မိုးခင်နဲ့ သဘောတူလိုက်တော့မယ်၊ သူတို့ကို မင်္ဂလာကိစ္စ စီစဉ်ပေးလိုက်ပါရစေတော့ မမကြီးရယ် ..."

ဒေါ်မျိုးမမက ရင်ဖိကာ သက်ပြင်းချရင်း ...

"အမလေးဟယ် ... ဒါများ ဒီလောက်ထိ ငိုစရာလားဘာလဲ ... ညည်းသားကို နမြောလို့လား၊ ငါ့နှယ် ဘာများလဲလို့၊ ဒီကိစ္စအတွက် ငါ့ကို ဒီလောက် တောင်းပန်စရာမလိုပါဘူး နုဒီရယ်၊ ညည်းသား စိတ်ဆင်းရဲမှာစိုးလို့ ညည်းသူတို့ကို မခွဲရက်တော့တာ မဟုတ်လား၊ ညည်းလည်း မိုးခင်ကို အနီးကပ် လေ့လာနေတာ ကြာပြီပဲလေ၊ ညည်းလက်ခံနိုင်တယ်ဆိုရင် မမကြီးကလည်း မကန့်ကွက်ပါဘူး နုဒီရယ်၊ ကောင်မလေးက အရမ်းတော့လည်း မဆိုးလှပါဘူး၊ သူထက်မြက်တော့လည်း တို့အားကိုးရတာပေါ့"

ဒေါ်မျိုးမမကတော့ ဒေါ်မြနုဒီရဲ့ ခံစားချက်အမှန်ကို မသိသူမို့ လေအေးလေးနှင့် ပြောဆို နှစ်သိမ့်နေလေသည်။



(၅၀)

"ကဲ ... ကြိုက်တာရွေး"

"နေကရော ... ဘာတွေကြိုက်လဲ"

"ကိုယ်ကြိုက်ဖို့ မလိုဘူး၊ မိုး ကြိုက်ဖို့ပဲ လိုတယ်၊ မိုး ကြိုက်လို့ရွေးတဲ့ပစ္စည်းဆို ဘာဖြစ်ဖြစ် ကိုယ်ကျေနပ်လက်ခံတယ်"

"အိုခေလေ ..."

မိုးခင်သည် မျက်နှာလေးမော့ကာ ပြုံးလိုက်ရင်း တန်ဖိုးကြီး ပရိဘောဂ အိပ်ရာခမ်းနား ပစ္စည်းများ တန်းစီနေသော ခန်းမကျယ်ကြီးထဲသို့ ကြော့ကြော့မတ်မတ်လေး လျှောက်ဝင်လာပါသည်။

"ဒီခုတင် ...၊ ဒီဆိုဖာ ...၊ ဒီဗီရို ...၊ အိုခေ ... မှန်တင်ခုံက ဒါလေး ..."

မိုးခင်က သူမ သဘောကျသည့် ပစ္စည်းတွေကို လက်ကလေးဖြင့် ပုတ်ပုတ်ပြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေယွန်းက မိုးခင်ရဲ့ ပျော်ရွှင်ကျေနပ်သော ပုံစံလေးကို လက်ပိုက်ရပ်ကြည့်နေပါသည်။

ပြီးမှ အရောင်းဝန်ထမ်း မိန်းကလေးကို လှမ်းခေါ်ကာ လိပ်စာကတ်လေးတစ်ခု ထုတ်ပေးလိုက်ရင်း ...

"သူပြတဲ့ ပစ္စည်းတွေအားလုံး မနက်ဖြန် ဒီလိပ်စာကို ပို့ပေးနော်၊ ငွေတော့ ဟိုရောက်မှ ချေမယ် ... ဖြစ်ရဲ့လား ဗျော် ... ဒီမှာ ကျွန်တော့် ကုမ္ပဏီလိပ်စာကတ်"

ဝန်ထမ်း မိန်းကလေးက နေယွန်း ထပ်ပေးသည့် ကတ်ကို လှမ်းယူငုံ့ကြည့်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ရပါတယ်ရှင်၊ မနက်ဖြန် နေ့လယ် ၁ နာရီ အရောက်ပို့ပေးပါ့မယ်"

"အိုခေ ..."

ပစ္စည်းမှာပြီးတော့ နေယွန်းနှင့် မိုးခင်က ဆိုင်ထဲမှ ပြန်ထွက်လာကြပါသည်။

မင်္ဂလာကိစ္စကို ဒေါ်မြနန္ဒီက ခွင့်ပြုလိုက်ပြီမို့ မင်္ဂလာပွဲအတွက် ဟိုတယ်ရွေး၊ ဝတ်စုံအပ်၊ အိပ်ရာခမ်းနား ရွေးချယ်ဝယ်ယူတာကအစ ငွေကြေးကို ငဲ့ကွက်ထည့်မတွက်ရဘဲ မိုးခင်စိတ်ကြိုက် အလုံးစုံ စီမံခွင့်ရနေပါသည်။

နေယွန်းက ကားမောင်းလာရင်းက ...

"ကိုယ်တော့ မာမီ အဲ့ဒီလောက်မြန်မြန်ဆန်ဆန်ကြီး စီစဉ်ပေးမယ်တောင် ထင်မထားဘူး၊ ကိုယ် စင်ကာပူသွားခါနီး





တုန်းကတော့ နည်းနည်းချွဲပြီး ပူဆာခဲ့သေးတာ၊ အဲ့ဒါလေးကို မာမီ အရည်ပျော်သွားတာပဲ ဖြစ်မှာ ..."

"အဟင်း ... ဖြစ်နိုင်ပါတယ်"

နေယွန်းက ဘာမှမသိရှာဘဲ ပျော်ရွှင်နေခဲ့ပါသည်။

နေယွန်းက ကားကို ဆိတ်ငြိမ်ရပ်ကွက်တစ်ခုထဲသို့ ချိုးကွေ့မောင်းနှင်လာတာမို့ မိုးခင်က ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်း ...

"နေ ... ဘယ်ကို မောင်းနေတာလဲ"

"ရောက်တော့ သိမှာပေါ့"

နေယွန်းက လမ်းသွယ်တစ်ခုထဲသို့ ချိုးကွေ့ဝင်လာကာ ခြံဝန်းကျယ်တစ်ခုထဲသို့ မောင်းဝင်လာပါသည်။

ခြံက တော်တော် ကျယ်ဝန်းကာ မြက်ခင်းစိမ်းများ၊ သစ်ပင်ပန်းပင်များဖြင့် စနစ်တကျ အလှဆင်ထားသည်။

နောက်ဘက်ကျကျမှာတော့ ဥရောပပုံစံ နှစ်ထပ်တိုက်သစ် ဖြူဖြူဖွေးဖွေးလေး ...။ ပြီးတော့ အိမ်ဘေးက ရေကူးကန်။ အရာအားလုံး သစ်လွင် ခေတ်မီလှပနေပါသည်။

နေယွန်းက ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီး ...

"လာ ... မိုး ... ဆင်းကြည့်ပါဦး"

"ဒီအိမ်က ..."

"ကိုယ်တို့ လက်ထပ်ပြီးရင် နေဖို့ မာမီ ဝယ်ပေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က ကျေနပ်စွာပြုံးလျက် အိမ်ထဲသို့ ဝင်လာခဲ့ပါသည်။

"အိမ်က ပရိဘောဂတွေ မဖြည့်ရသေးတော့ သိပ်မလှသေးဘူး၊ ပစ္စည်းတွေဖြည့်ပြီးရင် မိုး တစ်ခေါက် လာကြည့်လိုက်ဦးလေ ..."

"အင်ဟင် ... ကြည့်မယ်လေ"

မိုးခင်က ခေါင်းလေးချာချာလည်ကာ အိမ်အနှံ့လျှောက်ကြည့်နေလိုက်သည်။

အရာရာအားလုံးဟာ မိုးခင် မျှော်မှန်းသလို ဖြစ်လာခဲ့ပြီပဲ ...။

မိုးခင်က အပေါ်ထပ်သို့ သွက်သွက်လေး လျှောက်တက်လာပြီး ဝရန်တာသို့ ထွက်ခဲ့သည်။

ဝရန်တာ လက်ရန်းပေါ်သို့ လက်ထောက်လျက် ကောင်းကင်ဆီ မော့ကြည့်နေမိသည်။

ဒီကနေ မြင်ရတဲ့ ကောင်းကင်ဟာလည်း ဒေါ်မြနန္ဒီတို့ ခြံထဲကနေ မြင်ရတဲ့ ကောင်းကင်လိုပဲ လှပပြာလွင်သည်။



(၅၁)

"အန်တီ ခေါ်ထားလို့ပါ"

"အန်တီ အပေါ်ထပ် ဘုရားခန်းနဲ့ ကပ်ရပ်အခန်းထဲမှာပါရှင့်၊ မမိုးခင် လာရင် လွှတ်လိုက်ဖို့ မှာထားပါတယ်"

မိုးခင်က နေယွန်းတို့ အိမ်အပေါ်ထပ်သို့ တက်လာပါသည်။

ဒေါ်မြနန္ဒီက အိမ်မှာ ဘယ်သူမှမရှိသည့် အချိန်ကို ရွေးကာ မိုးခင်ကို လှမ်းခေါ်ခဲ့တာပင်။

ဦးနေမျိုးနိုင်ကတော့ အောက်ထပ် အခန်းထဲမှာ နာ့စ်နှင့်အတူ ရှိနေမည်ထင်သည်။ နေယွန်း သူ့သူငယ်ချင်းတစ်ယောက် မွေးနေ့ပွဲသွားသည်ဟု မိုးခင်က သိထားသည်။ ဒေါ်မျိုးမမကတော့ ဒီအချိန် သူ့စိန်ဆိုင်မှာပင် ရှိလိမ့်မည်။

မိုးခင် အပေါ်ထပ်သို့ရောက်တော့ ဘုရားခန်းနှင့် ကပ်ရပ်အခန်းသို့ လျှောက်လာကာ တံခါးခေါက်လိုက်သည်။

"ဒေါက် ... ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခဲ့ ..."

အထဲက အက်ကွဲကွဲ ပြတ်တောက်တောက် အသံ ကို ကြားရသည်။

မိုးခင်က တံခါးကိုဖွင့်ကာ အခန်းထဲသို့ ဝင်လာ သည်။

အခန်းထဲမှာ ဘေးပြတင်းတွေ ပိတ်ထားပြီး လိုက် ကာတွေ ဆွဲစေ့ထားတာမို့ ခပ်မှောင်မှောင် ဖြစ်နေပါသည်။

"အမေ ..."

ရုတ်တရက် ကိုယ့်ရှေ့မှာ ရပ်လိုက်သော ဒေါ်မြနှင်း ကို အတွေ့မှာ မိုးခင် လန့်ဖျပ်သွားမိပါသည်။

သပ်ရပ်စွာ ခွေလိမ်နွယ်ကျနေသော အညိုရောင် ဆံပင်တွေက သေချာပုံသွင်းမထားသဖြင့် ဖွာလန်ကျဲကာ ပွယောင်း ကြီး ဖြစ်နေသည်။ ဆံပင်က အုံ့ပွနေတာမို့ ခေါင်းကကြီးကာ မျက်နှာက သိသိသာသာ ချောင်ကျသွားသည်။ မျက်တွင်းက ချိုင့်ကာ ခပ်ညိုညို။ မျက်လုံးတွေက ကြောင်တောင်တောင်နှင့် ဖြစ်နေသည်။

မိုးခင်နဲ့ မတွေ့ဖြစ်တဲ့ နှစ်ပတ်အတွင်းမှာ ဒေါ်မြနှင်း ၏ ရုပ်ရည်က ဆွဲချသလို ကျသွားသည်။

စိတ်မကောင်းပါဘူး အန်တီ။

ကျွန်မလည်း ကိုယ့်ရှင်သန်မှုအတွက် ရုန်းကန်နေရ တာမို့လို့ပါ ...။





"ရော့ ... ဒီမှာ မင်း လိုချင်တဲ့ စိန်ဆိုင်ရဲ့ ပိုင်ဆိုင်မှု စာချုပ် ..."

ဒေါ်မြနှင်းက ဖိုင်လေးတစ်ခုကို မိုးခင်ထံ ကမ်းပေးသဖြင့် မိုးခင်က လှမ်းယူလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ် အန်တီ ..."

"မင်း ဒီလောက်နဲ့ ကျေနပ်သွားပါ မိုးခင်"

"ရှင်၊ အန်တီ ဘာကိုဆိုလိုတာလဲ"

"အဲ့ဒီစိန်ဆိုင် တစ်ဆိုင်ရဲ့ တန်ဖိုးက မနည်းပါဘူး၊ ငါ မင်းကို နောက်ဆုံးအနေနဲ့ မေတ္တာရပ်ခံပါရစေ၊ ငါ့သားလေးကို ငါ့ဆီ ပြန်ပေးပါ၊ ဒီစာချုပ်ကို ယူပြီး နင် ထွက်သွားပေးပါ"

"ဟင့်အင်း ... အန်တီ၊ ကျွန်မက နေယွန်းနဲ့ လက်ထပ်မှာ"

"ငါ ဘယ်လောက်ခံစားရမယ်ဆိုတာ နင် မစာနာတတ်ဘူးလား မိုးခင်ခင် ...၊ အမေဆိုတာ ဘာတွေပဲ အမှားလုပ်ခဲ့လုပ်ခဲ့ ကိုယ့်အရှက်ကို ကာကွယ်ဖို့အတွက် ကိုယ့်သားကို နွားမရှုံ့ပိတ် မပေးစားဘူး၊ ငါ့ကိုယ်ငါ ကာကွယ်ဖို့ နင့်လို မိန်းမမျိုးနဲ့ ငါ့သားကို ပေးစားဖို့ ခေါင်းညိတ်ခဲ့ရတာ ငါ့ အသည်းတွေ နှလုံးတွေ ပြုတ်ပြတ်ထွက်သွားသလိုပဲ ငါ့ဘဝတစ်ခုလုံး သေဆုံးသွားသလိုပဲ၊ ငါ့ကိုယ်ငါ အပြင် ရှိတဲ့ မိန်းမ၊ ငါ့သားပေါ် အပြစ်ကျူးလွန်ထားတဲ့ ယုတ်မာ တဲ့ အမေတစ်ယောက်အဖြစ် နေသွားရမှာ ...၊ ကျေးဇူး



www.burmeseclassic.com

ပြီး နင် ထွက်သွားပေးပါ မိုးခင်ခင် ... ငါတောင်းပန်ပါတယ်"

"ဟင့်အင်း ... အန်တီ၊ ဒါက ကျွန်မ အိပ်မက်ပါ၊ အထက်တန်း ကျကျ ယောကျာ်းတစ်ယောက်နဲ့ ကျွန်မ ဂုဏ်ရှိရှိ မင်္ဂလာဆောင်မယ်၊ အထက်တန်းကျတဲ့ မိန်းမတစ်ယောက် အဖြစ် ကျွန်မ တစ်သက်လုံး နေသွားချင်တယ်၊ ကျွန်မ နောက်မဆုတ်ပါရစေနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ အိပ်မက်ကို ဖျက်ဆီးဖို့ မကြိုးစားပါနဲ့၊ ကျွန်မ အိပ်မက်ကို ဖျက်ဆီးဖို့ ကြိုးစားတဲ့ ဘယ်သူ့ကိုမဆို ကျွန်မ ခွင့်မလွှတ်ဘူး"

"မိုးခင်ခင် ... နင် ..."

မိုးခင်က ပြတ်ပြတ်သားသား ပြောပြီး ခပ်မှောင်မှောင် အခန်းထဲက အမြန်ဆုံး ထွက်ခွာလာခဲ့ပါသည်။



www.burmeseclassic.com

## (၅၂)

"အစ် ..."

"အစ် ... အစ် ..."

"အစ် ... အစ် ... အစ် ..."

ညအိပ်မီး မှုန်ပျပျလေး လင်းနေသော အခန်းရဲ့ အလယ် ခုတင်ထက်က လည်ပင်းအစ်သံလေးက ပေါ်လာလိုက်၊ ပျောက်သွားလိုက် ...။

လည်ပင်းကို တစ်စုံတစ်ယောက်က ညှစ်ထားသည်ဟု နိုးတစ်ဝက်စိတ်က သိနေကာ ထိုတစ်စုံတစ်ယောက်က ဒေါ်မြနဒီ ဆိုတာ သေချာနေပြန်သည်။

မိုးခင်၏မျက်လုံးတွေက ပွင့်မလာဘဲ အသံ တအစ်အစ်ဖြင့်သာ ခေါင်းကို ခါယမ်းနေသည်။

အသက်ရှူ တဖြည်းဖြည်း ကျပ်လာချိန်မှာ ခရေပန်းရနံ့တွေ သင်းလာပြန်သည်။

အို ... အညို ...



www.burmeseclassic.com

www.burmeseclassic.com



အညို့ ကျောပြင်ကို မြင်ရပြန်သည်။

အသက်ရှူကျပ်သည့် ခံစားမှုနေရာမှာ ဝမ်းနည်းသ
ခံစားချက်က အစားထိုးဝင်ရောက်လာသည်။

ဟင် ... အညို ပျောက်သွားပြီ ...။

အညို ဘယ်မှာလဲ ...။

အား ... အသက်ရှူ ကျပ်လိုက်တာ ...။

ဖယ်ပါ ... အန်တီ ... ဖယ်ပေးပါ ...။

ကျွန်မ လည်ပင်းပေါ်က ရှင့်လက်တွေကို ဖယ်
ပါ ...။

"အစ် ... အစ် ... အား ..."

ညှစ်၍အော်လိုက်သော အော်သံနှင့်အတူ မိုး
အိပ်ရာမှနိုးလာသည်။

ကိုယ့်လည်ပင်းကို ကိုယ် လက်နှင့် ပြန်စမ်းကြ
မိသည်။ လည်ပင်းက ခုထိ နာကျင်နေတုန်းဟု ထင်ရသည်

ဝမ်းနည်းစိတ်ကလည်း အိပ်မက်ရဲ့ အပြင်ဘ
အထိ ပါလာသည်ဟုထင်သည်။

ပါးပြင်ကို စမ်းကြည့်မိတော့ ရွှဲရွှဲစိုနေသော မျက်
တွေကို စမ်းမိသည်။

အိပ်ရာဘေးက မီးစုန်းနာရီလေးကို ကြည့်မိ
ည ၁၁ နာရီ။

အိပ်ဆေးသောက်ထားသဖြင့် အစောကြီး အိပ်
ခဲ့သော်လည်း ချောက်အိပ်မက်ဖြင့် ပြန်နိုးလာရသည်။





မိုးခင်က အိပ်ရာမှ ဆတ်ခနဲ ထကာ ဗီရိုကို ဆွဲဖွင့်သည်။ ဗီရိုထဲက ကွာရှင်းစာချုပ် နှစ်ရွက်ကို ယူသည်။ ပြီးတော့ အလွယ်တကူ ဝတ်လို့ရသည့် ခေါင်းစွပ် ဂါဝန်ရှည် တစ်ထည် လဲဝတ်ပြီး ချိတ်မှာ ချိတ်ထားသည့် ဂျာကင်အနီကို လှမ်းဆွဲထပ်ဝတ်သည်။ ထို့နောက် ကားသော့ကိုယူကာ ကွန်ဒိုအောက်ထပ် ကားပါကင်ကို စက်လှေကားဖြင့် ဆင်းလာပါသည်။

ကားပါကင်ထဲမှ ကားကို အရှိန်ပြင်းပြင်း မောင်းထွက်လာသော မိုးခင်၏ ခန္ဓာကိုယ်က မသိမသာလေး တုန်ရီအေးစက်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅၃)

♥ ♥ ♥

"ရော့ … ဒီစာချုပ်မှာ လက်မှတ်ထိုးပေး၊ နင်နဲ့ငါ နော ထပ် ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး၊ ငါ့ရှေ့ ဘယ်တော့မှ ပေါ်မလာနဲ့၊ ငါ့အိပ်မက်ထဲတောင် မလာနဲ့ နင့်လို အစုတ်အပြတ်ဘဝထဲက ယောကျ်ားမျိုးကိုလည်း ငါ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ နင်လို ယောကျ်ားမျိုး လွှမ်းလောက်စရာလည်း မရှိဘူး၊ ငါက ငါ့ကိုအရမ်းအချ တဲ့၊ ငါလည်း အရမ်းချစ်တဲ့ ပိုက်ဆံရှိ အဆင့်မြင့် ယောကျ်ားနဲ့ မင်္ဂလာဆောင်တော့မှာ၊ ငါ့ဘဝကြီးက ပြောင် လဲသွားတော့မှာ၊ ငါ တစ်သက်လုံး စိတ်ချမ်းသာရတော့ မှာ၊ ရော့ … နင့်ဂျာကင် အစုတ်အပြတ်လည်း ပြန်ယူ …"

မိုးခင်က တုန်လှိုက် ချောက်ချားစွာပြောရင်း ဝတ် ထားသည့် ဂျာကင်ကို ဆောင့်ဆွဲချွတ်လျက် အညို့ဆီ ပစ်ပေါ လိုက်သည်။

ည ၁၁ နာရီကျော် အချိန်ကြီးမှာ အညိုတစ်ယော





တည်း နေနေရသည့် အခန်းကို ရောက်လာသော မိုးခင်ဟာ တယောင်ချောက်ချား သွေးရူးသွေးတန်း ပုံစံမျိုး ဖြစ်နေသည်။

လူက ကတုန်ကရင်ဖြင့် အဆက်မပြတ် ပြောနေရင်း စာချုပ်နှစ်စောင်ကို အညို့ရှေ့မှာ ချပေးပြီး အဆက်မပြတ် ပြော ဆိုနေသောပုံက အရူးတစ်ယောက်လိုပင် …။

"မိုးခင် … နင် ဘာဖြစ်လာတာလဲ၊ သတိထားပါဦး မိုးခင်"

"ဘာဖြစ်ရမှာလဲ၊ ငါက ဘာဖြစ်ရမှာလဲ …၊ ငါက ပျော် နေတာ၊ ငါ့ဘဝအသစ်အတွက် စိတ်လှုပ်ရှားပြီး ပျော်နေ တာ၊ နင် မနာလိုမဖြစ်နဲ့၊ လက်မှတ်ထိုးမှာသာ ထိုး၊ ငါ့ ရှေ့ကနေ ခလုတ်ကန်သင်းလို ပိတ်ဆို့မနေနဲ့၊ ငါသွားမယ့် လမ်းမှာ ပိတ်ဆို့နေတဲ့ သူဆိုရင် ဘယ်သူမဆို ငါ့ ရန်သူပဲ"

"မိုးခင် … နင် တစ်ခုခုကို ကြောက်နေတာလား၊ နင် ဘာကို ကြောက်နေတာလဲ …"

"ငါ ဘာမှမကြောက်ဘူး၊ ဘယ်သူ့မှ မကြောက်လို့၊ ဘာမှ မကြောက်လို့ ဒီအခြေအနေထိ ရောက်လာတာ …"

အညိုက ဘာမှ ဆက်မပြောတော့ဘဲ ကွာရှင်းစာချုပ် နှစ်စောင်ကို လက်မှတ်ထိုးပေးလိုက်သည်။

မိုးခင်က စာချုပ်တစ်စောင်ကို ပြန်ယူလိုက်ရင်း …

"အညို … နင်သိအောင် ငါပြောပြရဦးမယ်၊ ငါ နင်နဲ့နေ တုန်းက လုံးဝ စိတ်မချမ်းသာခဲ့ရဘူး၊ နင်ချက်ကျွေးတဲ့ မကောင်းတလောင်း ဟင်းတွေကို ငါ အားနာလို့ ကြိတ်မှိတ် စားခဲ့ရတာ …၊ ခုဆို ငါက နင့်ဟင်းထက် အဆတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



သာတဲ့ ဟင်းတွေလည်း စားနိုင်နေပြီ၊ နင့်အိမ်အစုတ်ပလုတ်ထက်သာတဲ့ အိမ်မျိုးမှာလည်း နေနေရပြီ၊ နင်ကတော့ ခုထိ ဒီလိုဘဝမှာ နေနေရတုန်း ...၊ နင် အရမ်းညံ့တာပဲ အညို ... "

အညိုက မိုးခင်ရဲ့ မူမမှန်သော ပုံစံကို ငေးကြည့်ရင်း မျက်ရည်လည်လာပါသည်။

မိုးခင် မျက်လုံးတွေကို ကြည့်ရုံနှင့် စကားနဲ့ ခံစားချက် မတူတာ သိသာနေသည်။ ဒါတွေပြောနေတာဟာ အရင်အချိန်တွေကို ပြန်တမ်းတနေတဲ့ နင့်ခံစားချက်တွေကို ဖုံးကွယ်ချင်တာများလား မိုးခင်ရယ် ...။

နင် ... တမ်းတနေတာလား။

မိုးရွာလာလို့ မိုးကာဂျာကင် ပြန်လာချွတ်ပေးတဲ့ အချိန်တုန်းက နွေးထွေးတဲ့ ခံစားချက်မျိုး နင့်မှာရှိနေသေးတာလား။

ဒီဂျာကင်ကို နင် ဘာလို့ ဝတ်လာခဲ့ရတာလဲ မိုးခင်ရယ် ...။

"အညို ... ငါရေဆာတယ်၊ ငါ့ကို ရေတိုက်စမ်းပါ"

မိုးခင်က ရုတ်တရက် ခပ်ဆတ်ဆတ် လှမ်းပြောလိုက်သည်။

အညိုက ထိုင်ရာမှထကာ ရေသန့်ဘူးနှင့် ရေခွက်ကို သွားယူပြီး မိုးခင်ရှေ့မှာ ချပေးလိုက်သည်။

မိုးခင်က ရေကို ဖန်ခွက်ထဲသို့ ငှဲ့မသောက်ဘဲ ဘူးကိုက် ခပ်မြန်မြန် မော့သောက်လိုက်တော့ ရေတွေက လည်ပင်းအစ်လျှောက် ဖိတ်စင်စီးကျလာသည်။





"ငါ ... ဗိုက်ဆာတယ်၊ ဘာစားစရာ ရှိလဲ ..."

မိုးခင် မေးလိုက်တဲ့ လေသံဟာ ကိုယ့်အိမ်ကလူကို ပိုင်စိုးပိုင်နင်း မေးသလိုမျိုး။ ရင်းနှီးပိုင်နိုင်ကာ ကိုယ် အနိုင်ကျင့်လို့ရသူကို အပေါ်စီးအထက်စီးက လှမ်းမိုးနိုင်သော လေသံမျိုး။ ဟိုတစ်ချိန်က အမြဲပြောခဲ့တဲ့ လေသံမျိုး။ ထိုလေသံကြောင့် အညို့ရင်ထဲမှာ လှိုက်ဆို့နာကျင်လာပါသည်။

အညိုက ညဘက် ဗိုက်ဆာရင်စားဖို့ ဝယ်ထားသည့် ကိတ်မုန့်တစ်ပိုင်းကိုယူကာ လှမ်းပေးလိုက်သည်။

မိုးခင်က ကိတ်မုန့်ကို စိုက်ကြည့်လျက် ငြိမ်ငေးသွားသည်။ ထို့နောက် ကိတ်မုန့်ကို ဆတ်ခနဲဆွဲယူလျက် ငတ်ပြတ်လာသူတစ်ယောက်လို အငမ်းမရ ဖဲ့ကာ ဖဲ့ကာ စားလိုက်ပြီးမှ စားလက်စ ကိတ်မုန့်ကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်ရင်း ...

"ငါ့ကို ဘာလို့ ကိတ်မုန့်အညံ့စား ကျွေးရတာလဲ၊ နင့်ကိတ်မုန့်က အပေါစား အညံ့စား၊ ငါ ဒါမျိုးမစားဘူးဆိုတာ နင်မသိဘူးလား ..."

ဟု ပေါက်ပေါက်ကွဲကွဲ အော်ရင်း မတ်တတ်ထရပ်လိုက်စဉ်မှာ အညိုက မိုးခင်ရဲ့ လက်ကို လှမ်းဆွဲကာ ဖျတ်ခနဲ ပွေ့ဖက်ထားလိုက်ရင်း ...

"မိုးခင် ... နင် ငါ့ကိုချစ်ခဲ့တယ် မဟုတ်လား၊ နင် ငါ့ကို ရွှင်ခဲ့ဖူးတယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်သည် ရုတ်တရက် အငိုက်မိလျက် အညို့
ခွင်ထဲသို့ ရောက်သွားသည့် ထိုခဏမှာ စိတ်နှလုံး နွေးထွေး
ချမ်းသွားရသည်မှာ ဘယ်လောက် ထူးဆန်းသနည်း ...။

ကျစ်ကျစ်ဖက်ထားသော အညို့ရင်ခွင်မှာ အေး
တုန်ရီနေသော မိုးခင်၏ ခန္ဓာကိုယ်က တည်ငြိမ်နွေးထွေးလာ
ရသည်။

မိုးခင်သည် စက္ကန့်ပိုင်းလောက် အသိလွတ်ငြိမ်သ
သွားပြီးမှ အညို့ကို တွန်းကာ ရုန်းထွက်လိုက်ရင်း ...

"မချစ်ဘူး၊ ငါ့ကိုယ်ငါကလွဲရင် ငါ ဘယ်သူ့ကိုမှ မ
ဘူး၊ အေး ... ငါတစ်ယောက်ယောက်ကို ချစ်ခဲ့တယ်ဆို
လည်း အဲ့ဒီလူဟာ ငါ့ကို အရာရာပြည့်စုံအောင် ဖြည့်ဆ
ပေးတဲ့သူပဲ ဖြစ်ရမယ်၊ ငါ့ကိုယ်ငါ ချစ်လို့ အဲ့ဒီလို လူ
ကို ငါချစ်နိုင်တာပဲ ..."

ဟု အေးစက်စွာပြောပြီး တိုက်ခန်းတံခါးဝသို့ လှ
အထွက်မှာ အညိုက မိုးခင်၏ လက်တစ်ဖက်ကို လှမ်းဆွဲလျ
အထုပ်သေးသေးလေး တစ်ထုပ်ကို မိုးခင်လက်ထဲသို့ ထည့်
လိုက်ရင်း ...

"နင် မေ့ကျန်ခဲ့တဲ့ နင့်ပစ္စည်းတွေ ငါ သိမ်းထားပေးတာ"

ဟု ပြောလိုက်သည်။ မိုးခင်က ထိုဘာမှန်းမသိသ
ပစ္စည်းထုပ်ကို ဆုပ်ကိုင်လျက် အညို့အခန်းထဲမှ ထွက်လာသည်

❀ ❀ ❀





မိုးခင် မောင်းလာသော ကားက တစ်နေရာမှာ ရပ်
သွားသည်။

အညို ပေးလိုက်သော အထုပ်ဖလေးကို သွန်ချလိုက်
တော့ Revlon 240 နှုတ်ခမ်းနီ တစ်တောင့်၊ မက်စ်ကာရာ တစ်ဘူး
ထွက်ကျလာသည်။

တစ်ချိန်တုန်းက နားစွဲအောင် ကြားနေကျအသံတွေ
လည်း ထွက်ကျလာသည်။

"မောင်စည်သူညို ..."

"ရှိ ..."

"မျက်တောင်ကော့ရန် အသင့်ဖြစ်ပြီလား"

"ဖြစ် ..."

"ရယ်ဗလွန်နံပါတ် တူးဖော်တီ၊ ဝယ်ထားအသင့်၊ အံဆွဲ
ညာဘက်ထောင့်မှာရှိ၊ အိုခေလား ... အိုခေရင် အကြောင်း
ပြန် ..."

"အိုခေပါကြောင်း ... မောင်စည်သူညို အလိုက် သိလှပါ
ကြောင်း ..."

အား ... ဘာတွေလဲ ... မတွေးနဲ့ ... ပြန်မတွေးနဲ့
သွားစမ်းပါ ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးခင်က တဖြည်းဖြည်း ကယောင်ချောက်ချား ဖြစ်လာသည်။

မိုးခင်က ကားနောက်ကြည့်မှန်ကို ဖတ်ခနဲ ဆွဲချလိုက်တော့ မှန်က မီးလေး ဖျတ်ခနဲ လင်းလာသည်။

မိုးခင် နှုတ်ခမ်းနီဘူးကို ဖွင့်သည်။ ပြီးတော့ မှန်ကြည့်ကာ နှုတ်ခမ်းနီဆိုးသည်။ မိုးခင်လက်က တုန်နေတာမို့ နှုတ်ခမ်းနီက မညီသဖြင့် သုတ်ပစ်လိုက်သည်။ ပြန်ဆိုးလိုက်သည်။ သို့သော် ... နှုတ်ခမ်းတစ်ဝိုက်မှာ မညီမညာ ပေစွန်းမြဲပင် ...။

"သွား ..."

မိုးခင်က နှုတ်ခမ်းနီတောင့်ကို ဒေါသတကြီး လွှင့်ပစ်လိုက်ပြီး စတီယာရင်ပေါ် ခေါင်းစိုက်ကာ ငြိမ်သက်သွားသည်။ မေ့ထားချင်ခဲ့သော အမှတ်တရပေါင်း များစွာဟာ မိုးခင်ကို လာရောက်နှိပ်စက်နေကြသည်။ ခံစားပျော်မွေ့ချင်သော စည်းစိမ်ချမ်းသာတွေက မိုးခင်ကို ဖျားယောင်းခေါ်ငင်လျက်ရှိပြီး လိပ်ပြာမလုံနိုင်ခြင်းများစွာက မိုးခင်ကို ပြန်တွန်းထုတ်နေခဲ့သည်။

ခဏနေလို့ ခေါင်းထောင်ထလာတော့မှ ပတ်ဝန်းကျင်ကို သတိထားမိလာသည်။

အို ... မိုးခင် ရောက်နေတာ ခရေပင်တန်းတွေ နားမှာပါလား ...။

တကယ်ပဲ ခရေရနံ့တွေ သင်းပျံ့နေခဲ့တာပါလား။



## (၃၄)

မိုးခင်သည် မိုးခင် မကြာခင် နေထိုင်ရတော့မည့် အိမ်သစ်ရဲ့ အပေါ်ထပ်သို့ လေးလံသော ခြေလှမ်းများဖြင့် တက်လာနေသည်။

အပေါ်ထပ်က မိုးခင်တို့အတွက် ပြင်ဆင်ထားသည့် မင်္ဂလာခန်းထဲမှာ နေယွန်းက စောင့်နေသည်။

နေယွန်းက ညနေ မိုးချုပ်ခါနီးမှာ မိုးခင်ကို ဖုန်းဆက်ကာ ...

"မိုးရေ ... အိမ်မှာ အားလုံးပြင်ထားပြီးပြီ၊ ကိုယ်တို့မင်္ဂလာခန်းကလည်း ရှယ်ပဲ၊ ကိုယ့်သတို့သမီးလေး ဒင်နာမှာဝတ်ဖို့ နိုင်ငံခြားက မှာထားတဲ့ ဂါဝန်လေးလည်း ရောက်လာပြီ ... လာဝတ်ကြည့်ပါဦး"

ဟု ပြောခဲ့သဖြင့် မိုးခင်က ဒီအိမ်သစ်ကို လာခဲ့ရတာပင်။

နေယွန်းက ရောက်နှင့်နေပြီဆိုသဖြင့် မိုးခင်က ခပ်



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန် အဝတ်အစားလဲကာ ထွက်လာဖြစ်ခဲ့သည်။ အစိမ်းပုပ်ရောင် ဒူးအတိ ဂါဝန်ကိုယ်ကျပ်က လက်ပြတ်ကလေးမို့ အမည်းရောင် ပဝါထူထူတစ်ထည်ကို ပခုံးနားတစ်ဝိုက်မှာ ရစ်ပတ်ထားသည်။ မျက်နှာကလေးကိုတော့ ဘာမှ အထွေအထူး လိမ်းခြယ်မလာခဲ့ပါ။ ခုတလောမှာ စိတ်ဓာတ်ကျနေကာ အလှပြင် ချင်စိတ်လည်း မရှိပါ။

မိုးခင်က ညညဆို အိပ်မပျော်မှာလည်း ကြောက်ရ အိပ်ပျော်မှာလည်း ကြောက်ရသည်။ အိပ်မပျော်လျှင် အိပ်ဆေးကို အားကိုးရပြီး အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်ကို ကြောက် ရပြန်သည်။

မိုးခင်သည် အပေါ်ထပ်သို့ ရောက်လျှင် မင်္ဂလာ အခန်းကျယ်ကြီးထဲသို့ လျှောက်ဝင်လာခဲ့သည်။

"မိုး ... လာ ..."

နေယွန်းက မိုးခင်လက်ကို ဆွဲ၍ခေါ်လာသည်။

အခန်းထဲမှာ ပြင်ဆင်ထားသည့် နှစ်ယောက်အိပ် မင်္ဂလာခုတင်ကြီးကိုမြင်တော့ လဲမို့ရာ မာကျစ်ကျစ်လေးကို ဖျတ် ခနဲ သတိရလာကာ လူက ဆတ်ခနဲ တုန်သွားသည်။

မျက်လုံးတွေကို ဖျပ်ခနဲ မှိတ်ချမိတော့ အိပ်ရာ ကလေးပေါ်သို့ ဖွဲခနဲ ကျလာသော ခရေပွင့်တွေကို မြင်ယောင်လာ သည်။

"မိုး ... ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့"

"ကောင်း ... ကောင်းပါတယ်"





"မိုး မကြိုက်လို့လား၊ ခုတင် ဒီဇိုင်း ပြောင်းပေးရမလား"

"ရပါတယ်၊ ကြိုက်ပါတယ်"

"ဒီမှာ ဂါဝန်ကလေး မှာထားတာ ရောက်လာပြီ ..."

နေယွန်းက အိပ်ရာပေါ်မှာ တင်ထားသည့် လှပ သော ပန်းရောင်စက္ကူဘူးအကြီးကြီး၏ အဖုံးကို ဖွင့်ပြလိုက်သည်။

ကြွရွ လှပလွန်းသော အနီရဲရဲ ဂါဝန်လေးကို မိုးခင် က မတုန်မလှုပ် ငုံ့စိုက်ကြည့်နေသည်။

"မိုးက အနီရောင် အင်္ကျီတို့ ဖိနပ်တို့ အိတ်တို့ ခဏခဏ ဝတ်တာတွေ့လို့ ကိုယ် အနီရောင်ကလေး မှာထားတာ၊ မိုးက အသားဖြူတော့ အနီနဲ့ လိုက်မှာပါ"

မိုးခင်က နေယွန်းကို ငေးခနဲ တစ်ချက်ကြည့်မိသွား သည်။

ဘာမှမသိရှာတဲ့ သူဌေးသားကလေး ...။ မိုးခင်ရဲ့ လှည့်ကွက်တွေကို နားမလည်ရှာသူကလေး ...။

မိုးခင်က နေယွန်းကို ကြည့်ရင်း ဒေါ်မြနဒီရဲ့ သွေး ပျက်နေသော မျက်နှာကို မြင်ယောင်ကာ လန့်လာသည်။

"ရော့ ... မိုး၊ ကိုယ့်ကိုဝတ်ပြပါဦး၊ ကိုယ် အပြင်ထွက်ပေး မယ်၊ သြော် ... မှန်တင်ခုံပေါ်မှာ အားလုံးအပြည့်အစုံပဲနော်၊ SK II တွေ မာမီသုံးတာတွေ့လို့ ကိုယ် မိုးဖို့ မှာထားပေး တာ၊ မျက်နှာလေးပါ နည်းနည်း ပြင်လိုက်နော်"

နေယွန်းက ဂါဝန်ကို မိုးခင်လက်ထဲသို့ ထည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ ပြီးတော့ ချက်ချင်းထွက်မသွားသေးဘဲ မိုးခင်ရဲ့ မျက်ခွံကလေးကို လက်ညှိုးထိပ်ဖြင့် ဖွဖွတို့ထိလိုက်ရင်း ...

"မိုး မျက်လုံးလေးတွေက လှတယ်၊ မျက်တောင်လေးတွေ ကော့လိုက်ရင် အရမ်းထင်ပြီး လှသွားမှာ၊ မျက်လုံးကလေး ခြယ်ကြည့်လိုက်နော် ..."

ဟုပြောပြီး အခန်းထဲမှ ထွက်သွားခဲ့ပါသည်။

မိုးခင်သည် ဂါဝန်ကို ရင်ဘတ်မှာ ပွေ့လျက် မှန်တင်ခုံရှေ့မှာ ရပ်လိုက်သည်။

မှန်တင်ခုံပေါ်မှာတော့ နာမည်ကြီး ရေမွှေးများ၊ အလှပြင်ပစ္စည်း အသုံးအဆောင်များ အပြည့်ရှိနေပါသည်။

မိုးခင်က ခပ်မြန်မြန်ပင် ဂါဝန်အနီကို လဲဝတ်လိုက်သည်။

ဂါဝန်ဟာ ပွဲတက်ပုံစံနှင့် ဖန်စီစတိုင်လ်ကို ရောထားသည့် ဒီဇိုင်းမျိုး ...။ ရင်ပြတ် ကိုယ်ကျပ်ကလေး ဖြစ်ပြီး ခါးအောက်ပိုင်းမှာတော့ ဘဲလေးကချေသည်တွေရဲ့ ဂါဝန်ကားသလိုမျိုး အပါးစလေးတွေ အထပ်ထပ်ဖြင့် ကားထွက်နေကာ ဒူးခေါင်းအထက်နားလောက်အထိသာ ရှည်သည်။ ပွဲတက်ဂါဝန်ကြီးလိုရှည်လျားခမ်းနား ဖားဝေနေတာမျိုး မဟုတ်တာမို့ လမ်းလျှောက်ရလွယ်ကူကာ ခြေထောက်အလှကိုလည်း ဖော်ပြနိုင်တာမျိုး။ ရင်ဘတ်နားမှာ နှင်းဆီပန်းပုံ အထပ်ထပ်လေးတွေ ဖော်ကာ ကပ်ထားတာမို့ ကလေးဆန်သလိုလည်း ရှိကာ အင်မတန်မှ လှပပါသည်။

မိုးခင်က မှန်တင်ခုံရှေ့မှာ ထိုင်လျက် မှန်တင်ခုံပေါ်





က မက်စ်ကာရာ တစ်တောင့် လှမ်းယူပြီး မျက်တောင်တွေကို ကော့လိုက်ရာ ဆေးအမည်းတွေက မျက်လုံးတစ်ဝိုက်မှာ စွန်းထင်းပေကျံသွားသည်။

မိုးခင်က တစ်ရှူးစတစ်စ ဆွဲယူကာ မျက်လုံးတစ်ဝိုက်ကို ပွတ်သုတ်ဖျက်သည်။ ပြီးတော့ ထပ်ကော့သည်။ ကော့နေဆဲမှာ ထွက်ကျလာသော မျက်ရည်တွေကြောင့် မျက်ရည်နှင့်ဆေးနှင့်ရောကာ မျက်ယုံးနှစ်ဖက်လုံးရဲ့ အနီးတစ်ဝိုက်မှာ မည်းညစ်ပေကျံလျက် ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်။

မိုးခင်သည် မှန်ထဲမှာ ပေါ်နေသည့် ကိုယ့်ရုပ်ကို ကြောင်တောင်တောင် စိုက်ကြည့်နေဆဲမှာ တံခါးခေါက်သံ ပေါ်လာသည်။

"ဒေါက် ... ဒေါက် ..."

"မိုးရေ ... ကိုယ် ဝင်ခဲ့မယ်နော်"

နေယွန်းက ခဏစောင့်နေပြီးမှ အခန်းတံခါးကို တွန်းဖွင့်၍ ဝင်လာသည်။

မိုးခင်က နေယွန်းဘက်သို့ လှည့်ကြည့်လိုက်တော့ နေယွန်းက အံ့သြမျက်ခုံးပင့်သွားပြီးမှ ရယ်မောလိုက်ရင်း ...

"မိုး ... ကလေးကျနေတာပဲ၊ မည်းတူးနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ ..."

"ကျွန်မ ... ကျွန်မ မျက်တောင် မကော့တတ်ဘူး၊ ခုန် ကျွန်မကို မျက်တောင်ကော့ပေးနိုင်မလား ..."

"အဟား ... ကိုယ် ဘယ်လုပ်တတ်မှာလဲ မိုးရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက တစ်ယောက်ယောက် လုပ်ပေးမှ ရတာ၊ ကျွန်မ ဘာသာ မလုပ်တတ်လို့ပါ"

"မလုပ်တတ်ရင် ထားလိုက်တော့လေ၊ မည်းနေတာတွေ သုတ်ပစ်လိုက်တော့ ..."

မိုးခင်က တစ်ရှူးစတွေ ဆွဲယူကာ မျက်လုံးတစ်ဝိုက်ကို အထပ်ထပ် ပွတ်သုတ်နေလိုက်သည်။ မိုးခင် ပစ်ချလိုက်သော တစ်ရှူးစတွေက ကြမ်းပြင်ပေါ် တစ်ခုပြီးတစ်ခု ကျလာသည်။

နေယွန်းက အနည်းငယ် တုန်နေသည့် မိုးခင်ရဲ့ လက်တစ်ဖက်ကို လှမ်းဆွဲဆုပ်ကိုင်ထားလိုက်ရင်း ...

"မိုး ... ဘာဖြစ်နေတာလဲဟင်၊ မိုး ကြည့်ရတာ တစ်မျိုးပဲ"

"ဘာမှ မဖြစ်ပါဘူး"

"ကဲ ... ထပါဦး၊ ဂါဝန်လေးက မိုးနဲ့ လှလို့ သေချာကြည့်ပါရစေဦး ..."

နေယွန်းက မိုးခင်ရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ဆွဲယူလိုက်သဖြင့် မိုးခင်က မတ်တတ်ထရပ်လိုက်သည်။

မျက်နှာချင်းဆိုင်ရပ်မိတော့ နေယွန်းက မိုးခင်ကို ခြေဆုံးခေါင်းဆုံး ကြည့်၍ ပြုံးလိုက်ပြီး ...

"လှလိုက်တာကွာ ..."

ဟု ပြောရင်း မိုးခင်ရဲ့ ပခုံးလေးနှစ်ဖက်ကို ဆွဲကာ ပွေ့ဖက်ထားလိုက်လေသည်။

မိုးခင်၏ ခန္ဓာကိုယ်လေးသည် ရုတ်တရက် တောင့်ခနဲဖြစ်သွားကာ ခါးခါးသီးသီး ဖြစ်သွားခဲ့ရပါသည်။





နေယွန်းနဲ့ ချစ်သူတွေလို တွဲခဲ့ပေမယ့်လည်း လက်ချင်းတွဲ၊ ပခုံးလောက် ဖက်တာကလွဲရင်ခုလို ရင်ချင်းအပ်၍ ဖက်တာမျိုးထိ လုံးဝ လက်မခံဘဲ ခန္ဓာကိုယ်ချင်း ရင်းနှီးသာယာမှု မပါဘဲ စည်းတစ်ခုခြားကာ နေထိုင်လာခဲ့တာမို့ ခုတစ်ကြိမ်ဟာ ပထမဆုံး ပွေ့ဖက်ခံရခြင်းတည်း။

သူ့ရင်ခွင်ဟာ မိုးခင်အတွက် စိမ်းလွန်းလှပါသည်။ ဘယ်လိုမှ ခံစားပျော်မွေ့လို့မရ၊ သာယာမိန်းမူးလို့မရသည့် တစိမ်းတစ်ယောက်ရဲ့ ရင်ခွင်တစ်ခုသာတည်း။

ဒီရင်ခွင်မှာ ခိုဝင်ရသည့်အခိုက်မှာ အပြစ်တစ်ခု ကျူးလွန်လိုက်ရသလို၊ သစ္စာတစ်ခု ဖောက်ဖျက်လိုက်ရသလို ခံစားရနှင့်အတူ မိုးခင်ရဲ့ အချစ်စစ်ဟာ ဘယ်မှာဆိုတာကို သိခွင့်ရလိုက်လေသည်။

အချစ်မှန်း မသိတဲ့ အချစ်တစ်ခုဟာ မိုးခင်ရဲ့ နှလုံးသားထဲကို ရောက်မှန်းမသိ ရောက်နှင့်နေခဲ့သည်ဟု သိရချိန်မှာ အပြစ်မှန်းသိတဲ့ အပြစ်တစ်ခုကို ကျူးလွန်မိခြင်းအတွက် တုန်လှုပ်ခြောက်ခြားလာခဲ့ရသည်။ ပူပြင်းမြိုက်လောင်လာခဲ့ရသည်။

မိုးခင်သည် နေယွန်း၏ ရင်ခွင်မှ ရုန်းထွက်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"မိုး ... ဘာဖြစ်လို့လဲ"

နေယွန်းက နားမလည်သလို မေးသည်။

မိုးခင်က နောက်သို့ ခြေတစ်လှမ်း ထပ်ဆုတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ပြောစရာရှိတယ်"

"မိုး … ဘယ်လိုပြောလိုက်တာလဲ၊ ဘာဖြစ်တာလဲ …"

"ကျွန်မ ရှင့်ကို လိမ်ခဲ့တာ …"

"ဘယ်လို …"

"ကျွန်မက အပျို မဟုတ်ဘူး …"

"မိုး …"

"ကျွန်မက ရှင်ထင်ထားတဲ့ အဆင့်အတန်းမျိုးထဲက မိန်းကလေး မဟုတ်ဘူး၊ ကျွန်မမှာ ယောကျ်ားလည်း ရှိခဲ့တယ် ဒါပေမယ့် ကျွန်မ ချမ်းသာချင်လို့ ရှင့်ကို လှည့်ဖျားခဲ့တယ် ရှင့်မိသားစုကို လိမ်ညာခဲ့တယ်၊ ရှင့်အမေကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တယ်၊ ကျွန်မ ရှင့်အပေါ်မှာ ရှင့်မိသားစုအပေါ်မှာ အပြစ်တွေ အများကြီး ကျူးလွန်ခဲ့မိပါတယ်၊ ကျွန်မစကားတွေက ရှင့်ကို နာကျင်စေမယ်ဆိုတာ သိပေမယ့် ဒီလိုမှ မပြောရင် ရှင် ကျွန်မကို မပစ်နိုင် မမေ့နိုင်မှာစိုးလို့ အမှန်အတိုင်း ပြောပြရတာပါ၊ ကျွန်မက ရှင့်အပေါ်မှာ ကျွန်မ ယောကျ်ားအပေါ်မှာ၊ ရှင့်မိသားစုအပေါ်မှာ ရက်စက်ခဲ့တဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မကို စွန့်ပစ်လိုက်ပါတော့ ကျွန်မ ဒီအပြစ်တွေကို ဆက်ကျူးလွန်ဖို့ သတ္တိမရှိတော့လို့ပါ၊ ရှင့်အပေါ် ရက်စက်ခဲ့မိတာတွေအတွက် ကျွန်မ တောင်းပန်ပါတယ် …"

နေယွန်းက မယုံနိုင်သလို … အိပ်မက်မက်နေသူလို





မိုးခင်ကို အကြာကြီး စိုက်ကြည့်နေသည်။ သူ့မျက်လုံးတွေက တဖြည်းဖြည်း စိမ်းလက် ခက်ထန်လာပါသည်။

ထို့နောက် သူက မိုးခင်ဆီ လျှောက်လာပြီး မိုးခင်၏ ပါးတစ်ဖက်ကို လွဲရိုက်ချပစ်လိုက်ပါသည်။

"မင်း ထွက် သွား …၊ ခုချက်ချင်း ထွက်သွား၊ ငါ မသတ်မိခင် ထွက်သွား …"

နေယွန်းက ပေါက်ပေါက်ကွဲကွဲ အော်ဟစ်လိုက်ရင်း ချွတ်ထားသည့် မိုးခင်၏ ဂါဝန်နှင့် ပဝါကို လုံးထွေးကောက်ယူကာ မိုးခင်မျက်နှာဆီ ပစ်ပေါက်လိုက်သည်။ ပြီးတော့ မိုးခင်လက်ကို ဆောင့်ဆွဲကာ အခန်းပြင်သို့ တွန်းထုတ်ပြီး တံခါးကို ဆောင့်ဆွဲပိတ်လိုက်သည်။

"အား … အား … အား …"

"အား …"

"ဒုန်း …"

"ခွမ်း …"

"ချလွမ်း …"

အခန်းထဲက မချိတင်ကဲ အာခေါင်ခြစ်၍ အော်ဟစ်ပေါက်ကွဲသံ၊ ပစ္စည်းတွေ ကျကွဲသံ၊ ထိုးကြိတ်သံတွေ ထွက်ပေါ်လာခဲ့သည်။

မိုးခင်က အဝတ်လဲဖို့လည်း အဆင်မပြေတော့တာမို့ လက်ထဲက ပဝါအနက်ကို ပခုံးပေါ် ခြုံလွှမ်းရစ်ပတ်လိုက်ပြီး အပေါ်ထပ်မှ ပြေးဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အညို့ဆီ သွားချင်သည်။

မိုးခင် အညို့ဆီသွားပြီး တောင်းပန်ချင်သည်။ မိုးခင်ရဲ့ ခံစားချက်အမှန်ကို အညိုသိအောင် ပြောပြချင်ပါသည်။

မိုးခင်က မီးမဖွင့်ထားသဖြင့် မှောင်မည်းနေသော အောက်ထပ်အခန်းထဲကို ဖြတ်လျှောက်လျက် တံခါးဝဆီသို့ ရောက်လာချိန်မှာ ဒေါ်မြနန္ဒီက မိုးခင်ရှေ့မှာ ဘွားခနဲ ပေါ်လာပါသည်။

ခြံထဲမှာထွန်းထားသည့် မီးတိုင်အလင်းရောင်ကြောင့် ဒေါ်မြနန္ဒီရဲ့ မျက်နှာကိုတော့ သေချာမြင်ရသည်။

သူမ မျက်နှာက ပိန်ချုံးနေကာ မျက်တွင်းနက်သွားသဖြင့် မျက်လုံးတွေက ထင်းထင်းပေါ်နေသည်။ မျက်လုံးတွေဟာ ကြောက်မက်ဖွယ် စိတ္တဇဆန်လှပါသည်။

မိုးခင်က လန့်ဖျပ်ကာ နောက်သို့ တစ်လှမ်းဆုတ်လိုက်တော့ သူမက ရှေ့သို့ တစ်လှမ်းတိုးလာကာ …

"နင် ငါ့သားကို လုံးဝ မရစေရဘူး …"

ဟု ချောက်ချားဖွယ်ကောင်းသော အံကြိတ်သံဖြင့် တီးတိုးပြောလိုက်ချိန်မှာ မိုးခင်တစ်ကိုယ်လုံး ကြက်သီးဖြာထသွားသည်။

"အန်တီ … ကျွန်မ … ကျွန်မ … အ …"

မိုးခင်က ဒေါ်မြနန္ဒီ မသိသေးသော လက်ရှိအခြေအနေအမှန်ကို ပြောပြဖို့ ကြိုးစားဆဲမှာ သူမလက်ထဲက လက်ခနဲ အရာတစ်ခုကို မြင်လိုက်ရတာမို့ ခန္ဓာကိုယ်ကို ဘေးသို့ယိမ်းကာ ရှောင်လိုက်ချိန်မှာ မိုးခင်ရဲ့ ညာဘက်ဗိုက်နံဘေးကို ချွန်မြသော





အရာတစ်ခုဖြင့် ထိုးလျက် အသည်းခိုက်အောင် နာကျင်သွားလေသည်။

ဒေါ်မြနန္ဒီက ခြံထောင့်ရှိ မှောင်ရိပ်မှာ ရပ်ထားသော ကားဆီသို့ ချာခနဲ လှည့်ထွက်သွားပြီး ခြံပြင်သို့ မောင်းထွက်သွားသည်။

မိုးခင်က အဖြစ်အပျက်ကို နေယွန်းမသိခင် ထွက်ခွာသွားဖို့သာ အာရုံစိုက်လျက် နာကျင်မှုကို အံကြိတ်ခံရင်း ပခုံးမှာ ပတ်ထားသည့် ပဝါကို ဆွဲဖြုတ်လျက် ဗိုက်ဘေးက ဒဏ်ရာပေါ်သို့ အုပ်၍ ခပ်တင်းတင်း ဆွဲချည်လိုက်သည်။ ထို့နောက် ကားထဲမှာ အဲကွန်းအေးလာရင် ဝတ်ဖို့ အမြဲထည့်ထားသည့် အနွေးထည်ကို သွားယူ၍ အပေါ်က ထပ်ဝတ်လိုက်ပါသည်။

မိုးခင်သည် လက်ကို ကျစ်ကျစ်ပိုက်လျက် ခေါင်းကိုငုံ့ကာ ခြံထဲမှ လမ်းလျှောက်၍ထွက်လာသည်။ ကားကိုတော့ ထားခဲ့လိုက်ပါသည်။

လမ်းထိပ်ထိ လမ်းလျှောက်ထွက်လာပြီး တက္ကစီတစ်စီးတားကာ အညို့အိမ်လိပ်စာကို လှမ်းပြောလိုက်သည်။

ဒဏ်ရာက နာကျင်လှသော်လည်း မိုးခင်က အံကိုကြိတ်ကာ ကြိတ်မှိတ်ခံလျက် ပြာဝေလာသော မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

မိုးခင် သေရမယ်ဆိုရင်တောင် … မသေခင်တော့ အညို့ကို ချစ်ကြောင်း ပြောပြခဲ့ချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

♥ ♥ ♥

ထိုညက မီးပြတ်နေတာမို့ အညိုက အိပ်ရာဘေးခုံပု ကလေးပေါ်မှာ လက်ဆွဲမီးအိမ်ကလေးသာ ထွန်းထားပြီး အိပ်ရာ ပေါ်မှာ လဲလျောင်းလျက် စာဖတ်နေခဲ့သည်။

တိုက်ခန်းကျဉ်းကလေးက အခန်းဖွဲ့ပြီးသား မဟုတ် တာမို့ သူက အိပ်ခန်းဘက်ကို လိုက်ကာလေးတစ်ခုနှင့်သာ ကန့် ထားသည်။ ညှော်သည်လာတဲ့အခါမှသာ ထိုလိုက်ကာကို ဆွဲကာ ထားဖြစ်ပြီး သူတစ်ယောက်တည်းရှိနေချိန်မှာ လိုက်ကာကို ဘေး သို့ ဆွဲကပ်လိုက်လျှင် ဟောခန်းလို အကာအရံမရှိဘဲ ကျယ်ကျယ် ဝန်းဝန်း ဖြစ်သွားတတ်သည်။ ထိုအခန်းရဲ့ အဆုံးထောင့်ဘက်နား မှာ သူ့အိပ်ရာကလေးကို ချထားပါသည်။ သူ့မွေ့ရာကလေးဟာ လည်း မိုးခင်နှင့်အတူ မင်္ဂလာဦးကတည်းက အိပ်ခဲ့သည့် လဲမွေ့ရာ ကလေးပင်။ ခုတော့ ထိုမွေ့ရာလေးဟာ ပျော့ပါးစ ပြုလာခဲ့ပါပြီ။

"ဒေါက် ... ဒေါက် ... ဒေါက်"





တံခါးခေါက်သံ သုံးချက်က ဆက်တိုက်ပေါ်လာတာ မို့ အညိုက အိပ်ရာမှထ၍ မီးအိမ်ကလေးကိုဆွဲကာ တံခါးဆီသို့ လျှောက်လာခဲ့သည်။

တံခါးဖွင့်လိုက်လျှင် လုပသော ဂါဝန်အနီအကား လေးပေါ်မှာ အနက်ရောင် လက်ရှည် အနွေးထည်ထူထူ တစ်ထည် ခပ်ဝတ်လျက် လက်ပိုက်၍ ရပ်နေသော မိုးခင်ကို တွေ့လိုက်ရ ပါသည်။

မိုးခင်က သူ့အခန်းထဲသို့ လှမ်းဝင်လိုက်ရင်း ...

"အညို ... ရှစ်လွှာကို တက်လာရတာ ငါ အရမ်းပင်ပန်းနေ လို့ နင့်အိပ်ရာမှာ ခဏ လှဲလို့ရမလား ..."

ဟု ခွင့်တောင်းလိုက်သော အသံလေးက အုံ့ညြဖွယ် ကောင်းဖျော့ အားယုတ်နေခဲ့ပါသည်။

"ရတယ်လေ ... လှဲပါ"

အညိုက အေးအေးဆေးဆေး ပြန်ပြောပြီး အိပ်ရာ ကလေးဆီ လျှောက်လာလိုက်သည်။ ပြီးတော့ အိပ်ရာဘေးမှာ ခုံထောက်ထိုင်ချလိုက်ပြီး အိပ်ရာကို ပြန့်စန့်သွားအောင် ဆွဲဆန့် ပြုပြင်ပေးလိုက်သည်။

မိုးခင်က အိပ်ရာပေါ်မှာ ညင်သာစွာ လဲလျောင်း လိုက်သည်။

အညိုက အိပ်ရာဘေးမှ ထသွားဖို့ပြင်တော့ မိုးခင်က အညို့လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အညို ... ငါ့နားမှာ ခဏနေပေးပါ"

ဟု တောင်းဆိုလိုက်သည်။ အညိုက အိပ်ရာဘေး တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး မိုးခင်ထံမှ မျက်နှာလွှဲကာ အမှောင် ဘက်သို့ ကြည့်နေလိုက်သည်။

ဒီအချိန်ကြီး ငါ့ဆီ ဘာလာလုပ်တာလဲ၊ နင် ဘယ် ကလာတာလဲ၊ ဘာဖြစ်လာတာလဲ ... ဟု မေးချင်သော်လည်း မမေး ဖြစ်ပါ။

မိုးခင်က အကြာကြီး တိတ်ဆိတ်နေသည်။ အညိုက လည်း အမှောင်ဘက်သို့သာ ငေးလျက် နှုတ်ဆိတ်ငြိမ်သက်နေခဲ့ သည်။

"နင့်ကို ငါ ချစ်တယ် အညို ..."

ကြားလိုက်ရသော စကားကို ယုံတောင် မယုံနိုင်။ မိုးခင် ပြောတာမှ ဟုတ်ပါရဲ့လားဟု ခပ်ကြောင်ကြောင် တွေးကာ အညိုက မိုးခင်ကို အံ့သြစွာ ကြည့်လိုက်သည်။

မိုးခင်က မျက်လုံးတွေကို မှေးမှိတ်လျက် အညို့ဘက် သို့ ဘေးတစ်စောင်းလှည့်ကာ လဲလျောင်းနေသည်။

"မိုးခင် နင် ဘာပြောလိုက်တာလဲ"

"ငါ နင့်ကိုချစ်တယ်"

အညိုက မိုးခင်ကို စိုက်ကြည့်လိုက်မိသည်။ မိုးခင်က မျက်လုံးမဖွင့်ဘဲ ပြောနေသည်။ သူမမျက်နှာက ဝေဒနာတစ်ခု ခံစားနေရသော မျက်နှာမျိုးပင်။





"အညို ငါ နင့်ကို ဟိုးအရင်ကတည်းက ချစ်ခဲ့တာပါ၊ မိုးရွာကြီးထဲ နင်ဝတ်ဖို့ ဂျာကင် ပြန်လာပေးခဲ့တဲ့ အချိန် ကတည်းက နင့်ကို ချစ်နေခဲ့တာပါ၊ ငါ့အချစ်ကို ငါ မသိ ခဲ့တာပါ၊ နင်နဲ့ အတူနေတဲ့ အချိန်တွေမှာလည်း ငါ ပျော် ခဲ့ဖူးပါတယ်၊ နင့်ကို အနိုင်ယူနေရတာလည်း ငါ့အတွက် ပျော်စရာတစ်ခုပါ၊ ငါ နင့်ကို သိပ်ချစ်ပါတယ် အညိုရယ်"

မိုးခင် အသံက တဖြည်းဖြည်း တိုးတိုးသွားကာ အဆုံးမှာ တိမ်ဝင်လျက် ငြိမ်သက်သွားခဲ့ပါသည်။

"မိုးခင် ..."

အညိုက စားပွဲပေါ်က LED မီးအိမ်လေးကို လှမ်းဆွဲ ယူကာ မိုးခင်မျက်နှာကို ကြည့်လိုက်သည်။ မိုးခင်က အိပ်ပျော် သွားသူလို သတိလစ်သွားသူလို ငြိမ်သက်လျက် ရှိပါသည်။

အညိုက မီးအိမ်ကို ခပ်မြင့်မြင့်မြှောက်ကာ မိုးခင်၏ ခန္ဓာကိုယ်ပေါ်သို့ ဖြာလင်းသွားအောင် ထိုးထားလိုက်ပြီး မိုးခင်ရဲ့ ခန္ဓာကိုယ်ဘေးတစ်စောင်းပေါ် လက်တင်၍ လှုပ်ကာ ခေါ်လိုက် သည်။

"မိုးခင် ... မိုးခင် ... ဟာ"

ကိုယ့်လက်ကို ပေစွန်းသွားသည့် သွေးတွေကို ငုံ့ ကြည့်ရင်း အညိုက ထိတ်လန့်တုန်လှုပ်သွားခဲ့ရသည်။

အညိုက မိုးခင်ကို လက်ပက်ဆွဲလှန်လိုက်တော့ ခါး မှာ ကျစ်ကျစ်ပါအောင် စည်းထားသော ပဝါပေါ်မှာ သွေးတွေ ရွှဲနစ်စွန်းပေနေတာကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုး . . ."

အညိုက ရင်နာအက်ကွဲသံဖြင့် ခေါ်ရင်း မိုးခင်ရဲ့ ခန္ဓာကိုယ်လေးကို ကျုံးပွေ့လိုက်လေသည်။

❀ ❀ ❀



# Next winter

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ဟင် … ဦးဦးက သားတို့ထက် စောပြန်ပြီ၊ ဦးဦး အများကြီး မကောက်နဲ့နော်၊ သားတို့ ရောင်းဖို့ မကျန်ဘဲ နေဦးမယ်"

"နည်းနည်းပဲ ကောက်တာပါကွ၊ မင်းတို့ ကောက်စရာ အများကြီး ကျန်ပါသေးတယ် …"

"ဦးဦးက ဘာလို့ မနက် အစောကြီးထပြီး ပန်းလာကောက်တာလဲ၊ သားတို့ရောင်းတဲ့ ပန်းတွေ ပြန်ဝယ်လည်း ရတာပဲ …"

"ကိုယ်တိုင် ကောက်ပေးနေကျမို့လို့ပါကွာ"

"ဘယ်သူ့ဖို့ ကောက်တာလဲ …"

"မပြောပြဘူးကွာ …"

"ဦးဦး ရည်းစားဖို့လား"

"ဘုရားပန်းကပ်မလို့ပါကွ"

"ပြီးတော့ရော …"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့လား၊ အင်း ... တစ်ယောက်သောသူကို ပေးစို့ ပေါ့ကွာ ..."

"ဦးဦး ရည်းစားကို ပေးမှာပါ၊ ဟုတ်တယ်မဟုတ်လား"

"ပြောမပြဘူးဆိုမှကွာ ..."

"ဦးဦးက ကပ်စေးနဲတာပဲ ..."

"ဘာလို့တုန်း ..."

"ဈေးကြီးတဲ့ နှင်းဆီတော့ ဝယ်မပေးဘူး၊ အလကားရတဲ့ ခရေတွေ လာလာကောက်နေတယ် ..."

"အဲ့ဒီလို မပြောပါနဲ့ကွာ၊ ခရေက သနားစရာကောင်းပါ တယ်၊ တန်ဖိုးထားတတ်တဲ့သူ လက်ထဲရောက်ရင်လည်း တန်ဖိုးရှိပါတယ် ..."

"ဦးဦးစကားတွေ သား နားမလည်တော့ဘူး ..."

"မင်း ကြီးလာတဲ့ တစ်နေ့ကျ နားလည်လာမှာပါကွာ ... ကဲ ... ချာတိတ် ဆက်ကောက်လိုက်ဦး ...၊ ဦးဦးတော့ သွားပြီ"



ဒီဇင်ဘာ နှင်းမှုန်တွေက အိမ်ကလေးရဲ့ အနီးတစ်ဝိုက်မှာ မှုန်ရီနေသည်။

အညိုက ကောက်လာသည့် ခရေပန်းတွေကို ရေဖလားထဲထည့်၍ ဆေးလိုက်ပြီး တချို့ကို ဘုရားပန်းတင်သည့် ကလပ်လေးပေါ်သို့ တင်ကာ တချို့ကို ရေစိုလက်ကိုင်ပဝါလေးဖြင့် ထုပ်လိုက်သည်။

သန့်စင်မွှေးမြသော ခရေပန်းအကြွေတွေ တင်ထားသည့် ပန်းကလပ်လေးကို ဘုရားစင်ပေါ်သို့ လှမ်းတင်လိုက်ပြီး လက်အုပ်ချီ၍ ပန်းကပ်လိုက်သည်။

ထို့နောက် ရေစိုလက်ကိုင်ပဝါဖြင့် ထုပ်ထားသော ပန်းထုပ်ကလေးကို လှမ်းယူဆဲမှာ နူးညံ့သော လက်ကလေးနှစ်ဖက်က သူ့ခါးကို နောက်မှ ဖွဖွ သိုင်းဖက်လာခဲ့သည်။

သူက ပြုံးမိကာ လက်ကလေး တစ်ဖက်ကို ခါးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ထုတ်လိုက်ပြီး ခရေပန်းထုပ်ကလေးကို ထိုလက်ဖဝါးလေးထဲသို့ ထည့်ပေးလိုက်သည်။

သူတို့ အိမ်ကလေးထဲမှာတော့ ခရေပန်း ရနံ့တွေ သင်းပျံ့ မွှေးရှိ၍ နေလေသည်။

ပြီးပါပြီ။

ပုညခင်

8.12.2013

10 : 35 Pm



www.burmeseclassic.com